တက္ကသိုလ်

# နေလင်းအောင်

## သိုင်းလောက၏မဟာရန်သူ



စာစဉ် ၅

စာမူခွင့်ပြုချက်အမှတ် ၁၁၈၆ / ၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇ / ၂၀၀၃ (၁)

ဒုတိယအကြိမ်၊ ၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးမြတ်ကျော် (မြ ၀၅၇၈၈)
မြတ်ကျော်ပုံနှိပ်တိုက်
အမှတ် ၂၁၇၊ လမ်း-၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးတိုးဝင်း( မြ-၀၂၄၃၁ )
နေလရောင်ပုံနှိပ်တိုက်
အမှတ် ၉၆/ခ၊ ၁၁လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

စိစစ်သူ
စမှတ်

တုံချီစင်း ဆိုသည်မှာ တစ်ခေတ်တစ်ယောက် သိုင်းသမား တစ်ယောက်ဖြစ်ကြောင်းကို သူ့ဆရာ ပြောစကားအရ သိရှိထားခဲ့သည်။

"တုံချီစင်းဟာ သူ့ရဲကောင်းတစ်ယောက်ပဲ၊ ဆရာက သူနဲ့ တုံချီစင်းတို့ အကြိမ်ကြိမ် တွေ့ဆုံခဲ့ဖူးတယ်လို့လဲ ပြောခဲ့တယ်၊ သူ့ရဲကောင်း သိုင်းသမားက ဘာကြောင့် ဒီလောက် လူများများကို ရက်ရက်စက်စက် သတ်ရမှာလဲ၊ ကြားလူတစ်ယောက်ယောက်က တုံချီစင်းနာမည်ကို သုံးပြီး ခုစရိုက်အမှုတွေ ကျူးလွန်လိုက်တာ ဖြစ်မှာပဲ၊ ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ တုံချီစင်းကို သိုင်းလောကထဲ ဝင်လာအောင် စိန်ခေါ်လိုက်တာများလား။ ဒါမှမဟုတ် သိုင်းလောကသားတွေက တုံချီစင်းကို ရှုံရှာမုန်းတီးသွားအောင် လုပ်လိုက်တာများလား"

ပိုင်ထက်ကျွင်း ခေါင်းထဲတွင် အတွေးများဝေနေသည်။ သူ့ဆရာသည် တုံချီစင်းကို လေးစားကြည်ညိုသူဖြစ်၍ တုံချီစင်း၏ ကောင်းသတင်းများကို ဝေဝေဆာဆာ ပြောဆိုခဲ့ဖူးပေသည်။

ထိုစဉ်ကတည်းကပင် သူသည် တုံချီစင်းအပေါ် လေးစားစိတ် ပိုခဲ့ ရသည်။

ယခုကဲ့သို့ သူ့ အတိတ်ကို သိရှိပြီး သူ့ဘိုးအေတစ်ယောက် ဖြစ်နေသည်ကို သိရသောအခါတွင်မူ ပို၍ပင် ဂုဏ်ယူလေးစားခဲ့သည်။

"ဒီလူက ငါ့အသိုးကို အခု နာမည်ပျက်အောင် လုပ်နေပြီ၊ နောင်လဲ ထပ်လုပ်ဦးမှာ အသေအချာပဲ၊ ဒီတော့ အကျိုးအကြောင်း သိရအောင် လိုက်စုံစမ်းမှ ဖြစ်လိမ့်မယ်"

ပိုင်ထက်ကျွင်း ခြံထဲမှ ထွက်ခွာလာသောအခါ ညဉ့်သုံးနာရီကျော်ခဲ့ပြီဖြစ်၏။

ဘေးကင်းရန် လမ်းမကြီးပေါ်မှ မသွားဘဲ လမ်းသေးလမ်းသွယ်ကလေးများမှ ထွက်လာခဲ့သည်။

လမ်းများပေါ်တွင် လူရိပ်လူယောင် မတွေ့ရသဖြင့် အသွားအလာမရှိတော့ဟု ယူဆနေစဉ်မှာပင် ရုတ်တရက် အဝေးဆီမှ လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။

ထိုလူရိပ်သည် တဖြည်းဖြည်း နီးလာသည်ကို တွေ့နေရသဖြင့် သူရှိရာ ဘက်သို့ ဦးတည်လာနေကြောင်း သိလိုက်ရလေ၏။

ပိုင်ထက်ကျွင်းသည် ထိုလူ ရောက်မလာမီ အမှောင်ရိပ်၌ ခိုနေလိုက်၏။

ထိုလူ ဖြတ်ကျော်သွားလျှင် အကဲခတ် ကြည့်လိုက်၏။

မျက်နှာကို ပဝါအနက် စည်းနှောင်ထားသဖြင့် မည်သူမည်ဝါမှန်း ကွဲပြားမသိရပေ။

ထိုသူသည် သူ့ကို ကျော်ဖြတ်ပြေးသွားပြီးနောက် ခြံကျယ်ကြီးတစ်ခြံ တွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ပိုင်ထက်ကျွင်းလည်း ထိုခြံကျယ်ကြီးရှိရာသို့ ပြေးလိုက်ရတော့သည်။

❖ ❖ ❖



ခြံစည်းရိုးကို ခုန်ဝင်လိုက်သည်နှင့် အိမ်ထဲသို့ဝင်ရန် ဟန်ပြင်နေသော ပဝါနက်နှင့်လူကို တွေ့လိုက်ရသည်။

ပိုင်ထက်ကျွင်းသည် မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ နောက်မှ သက်ဝါးဖြင့် ရိုက်ချ၏။

ပိုင်ထက်ကျွင်း အံ့အားသင့်သွားအောင် ထိုသူပြုလုပ်လိုက်သည့် အချက်မှာ ထိုသူသည် နောက်စေ့၌ မျက်စိရှိနေသည့်အလား ပိုင်ထက်ကျွင်းအား မကြည့်ဘဲ ခုခံလိုက်ခြင်းသာတည်း။

ပိုင်ထက်ကျွင်းသည် ရောမ ရန်သူတော်ကြီးနှင့် တွေ့နေရပြီဖြစ်ကြောင်း သိရှိလိုက်မိလေ၏။

ထိုလူသည် နောက်တစ်ကြိမ် မတိုင်မီ ပိုင်ထက်ကျွင်းအား လှည့်၍ ရင်ဆိုင်သည်။

ပိုင်ထက်ကျွင်းက ပဝါနက်နှင့်လူကို စိုက်ကြည့်နေသလို ထိုသူကလည်း ပိုင်ထက်ကျွင်းကို အေးခဲသော အကြည့်ဖြင့် အကဲခတ်ကြည့်နေသည်။

ပိုင်ထက်ကျွင်းမှာ လရောင်အောက်တွင် ကျောက်စိုင်ကျောက်သားကဲ့သို့ မားမားကြီး ရပ်နေ၏။

ထိုသူကို မြင်ရုံနှင့် လျှံအော့ကိုးကို သတိရလာသည်။

"ခင်ဗျားက အကြောင်းမဲ့သက်သက် ဘာကြောင့် ကျုန်လုဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့ချင်ရတာလဲ၊ ခင်ဗျား ဘယ်သူလဲ"

ပဝါနက်နှင့်လူက တဟားဟား ရယ်မောတော့သည်။

"မင်းက ကျုန်လုဂိုဏ်းချုပ် ပိုင်ထက်ကျွင်းပေါ့ ဟုတ်လား။ ကျောက်စိမ်းပလွေဓားရှင်က ကျုပ်ကို လက်မောင်းတစ်ဖက်နဲ့ ခြေထောက်တစ်ဖက် အကြွေးဆပ်စရာ ကျန်နေသေးတယ်၊ မင်းက လာဆပ်တာလား"

ပိုင်ထက်ကျွင်း၏ဒေါသများ အထွတ်အထိပ်သို့ ရောက်ရှိသွား၏။ သို့သော် ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်နေသဖြင့် ဂိုဏ်းချုပ်ဂုဏ်ပုဒ်နှင့် ကိုက်ညီစေရန် သူ့ဒေါသများကို ထိန်းသိမ်းထားရသည်။

သို့သော် - ကလဲ့စားချေရမည့်ကိစ္စကိုတော့ သူမေ့မထားပါချေ။

"ကောင်းပြီလေ၊ ခင်ဗျားက အကြွေးယူချင်တယ်ဆိုရင်လည်း တစ်ခါတည်း ရှင်းလိုက်ကြရအောင်"

ပဝါနက်က အေးစက်စက် ပြုံးလိုက်ပြီး -

"မင်း သိပ်ပြီး သေချင်နေသလား။ စိတ်ချ - သေရစေမယ်၊ ဒါပေမယ့် ခုလောက်တော့ လောစရာမလိုသေးပါဘူး။ ကဲ - ငါ သွားလိုက်ဦးမယ်"

ထိုလူသည် စကားဆုံးသည်နှင့် ခုန်ထွက်သွားလေ၏။

အလွန်တရာ ပေါ့ပါးလှသဖြင့် ပိုက်ထက်ကျွင်းမှာ ငေးမောကြည့်မိသည်။

သတိဝင်သည်နှင့် ချက်ချင်းခုန်ပျံ၍ လိုက်သည်။

သူ မမီတော့ပေ။

ထိုလူ၏ ကိုယ်ဖော့ပညာသည် သူ့ထက်ကောင်းနေလေသည်။

မကြာမီ ထိုလူသည် သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့သည်။

"ကိုယ်ဖော့ပညာ ဒီလောက်ကောင်းနေတာ ဘယ်သူများပါလိမ့်၊ သူ့လက်ဝါးရိုက်အားကလဲ သိပ်ပြီးဆန်းပြားနေတယ်၊ ငါ့ထက် ဘယ်လိုမှ မညံ့ဘူး။ ဒါကြောင့်လဲ လျှံအောင့်ကိုးရဲ့ ပြိုင်ဖက်မဟုတ်တာပေါ့"

ပိုင်ထက်ကျွင်းမှာ တအံ့တသြ ရေရွတ်မိတော့သည်။

"ဒီလူသာ ဒီကျင်လင်းဒေသမှာဆက်ပြီး မကောင်းမှုတွေ လုပ်နေဦးမယ်ဆိုယင် ငါနဲ့ထပ်ပြီး ရင်ဆိုင်ရဦးမှာပဲ၊ ဒီနေရာမှာ ညီလေး ချန်ပိန်းသာရှိယင် သိပ်ကောင်းမှာပဲ၊ သူ့ကို အမီလိုက်နိုင်ပြီး စုံစမ်းနိုင်းရမယ်"



ပိုင်ထက်ကျွင်းသည် ဆုံးဖြတ်ချက် ချလိုက်မိသည်။

သူ ကျင်လင်းတွင်ရှိနေသမျှ ကာလပတ်လုံး ထိုပဝါနက် မကောင်းမှုများ မပြုလုပ်စေရဟူသော ဆုံးဖြတ်ချက်ပင်တည်း။

ထိုစဉ် သူ့နားထဲသို့ စည်းဝါးရိုက်သံများ တိုးဝင်လာသည်။

စောစောက ရန်သူအပေါ်တွင် အာရုံစိုက်ထားမိသဖြင့် သူကိုယ်သူ မည်သည့်အရပ်သို့ ရောက်ရှိနေရသည်ကို သတိမထားမိ။

အခုမှပင် ချင်မြစ်ကမ်းပါးသို့ ရောက်ရှိနေပြီး မြစ်ပြင်ထက်တွင် မီးရောင်ကလေးများ လှုပ်လှုပ်လက်လက် ဖြစ်နေကြောင်းကို တွေ့လိုက်ရတော့သည်။

"ရောက်တုန်းရောက်ခိုက် ဂန္ဓမာကို ဝင်တွေ့ရင် ကောင်းမယ်နဲ့တူတယ်"

ပိုင်ထက်ကျွင်းသည် ချင်မြစ်ကမ်းပါး၌ လမ်းလျှောက်ပြီး ဂန္ဓမာ၏ သီချင်းလှေကိုရှာမိသည်။

မီးရောင်စုံထွန်းထားသည့် လှေကြီးတစ်စင်းကို တွေ့သောအခါ ဂန္ဓမာ၏ လှေဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

လောင်းလှေငယ်တစ်စင်း၏ အကူအညီဖြင့် ထိုလှေကြီးရှိရာသို့ ကူးသွားလိုက်သည်။

ပိုင်ထက်ကျွင်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် ဂန္ဓမာသည် မျက်လုံးကလေးများ ဝိုင်းသွားသည်။

သူမ၏ မျက်ဝန်းအစုံမှာ သောက်ရူး ကြယ်ညီနောင်အလားအရောင် တဖျပ်ဖျပ်တောက်ကာ အရည်ကြည်လဲ့နေသည်။

"သခင်လေးကလဲ အခုမှပဲ ပေါ်လာတော့တယ်နော်၊ လာပါ၊ လာပါ၊ ကျွန်မတို့ လှေစီးရင်းစကားပြောကြရတာပေါ့၊ ရှောင်ဖိန်ရေ၊ စားစရာ သောက်စရာလေးတွေ စီစဉ်လိုက်ပါကွယ်"

ဂန္ဓမာက ပိုင်ထက်ကျွင်းကို ဖိတ်ခေါ်သည်။

တစ်ဆက်တည်းပင် မိန်းမဖော်လေး ရှောင်ဖိန်ကို အမိန့်ပေးသည်။

ပိုင်ထက်ကျွင်း အားနာသွား၏။

"နေပါစေဗျာ၊ ကျွန်တော် - ကျွန်တော် ခင်ဗျားကို အနှောင့်အယှက်ပေးသလို ဖြစ်နေပါဦးမယ်"

"အို - မဟုတ်တာ၊ ကျွန်မ - ကျွန်မ သခင်ကလေးကို ညွှန်ပြုစုခွင့်ရတာကိုပဲ မဟာအခွင့်အရေးကြီးအဖြစ် အောက်မေ့နေတာပါ"

ပိုင်ထက်ကျွင်း စိတ်ထိခိုက်သွား၏။

မကြာမီ မိန်းမဖော်ကလေး ရှောင်ဖိန်က အရက်နှင့်ဟင်းလျာများ လာရောက်ချပေးသည်။

ဂန္ဓမာက လဲ့ရွှန်းသောမျက်ဝန်းများဖြင့် ပိုင်ထက်ကျွင်းကို ငေးကြည့်ရင်း -

"သခင်လေးနဲ့ ကျွန်မတို့ခွဲခွာခဲ့ရတာ တော်တော်ကြာသွားပြီနော်၊ ကျွန်မကတော့ သခင်လေးကို အမြဲပဲ သတိရနေပါတယ်"

ပိုင်ထက်ကျွင်းက -

"လုံမလေးက သတိရတယ်ဆိုလို့ ကျေးဇူးတင် ဝမ်းသာပါတယ်"

ဂန္ဓမာက ပိုင်ထက်ကျွင်း မျက်နှာပြင်ကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး -

"သခင်လေးရဲ့ မျက်မှောင်ကြားမှာ အနီရောင်သမ်းနေတယ်၊ ဒါကို ကြည့်ရင် တစ်နေ့နေ့မှာ သခင်လေး နာမည်ကျော်ကြား ထင်ရှားလာမှာ မလွဲကေန်ပဲ၊ အဲဒီတော့မှ ကျွန်မတို့ကို မေ့မသွားနဲ့ဦးနော်"

"ဒီလောက်လဲ မြှောက်ပင့်ပြောမနေနဲ့ဗျာ၊ ကျွန်တော့်လို ကြမ်းကြမ်းတမ်းတမ်း၊ ခက်ခက်ခဲခဲ သွားလာလှုပ်ရှားနေရတဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ကျော်စောနိုင်မှာလဲဗျာ"



ဂန္ဓမာ၏ မျက်လုံးလေးများသည် လွန်စွာကြည်လဲ့ တောက်ပလှ၏။

ထိုမျက်လုံးကလေးများ၏ အကြည့်ကို ပိုင်ထက်ကျွင်း မခံနိုင်ပေ။

အတန်ကြာမှ ဂန္ဓမာက -

"သခင်လေး - သုံးဆောင်ပါ။ ဟင်းလျာတွေနဲ့ အရက်ကို သုံးဆောင်နေတုန်း သခင်လေး အပျင်းပြေအောင် ကျွန်မ ဗျပ်စောင်းနဲ့ ဖျော်ဖြေပါ့မယ်"

ဂန္ဓမာသည် အနီးတွင်ရှိသော ဗျပ်စောင်းကိုကောက်ယူကာ ကြိုးညှိပြီး ချိုလွင်သောသံစဉ်တစ်ခုကို တီးခတ်နေလေတော့၏။

သူမ၏လက်သံသည် အလွန်ကောင်း၏။

ဤမျှ လက်စွမ်းထက်သောကြောင့်လည်း ဂန္ဓမာသည် ချင်မြစ်တွင်း၌ ပထမတန်းစား သီချင်းသည်မလေးတစ်ယောက် ဖြစ်နေခြင်းပင်။

ဂီတနှင့်အလွန်တရာ ကင်းဝေးသဖြင့် ဂီတအရသာကို မခံစားတတ်ဟု သူ့ကိုယ်သူ အထင်ရှိနေသော ပိုင်ထက်ကျွင်းပင်လျှင် ဂန္ဓမာ၏ ဂီတလက်သံ၌ နစ်မျောသွားမိတော့သည်။

❖ ❖ ❖

သီချင်းတစ်ပုဒ် ဆုံးသွားသောအခါ ပိုင်ထက်ကျွင်းမှာ မည်သည့် အစားအသောက်ကိုမျှဖြင့် မတို့ရသေးကြောင်း ဂန္ဓမာ တွေ့ရှိလိုက်သည်။

"သုံးဆောင်ပါဦး သခင်လေး။ စေတနာနဲ့ ပြုစုတာကို သည်းခံပြီး သောက်လိုက်ပါဦး"

ပိုင်ထက်ကျွင်း ငြင်းဆန်ရန် မသင့်သဖြင့် အရက်ခွက်ကို လှမ်းယူကာ မော့သောက်မိသည်။

အရက်သည် အကောင်းစားဖြစ်သဖြင့် မွှေးကြိုင်သင်းပျံ့လှပြီး လည်ချောင်းထဲသို့ ချိုရှရှ စီးဝင်သွားလေ၏။

ဂန္ဓမာက သူ့ခွက်ထဲမှ လက်ကျန်အရက်ကို မော့သောက်လိုက်ပြီး ပိုင်ထက်ကျွင်းကို ထည့်ငှဲ့ပေးသည်။

ထို့နောက် ဟင်းလျာများ စားသောက်စေပြန်သည်။ ဂန္ဓမာသည် ပိုင်ထက်ကျွင်းကို ချစ်ရည်ရွှန်းလဲ့စွာ ကြည့်ပြီး —

"သခင်လေး ဒီတစ်ခေါက် ကျင်လင်းကိုလာတာ ဘယ်လောက်ကြာကြာ နေသွားမှာလဲဟင်"

"မပြောတတ်သေးပါဘူး။ ဘယ်လောက်ကြာမယ်ဆိုတာ မခန့်မှန်းနိုင်သေးပါဘူး၊ ဘာဖြစ်လို့လဲ"

"ဩော် - သခင်လေးအတွက် အချိန်ရမယ်ဆိုရင် ကျွန်မက သခင်လေးနဲ့အတူ ချီရှာတောင်ပေါ်ကို တက်မလို့ပါ။ ကျွန်မတို့နှစ်ယောက် သခင်လေးမေမေရဲ့ အုတ်ဂူကိုသွားပြီး ကန်တော့ကြရင် မကောင်းဘူးလား"

"ဗျာ - ဘယ်လို - ဘယ်လို"

ပိုင်ထက်ကျွင်းက တအံ့တသြ မေးမိသည်။

"ဩော် - သခင်မကြီးကို သဲကန္တာရထဲမှာ မြှုပ်နှံထားခဲ့ရတာ မဟုတ်လား။ အဲဒီနေရာနဲ့ ဒီနေရာက မိုင်ပေါင်းထောင်ချီပြီး ဝေးကွာနေတော့ ကျွန်မလို မိန်းမသားတစ်ယောက်တည်းနဲ့ ဘယ်လိုလုပ်သွားနိုင်မှာလဲ၊ အဲဒီမှာ ကျွန်မ သခင်မကြီးကို အမှတ်တရအနေနဲ့ သူ့အသုံးအဆောင် ပစ္စည်းတွေရယ်၊ အဝတ်အစားနဲ့ လက်ဝတ်လက်စားတွေရယ်ကို ချီရှာတောင်ထိပ်မှာ မြှုပ်နှံပြီး အုတ်ဂူအဖြစ် လုပ်ထားခဲ့တယ်လေ၊ ဒီအကြံ့ကလဲ သခင်မကြီးကို တမ်းတသတိရလွန်းလို့ ကြံမိတာပါ"



ပိုင်ထက်ကျွင်းအနေဖြင့် ချီရှာတောင်ထိပ်သို့သွားရန် အခက်အခဲရှိလှပါ။

သို့သော် - သူ့မိခင်နှင့် ဖခင်တို့၏ အဖြစ်အပျက်သည် သူ့ကို လွန်စွာ ရင်နာစေသဖြင့် ချီရှာတောင်ထိပ်သို့ သွားသင့်မသွားသင့် စဉ်းစားရပေသည်။

သူသည် အရက်ခွက်ကို အဓိပ္ပာယ်မရှိ ငေးကြည့်နေမိ၏။

အရက်ခွက်မှာ ကြည့်ရင်းပင် မီးရောင်မှိန်မှိန်အောက်၌ အလင်းရောင် တောက်ပလာသည်ဟု သူထင်မိသည်။

"သခင်လေး လက်ထဲက အရက်ခွက်ကလည်း သဲကန္တာရထဲကလာတဲ့ ကျောက်တစ်မျိုးနဲ့လုပ်ထားတဲ့ခွက်လေ၊ အရောင်က သိပ်တောက်ပပါတယ်၊ ကဲပါလေ သခင်လေး မအားလပ်ရင် ချီရှာတောင်ထိပ်ကို မသွားတော့ပါ ဘူး။ သခင်လေး အရက်ဆက်သောက်ပါ၊ ကျွန်မ ဗျပ်စောင်းနဲ့ ထပ်ဖျော်ဖြေ ပါ့မယ်"

ဂန္ဓမာသည် ဗျပ်စောင်းကို စတင်တီးခတ်လေတော့၏။

သီချင်းစာသားကလေးများက လွမ်းဆွတ်ကြေကွဲဖွယ် ကောင်းသည်။

သူမဘာဝကို ဖော်ကျူးသီဖွဲ့ထားပုံရသည်။

စာသားနှင့်သံစဉ်မှာ လိုက်လျောညီညွတ်ဖြစ်သဖြင့် နားထောင်သူကိုပင် ဆွေးဆွေးမြည့်မြည့်ဖြစ်စေသည်။

ပိုင်ထက်ကျွင်းသည် ဂန္ဓမာကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

ထိုစဉ် အခန်းအဖြစ် ကာရံထားသော ကန့်လန့်ကာလေး ဖျတ်ခနဲ ပွင့်သွားပြီး မိန်းမဖော် ရှောင်ဖိန် ဝင်ရောက်လာသည်။

"အစ်မလေး - သခင်လေးယန်က အစ်မလေးကို တွေ့ချင်လို့တဲ့"

ဂန္ဓမာ မျက်မှောင်ကြုတ်သွားပြီး -

"သူ့ကို ပြောလိုက်ပါကွယ်၊ ငါဒီနေ့ ညေ့သည်လက်မခံဘူးလို့"

ရောင်ဖိန်က ပိုင်ထက်ကျွင်းကိုပြုံးပြပြီး ပြန်လည်ထွက်ခွာသွားသည်။

ပိုင်ထက်ကျွင်းလည်း သူပြန်ရန်သင့်ပြီဟု သတိရလာလေသည်။

"ကဲ - ညဦးလဲ သိပ်နက်သွားပြီ၊ ကျွန်တော်လဲ ပြန်မှဖြစ်တော့မယ်"

ဂန္ဓမာက ဘာမှုပြန်မဖြေဘဲ သူ့ကို ငေးကြည့်နေလေသည်။

သူမ၏ မျက်ဝန်းထဲ၌ ပိုင်ထက်ကျွင်းအား မပြန်ပါနှင့်ဟု တောင်းပန်နေသည်။

ပိုင်ထက်ကျွင်းသည် ဂန္ဓမာ၏ မျက်ပန်းအစုံကိုကြည့်ပြီး ထိုင်ရာမှ ထရန်ခက်နေ၏။

ပိုင်ထက်ကျွင်း ထိုင်ရာမှ မထသည်ကိုတွေ့မှ ဂန္ဓမာ၏ ညှိုးရော်နေသော မျက်နှာကလေးမှာ ပြန်လည်လန်းဆန်းလာသည်။

"စောစောကပြောတဲ့ သခင်လေးယန်ဆိုတာ ဘယ်ကလာတဲ့ လူလဲတော့မသိဘူး။ ချမ်းသာလိုက်တာ ကျိုကျိုတက်ပဲ၊ အခု ကျွန်မတို့ သောက်နေတဲ့ အရက်ခွက်က သူလက်ဆောင်ပေးထားတာပေါ့"

"ဩော် -"

ပိုင်ထက်ကျွင်းမှာ ရင်မတည်ငြိမ်သေးသဖြင့် စကားမပြောဝံ့သေးပေ။ အာမေဍိတ်သံဖြင့်သာ ငေးနေမိသည်။

"ဒီလောက်သာယာတဲ့ ညမျိုးမှာ ကျွန်မတို့ ကျားကွက်ရွှေ့ကစားကြရင် မကောင်းဘူးလား၊ ကျွန်မမှတ်မိသလောက်တော့ သခင်ကြီးတို့က ကျားထိုးတာ သိပ်ဝါသနာပါတာ၊ သခင်လေး မေဒမကလည်း ကျားအထိုးသိပ်ကောင်းတာဆိုတော့ သူတို့နှစ်ယောက် ဝိုင်းထိုင်လိုက်ကြပြီဆိုရင် အမြဲတမ်း မိုးလင်းသွားတာပဲ"



ဂန္ဓမာသည် ထိုစကားကိုပြောပြီးမှ ရှက်စနိုးဖြစ်သွားသည်။

ပိုင်ထက်ကျွင်းကလည်း သူမက သူ့ကို သွယ်ဝိုက်သောနည်းဖြင့် တားမြစ်နေသည်ကို သိလိုက်သည်။

ထိုနေရာမှ ထမသွားနိုင်အောင် ဖြစ်နေမိတော့သည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် ကျားကစားခြင်း၊ ဂီတနားထောင်တီးမှုတ်ခြင်း၊ ပန်းချီဆွဲခြင်းနှင့် စာပေဖတ်ရှုခြင်းတို့ကို ဝါသနာမပါဆုံးဖြစ်၏။

ထိုပညာရပ်များကို အသေးအမွှားဟု သဘောထားခဲ့လေသည်။

ယောကျ်ားကောင်းတစ်ယောက်အတွက် ရဲရင့်သတ္တိရှိရမည်။ ရန်သူကို ရင်ဆိုင်လာလျှင် သတ်ရဲသေရဲရမည်။

တိုင်းပြည်နှင့်လူမျိုးအတွက် အမြဲတမ်း ဦးထိပ်ရွက်ထားရမည် ဟူသော စိတ်ထားသာလျှင် ရှိခဲ့၏။

ဂန္ဓမာက ကျားထိုးရန် ဖိတ်ခေါ်လာသောအခါ သူအနည်းငယ် စိတ်ညစ်သွား၏။

သို့သော် ဂန္ဓမာကိုငဲ့ညှာပြီး ကျားဝိုင်း၌ ဝင်ထိုင်လေသည်။

သူသည် ကျားကို ကျွမ်းကျင်စွာ မကစားတတ်ချေ။

သို့သော် ဉာဏ်ရည်ထက်မြက်သူဖြစ်သဖြင့် ဂန္ဓမာနှင့် ကောင်းကောင်း ကစားနေနိုင်သည်။

ပိုင်ထက်ကျွင်းသည် ကစားရင်းမှ ရုတ်တရက် ကျားကွက်ကို တွန်းပယ်လိုက်ပြီး ကျယ်လောင်စွာ အော်ဟစ်ကြုံးဝါးလိုက်သည်။

"ခွေးကောင်- သူခိုးကျင့် သူခိုးကြံနဲ့ ငါ့ကို လုပ်ကြံရဲတယ်၊ မင်း- မင်း"

သူသည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ဒယီးဒယိုင်ဖြစ်ကာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားရလေတော့သည်။

## အခန်း (၁၁)
## ပူးပွင့်လာသော မေတ္တာပန်း

ပိုင်ထက်ကျွင်း၏ တစ်ကိုယ်လုံး တုန်ယင်နေသည်။

နှုတ်ခမ်းများလည်း တဖြည်းဖြည်း ပြာလာသည်။

ဂန္ဓမာမှာ ထိတ်ထိတ်ပျာပျာဖြစ်ကာ မျက်နှာတွင် သွေးရောင် မရှိတော့အောင် ဖြစ်သွားသည်။

ပိုင်ထက်ကျွင်းအနီးသို့ ပြေးကပ်ပြီး ဖေးမတွဲထူရန် ဒူးထောက်ထိုင်လိုက်သည်။

"ဖြန်း -"

ပိုင်ထက်ကျွင်း၏ လက်တစ်ဘက်က ဂန္ဓမာ၏ပါးကို ရိုက်ချလိုက်ရာ သူမသည် လွင့်စဉ်ထွက်သွား၏။

ပိုင်ထက်ကျွင်း အားအင်ကုန်ခန်း ယုတ်လျော့နေချိန်ဖြစ်၍သာ တော်တော့သည်။

သာမန်အချိန်ဆိုပါက ထိုလက်ဝါးရိုက်ချက် တစ်ချက်တည်းနှင့် ဂန္ဓမာ၏ အသက်ဇီဝိန်မှာ လွင့်ကြွေသွားနိုင်လေသည်။



ဂန္ဓမာ လူးလဲပြန်ထသည်။

သူမ၏ နာကျင်မှုကို ဂရုစိုက်မနေနိုင်ပေ။

ပိုင်ထက်ကျွင်း၏ အသားအရေများ တဖြည်းဖြည်း ပြာနှမ်းလာသည်ကို မြင်ရသည့်အတွက် သူ့နာကျင်မှုကို ဂရုမစိုက်နိုင်ခြင်းဖြစ်သည်။

ပိုင်ထက်ကျွင်းအား နောက်တစ်ကြိမ် သွားရောက်ထူပွေ့ရန် ဟန်ပြင်လိုက်စဉ်မှာပင် ကန့်လန့်ကာတံခါးက ရုတ်တရက်ပွင့်သွားပြီး လူရိပ်တစ်ရိပ် ဖျတ်ခနဲ ခုန်လွှားဝင်လာလေတော့၏။

ထိုသူက -

"ပိုင်ထက်ကျွင်း မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တာ သူ့ရဲ့ကောင်း တဲ့လားကွ၊ မင်း သိပ်ပြီး ယောကျ်ားပီသပါလား"

ပိုင်ထက်ကျွင်းသည် အဆိပ်လက်နက်ပုန်း အထိခံထားရသဖြင့် အတွင်းအားဖြင့် ခုခံနေရသည်။

အဆိပ်က ပြင်းထန်လှသဖြင့် သူ့အတွင်းအားများ တဖြည်းဖြည်း ဆုတ်ယုတ်နေပေပြီ။

ထိုသူကို စကားပြန်ပြောရန် ကိစ္စမှာ လွန်စွာခက်ခဲလှ၏။

ဂန္ဓမာက ထိတ်လန့်စွာ အော်လေ၏။

"သခင်လေးယန်၊ ဒါ - ဒါ ရှင့်လက်ချက်ပဲကိုး"

အခန်းတွင်းသို့ ဝင်ရောက်လာခဲ့သူမှာ ယန်ချွင်ဖြစ်နေလေသတည်း။

ယန်ချွင်က [illegible]ကျစ်စွာ ပြုံးလိုက်ပြီး -

"ဟုတ်တယ်လေ၊ ကျုပ်လက်ချက်ပဲ၊ သွားပြီ၊ သူ့မှာ ဘာအနာဂတ်မှ မရှိတော့ဘူး"

ပိုင်ထက်ကျွင်းသည် မည်မျှပင် ကြိုးစားသော်လည်း အဆိပ်ဒဏ်ကို မတွန်းလှန်နိုင်ဘဲ ရှိနေလေ၏။

သူ့စိတ်ထဲတွင် ယန်ချွင်၏ လက်ချက်ကြောင့် သူ့အသက် ဆုံးပါးသွားခဲ့လျှင် ကျန်လုဂိုဏ်းကြီး ပြိုကွဲသွားမည်ကိုသာ တွေးတောစိုးရိမ်နေမိတော့သည်။

ထိုစဉ် ယန်ချွင်က ရှေ့သို့လှမ်းတက်လာပြီး -

"ဒီလောကထဲမှာ ယန်ချွင်ဆိုတဲ့လူရှိနေသမျှ ကာလပတ်လုံး မင်းရှိမနေစေရဘူး ပိုင်ထက်ကျွင်း ဟား ဟား ဟား။ ဂန္ဓမာ ငါ့အကြံအစည်ကို မင်း စီမံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ ဟား ဟား ဟား"

သူ့ရယ်သံက ငှက်ဆိုးတစ်ကောင် အော်ဟစ်နေသည့်အလား မြစ်ယံတစ်ခုလုံး ပဲ့တင်ထပ်သွားစေတော့သည်။

ပိုင်ထက်ကျွင်းသည် သည်းမခံနိုင်လွန်းသဖြင့် သူ့နှုတ်မှ စကားလုံးများ ထွက်လာအောင် ကြိုးစားလေတော့သည်။

"မင်း - မင်းမှာ ဒီလောက်သေးသိမ်ယုတ်ညံ့တဲ့ စိတ်ထားမျိုးရှိလိမ့်မယ်လို့ ငါမထင်မိခဲ့ဘူး။ ငါ မင်းကို အကဲခတ်မှားခဲ့ပြီ ယန်ချွင်"

ပိုင်ထက်ကျွင်းသည် ဂန္ဓမာအား ဒေါသရောင်တောက်နေသည့် မျက်လုံးများဖြင့် လှမ်းကြည့်သည်။

ထိုအကြည့်ကို ဂန္ဓမာ မခံနိုင်ရှာပါ။

"သခင်လေး။ ကျွန်မ - ကျွန်မကို အထင်လွဲနေပြီ၊ ကျွန်မ ကျွန်မ သခင်လေး ကျေနပ်အောင် သက်သေပြပါ့မယ်"

ဂန္ဓမာသည် စကားဆုံးသည်နှင့် နံရံကို ခေါင်းဖြင့် ပြေးဆောင့်လိုက်တော့သည်။

ထို့နောက် ဝုန်းခနဲ လဲကျသွားတော့သည်။

ထိုအချိန်မှာပင် အစိမ်းရောင် လူရိပ်တစ်ရိပ်သည် လေ့စမ်းထဲသို့ ရိပ်ခနဲ ရောက်ရှိလာ၏။

ထိုသူ မည်သူနည်း။



ပိုင်ထက်ကျွင်း၏ စိတ်များမှာ ထိန်းချုပ်မရအောင် လှုပ်ရှားသွားတော့သည်။

သေခြင်းတရားက သူ့ဦးခေါင်းထက်တွင် တင်ပျဉ်ခွေထိုင်စောင့်နေသည်ကို သိသော်လည်း အထင်အမြင် လွဲမှားခဲ့မှုအတွက် ယူကျုံးမရအောင် ဖြစ်နေမိသည်။

သူသည် လဲကျနေရာမှ နောက်ထပ်ရောက်လာသော လူကို ကြည့်မိသည်။

အဘိုးအိုတစ်ယောက်ပေတည်း။

ဥပဓိရုပ်က တည်ကြည်ခန့်ညားပြီး ကတိသစ္စာတည်ကြည်မည့် အသွင်ဆောင်သည်။

အဘိုးအိုက ယန်ချွင်ကို လှမ်းကြည့်ပြီး အေးစက်သောလေသံဖြင့် အမိန့်ပေးလေ၏။

"ဝေသိမ့်ကို ကိုသွားပြောလိုက်စမ်း၊ သူ့ရဲကောင်းဆိုတာ နိုးကြောင်ခိုက်လုပ်ဖို့ မလိုတူးလို့၊ အဆိပ်ကို အားကိုးပြီးတော့ တရုတ်ပြည်မထဲမှာ ကြယ်လွယ်ကူကူ သောင်းကျန်းချင်တိုင်း သောင်းကျန်းလို့ ရမယ်ထင်သလားလို့"

အဘိုးအိုက ယန်ချွင်ကို ရှိသည်ဟုပင် ထင်မှတ်ပုံမရချေ။

မောက်မာသော ယန်ချွင်သည် အဘိုးအိုအား အကြီးအကျယ် ဒဏ်ပြန် လိမ့်မည်ဟု အဆိပ်မိနေသော ပိုင်ထက်ကျွင်းက ဝေဒနာခံစားနေရသည့် ကြားမှ ကျေးလိုက်မိသည်။

အဘိုးအိုက ဆက်၍ ငေါက်ငမ်းနေ၏။

"သွားစမ်း --- မြန်မြန် ထွက်သွားစမ်း၊ ငါက မင်းလိုကောင်နဲ့ ထိုက်ချင်နိုက်ချင်တာ မဟုတ်ဘူး။ ငါ လက်မလွန်ခင် မင်း မြန်မြန်ထွက်သွား"

ပိုင်ထက်ကျွင်း အထင်မှားသွား၏။ ယန်ချွင်သည် လှေဝမ်းထဲမှ ကုပ်ကုပ်ကလေး ထွက်သွားသည်။

ထို့နောက် အဘိုးအိုသည် ပိုင်ထက်ကျွင်းအနီး၌ ဒူးထောက် ထိုင်လိုက်ပြီး လည်ပင်းတဝိုက်ကို စမ်းသပ်စစ်ဆေး၏။

ထို့နောက် သံလိုက်တုံးလေးတစ်တုံးကို ထုတ်ပြီး လည်ပင်း တစ်နေရာ၌ ကပ်လိုက်၏။

သံလိုက်တုံး၌ သေးငယ်သော အပ်ကလေးတစ်ချောင်း ပါလာ၏။ အဆိပ်အပ်ကလေး တစ်ချောင်းသာတည်း။

❖ ❖ ❖

အဘိုးအိုသည် ရင်ခွင်ထဲမှ မွှေးကြိုင်သင်းပျံ့သော ဆေးလုံးတစ်လုံးကို ထပ်မံထုတ်ယူကာ ပိုင်ထက်ကျွင်း၏ ပါးစပ်ထဲသို့ ထည့်ပေးသည်။

ပိုင်ထက်ကျွင်းသည် ဝေဒနာအပြင်းအထန် ခံစားနေရသော်လည်း အဘိုးအို၏ ကြင်နာရိပ်ယောင် လွှမ်းနေသော မျက်လုံးများကို အထူးသတိပြုမိခဲ့သည်။

အဘိုးအို၏ မေတ္တာလွှမ်းခြုံသော ပြုစုကုသမှုကိုလည်း ချမ်းမြေ့စွာ ခံယူမိသည်။

သို့သော် အဘိုးအို မရောက်မီ အဆိပ်ဒဏ်ကို အပြင်းအထန် ခံစားထားရသဖြင့် သူသည် ရုတ်တရက် မိန်းမောသလို ဖြစ်သွားခဲ့ရ၏။

သူ ပြန်လည် သတိရလာသောအခါ စောစောကလောက် ဝေဒနာ ခံစားရခြင်း မရှိတော့ပေ။

သို့သော် အားနည်းသလို ဖြစ်နေ၏။



"လူကလေး မင်း သတိရလာပြီလား"

ထိုအသံကိုကြားမှ ကယ်တင်ရှင်အဘိုးအို ရှိနေသေးကြောင်း ပိုင်ထက်ကျွင်း သတိထားမိသည်။

ရုတ်တရက် စကားမပြောနိုင်သဖြင့် အဘိုးအိုက ခေါင်းညိတ်ပြလိုက်ရသည်။

"ငြိမ်ငြိမ်နေ"

အဘိုးအိုသည် ပိုင်ထက်ကျွင်း၏ ကျောရိုးတစ်လျှောက် နှိပ်ပေးသည်။

အပူစီးကြောင်းတစ်ခုသည် ကျောရိုးမှတစ်ဆင့် သူ့ခန္ဓာကိုယ်ထဲသို့ လှည့်ပတ်ပြေးလွှား ဝင်လာကြောင်း ပိုင်ထက်ကျွင်း သိလိုက်၏။

အဘိုးအို၏ အတွင်းအားသည် အဆမတန် ကြီးမားလှသဖြင့် ၎င်း အဘိုးအို၏ သိုင်းပညာစွမ်းအား အတိမ်အနက်ကို ပိုင်ထက်ကျွင်း ခန့်မှန်း ရန် မတတ်နိုင်ဘဲ ဖြစ်သွားရသည်။

အတန်ကြာသော် —

"လူကလေး မင်းရဲ့ အတွင်းအားကို မင်းဖာသာလှည့်ပတ်ကြည့်စမ်း"

ပိုင်ထက်ကျွင်းသည် အဘိုးအို၏ အမိန့်အတိုင်း အတွင်းအား လေ့ကျင့်လိုက်၏။

သူ့အတွင်းအားများ ပုံမှန်အတိုင်း လှုပ်ရှားနိုင်ကြောင်း သိလိုက်ရသော အခါတွင်မူ သူသည် ထခုန်မိမျှမတတ် ဝမ်းသာသွား၏။

သူ့နောက်သို့ လှည့်ကြည့်လိုက်ရာ ဝတ်ရုံစိမ်းနှင့် အဘိုးအိုက ပြုံးပြုံး ကြီး ကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူ ကမန်းကတန်းပင် ဒူးတုပ် ကန်တော့လိုက်မိသည်။

"လူကလေး မင်းရဲ့အတွင်းအားက မဆိုးပါဘူး။ ဝေယိုကွေ့မှာ ဒီလိ တပည့်မျိုးရှိတာ ဂုဏ်ယူဖို့ ကောင်းပါတယ်"

"ဘဘက ဆရာ့ကို သိပါသလားခင်ဗျာ"

အဘိုးအိုပြုံးလျက် ခေါင်းညိတ်ပြသည်။

"မင်းဆရာရဲ့ အတွင်းအားက ဒီလောကမှာ ပထမတန်းစားပါပဲ ငါကတော့ သူ့ကို မမြင်ဖူးပါဘူး။ မင်းရဲ့အတွင်းအား အခြေအနေကို အကဲခတ်ပြီး မင်းဆရာရဲ့ အတွင်းအားကို ခန့်မှန်းရတာပါပဲ"

"ကျွန်တော့်ဆရာက ပညာရပ်တစ်ချို့ဘလေကိုသာ တတ်ကျွမ်း နားလည်ထားတာပါ။ ဘဘကိုတော့ မီမယ်မထင်ပါဘူး ခင်ဗျာ"

ပိုင်ထက်ကျွင်းက နှိမ့်ချစွာ ပြော၏။

အဘိုးအိုက တဟားဟား ရယ်တော့သည်။

"တယ်ဟုတ်တဲ့ ဆရာတပည့်ပါလား။ ဒီလိုနှိမ့်ချတာ ကောင်းပါတယ် ကွာ၊ တကယ်တော့ မင်းရဲ့ဆရာဟာလဲ နာမည်တစ်လုံးနဲ့နေတဲ့ ပုဂ္ဂိုလ် ပါပဲကွ"

ပိုင်ထက်ကျွင်းက စောစောက အဖြစ်အပျက်ကို ပြန်လှန်ရှင်းပြ သည်။

"ကျွန်တော် သတိတစ်ချက် လစ်ဟင်းသွားတာနဲ့ ရန်သူရဲ့ လုပ်ကြံ တာကို ခံလိုက်ရလို့ ဘဘကို ဒုက္ခပေးသလို ဖြစ်သွားရတာ စိတ်မကောင်း ပါဘူး။ ဘဘ နိုင်းချင်တာကိုသာနိုင်းပါ။ ဘဘနိုင်းတာကို ကျွန်တော် မငြင်းဆန်ပါဘူး၊ အသက်ပေးပြီး ကျေးဇူးတုံ့ပြန်ပါ့မယ်"

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး မှတ်ချက်ချလေသည်။

"ဒီလိုစိတ်ဓာတ်မျိုး ရှိတဲ့လူကို ကယ်တင်လိုက်ရလို့ ဘဘအနေနဲ့ ကယ်တင်ရကျိုးနပ်ပါတယ်ကွယ်"



မိုင်ထက်ကျွင်းသည် ကြမ်းပြင်ပေါ်တွင် လဲကျနေသော ဂန္ဓမာကို လှမ်းကြည့်လိုက်သည်။

သူမ၏ နဖူးပြင်တွင် ရရှိထားသော ဒဏ်ရာက မသေးလှပါချေ။

ဂန္ဓမာနှင့် ယန်ချွင် ပူးပေါင်းလုပ်ကြံသည်ဟု သူ့အထင်မှားခဲ့ခြင်း အတွက် နောင်တရမိသည်။

ပိုင်ထက်ကျွင်း၏ အခြေအနေသည် တစ်စထက်တစ်စ ကောင်းမွန် လာ၏။

အဆိပ်များ ပြေလျော့ကျသွားသည်။

ရှောင်လင်ကျောင်းတော်မှ တာ့ထန်းငသ်ဆေးလုံး၏ အစွမ်းကား အံ့မခန်း အစွမ်းထက်လှပါဘိသည်။

အဘိုးအိုသည် လဲကျနေသည့် ဂန္ဓမာကို တစ်ချက်မျှလှမ်းကြည့်ပြီး-

"သူက မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး ခင်ဗျာ"

"မပတ်သက်ဘဲနဲ့ လူကလေးက ဘယ့်နှယ် ဒီကိုရောက်နေရတာလဲ"

ဪ-ဒီလိုပါခင်ဗျာ၊ ကျွန်တော်မသိသေးတဲ့ အကြောင်းအရာ တချို့ကို သူကပြောပြထားဖူးတော့ သူ့ကျေးဇူးက ကျွန်တော့်အပေါ် ရှိနေ ပါတယ်"

"ဒီလိုဆိုရင် လူကလေးက ကျေးဇူးသိတတ်တဲ့ကလေးပဲ၊ ကဲ လောလောဆယ်ဆယ် မင်းသေတော့မယ့် အခြေအနေကို ကယ်တင် ပေးတဲ့ ငါ့ကျေးဇူးနဲ့ ဒီမိန်းကလေးရဲ့ကျေးဇူး။ ဘယ်သူ့ကျေးဇူးက ပိုကြီး သလဲကွယ်"

"အာ — ဒါ — ဒါကတော့ ဘဘရယ်"

"ဘယ်လိုလဲကွယ့်၊ လူလေး မခွဲခြားတတ်ဘူးလား"

"ဘဘရဲ့ကျေးဇူးကတော့ တကယ်ကြီးမားလှပါတယ်၊ ဒါပေမယ့် သေးငယ်တဲ့ကျေးဇူးကိုလဲ မျက်ကွယ်ပြုလို့ မရပါဘူး ခင်ဗျာ"

"ဒီမှာ လူကလေး"

အဘိုးအိုက လေးလေးနက်နက် ခေါ်လိုက်သဖြင့် ပိုင်ထက်ကျွင်း ခေါင်းမော့ကြည့်လိုက်ရသည်။

"အမိန့်ရှိပါ ဘဘ"

"ဒီမှာ လူကလေး၊ ဒီချင်မြစ်ထဲမှာ လှော်ခတ်နေတဲ့ လှေတွေဟာ ဘာလှေတွေလဲဆိုတာ သိရဲ့လား"

ပိုင်ထက်ကျွင်း အပျော်ကြူးသူ မဟုတ်ပါ။

ချင်မြစ်တွင်း၌ ကျက်စားနေသည့် ဘဝမျိုးစုံကို သူမသိပါ။

သူသိသည့် တစ်ချက်ကတော့ ဂန္ဓမာသည် အလွန်ရိုးသားသည့် သီချင်းသည်မလေး တစ်ယောက်သာဖြစ်ကြောင်းသာတည်း။

❖ ❖ ❖

ပိုင်ထက်ကျွင်း၏ သိထားသလိုပင် ဂန္ဓမာကလည်း ရိုးသားပါသည်။

သူမ၏တာဝန်မှာ ဗျပ်စောင်းတီးလျက် သီချင်းသီဆို ဖျော်ဖြေခြင်းသာ ဖြစ်ပါသည်။

အချို့သော သီချင်းသည်မကလေးများကဲ့သို့ ခန္ဓာကိုယ်ကို ငွေကြေးဖြင့် ခဏတာရောင်းစားသူ မိန်းကလေးမဟုတ်ခဲ့ပါ။

"ဘဘ - ချင်မြစ်ထဲက အကြောင်းအရာတွေအားလုံးကိုတော့ ကျွန်တော်မသိပါဘူး။ ဒီမိန်းကလေးကတော့ ရိုးရိုးသားသား မိန်းကလေး ဆိုတာ ကျွန်တော်သိပါတယ်၊ သူ့ရိုးသားမှုကို ကျွန်တော်စော်ကားလို့မရပါဘူးခင်ဗျာ၊ နောက်ပြီး သူ့ကျေးဇူးကလဲ ကျွန်တော့်အပေါ်မှာရှိနေပါတယ်"



"ဒီမှာ လူကလေး - မင်းကို ငါက စေတနာနဲ့ ပြောနေတာပါ၊ သူ့ကို ပစ်လိုက်စမ်းပါ၊ မင်းအပေါ်ရှိနေတဲ့ကျေးဇူးကို ငါကပဲ ကြားထဲကပေးဆပ်လိုက်ပါမယ်၊ ငါ့မှာ ငွေကြေးအမြောက်အမြားရှိသကွ၊ သူချမ်းချမ်းသာသာ နေနိုင်အောင် ရတနာရွှေငွေတွေ ငါပေးလိုက်ပါ့မယ်"

"ဘဘ - သူက ငွေကြေးကို ဒီလောက်မက်မောတဲ့ မိန်းကလေး မဟုတ်ပါဘူးခင်ဗျာ"

ပိုင်ထက်ကျွင်းသည် ဂန္ဓမာနှင့် သူမည်သို့ ပတ်သက်ပုံကို ရှင်းမပြလိုဖြင့် ကျေးဇူးရှိကြောင်း သာမန်သာ ရှင်းပြခဲ့၏။

ထိုအချက်ကို အဘိုးအိုက ဘဝင်မကျပုံ မရပေ။

"နေစမ်းပါဦးကွယ့် လူကလေးရယ် — မင်းကိုငါမေးစမ်းပါရစေဦး က ဒီမိန်းကလေးကို မခွဲနိုင်မခွာရက်လောက်အောင် စွဲလမ်းနေပြီး ကွယ်"

ပိုင်ထက်ကျွင်း ဘုရားတမိ၏။

သူနှင့် ဂန္ဓမာ ဘာမှ မဖြစ်သေးသည်ကို ကာယကံရှင် နှစ်ယောက်လုံးအသိပင်။

"အဲဒီလိုမဟုတ်ပါဘူး ဘဘရယ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ ထက်ထိ ရိုးရိုးသားသား ရှိကြပါတယ်"

အဘိုးအိုက သက်ပြင်းချပြီး တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက် သည်။

"တုံ့မျိုးရိုးသွေးဆက်ဟာ ဒီလိုပါပဲလေ၊ စိတ်ကြီးသလို ဆင်းရဲချမ်းသာ သဲ မခွဲခြားတတ်ပါကလား"

အဘိုးအိုသည် စကားဆက်မပြောတော့ဘဲ ငြိမ်သက်သွား၏။

အဝေးသို့ မျှော်ကြည့်နေသည်။ အတိတ်ကို ပြန်လည်သတိရနေဟ
တူသည်။

အတန်ကြာမှ -

"လူကလေး မင်းငယ်သေးတယ်၊ ကိစ္စတစ်ခုကို လုပ်တော့မယ်ဆို
အရမ်းမလုပ်ပါနဲ့၊ သေသေချာချာ စဉ်းစားပြီးမှလုပ်ပါ။ လူ့ဘဝဆို
သိပ်ခက်တယ်၊ ခြေလှမ်းတစ်ချက်မှားသွားတာနဲ့ ဘဝရဲ့နောက်ပို
အခြေအနေတွေ ကတိမ်းကပါး ဖြစ်သွားတတ်တယ်"

ပိုင်ထက်ကျွင်းက ခေါင်းညိတ်၏။

"ဟုတ်ကဲ့ စိတ်ချပါ။ ဘယ်ကိစ္စမဆို ကျွန်တော် အရမ်းမလုပ်ပါ
ဆင်ခြင်တုံတရားကို လက်ကိုင်ထားပါမယ်"

အဘိုးအိုက ဘာမျှမပြောတော့ပေ။

ပိုင်ထက်ကျွင်းကို နှုတ်ဆက်ပြီး လှည့်ထွက်သွားသည်။

ခြေသုံးလှမ်းခန့် လှမ်းမိပြီးမှ ရုတ်တရက် နောက်သို့လှည့်
အထုပ်ကလေးတစ်ထုပ်ကို ပစ်ပေးသည်။

"အဲဒီအထုပ်ထဲမှာ တာ့ထန်းဝမ် ဆေးလုံးသုံးလုံး ရှိသေးတ
မင်းက သိုင်းလောကထဲမှာ သွားလာနေတဲ့ လူဆိုတော့ အသုံးဝင်
ဝင်လိမ့်မယ်၊ ငါ မင်းကို လက်ဆောင်အဖြစ် ပေးခဲ့မယ်"

ဆေးထုပ်ကလေးကို ရုတ်တရက် လှမ်းဖမ်းလိုက်ရသည့် ပိုင်ထ
ကျွင်းသည် အဘိုးအိုကို အလန့်တကြား ကြည့်လိုက်မိ၏။

တာ့ထန်းဝမ် ဆေးလုံးသည် သိုင်းလောကသူများအတွက် အ
တရာ တန်ဖိုးရှိသော ပစ္စည်းဖြစ်၏။

ရွှေငွေကျောက်သံ ပတ္တမြားထက် တန်ဖိုးရှိ၏။

ဆေးတစ်လုံးသည်ပင် လွန်စွာတန်ဖိုးကြီးလှ၏။



ယခုတော့ ဆေးလုံးက တစ်လုံးမဟုတ်၊ သုံးလုံးကြီးများတောင်
ဖြစ်နေသည်။ ပိုင်ထက်ကျွင်းလက်ထဲမှ ဆေးထုပ်ကလေးကို ပြန်ပေးသည်။

"ဒီ --- ဒီဆေးလုံးတွေက ဘာဘာအတွက် အမွန်အမြတ်ထားတဲ့
ပစ္စည်းတွေပဲ၊ ကျွန်တော် --- ကျွန်တော် ဒီလောက်အထိ မယူဝံ့ပါဘူး"

အဘိုးအိုက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ----

"မလိုပါဘူးကွာ၊ မင်းသာ ယူထားလိုက်စမ်းပါ၊ ဒီလောကမှာ ငါ့ကို
ထိရာရအောင် လုပ်နိုင်တဲ့ လူမရှိသေးပါဘူး"

"အဘိုးအိုသည် စကားဆုံးသည်နှင့် ရိပ်ခနဲ ခုန်လွှားပြေးထွက်သွား
တော့သည်။

ပိုင်ထက်ကျွင်းမှာ ရင်တထိတ်ထိတ်ခုန်လျက် ကျန်ရစ်ခဲ့တော့သည်။

ဤလို့ဖွက်သော အဘိုးအိုသည် အဘယ်ကြောင့် သူ့အပေါ်တွင်
ကျေးဇူးကောင်းနေရသည်ကို သူမစဉ်းစားတတ်တော့ပေ။

သူသည် ဂန္ဓမာကိုပွေ့ချီပြီး အိပ်စင်ပေါ်သို့ တင်လိုက်သည်။

ဂန္ဓမာသည် မျက်ရည်များ တတွေတွေစီးကျလျက် သူ့ကိုငေးကြည့်
နေသည်။

ပိုင်ထက်ကျွင်းသည် သိုင်းသမားများအတွက် အလွန်တရာလိုအပ်
သည့် တာ့ထန်းဝမ်ဆေးလုံးတစ်လုံးကို ဂန္ဓမာအား တိုက်ကျွေးရန်
စဉ်ပြင်၏။

ဂန္ဓမာ မေ့မြောနေသည် မဟုတ်ပါ။

ခေါင်းမှဒဏ်ရာကြောင့် မိုန်းနေခြင်းသာ ဖြစ်ပါလေသည်။

သွေးထွက်မလွန်စေရန် အဘိုးအိုက သွေးကြောပိတ်ပေးခဲ့သဖြင့်
သွေးထွက်လွန်ခြင်းလည်း မရှိတော့ပါ။

ရှိုက်ကြီးတငင်ငိုရင်း ပြောပြသည်။

"သခင်လေးရယ် - ကျွန်မ - ကျွန်မ သခင်လေးရဲ့ စကားတွေ
အကုန်လုံး ကြားရပါတယ်၊ အဲဒီ စကားတွေနဲ့တင် ကျွန်မသေပျော်ပါပြီ

ပိုင်ထက်ကျွင်းက ဘာမျှပြောဘဲ သူမ၏ လှုပ်ရှားနိုင်သော သေ
ကြောကို ဆတ်ခနဲပိတ်လိုက်ပြီး ဆေးလုံးတိုက်ကျွေးလိုက်သည်။

"ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲ၊ စိတ်ညစ်စရာတွေ
တွေးမနေနဲ့တော့၊ ကျွန်တော်ဂန္ဓမာ့အနားမှာ ရှိနေပြီပဲ၊ ပျော်ပျော်ရွှင်ရွှ
ကလေး နေသွားကြရအောင်နော်"

ပိုင်ထက်ကျွင်းက နှစ်သိမ့်စကားဆိုပြီး ဂန္ဓမာကို ရင်ခွင်ထဲ ဆွဲ
ထားလိုက်သည်။

သူမ၏ မျက်နှာတွင် ကြည်နူးမှုများ ဖြာဝေသွား၏။

ထို့နောက် ပိုင်ထက်ကျွင်း၏ ရင်ခွင်ထဲ၌ အိပ်ပျော်သွားလေတော့

ပိုင်ထက်ကျွင်းသည် ဂန္ဓမာ၏ ဆံနွယ်ထွေးကလေးများကို ယုယုယ
ပွတ်သပ်ပေးပြီး တီးတိုးပြောနေလေ၏။

"သူ့ဒဏ်ရာကောင်းသွားရင်တောင်မှ နဖူးက အမာရွတ်က ထင်က
နေရစ်ခဲ့ဦးမှာပါကလား။ အေးလေ - ဒီအမာရွတ်ကိုမြင်တိုင်း ငါ့အ
ထားတဲ့ သစ္စာတရားကို ငါသတိရနိုင်တာပေါ့"

ထိုည၌ ပိုင်ထက်ကျွင်းသည် ထိုလှေပေါ်၌ပင် အိပ်စက်လိုက်သည
ဂန္ဓမာ၏ ဒဏ်ရာကို ပြုစုကုသပေးသည်။

နောက်တစ်နေ့တွင် ဂန္ဓမာ၏ အခြေအနေက သိသာစွာကောင်းမွ
လာသည်။

ပိုင်ထက်ကျွင်းသည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ပြီး ဂန္ဓမာ
ဒဏ်ရာ ပျောက်ကင်းသည်အထိ လှေပေါ်၌ နေတော့သည်။

ထိုရက်များအတွင်း ဂန္ဓမာ၏ မျက်နှာကလေးမှာ တိမ်စင်လနယ
ဝင်းပနေပြီး ပိုင်ထက်ကျွင်း၏ယုယကြင်နာမှုကို ကျေနပ်ပီတိဖြစ်နေမိသည



ဂန္ဓမာ၏ ဒဏ်ရာတို့ လုံးလုံးလျားလျား ပျောက်ကင်းသွားသောအခါ
ထက်ကျွင်းက သူမကို ချင်းမြစ်တွင်းမှ ခေါ်ထုတ်ရန် အစီအစဉ်ချသည်။

"ဂန္ဓမာ ကိုယ့်မှာ လုပ်စရာအလုပ်ကိစ္စကလေးတွေကလဲ ရှိနေလို့
ရှလွှားရဦးမယ်၊ အဲဒီ ခရီးတစ်လျှောက် မင်းကိုခေါ်သွားလို့လဲ မဖြစ်
ဘူး။ ဒီတော့ မင်းကို ကိုယ့်မိတ်ဆွေတစ်ယောက်အိမ်မှာ အပ်နှံထား
မယ်"

စင်စစ် ဂန္ဓမာသည် ပိုင်ထက်ကျွင်းနောက်သို့ ဖဝါးခြေရာထပ်
လိုက်ပါလိုသည်။

သို့ရာတွင် သူမမှာ သိုင်းပညာမတတ်ဘဲ ဖြစ်နေလေသည်။

နောက်ဆုံး၌ မျက်ရည်ဝေ့ဝေ့ဖြင့် ပိုင်ထက်ကျွင်းကို ငေးကြည့်ပြီး
ခေါင်းညိတ်သဘောတူလိုက်ရသည်။

ထို့ကြောင့် ပိုင်ထက်ကျွင်းက ကျွင်လင်အာမခံပို့ဆောင်ရေးအဖွဲ့
ခေါင်းဆောင်တစ်ယောက်၏ အိမ်တွင် သူမကိုအပ်နှံထားခဲ့သည်။

ထိုသူမှာ သူ့ကျေးဇူးများစွာရှိနေသဖြင့် ဂန္ဓမာကို ဝမ်းမြောက်ဝမ်းသာ
လက်ခံသည်။

ပိုင်ထက်ကျွင်းလည်း စိတ်ချလက်ချ ခရီးဆက်လေတော့သတည်း။

## အခန်း (၈၂

## ထူးဆန်းသောမြွေကြီး

ချန်ပိန်းနှင့် လီပိုက်ချောင်တို့သည် အသက်မရှူဘဲ ငြိမ်၍စောင့်ကြည့်
နေကြ၏။

ဂူဝ၌ ခြေသံပေါ်လာသဖြင့် နှစ်ဦးစလုံး ခေါင်းထောင်ကြည့်
ကြသည်။

ထိုစဉ် အဝေးဆီမှ ပလွေသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာပြီး
ခြေသံလည်း ရပ်ဆိုင်းသွားသည်။

ချန်ပိန်းက လီပိုက်ချောင်ကို အလန့်တကြား ကြည့်လိုက်သည်

လီပိုက်ချောင်က သူနားမလည်ကြောင်း ခေါင်းခါယမ်းပြသည်။

ထို့နောက် ဂူဝမှ ခြေသံသည်လည်း တဖြည်းဖြည်း ပြန်လည်ဝေးကွ
သွားသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ ဘဘရယ်"

ချန်ပိန်းက အသံထွက်၍ မေးမြန်းလိုက်လေ၏။

လီပိုက်ချောင်က ခေါင်းယမ်းပြသည်။

သူကိုယ်တိုင်လည်း တကယ်ပင် အဓိပ္ပာယ်မပေါက်ဘဲ ဖြစ်နေ
ရသည်။



"ဒီချောက်ကမ်းပါးထဲမှာ ကျွန်တော်တို့အပြင် တခြားလူရှိနေသေး
း"

"ငါလဲ အတိအကျ မပြောတတ်တော့ပါဘူးကွာ၊ ဒီချောက်ကမ်းပါးက
ကို လှမ်းမမြင်ရလောက်အောင် နက်ရှိုင်းလွန်းပါတယ်၊ ဘေးပတ်
မှာလဲ မတ်စောက်တဲ့ ကျောက်နံရံတွေ၊ ချွန်ထက်တဲ့ ကျောက်စွယ်
က်စောင်းပေါ့ရှိသလို လျှို့ဝှက်ဂူတွေကလဲ အများကြီးကွယ့်၊ ဒီဂူ
ထဲ ငါလည်းရောက်ဖူးတာ မဟုတ်တော့ ပြောရခက်ပါတယ်"

"ဒီ အသူရာချောက်နက်ကြီး ပတ်လည်မှာ လိုဏ်ဂူတွေ အများကြီး
ယ်ဟုတ်လား"

"အေးလေ၊ ဒီပတ်ဝန်းကျင်ဟာ သိုင်းလောကရဲ့ ပြင်ပကမ္ဘာပဲ၊
ဂူတွေ၊ လျှို့မြောင်တွေ ဒီပတ်ဝန်းကျင်မှာ အများကြီးရှိတယ်၊ အပေါ်
မှာ အင်မတန်မြင့်မားတဲ့ ကမ်းပါးရှိတယ်၊ အောက်မှာ နက်ရှိုင်းတဲ့
က်ကြီးရှိတယ်၊ တစ်ခုတော့ရှိတယ်၊ ငါတို့သားအဖဟာ ဝင်ခဲ့တဲ့လမ်းကို
မတန်ကြီးမားတဲ့ ကျောက်တုံးကြီးနဲ့ တွန်းချပိတ်ပစ်ခဲ့ပေမယ့် တခြား
ပေါက် ထွက်ပေါက်တွေ ကျန်နိုင်သေးတယ်၊ ဗိုလ်ချုပ်ရဲ့ဝေးရဲ့
လောင်း ကို ဒီမှာလာမြှုပ်နှံတဲ့လူတွေ ဘယ်အပေါက်ကဝင်သလဲ၊
ဒီအပေါက် ကလည်း ထွက်ပေါက်ကျန်ချင်ကျန်နိုင်တယ်၊
အပေါက်ကပဲ တစ်ခြား ရန်သူတွေ ဝင်ချင်ဝင်လာနိုင်တယ်"

လီပိုက်ချောင်က ရှည်လျားစွာပြောပြီး ရပ်နားလိုက်သည်။

အတန်ကြာမှ —

"ငါ့စိတ်ထဲမှာ မကောင်းဘူး၊ ငါ့မြေး၊ ငါ့တစ်ယောက်တည်း အေးအေး
ဆေး နေချင်နေတယ်၊ ဒီလိုလုပ်ပါလား။ မင်း ဒီပတ်ဝန်းကျင်ကို
လာချင်လေ့လာ၊ ဒါမှမဟုတ် ဗိုလ်ချုပ်ရဲ့ဝေးရဲ့ လက်သီးသိုင်းကျမ်းကို
ကျင့်ပါလား"

"ကောင်းပါပြီ ဘဘ"

ချန်ပိန်းက အလွယ်တကူပင် ကတိပြုသည်။

သားသေသဖြင့် ပရိဒေဝသောကမီး တောက်လောင်နေမည့် ဘဘ
လီပိုက်ချောင်၏ သောကလို ဂရုမထားဘဲ တောင်မေးမြောက်မေး ပြုလုပ်
မိသည့် သူ့အပြစ်ကို နောင်တရမိသည်။

ဤအနီးအနားမှာ ပတ်ဝန်းကျင်၌ပင် ဂူပေါင်းမြောက်မြားစွာ ရှိနေ
သဖြင့် ချန်ပိန်းသည် ဂူတစ်ဂူထဲသို့ ဝင်ခဲ့သည်။

လူမရှိ၊ သူမရှိ ငြိမ်သက်နေသဖြင့် တရားမွေ့ကျင့်ကြံရန် သိုင်းပညာ
လေ့ကျင့်ရန် အလွန်ကောင်းသည်။

ချန်ပိန်းသည် ဂူတွင်းရှိ အနည်းငယ်ပြန့်ပြူးသည့် ကျောက်ခုံကြီး
တစ်ခု၌ ထိုင်ကာ လက်သီးဘုရင်သိုင်းကျမ်းကို ဖွင့်ဖတ်လိုက်သည်။

ပထမ၌ ချန်ပိန်းတွင် သိုင်းပညာလေ့ကျင့်လိုစိတ် မပြင်းထန်လှပေ

လက်သီးဘုရင်သိုင်းကျမ်းကို ဖွင့်ကြည့်မိသောအခါမှ သိုင်းပညာ
လေ့ကျင့်လိုစိတ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

လက်သီးဘုရင်သိုင်းကျမ်း၌ ရှင်းလင်းချက်၊ သရုပ်ဖော်ပုံ၊ သဘော
တရားစသည့် အချက်သုံးချက်စီဖြင့် ညွှန်ကြားပြသထားဖြင့် ချန်ပိန်
စိတ်ဝင်စားလာခြင်းဖြစ်သည်။

သူသည် ရှင်းလင်းချက်များကို သုံးရက်တိတိ ဖတ်ပစ်လိုက်၏

ထိုသုံးရက်ဖတ်သောအခါမှ သူ့အတွက် အစားအသောက်နှင့်ရေမှု
အဆင်သင့်ရှိရန် လိုအပ်ကြောင်း သိရှိလာသည်။

"အင်း - အခုအချိန်မှာ ရေနဲ့ရိက္ခာကို ငါက တာဝန်ယူပြီး ရှာပေ
သင့်ပြီ၊ ဘဘ လီပိုက်ချောင်ရဲ့သားက အစက ဒီတာဝန်တွေ ယူထား
တယ်၊ အခု သူသေပြီ၊ သူ့အစား ငါတာဝန်ယူရမယ်"



ချန်ပိန်းသည် လက်သီးဘုရင် သိုင်းကျမ်းကို ရင်ခွင်ထဲ ထိုးထည့်သိမ်းဆည်းကာ သစ်သီး၊ သစ်ဥနှင့် သစ်မြစ်များ ရှာဖွေစုဆောင်း၏။

အဘိုးအို လီပိုက်ချောင်၏ ဂူထဲသို့ဝင်ပြီး ရိက္ခာအချို့ကို ထားနေကျနေရာ၌ စနစ်တကျ ထားပေးလိုက်၏။

အဘိုးအို ဆာလောင်မွတ်သိပ်လျှင် သူ့ဘာသာ ယူငင်စားသောက်သေလိမ့်မည်။

ချန်ပိန်းသည် သူ့အတွက် ရိက္ခာကို သူ့ဂူထဲသို့ ယူလာသည်။

ထို့နောက် သရုပ်ဖော်ပုံများနှင့် သဘောတရားများကို ထပ်မံဖတ်ရှုလေ့လာပြန်တော့၏။

"အင်း - ရုပ်ပုံတွေပေါ်လို့သာ တော်တော့တယ်၊ နို့မို့ဆိုရင် သူဘာဆိုလိုတယ်ဆိုတာ ငါ လုံးဝသိမှာ မဟုတ်ဘူး"

ဤအတွက် ချန်ပိန်းကို အပြစ်တင်ရန် မရှိပါချေ။ သူသည်ကိုယ်ဖော့ ပညာမှလွဲ၍ အခြားမည်သည့်သိုင်းပညာကိုမျှ သင်ကြားဖူးသူမဟုတ်ချေ။

သို့ရာတွင် သူ၌ သိုင်းသွေးမျိုးဆက်ရှိ၏။ ဗီဇပါရမီရှိ၏။

ဤသို့ ပါးနပ်ဉာဏ်ကောင်းသူ တစ်ယောက်အား သူ့ဖခင်က အဘယ့်ကြောင့် သိုင်းပညာသင်မပေးသည်ကိုမူ နားလည်ရန် ခက်နေပေသည်။

ချန်ပိန်းသည် လက်သီးဘုရင် သိုင်းကျမ်းတစ်အုပ်လုံးကို အစအဆုံးဖတ်ပြီးနောက် ... မဆုံး စာမျက်နှာမှစ၍ လေ့ကျင့်လေတော့၏။

ပညာရပ်တို့၏ သဘောတရားအတိုင်း လေ့ကျင့်ရင်းဖတ် ဖတ်ရင်းလေ့ကျင့်သောအခါ ပို၍ပို၍ သဘောပေါက်နားလည်လာ၏။

နားလည်လေလေ ဆက်၍ လေ့ကျင့်လေလေဖြင့် သိုင်းပညာလေ့ကျင့်ရသည်ကို ပို၍ပျော်ပိုက်လာသည်။

နေ့မအိပ် ညမအိပ် လေ့ကျင့်သောအခါ ချန်ပိန်းသည် လက်ဝါးသိုင်းကွက်အချို့ကို တတ်မြောက်လာတော့၏။ ယခုအခါ ချန်ပိန်းသည် နလပိန်း တုံးတစ်ယောက် မဟုတ်တော့ပေ။

သိုင်းပညာအသင့်အတင့် တတ်မြောက်ပြီး ကိုယ်ဖော့ပညာ၌ ထူးချွန်သည့် သိုင်းသမားတစ်ယောက် ဖြစ်နေချေပြီ။

ထို့ကြောင့်သူသည် ထွက်ပေါက်ပိတ်နေသည့် ဤနေရာမှ လွတ်မြောက်ရန် ကြိုးစားချင်သေး၏။

သိုင်းပညာလေ့ကျင့်၍ ရက်သတ္တနှစ်ပတ် ပြည့်ပြီးသောတစ်နေ့တွင် သူသည် သူ့ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းရန် ဆုံးဖြတ်လိုက်၏။

"ဘဘ လီပိုက်ချောင်က ပြောခဲ့တယ်၊ ဒီနေရာပတ်ဝန်းကျင် တစ်ဝိုက်မှာ သူမရောက်ဖူးတဲ့နေရာတွေ အတော်များများရှိနေသတဲ့၊ ဒါလဲ ဖြစ်နိုင်တာပဲ၊ ဘဘက အချိန်ရှိသရွေ့ သူ့သားနဲ့ ကျားထိုးဖို့ပဲ စဉ်းစားနေခဲ့ တာကိုး"

ချန်ပိန်းသည် သိုင်းလေ့ကျင့်ရာ ဂူထဲမှ ထွက်လာ၏။ သူမရောက်ဖူးသေးသည့် ဂူပေါက်များ၊ လှိုဏ်ပေါက်များရှိရာသို့ လှည့်လည်တော့သည်။

နက်ရှိုင်းသော အသူရာချောက်ကြီး၏ ပတ်လည်ဝန်းကျင်မှာ လွန်စွာကျယ်ပြောလှပေသည်။

နက်ရှိုင်းသောအပိုင်း၌ မြေခိုးမြေငွေ့များ ထွက်နေသဖြင့် မည်သည့်အရာကိုမျှ သေချာစွာမမြင်ရပေ။

တောင်နံရံပိုင်း၌လည်း ကြွက်တွင်းများကဲ့သို့ ကယ်ပေါက်များ၊ လိုဏ်ခေါင်းများ၊ သစ်ပင်သစ်တောများရှိသည့် အချို့နေရာများ၌ တောင်ကြားလွင်ပြင် ချိုင့်ဝှမ်းကလေးများပင် ရှိနေ၏။

"အင်း - ထွက်ပေါက်ရှိမယ်ဆိုရင် မြေပြင်ကို တန်းထွက်နိုင်မယ့်



ထွက်ပေါက်မျိုးတော့ ရှိမှာမဟုတ်ဘူး။ အပေါ်ဘက်ကို ခပ်စောင်းစောင်းထွက်လို့ရနိုင်မယ့် လိုဏ်ခေါင်းပေါက်မျိုးပဲ ရှိလိမ့်မယ်"

ချန်ပိန်း ဖြည်းညင်းစွာ လျှောက်သွားနေရာမှ တစ်နေရာသို့ ရောက်ချင်း သူ့ခြေလှမ်းကို တုံ့ခနဲရပ်လိုက်မိသည်။

တိတ်ခနဲ ဖြစ်သွားသည်။

အာမေဋိတ်သံပြုလျှက် နောက်သို့ပင် ခြေလှမ်းတစ်လှမ်း ဆုတ်လိုက်မိသည်။

သစ်ပင်ကြီးတစ်ပင်တွင် ရှည်မျောမျော မည်းနက်နက် ထူးဆန်းသော သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

❖ ❖ ❖

ချန်ပိန်း အသေအချာကြည့်မိမှ ရောမ မြွေသေကြီးတစ်ကောင်ဖြစ်နေကြောင်း တွေ့ရသည်။

မြွေကြီး၏အမြီးက သစ်ကိုင်းထက်တွင် ခွေချိတ်ထားသည်။

ကြီးမားလှသော မြွေဦးခေါင်းကြီးကို ဓားတစ်ချောင်းစိုက်ဝင်နေသည်။

"ဒီလောက် ထွက်လမ်းမရှိတဲ့ ချောက်ကြီးထဲမှာ နောက်ထပ်အဆင့်မြင့် သိုင်းသမားတွေ ရှိနေသေးလို့လား။ ဟို - လူသတ်သမားများဖြစ်နေမလား"

ချန်ပိန်းသည် မျက်မှောက်ကြုတ်ကာ ဘေးဘီဝဲယာကို လှည့်ဝတ်ကြည့်မိသည်။ ထိုမြွေမှလွဲ၍ အခြားဘာကိုမျှ မတွေ့ရ။

"ဒီအနီးအနားမှာ အဆင့်မြင့်သိုင်းသမား တစ်ယောက်ယောက်တော့ ရှိနေမှာအမှန်ပဲ၊ ဒီလူဟာ ငါ့အတွက် ရန်သူဖြစ်မလား၊ မိတ်ဆွေဖြစ်မလား"

ချန်ပိန်း ဘေးဘီကို ကြည့်မိသည်။

ဘာမျှမတွေ့။

ရှေ့ဆက်လျှောက်ရန် ခြေလှမ်းပြင်လိုက်သည်။

"ရှီး - ရှီး"

အသံက သူ့နောက်ကျောမှ ကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်

အမှောင်ထဲတွင် တောက်လက်သော အစိမ်းရောင်မီးပွင့်နှစ်ပွင့်က သူ့ဆီသို့ လျင်မြန်စွာ ပြေးလာနေကြောင်း တွေ့ရသည်။

ချန်ပိန်းအကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။

သစ်ပင်တစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ဖြောင်းခနဲချိုးယူလိုက်ပြ အမျိုးအမည်မသိ ရန်သူကိုရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားမိလေ၏

မကြာမီ အနီးသို့ရောက်လာသည့် ရန်သူကိုတွေ့လိုက်ရသည်။

ရောမမြွေကြီးတစ်ကောင် ပါးပြင်းထောင်လိုက်လာခြင်းပင်တည်

မြွေ၏အရှည်က သုံးကိုက်ခန့်ရှိပြီး အရောင်အသွေးကို ကြည့်ခြင်းဖြ စောစောက မြွေသေကြီးနှင့် အမျိုးအစားတူနေသည်။

"ဝုစ်"

မြွေကြီးက ချန်ပိန်းကို ဒေါသတကြီး ကြည့်နေရာမှ လျှောခနဲပြေ ဝင်လာသည်။

သူ့အလျင်နှုန်းမှာ ညှို့ကြိုးမှလွှတ်လိုက်သော မြားတံပမာရှိ၏

ချန်ပိန်းက ကပျာကယာ တိမ်းရှောင်လိုက်ရသည်။

မြွေကြီးသည် ရှူးခနဲအသံပြုကာ ချန်ပိန်းကို ဝင်...ကဲပြန်သည်

ချန်ပိန်းကလည်း မြွေကြီး၏ဦးခေါင်းပေါ်မှ ခုန်ပျံကျော်လွှားကာ ရှောင် တိမ်းလိုက်သည်။

လူတစ်ယောက်အလား အသိရှိနေသည်။



သူ့အပေါ်မှ ကျော်လွှားရှောင်တိမ်းသွားသည့် ချန်ပိန်းကို အမြီးဖြင့် ရိုက်လိုက်သေးသည်။

ချန်ပိန်း၏ မျက်နှာအနီးမှ သိုးကာသီကာ လွဲသွားသည်။

ထိုစဉ် -

"ဟိတ်"

မာကျောခက်ထန်လှသည့် ဝေါက်ငမ်းသံကြောင့် ချန်ပိန်းသည် ရန်သူတော်မြွေကြီးကိုပင် ခေတ္တခဏမေ့သွားပြီး အသံကြားရာသို့ ချာခနဲ လှည့်ကြည့်မိလေ၏။

"ဟာ"

လူတစ်ယောက် -

အံ့သြဖွယ်ရာ လူတစ်ယောက်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ပြည့်နေသည့် လူတစ်ယောက်သည် မြွေကြီးကို စူးစူးစိုက်စိုက်ကြည့်လျက် သစ်ကိုင်းတစ်ခုဖြင့် ဟန့်တားနေကြောင်း တွေ့လိုက်ရသည်။

ထိုအခါကျမှ မြွေကြီးသည် သူ့အားရှိလေသည်ဟု မထင်မှတ်ဘဲ ထိုလူရှိရာသို့သာ ပါးပျဉ်းထောင်နေကြောင်း တွေ့ရတော့သည်။

မြွေကြီးသည် ပါးပျဉ်းထောင်ပြီး မလှုပ်မရှား ငြိမ်ကြည့်နေ၏။

အတန်ကြာမှ -

"ကောင်လေး မင်းရဲ့ကိုယ်ဖော့ပညာက သိပ်ကောင်းပါလားကွ"

ထိုသူ၏ လေသံမှာ မပီမသရှိသည်။

ဟန်တရုတ်မဟုတ်ကြောင်း သေချာသည်။

ချန်ပိန်းက တိုင်ကြားသလို ပြောသည်။

"ဒီမြွေ - ဒီမြွေက သိပ်ထူးဆန်းတယ်၊ လူလိုပဲ"

“ထူးဆန်းတယ် ဟုတ်လား။ ငါ့ပညာနဲ့ သူ့ကို တိုက်ခိုက်ခဲ့တာ ဆယ်နှစ်တိတိရှိသွားပြီ၊ အခုထက်ထိ မနိုင်သေးဘူး၊ ဒီမြွေဆိုးကြီးဟာ သိုင်းလောကထဲက အဆင့်မြင့်သိုင်းသမားတစ်ယောက်ထက် ဘယ်လို့မှ မနိမ့်ကျဘူး”

မြွေကြီးသည် ထိုပါးမြိုင်းမွေးနှင့်လူကြီး၏ လက်ထဲတွင် ကိုင်ဆောင်ထားသော သစ်ကိုင်းကလေးများကိုကြည့်ပြီး ရှေ့သို့မတိုးသည်မှာလည်း အံ့ဩစရာကောင်းနေသည်။

ချန်ပိန်းက ထိုသူကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ကြည့်ပြီး

“ဟိုရှေ့နားက ဒီထက်ငယ်တဲ့ မြွေတစ်ကောင်ကို ခင်ဗျား သတ်ခဲ့တယ် မဟုတ်လား”

ထိုသူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

“အဲဒီအကောင်က အသေးစားပါ၊ ဒီကောင်က မြွေလို့သာ ပြောရတာ တကယ်တော့ သတ္တဝါတစ်ကောင်ထက် ပိုအဆင့်မြင့်တယ်”

“ဒီမြွေကြီးကို ကျွန်တော် သတ်ချင်တယ်၊ ဘယ်လိုသတ်ရရင် ကောင်းမလဲ”

“ဟား ဟား ဟား ကောင်လေး။ စောစောကပဲ မင်း သေပြေးရှင်ပြေး ရှောင်နေရပြီ မဟုတ်လား။ မင်းရဲ့ ကိုယ်ဖော့ပညာ ကောင်းလွန်းလို့ပေါ့၊ နို့မို့ဆိုရင် မင်း သေတာကြာလှပြီ”

ချန်ပိန်းသည် မခံချင်ဖြစ်ပေါ်လာသဖြင့် ကျောက်ခဲတစ်လုံး ကောက်ယူပြီး မြွေကြီးအား လှမ်းပစ်သည်။

မြွေကြီးက ပါးပျဉ်းကို ယိမ်းနွဲ့ရှောင်သွား၏။

“ရပ်လိုက်စမ်း၊ မဟုတ်တရုတ်တွေ လျှောက်လုပ်မနေနဲ့၊ ဒီကောင်ကြီးရဲ့ ခေါင်းပိုင်း (၇) လက်မလောက် အောက်က အသားပျော့ကလွဲရင် သူ့တစ်ကိုယ်လုံး သံမဏိလို မာကျောနေတယ်၊ ဘာလက်နက်နဲ့မှ တိုးမပေါက်နိုင်ဘူး”



ချန်ပိန်းမှာ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

“ဒီအတိုင်းဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ”

“ကိစ္စမရှိပါဘူး၊ မိုးလင်းလာရင် သူ့ဟာသာ သူပြန်သွားမှာပါ”

ထိုလူကြီးသည် သစ်ကိုင်းကို ဖြောက်ခနဲ ချိုးချလိုက်ပြီး လက်ညှိုး လက်မဖြင့် တောက်လွှတ်လိုက်ရာ မြွေကြီးထံသို့ ဝိုးခနဲ ပြေးဝင်သွား၏။

မြွေကြီး၏ ဦးခေါင်းဆီသို့ တန်းတန်းမတ်မတ် သွားသဖြင့် မျက်လုံး နှစ်လုံးကို ထိမှန်တော့မည်ဟု ထင်ရလောက်ပေသည်။

သို့သော် မြွေကြီးက အံ့ဩလောက်အောင် ရှောင်တိမ်းသွားသည်။

“ကဲ - တွေ့ပြီလား။ ငါ့လက်တောက်ပညာ ဘယ်လောက်မြန်သလဲ၊ လက်နက်ပုန်းဆိုရင် လေသံတောင် မထွက်ဘူး”

“ဟုတ်ပါရဲ့ဗျာ”

ထိုလူကြီးက ချန်ပိန်းကို သေချာစွာ အကဲခတ်ကြည့်ပြီး -

“မင်းက တရုတ်ပြည်မထဲက လာတာလား”

“ဟုတ်ပါတယ်”

“မင်း အမြင်နဲ့ပြောရင် ငါကိုယ်ပိုင် တီထွင်ထားတဲ့ လက်ကောက် သိုင်းပညာနဲ့ မင်းတို့ အရှေ့ဝိုင်း ရှောင်လင်ကျောင်းတော်ရဲ့ ရွှေလက်ချောင်း ပညာ ဘယ်လိုကွာခြားမှုရှိသလဲ”

ချန်ပိန်းက အတန်ငယ်စဉ်းစားဟန်ပြုပြီးမှ -

“ရှောင်လင် ရွှေလက်ချောင်းပညာက နာမည်တော့ တော်တော်ကြီးတာပဲ၊ ဒါပေမယ့် ကျွန်တော်တော့ တစ်ခါမှ မတွေ့ကြုံဖူးပါဘူး၊ ဒါနဲ့ ဆရာကြီးက တရုတ်ပြည်ထဲက မဟုတ်ဘူးလား”

ထိုသူက ချန်ပိန်းကို တစ်ချက်အကဲခတ်ကြည့်ပြီး ဘာမျှ ပြန်မပြောချေ။

ချန်ပိန်းလည်း ထိုသို့မေးခြင်းကို ဤလူကြီး မကြိုက်ဟု နားလည်ကာ ငြိမ်သက်နေလိုက်မိသည်။

အရုဏ်တက်လာခါနီးသောအခါ ငြိမ်သက်နေသော မြွေကြီးသည် တရှုးရှုး တရှဲရှဲ ဖြစ်ပြီး မတည်မငြိမ် ဖြစ်လာသည်။

ပါးမြိုင်းမွေးနှင့်လူ၏ အမူအရာမှာမူ ပကတိ တည်ငြိမ်နေပေသည်၊ စိုးရွံ့ဟန် မရှိချေ။

သူ့လက်အစုံက သစ်ကိုင်းခြောက်ကို အသင့်ကိုင်ထားပြီး မြွေကြီးကို မမိုတ်မသုန် စိုက်ကြည့်နေ၏။

"သတိထား - ဒီကောင်ကြီး တိုက်ခိုက်တော့မယ်"

မြွေကြီးသည် ကိုယ်ကို တစ်ချက်တွန့်လိုက်သည်နှင့် လျှပ်စီးလက်သည့်ပမာ ပါးမြိုင်းမွေးနှင့်လူဆီသို့ တိုးဝင်လာလေသည်။

ထိုလူက လက်တစ်ချက်ဝှေ့ယမ်းလိုက်လျှင် သစ်ကိုင်းခြောက်များက မိုးစက်မိုးပေါက်များပမာ မြွေကြီးဆီသို့ တန်းဝင်သွား၏။

"ဝှစ် - ဝှစ်"

လူကလည်း လျှပ်တစ်ပြက် သစ်ပင်တစ်ပင်ဆီသို့ ခုန်ကူးသွား၏။

သစ်ကိုင်းခြောက်များက မြားတံများသဖွယ် မြွေကြီး၏ ဦးခေါင်းကို ထိမှန်သွားသည်။

မြွေကြီးမှာ ဒဏ်ရာမရသော်လည်း နာကျင်သွားသဖြင့် တရှုးရှုး ဒေါသဖြစ်ကာ ထိုသူ ခုန်တက်သွားသော သစ်ပင်ဆီသို့ တိုးဝင်လာသည်။

"ကောင်လေး မင်းသေသေချာချာ ကြည့်ထား၊ ဒီကောင်ကြီးရဲ့ ခေါင်းအောက် ခုနစ်လက်မလောက်မှာ အဖြူရောင်အကွက်တစ်ကွက် ရှိတယ်၊ အဲဒါ သူ့ရဲ့ အသက်တည်နေရာပဲ -"



မြွေကြီးသည် ထိုလူ ခုန်သွားရာ သစ်ပင်ကြီးဆီ တန်းတန်းမတ်မတ် ရောက်သွားပြီး အမြီးနှင့်ရိုက်ချလိုက်သည်။

"ဖြောင်း --"

လူကြီး ရပ်နေသည့် သစ်ကိုင်းကြီးသည် ဖြောင်းခနဲ ကျိုးကျသွား၏။

လူကြီးကား ထိုနေရာ၌ မရှိတော့ပေ။ အခြား တစ်နေရာသို့ ခုန်ကူးသွားပေပြီ။

မြွေကြီးသည် ထိုလူကြီးရှိရာသို့ ဝိုးခနဲ ပစ်ဝင်သွားပြန်သည်။

"ဟာ - တကယ့်မြွေပဲ၊ ပေါက်လည်းပေါက်တယ်၊ သူ့ကိုယ်ကို ထောက်လွှဲ လိုလည်း ပစ်တယ်၊ ကြောက်စရာပါလား"

သို့သော် မြွေကြီးသည် ထူးဆန်းသောလူကြီးကို အန္တရာယ်မပြုနိုင်ဘဲ ရှိနေသည်။

ထိုအချိန်မှာ အရုဏ်ဦး၏ ရောင်နီများ သမ်းလာလေသည်။

အလင်းရောင်ထွက်ပြူလာသည်နှင့် မြွေကြီးသည် တရှူးရှူး အသံပြုလျက် လာလမ်းအတိုင်း ပြန်လည်ပြေးထွက်သွားလေတော့သည်။

❖ ❖ ❖

## အခန်း(၈၃

## မဟူရာအမြုတေ ဆိုသည်

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ရှိနေသည့် လူထူးလူဆန်းကြီးသ
ချန်ပိန်းအား လက်ယပ်ခေါ်လိုက်၏။

ချန်ပိန်းသည် ထိုလူကြီးအနီးသို့ ချဉ်းကပ်လာ၏။

ထိုလူကြီးက -

"မင်း ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ"

"သူများ လုပ်ကြံတိုက်ခိုက်တာ ခံရလို့"

"လုပ်ကြံခံရလို့ ဟုတ်လား"

ချန်ပိန်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ လူထူးလူဆန်းကြီးက စိတ်ပျက်လက်ပျက် ညည်း
တော့သည်။

"အင်းလေ ဟုတ်ပါတယ်၊ သူတစ်ပါးလုပ်ကြံတာ မခံရရင်
ဘယ်သူက ဒီလို ထွက်လမ်းမရှိတဲ့ ချောက်ကြီးထဲကို ရောက်လာရမှာ

ချန်ပိန်း အံ့ဩသွားသည်။

ဤစကားအရ ထိုလူထူးလူဆန်းကြီးသည်လည်း သူတစ်ပ
လုပ်ကြံခံရပြီး ဤဒေသသို့ ရောက်ရှိနေဟန် တူလေသည်။



"မင်းက ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလဲ"

ထိုသူက ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သဖြင့် ချန်ပိန်း
ကြောင်သွားသည်။

သူ မည်သို့ပြန်ဖြေရမှန်း မသိချေ။ သူ၌ ဂိုဏ်းဂဏမှ မရှိဘဲ။

"ခွန်းလွန်ဂိုဏ်းကလား"

"မဟုတ်ပါဘူး"

"ရှောင်လင်ဂိုဏ်းကလည်း မဟုတ်ဘူး၊ ခွန်းလွန်ဂိုဏ်းကလည်း
ဟုတ်ဘူး ဆိုတော့ -"

"ဒါဖြင့် မင်း ဟွာတန်းတောင်က လာခဲ့တာလား"

"ဟင့်အင်း - မဟုတ်ပါဘူး"

လူထူးလူဆန်းကြီးသည် ချန်ပိန်းကို သေချာစွာ အကဲခတ်ပြီးမှ
တရက် သူ့အင်္ကျီရင်ဘတ်ကို ဆွဲဖြဲလိုက်သည်။

သူ့နံကြားအောက်ဘက်တွင် ခြောက်လက်မခန့်ရှိသော အညိုရောင်
ာရွတ်ကြီးတစ်ခုက ထင်းခနဲ ပေါ်လာလေသည်။

"ဒီဓားဒဏ်ရာဟာ ဟွာတန်းဂိုဏ်းချုပ် ထန်ရှန်းသေ့ကြီးရဲ့ ဓားလက်
ာင်ပေါ့"

ချန်ပိန်းစိတ်ထဲတွင် ထိုသူနှင့် ထန်ရှန်းရသေ့ကြီးတို့ တွေ့ဆုံဖူးလိမ့်
ည်ဟု လုံးဝ မထင်မှတ်မိပေ။

"တကယ်တော့ တရုတ်ပြည်မ သိုင်းလောနဲ့ ငါက စိမ်းပါတယ်ကွာ၊
ပြောသံကြားဖူးတာတော့ မင်းတို့ပြည်မက သိုင်းသမားတွေဟာ ကိုယ့်
ာသမား၊ ကိုယ့်ဂိုဏ်းအဖွဲ့အစည်းနဲ့ ကိုယ့်ရာဇဝင်ကို သူတစ်ပါးက
မြှန်းမှာကို သိပ်ကြောက်တယ်လို့ပြောတယ်၊ အဲဒါ ဟုတ်သလား"

ချန်ပိန်း ထိုသူ၏စကားကို အလွန်သဘောကျသဖြင့် ပြုံးလိုက်မိသည် ထိုသူမှာ လူပုံက ကြောက်စရာကောင်းသလောက် ပွင့်လင်းပုံရပေသည်

"ကျွန်တော်က ဘယ်အဖွဲ့အစည်းနဲ့မှ မပတ်သက်ပါဘူး၊ ကျွန်တော်

သူ့စကား မဆုံးခင်မှာပင် ပါးမြိုင်းမွေးနှင့် လူကြီးက လက်ဝါးကာ တားမြစ်ထားလိုက်သည်။

"မင်း ငါ့ကိုပြောပြဖို့ မလိုပါဘူးကွာ"

သို့သော် သူကပင် ဆက်၍မေးသည်။

"မင်း စိတ်ထဲမှာ ခုနက မြွေကြီးရဲ့အသက် ဘယ်လောက်ရှိမယ် ထင်သလဲ"

ချန်ပိန်းက ခေါင်းခါပြလိုက်ပြန်သည်။

"အနည်းဆုံးတော့ နှစ်ပေါင်းတစ်ရာလောက်တော့ ရှိပြီပေါ့ကွာ"

"ဗျာ - နှစ်ပေါင်းတစ်ရာ ဟုတ်လား"

"ဟုတ်တယ်၊ ငါနဲ့သူ တိုက်ခိုက်နေတာပဲ ဆယ်နှစ်တိတိရှိနေ သူ့ကို ငါက မနိုင်တဲ့အပြင် သူက တဖြည်းဖြည်း ပိုပြီးတောင် ပါး လိမ္မာလာသေးတယ်"

"ဒါဆိုရင် ကျွန်တော်နဲ့ပူးပေါင်းပြီး ဒီမြွေကြီးကို သတ်လို့ဖြစ်မလ ကျွန်တော့် အကူအညီ လိုတယ်ဆိုရင် ပေးဖို့အသင့်ပါပဲ"

ထိုလူထူးလူဆန်းကြီး၏ မျက်လုံးထဲ၌ ကောက်ကျစ်သော အ အယောင်များ သန်းလာသည်။

"သိပ်ကောင်းတာပေါ့ကွာ၊ ဒီည တို့နှစ်ယောက်စုပေါင်းပြီး တိုက်ခို လိုက်ရင် အောင်မြင်မှာ သေချာတယ်"

"တစ်ခုတော့ ပြောရဦးမယ်၊ ကျွန်တော်က ကိုယ်ဖော့ပညာကလွဲ တခြား ဘာပညာမှ တတ်တာမဟုတ်ဘူး"



ချန်ပိန်းက ရိုးသားစွာ ဝန်ခံသည်၊ ထိုသူက ဂရုမစိုက်ဘဲ သူပြော ချင်တာကိုသာ ဆက်ပြောနေသည်။

"ငါ့မှာ ငယ်ငယ်တုန်းက ရည်ရွယ်ချက် နှစ်ခုရှိခဲ့တယ်၊ ပထမတစ်ခု တော့ တရုတ်ပြည် ပြင်ပမှာ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ရမယ်၊ ဒုတိယတစ်ခုကတော့ တရုတ်ပြည်မထဲက နာမည်ကျော် သိုင်း သမားကစ်ယောက်နဲ့ ယှဉ်ပြိုင်ကြည့်မယ်၊ ငါတို့ ပညာက မင်းတို့ ပြည်မက ပညာကို မမီဘူးဆိုတာ ငါမယုံကြည်ဘူး"

"ဆရာကြီးကို ကြည့်ရုံနဲ့ အဆင့်မြင့် သိုင်းသမားဆိုတာတော့ သိသာ ပါတယ်"

"ဘာလဲ၊ မင်းက ငါ့ကို ပထမရည်ရွယ်ချက်ပဲ အောင်မြင်နိုင်ပြီး ဒုတိယရည်ရွယ်ချက်ကတော့ မအောင်မြင်နိုင်ဘူးလို့ ဆိုလိုတာလား"

"ဒီသဘောပြောတာ မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ဘာသိုင်း ပညာမှ မတတ်တဲ့ နလပိန်းတုံးတစ်ယောက်ပါ"

"အေးလေ မင်းကြည့်ရတာ ရိုးသားပုံရပါတယ်၊ ငါ့ကို မခံချင်ဖြစ်အောင် တာ ပြောမယ့်ပုံမရှိပါဘူး၊ ဪ ဒါထက် မင်းနာမည် ဘယ်သူလဲကွ"

"ချန်ပိန်းပါ"

"မင်းအဖေကကော -"

"ကျော်ပိုင်ချူး"

"ဟေ မျိုးရိုးနာမည်လဲ မတူပါလားကွ၊ ကျော်ပိုင်ချူးဆိုတာ ဘာ ကောင်လဲ၊ သိုင်းသမားလား၊ သူ့နာမည်ကို ငါတစ်ခါမှ မကြားဖူးဘူးကွ"

ချန်ပိန်းက ရယ်၏။

"ကျွန်တော့်နာမည်က ကျော်ပိန်းဗျ၊ ဒါပေမယ့် ကျွန်တော့်ကို မွေးရင်း ချစ်တဲ့ ဆရာကြီးတစ်ယောက်ရဲ့ မျိုးရိုးနာမည်ကိုယူပြီး ချန်ပိန်းလို့

မှည့်ထားတာပါ။ ကျွန်တော့်အဖေ ကျော်ပိုင်ချူးကတော့ သိုင်းလောက
တကယ့် ထိပ်သီးပါ။ ဆရာကြီး မကြားဖူးတာတော့ ကျွန်တော်လည်
မတတ်နိုင်ပါဘူး"

"ငါတော့ မကြားဖူးဘူးကွ"

"သူ့ရဲ့အရိပ်ဆိုတာကော ကြားဖူးသလား"

လူထူးလူဆန်းကြီးသည် ထိုအခါကျမှ ချန်ပိန်း ဘာဆိုလိုချင်သည
နားလည် သဘောပေါက်တော့သည်။

"ဟင် - လက်စသတ်တော့ မင်းက သရဲအရိပ်ရဲ့သားကိုး။ ဒါကြော
မင်းရဲ့ ကိုယ်ဖော့ပညာက အံ့မခန်းလောက်အောင် ဖြစ်နေတာကိုး"

လူထူးလူဆန်းကြီး အလွန်တရာ အံ့ဩသွားသည်။ ချန်ပိန်းလည
မခံချင်စိတ်ဖြင့် ပြောလိုက်ပြီးကာမှ နောင်တရသွားသည်။

"ကောင်းကွာ - ဒီအတိုင်းဆိုရင် အဆင်ပြေပြီ၊ ဒီည တို့နှစ်ယော
ဟိုကောင်ကြီးကို ရှင်းပစ်ကြမယ်"

ချန်ပိန်းက အမှန်အတိုင်း ထပ်မံဝန်ခံပြန်သည်။

"ဆရာကြီး ကျွန်တော့်ကို သိပ်အထင်မကြီးနဲ့နော်၊ မကွယ်မဝှ
တမ်း ပြောရရင် ကျွန်တော် ငယ်ငယ်ကတည်းက သိုင်းပညာကို မသင်ခဲ့
ဘူး၊ အခု သုံးလေးပတ်အတွင်းလောက်မှာမှ လက်ဝါးသိုင်းလေး နည်းနည
ပါးပါး တတ်လာတာပါ"

လူထူးလူဆန်းကြီးက မယုံသင်္ကာဟန်ဖြင့် တဟားဟား ရယ်မော
တော့သည်။

"ဒီလောက် ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ပြောနေစရာ မလိုပါဘူးကွ
တို့နှစ်ယောက် အင်အားနဲ့ ပူးပေါင်းပြီး တိုက်ခိုက်လိုက်ရင် ဟိုကောင်ကြ
ဘယ်လောက်ပဲ ဆိုးနေဆိုးနေ ဒီညမှာပဲ သူ့ဘဝ နိဂုံးချုပ်သွားမှာပါ



"ဘယ်လိုများ ပူးပေါင်းတိုက်ခိုက်ရမှာလဲ"

"ဒီည ငါသူ့ကို စိတ်ဆိုးအောင် အရင်လုပ်ပြီး တိုက်ခိုက်မယ်၊
ငါအချက်ပေးလိုက်တာနဲ့ သူ့ရဲ့ ပျော့ကွက်ကို ဓားမြှောင်နဲ့ထိုးပေါ့
- ဓားမြှောင်ကိုယူထား"

ချန်ပိန်းက ဓားမြှောင်ကို လှမ်းယူလိုက်သည်။

လူထူးလူဆန်းကြီးက ဆက်ပြော၏။

"ငါ သူနဲ့ အခါပေါင်းတစ်ရာမကအောင် တိုက်ခိုက်ခဲ့ဖူးတော့ သူ့
ကြောင်းကို ကောင်းကောင်းသိနေတယ်၊ အဲဒီ အဖြူရောင်အကွက်ကို
ထိုးနိုင်ရင် ငါတို့နိုင်ပြီ၊ မင်းက ဘေးကဝင်တိုက်ရမှာဆိုတော့ အခွင့်
ပါလိမ့်မယ်"

ချန်ပိန်းမှာ သူ့စကားထဲ၌ ချွတ်ယွင်းချက်များ ပါရှိနေသည်ကို
သော်လည်း အသေအချာ မစဉ်းစားဘဲ ခေါင်းညိတ်ပြလိုက်မိသည်။

"ငါ့နာမည် လွှန့်လွှန့်အော် လို့ခေါ်တယ်"

"ဟုတ်ကဲ့ - ကျွန်တော် မှတ်ထားပါမယ်"

ဤသို့ဖြင့် အချိန်က တဖြည်းဖြည်း ကုန်လာပြီး ညသို့ ရောက်ရှိ
ပြန်သည်။

လတွက်လာသော်လည်း ထူးခြားသော မြွေကြီးက ရောက်ရှိမလာချေ။
ချန်ပိန်း သိပ်စိတ်မရှည်ချင်တော့။

"ဒီည ဟိုကောင်ကြီး မလာတော့ဘူးနဲ့တူတယ်"

"စိတ်မပူပါနဲ့ကွာ၊ မကြာခင်မှာ ထွက်လာမှာပါ"

ချန်ပိန်းသည် လွှန့်လွှန့်အော်ကို စိတ်ချယုံကြည်မှုတော့ မရှိပေ။
သို့သော် သူ့ကိုယ်သူ သေမထူး နေမထူး ဖြစ်နေပြီဟု ယူဆကာ
လွှန့်အော်အား ကူညီမည်ဟု ဆုံးဖြတ်လိုက်၏။

ထိုစဉ် တရှဲရှဲ မြည်သံများကြားလာရလေ၏။

"ဟော - ပြောရင်းဆိုရင်း ဟိုကောင်ကြီးလာပြီ"

လွှန့်လွှန့်အော်က အားတက်သရော ပြောသည်။

မကြာမီ မြွေဆိုးကြီးသည် သူတို့ရှိရာနေရာသို့ ရောက်ရှိလာ… သည်။

ရောက်ရှိလာလျှင် ရောက်လာချင်း လွှန့်လွှန့်အော်က ဘာမျှ စဉ်း… မနေတော့ဘဲ လက်ဝါးရိုက်ချက် တစ်ချက် ထုတ်လိုက်သည်။

မြွေကြီးသည် နောက်သို့ အနည်းငယ် တွန့်သွားသည်မှအပ လွှန့်… အော်ကို ကြောက်လန့်ဟန် မပြချေ။

လွှန့်လွှန့်အော်သည် မြွေကြီး၏ ဦးခေါင်းဆီသို့ ကျောက်ခဲများ… တောက်ထုတ် တိုက်ခိုက်သည်။

မြွေကြီး၏ လျင်မြန်မှုမှာ လက်ဖျားခါလောက်၏။

ကျောက်ခဲများကို လွတ်အောင် ရှောင်တိမ်းနိုင်သည်။

"ချန်ပိန်း - ငါ အနီးကပ်ဝင်မယ်၊ မင်းလည်း ဝင်ပေတော့"

ချန်ပိန်းသည် လွှန့်လွှန့်အော် တစ်ယောက်တည်း တိုက်ခိုက်… သည်ကို ရပ်ကြည့်နေ၍ မသင့်ဟု သဘောပေါက်နားလည်သ… သူလည်း ခုန်ဝင်သည်။

အနီးကပ်လေလေ မြွေကြီး၏ လည်ပင်းမှ အဖြူကွက်ကို ထင်… ရှားရှား မြင်ရလေလေ ရှိလာသည်။

မြွေကြီးသည် ချန်ပိန်းအား ဆတ်ခနဲ ပေါက်ချ၏။

ချန်ပိန်းသည် လက်သီးဘုရင် သိုင်းကျမ်းထဲမှ လက်ဝါးတိုက်ကွ… တစ်ကွက်အတိုင်း ရိပ်ခနဲ ရှောင်လိုက်ပြီး အဖြူကွက်ဆီသို့ ဓားမြ… ဖြင့် စွပ်ခနဲ ထိုးချလိုက်သည်။



ထိုးသာ ထိုးချလိုက်သော်လည်း ထိုအဖြူကွက်သို့ တည့်တည့်…မတ် စိုက်သွားလိမ့်မည်ဟု ချန်ပိန်း သိပ်မထင်လှပေ။

သို့သော် -

"ဠ တရှုး -"

"ဝုန်း ဝုန်း ဝုန်း -"

ဓားမြောင်သည် မြွေကြီး၏ သေကွင်းဆီသို့ တည့်တည့်မတ်မတ်ကြီး …စိုက်သည်။

လက်သီးဘုရင် သိုင်းကွက်၏ တိကျမှုကား အံ့ဩလောက်ဖွယ် …သည်။

"ဝုန်း -"

မြွေကြီးသည် သေအံ့မူးမူး ဖြစ်နေရာမှ ချန်ပိန်းအား အမြီးဖြင့် …ချ သည်။

ချန်ပိန်းက ကိုယ်ဖော့ပညာဖြင့် လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်ရာ …အမြီးရိုက်ချက်သည် လွှန့်လွှန့်အော်အား တည့်တည့်မတ်မတ်ကြီး ရိုက်…မိတော့သည်။

စင်စစ် ယခင်က မြွေကြီး၏ အမြီးရိုက်ချက် မှန်သမျှကို လွှန့်လွှန့်…အော် ရှောင်တိမ်းနိုင်ခဲ့သည်သာ။

သို့သော် ယခု လောလောဆယ်၌ သူ မည်သို့မျှ မတတ်နိုင်ခဲ့သည့် …ကြီး၏ သေမင်းစက်ကွင်း အဖြူကွက်ဆီသို့ ချန်ပိန်းက တည့်တည့်…မတ် ဓားဖြင့် ထိုးစိုက်နိုင်သည်ကို တွေ့ရသောအခါ သူသည် …အသာ လွှန်သွားပြီး သတိလက်လွတ် ဖြစ်သွားခဲ့သည်။

ထိုအချိန်၌ အမြီးရိုက်ချက် ဝင်လာသဖြင့် လွှန့်လွှန့်အော် မှာ …ရှောင်တိမ်းနိုင်တော့ဘဲ ဝုန်းခနဲ လွင့်စဉ်သွားရရှိတော့သည်။

သည်မျှတင်မကသေး၊ သေအံ့မူးမူး မြွေကြီးသည် လျော
တိုးသွားကာ လွှန့်လွှန့်အော်အား ပေါက်ချလိုက်တော့သည်။

"ဟာ -"

ချန်ပိန်းကား အလွန်လျင်မြန်၏။

မြွေကြီး၏ ပေါက်ချက်မရောက်မီ လှစ်ခနဲ ခုန်ဝင်သွားပြီး လွှန့်လွှ
အော်အား ပွေ့ချီသွား၏။

လွှန့်လွှန့်အော်ခမျာ တစ်ကိုယ်လုံးရှိ အရိုးများ ကျိုးကြေသွားခဲ့
လေပြီ။

မြွေကြီး၏ ပေါက်ချက်သာမိလိုက်လျှင် မျက်စိတစ်မှိတ်အတွင်
အသက်ထွက်သွားမည်မှာ သေချာလှတော့သည်။

လွှန့်လွှန့်အော်ကမူ မြွေကြီး သူ့ထံ လျောခနဲ ဝင်လာသည်နှ
သူသေပြီဟု တွက်ထားမိခဲ့သည်။

သို့သော် -

မြွေကြီးသည် လွှန့်လွှန့်အော်အား မပေါက်ရသဖြင့် အနီး
ကျောက်တုံးကြီးကိုသာ ဒေါမာန်ပြင်းစွာဖြင့် ရစ်ပတ်ခြေမွတော့သည်

ထိုပတ်ဝန်းကျင်၌ ဖုန်မှုန့်များ တထောင်းထောင်း ထနေတော့သည်

သို့ရာတွင် မကြာမီအချိန်အတွင်းမှာပင် မြွေကြီး ငြိမ်သက်သွား

အနှစ်တစ်ရာ အသက်ရှည်ခဲ့ပြီဆိုသော မြွေကြီးကား ချန်ပိန်း
လက်ချက်ဖြင့် အသက်ထွက်သွားခဲ့လေပြီ။

လွှန့်လွှန့်အော်မှာ သူ အသက်ရှင်လျက် ရှိနေသည်ကို တအံ့တ
ဖြစ်နေမိသည်။

ချန်ပိန်းကိုလည်း ထူးဆန်းသော အကြည့်ဖြင့် ကြောင်၍ကြည့်နေ

သူ့မျက်နှာတွင် အဆီများ ပြန်လာပြီး ချန်ပိန်းအား တုန်ယင်သော
လေသံဖြင့် မေးလိုက်သည်။



"ချန် - ချန်ပိန်း - မင်း - မင်း ဘာကြောင့် ငါ့ကို အသက်စွန့်ပြီး
ယ်တင်လိုက်ရတာလဲကွာ"

ချန်ပိန်းက တည်ငြိမ်စွာပြုံးလျက် -

"ဘာကြောင့်မှ မဟုတ်ပါဘူးဗျာ၊ တစ်ယောက်ကိုတစ်ယောက် ကူညီ
ာပဲ မဟုတ်လား"

"ငါ - ငါ မင်းကို လုပ်ကြံနေတယ်ဆိုတာ မင်း - မင်း သိရဲ့လား"

ချန်ပိန်းက နားမလည်နိုင်သော အမူအရာဖြင့် -

"ဗျာ - ကျွန်တော့်ကို လုပ်ကြံတယ် ဟုတ်လား"

"ဟုတ်တယ်၊ မြွေကြီးရဲ့ သေကွင်းကို ငါ ဓားနဲ့ထိုးစိုက်ဖို့ ကြိုးစား
ဆယ်နှစ်ရှိပြီ၊ တစ်ခါမှ မအောင်မြင်ခဲ့ဘူး။ ငါ့ပဲ သေမလို အကြိမ်ကြိမ်
ခဲ့တယ်၊ မင်း ဆိုရင်တော့ တစ်ချက်တည်းနဲ့ သေမယ်လို့ ငါထင်ခဲ့
ယ်၊ မြွေကြီးလည်းသေ မင်းလည်းသေအောင် ငါဉာဏ်ဆင်ခဲ့တယ်
ပါတော့"

ချန်ပိန်းမှာ စိတ်မကောင်းဖြစ်သွား၏။

သူက စေတနာထားပါလျက် လွှန့်လွှန့်အော်က သူ့အား ဤသို့
ကောင်းကြံစည်သည်မှာ လွန်စွာဆိုးရွားလှသည်ဟု တွေးနေမိလေသည်။

❖ ❖ ❖

"ပြောစမ်းပါဦး၊ ဆရာကြီးက ကျွန်တော့်ကို ဘာကြောင့် သေစေချင်
တာလဲ"

လွှန့်လွှန့်အောင် သက်ပြင်းရှိုက်လိုက်သည်။

"ဒီမြွေကြီးကို "ချီပဟုန်လုံ" လို့ခေါ်တယ်၊ ဟိုး ကမ္ဘာဦးကာလက
ည်းက ကျန်ရစ်ခဲ့တဲ့ နောက်ဆုံးမျိုးဆက် သတ္တဝါကြီးပဲ၊ တစ်ကမ္ဘာလုံး

မှာ ရှာကြည့်ရင်တောင်မှ အကောင် ငါးကောင်ပြည့်မယ် မထင်ဘူး သူ့အရေခွံက ဓားလုံလက်နက် မတိုးနိုင်အောင် မာကျောတယ်၊ နောက် ပြီး သူ့အသက်သွေးကြော နေရာအောက်မှာ လှေသန်းတစ်စုံ ရှိနေတယ် လှေသန်းဆိုတာ ဒီမြွေကြီးရဲ့ ထူးခြားတဲ့ အမြုတေပဲ"

လွှန့်လွှန့်အော်သည် ခေတ္တစဉ်းစားပြီး အခန်းလိုက်ပြီး ဆက်၍ပြောပြန်၏

"အဲဒီလှေသန်းမှာ ထူးခြားချက်ရှိတယ်၊ ဘယ်ဘက်ကအလုံးမှာ အဆိပ်တွေ အပြည့်ရှိပြီး ညာဘက်အလုံးက ထူးခြားတဲ့ အားအင်တွေကို ပေးစွမ်းနိုင်တယ်၊ သိုင်းသမားတွေသာ အဲဒီညာဘက်အလုံးကို သောက် လိုက်ရင် တုယှဉ်လို့မရတဲ့ အတွင်းအားတွေနဲ့ ထိပ်သီးအကျော်အမော် တစ်ယောက်ဖြစ်မှာ ကျိန်းသေပဲ"

"ဒါကြောင့် ဆရာကြီးက -"

လွှန့်လွှန့်အော်က လက်ဝါးကာပြလိုက်ပြီး -

"ဟုတ်တယ်၊ ဒါကြောင့် ငါ ဒီလောက်အထိ ပွဲကောင်းကောင်း စောင့်နေခဲ့တာပဲ၊ ဒါပေမယ့် ဒီနေ့ မင်းက ငါ့အသက်ကို ကယ်တင်ပေး တယ်၊ ငါက သေတွင်းကိုပို့ပေမယ့် မင်းက သေမသွားတဲ့အပြင် ငါ့ ယုတ်မာကောက်ကျစ်တဲ့ လူကိုတောင် လူသားချင်း ညှာတာ ထောက် ထားတဲ့ စိတ်နဲ့ ကယ်တင်ခဲ့တယ်၊ ဒါကြောင့် မင်းရဲ့စိတ်ဓာတ်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ငါ့အသက်သခင် ကျေးဇူးရှင် တစ်ယောက်ကို ကျေးဇူးဆပ်တဲ့ အနေနဲ့ မင်းကို အဲဒီ အဖိုးထိုက်တန်တဲ့ ညာဘက်ကအလုံးပေးမယ်"

ချန်ပိန်းက အလျင်အမြန်ပင် ငြင်းဆန်သည်။

"အို - နေပါစေဗျာ၊ ကျွန်တော် ခင်ဗျားကို ကယ်တင်လိုက်တာ အဲဒီပစ္စည်းလိုချင်လို့မှ မဟုတ်တာ၊ ဒီပစ္စည်း ဘယ်လောက်စွမ်းတယ်ဆိုတာ လည်း ကျွန်တော် အစကတည်းက သိမှမသိဘဲ"



"သိသိ မသိသိ ငါက မင်းကို ကျေကျေနပ်နပ်နဲ့ ပေးတာပဲ၊ မင်း လက်မခံဘူးလား"

"ဟင့်အင်း - လက်မခံနိုင်ဘူး။ ဒီပစ္စည်းအတွက် ဆရာကြီးမှ အချိန်ကုန် လူပန်းနဲ့ ဒုက္ခခံပြီ ကြိုးစားထားရတာ၊ ကျွန်တော် မယူနိုင်ပါဘူး။ ဆရာကြီးပဲ ယူလိုက်ပါ၊ ကျွန်တော် သွားတော့မယ်"

ပြောပြောဆိုဆိုပင် ချန်ပိန်း လှည့်ထွက်သွားရန် ပြင်မိလိုက်သည်။

လွှန့်လွှန့်အော်က ကမန်းကတန်း တားမြစ်လိုက်လေသည်။

"ချန်ပိန်း - ချန်ပိန်း နေဦး၊ မင်း မသွားနဲ့ဦး။ လှေသန်းတစ်စုံကို အရင်ရှာပြီးမှ မင်းနဲ့ငါ စကားဆက်ပြောကြမယ်၊ အဲဒီပစ္စည်းက နောက်ထပ် နာရီဝက်လောက်ကြာသွားရင် ဘာမှ အသုံးဝင်တော့မှာ မဟုတ်ဘူး၊ အာနိသင်တွေ ပြယ်သွားလိမ့်မယ်"

ချန်ပိန်း မသွားသာတော့ဘဲ ထိုပစ္စည်းကို ရှာဖွေပေးရတော့သည်။

❖ ❖ ❖

မြွေကြီး၏ သေကွင်းကို ဓားဖြင့်ခွဲလိုက်ရာ အထဲမှ ပြောင်လက်နေ သော အနက်ရောင်အလုံးကလေးနှစ်လုံးကို တွေ့လိုက်ရသည်။

"ဟော - ဒီမှာတွေ့ပြီဗျို့"

လွှန့်လွှန့်အော်သည် ချန်ပိန်း၏ လက်နှစ်ဖက်တွင် တစ်ဘက် တစ်လုံးစီ ကိုင်ထားသော မဟူရာအမြုတေ နှစ်လုံးကို တွေ့လျှင်တွေ့ချင်း အရေးတကြီး မေးလေ၏။

"ချန် - ချန်ပိန်း - မင်း - မင်း ဒီအလုံးကလေးနှစ်လုံးကိုရော ခွဲလိုက်သလား။ ဘယ်အလုံးက ညာဘက်အလုံးလဲ"

ချန်ပိန်း အံ့အားသင့်သွားသည်။ သူ့နဖူး သူရိုက်မိတော့သည်။

“ဟာ - ကျွန်တော် မေ့သွားတယ် ဆရာကြီး နှစ်လုံးစလုံး ရော သွားပြီ”

လွန့်လွန့်အော် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်သည်

“ပေး - ပေး အဲဒီနှစ်လုံးစလုံး ငါ့ကိုပေးစမ်း”

ချန်ပိန်းက သူ့လက်ထဲမှ မဟူရာအမြုတေ နှစ်လုံးကို အလျှင်အမြ ပင် ကမ်းပေးလိုက်သည်။

လွန့်လွန့်အော်သည် လဲလျောင်းနေရာမှ လှမ်းယူ၏။

“ချန်ပိန်း ဒီလောက်အဖိုးတန်တဲ့ ပစ္စည်းကို တွေ့နေရတာတောင် မင်းစိတ်ထဲမှာ ဘာကြောင့် လိုချင်တပ်မက်စိတ် ဖြစ်မလာရတာလဲကွ”

“ဟင့်အင်း - ကျွန်တော် မလိုချင်ဘူး။ ဒါမျိုးကို ကျွန်တော် ဘယ်တုန်းကမှ လိုချင်စိတ်မရှိခဲ့ဘူး”

“မင်း စိတ်ဓာတ်က တစ်မျိုးကြီးပါလား။ လူဆိုတာ အဖိုးထို အဖိုးတန်မှန်သမျှ လိုချင်ကြတာချည်းပဲ၊ အေးလေ - ဘာပဲဖြစ်ဖြ မင်း ကျေးဇူးကိုတော့ ငါဆပ်ရမှာပဲ”

လွန့်လွန့်အော်က ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

ရုတ်တရက် သူ့ဘယ်လက်ထဲမှ အမြုတေအလုံးကို လျှာ အလျှင်အမြန် လျှက်ချလိုက်သည်။

ချန်ပိန်း အကြီးအကျယ် တုန်လှုပ်သွားသည်။

“ဟင် - ဆရာကြီး - ဆရာကြီး။ ဘယ်လိုလုပ်လိုက်တာလဲ”

လွန့်လွန့်အော်က ခပ်တိုးတိုးပင် ပြောသည်။ သူ့၌ အင်အားလည်း သိပ်မရှိတော့ချေ။

“ငါပြောတာကို နားထောင်စမ်း ချန်ပိန်း။ တကယ်လို့ ခု တဒင် တွင်းမှာ ငါ အဆိပ်မိပြီး မသေသေးဘူးဆိုရင် မင်း ဟောဒီ ဘယ်ဘက်



အလုံးကို မျိုချလိုက်ပါ၊ အေး - အဆိပ်မိပြီး သေသွားပြီဆိုရင်တော့ ညာဘက်ကအလုံးကို မျိုချလိုက်ပေတော့၊ ကဲ - အခုတိုင်းဆိုရင် ခွဲခြားလို့ ရပြီမဟုတ်လား ချန်ပိန်း”

ချန်ပိန်း စိတ်ထိခိုက်သွားသည်။

“ဆရာကြီး - ဆရာကြီး ဘာကြောင့်များ ဒီလို မိုက်မိုက်မဲမဲ လုပ်လိုက်ရတာလဲဗျာ”

လွန့်လွန့်အော်က ဘာမျှပြန်မပြောဘဲ မျက်လုံးအစုံကို မှိတ်ထား လိုက်သည်။

ချက်ချင်းလိုလိုပင် သူ၏ ခြေလက်များ ညိုမည်းလာလေတော့၏။

ချန်ပိန်း လန့်သွားသည်။

“ဆရာကြီး - ဆရာကြီး လွန့်လွန့်အော်”

လွန့်လွန့်အော်၏ မျက်လုံးများ ပွင့်လာ၏။

သို့သော် - သူ့အကြည့်က ချန်ပိန်းကို မြင်ဟန်မရှိတော့ချေ။

“ငါစားတာ မှားသွားခဲ့ပြီချန်ပိန်း။ မကြာခင် ငါအဆိပ်တက်ပြီး သေရ တော့မယ်၊ ဒီအဖိုးတန်တဲ့ မဟူရာအမြုတေကို စားပြီးလို့ သိုင်း အဓိပတိ တစ်ယောက်ဖြစ်သွားခဲ့ရင် ငါ့အတွက် ကိစ္စတစ်ခု ဆောင်ရွက် ပေးဖို့ တောင်းဆိုချင်တယ်”

ချန်ပိန်းမှာ ဘာပြန်ပြောရမှန်း မသိဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေ၏။

လွန့်လွန့်အော်ကသာ ဆက်ပြောနေသည်။

သူ့ လေသံက လေးပြီး လျှာများ တွဲကျနေချေပြီ။

“မင်း ငါ့အတွက် လူတစ်ယောက်ကို သတ်ပေးပါ။ ဝေသိမ့်ကိုဆိုတဲ့

လူတစ်ယောက်ကို ငါ့အတွက် သတ် -"

လွှမ်းလွှမ်းအော်သည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ အသက်ပျောက်သွားတော့သည်။

ချန်ပိန်းမှာ တဒင်္ဂအတွင်း ပြောင်းလဲသွားခဲ့ရသော အဖြစ်အပျက် များကို ကြည့်ပြီး မယုံနိုင်လောက်အောင် ဖြစ်နေတော့၏။

မှော်လင့်ချက် အပြည့်အဝဖြင့် ငွဲကောင်းကောင်း စောင့်ဆိုင်းနေ ရသော လူတစ်ယောက်၏ အသက်ဝိညာဉ်ကို နှုတ်ခြွေသွားခဲ့သော မဟူရာ အမြုတေအားလည်း သူစိတ်နာကြည်းမိသည်။

လွှမ်းလွှမ်းအော်ကို တွင်းတူးမြှုပ်နှံလိုက်သည်။

သူနှင့်အတူ သူ့ အလွမ်းအမင်း မက်မောခဲ့သော လွေသန်း လက်ထဲ လက်ယာ မဟူရာအမြုတေ နှစ်လုံးကိုလည်း ထည့်သွင်းသင်္ဂြိုဟ် ပေးလိုက် လေသည်။

❖ ❖ ❖

အခန်း(၈၄)

# အကျဉ်းခံ သမားတော်

ညဥ့်လေပြည်က တသုန်သုန် တိုက်ခတ်လျက်ရှိ၏။ သစ်ရွက်ခတ်သံ ...ရှူးရှက် လေချွန်သံတို့က တောတစ်ခွင်ကို ချောက်ချားစေ၏။

ချန်ပိန်းသည် လွှမ်းလွှမ်းအော်၏ အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပြီး ...နေရာမှ လှည့်ထွက်လာခဲ့သည်။ သူ့ခြေလှမ်းများက လီပိုက်ချောင်ရှိရာ ...ဂူဆီသို့ စမ်းတဝါးဝါး လျှောက်လာခဲ့ရလေသည်။

"အား ကျွတ် ကျွတ်"

ညည်းညူသံတစ်သံ ထွက်ပေါ်လာသဖြင့် ချန်ပိန်းတစ်ကိုယ်လုံး ...ကြက်သီးဖြန်းဖြန်း ထသွားရသည်။

"ဘယ်လိုဖြစ်တာပါလိမ့်၊ ဒီချောက်ပါးကြီးထဲမှာ နောက်ထပ် ...တွေများ ရှိနေသေးလို့လား"

သူသည် ရှေ့ဆက်မတိုးဘဲ ငြိမ်နေလိုက်သည်။ လူရိပ်လူယောင် ...၍ ဘာမျှမတွေ့။

"အသံကတော့ ဒဏ်ရာရလို့ နာနာကျင်ကျင် ညည်းညူလိုက်တဲ့ ...သံပဲ"

အသံထပ်မံ ထွက်ပေါ်လာသဖြင့် သူသည် အသံကြားရာဆီသို့ ...ဆပြီး လျှောက်လာခဲ့သည်။

ကျောက်တုံးကြီး တစ်တုံးပေါ်သို့ ရပ်မိလိုက်လျှင် ထိုကျောက်တုံးကြီး... နောက်၌ လိုဏ်ဂူတစ်ခု ရှိနေသည်ကို တွေ့ရှိလိုက်တော့သည်။

အနီးအနားမှ ကျောက်စရစ်ခဲအသေးတစ်လုံးကို ကောက်ယူလိုက်... ဂူထဲသို့ လှမ်းပစ်လိုက်သည်။

“ဒေါက်”

ဂူကြမ်းပြင်ကို ကျောက်ခဲကျသံ ထွက်ပေါ်လာသော်လည်း မည်သူ... တုံ့ပြန်သံမျှ ထပ်မံ ထွက်ပေါ်မလာခဲ့ချေ။

“ဂူအထဲမှာ လူရှိသလား။ ကျွန်တော် ဝင်ခဲ့လို့ ရမလား”

သူ့အသံက လိုဏ်သံပါပြီး ပဲ့တင်ထပ်သွားသည်။

အတန်ကြာ စောင့်ဆိုင်းနေလိုက်သော အခါမှ အထဲမှ အသ... ပြင်းပြင်း ရှူသံတစ်သံကို ကြားလိုက်ရ၏။

ချန်ပိန်းမှာ မအောင့်အည်းနိုင်တော့ဘဲ ဂူတွင်းသို့ သတိကြီး... ထားလျက် တစ်လှမ်းချင်း ဝင်သွားတော့သည်။

မကြာမီ ရှဲခနဲ အသံကြားလိုက်ပြီး၊ မီးရောင်လင်းလက် သွား... ဝါးခွက် တစ်ခုထဲတွင် ထင်းရှူးဆီဖြင့် ထွန်းထားသော မီးခွက်... အလင်းရောင်ထွက်လာခြင်း ဖြစ်သည်။

ထိုအလင်းရောင်အောက်တွင် အဘိုးအိုတစ်ယောက် တင်ပျဉ်ခွေ... ထိုင်နေသည်ကို တွေ့ရ၏။

ထိုသူ၏ အဝတ်အစားများမှာ မီးလောင်ခံထားရကြောင်း ဖော်ပြနေ...

“မင်း ဘယ်သူလဲ”

အဘိုးအိုက အေးစက်စွာ မေးသည်။

စောစောက ညည်းညူသူမှာ ဤလူမှလွဲ၍ အခြားသူမဖြစ်နိုင်... ချန်ပိန်းတွေးသည်။



“ကျွန်တော် ချန်ပိန်းပါ၊ ဆရာကြီးက ဘယ်သူများပါလိမ့်”

ချန်ပိန်း၏ စကားမဆုံးမီမှာပင် ထိုလူက တကျွတ်ကျွတ်ဖြင့် ...သပ်သည်။ တင်ပျဉ်ခွေ ထိုင်နေရာမှ လဲကျမလို ဖြစ်လာသည်။

ချန်ပိန်းက တောင်းပန်ပြီး ပြေးဝင်လာ၏။

“ဆရာကြီး ကျွန်တော်ပြုစုပါရစေ ခင်ဗျာ”

ချန်ပိန်းသည် သိုင်းလောကသား စစ်စစ်မဟုတ်ချေ။ ဟုတ်... ...ကဲ့သို့ အကူအညီ ပေးရဲမည်လည်း မဟုတ်ချေ။

သူသည် ဒဏ်ရာရထားဟန်တူသည့် အဘိုးအိုကို ဖေးမပေး... အဘိုးအိုက မျက်လုံးဖွင့်ကြည့်၏။

“မင်းက ချန်မျိုးရိုးပေါ့၊ ဟုတ်လား”

“တကယ်ပြောရရင်တော့ ကျော်မျိုးရိုးပါ၊ ကျော်ပိန်းလို့ ခေါ်ရင် ...န်အတိုင်းပါပဲ”

“ငါကတော့ ထောင်မျိုးရိုးထဲကပဲ”

“ထားပါလေ၊ နာမည်က အရေးမကြီးပါဘူး။ ဆရာကြီးကို ကျွန်တော် ...ကူညီရမလဲ ပြောပါ”

“အခုလို ဒီကို ရောက်လာတဲ့အတွက် မင်းကို ငါကျေးဇူးတင်ပါတယ် ...”

“ခင်ဗျာ ဆရာကြီး ဘယ်လိုပြောလိုက်တာလဲ ခင်ဗျာ၊ ကျွန်တော် ...ယ်တိုင် သူတစ်ပါးရဲ့ လုပ်ကြံတာကို ခံရလို့ ဒီချောက်ထဲကို ကျလာရ ...ပါ။ ကံကောင်းထောက်မပြီး တစ်စုံတစ်ယောက်က ကယ်တင်လိုက်လို့ ...ရာကြီးနဲ့ အခုလို ဆုံရတာပါ”

“မင်းလည်း လုပ်ကြံခံရတယ် ဟုတ်လား”

ချန်ပိန်း ခေါင်းညိတ် အဖြေပေးလိုက်သည်။

ဒဏ်ရာရထားသည့် အဘိုးအိုက အတူတူပဲပေါ့ကွာ”

"ဘယ်လို ဘယ်လို ဆရာကြီးလည်း လုပ်ကြံခံရတာပဲလား"

"အဟင်း ဟင်း။ ငါ့အသက်ကတော့ ဘယ်နှစ်ခါ ပြန်လုပ်ကြံခံရ
သလဲဆိုတာ ငါကိုယ်တိုင်တောင် မသိတော့ပါဘူးကွာ"

အဘိုးအိုက ပြောပြီးသည်နှင့် ရတ်တရတ် တိရစ္ဆာန် အ
တစ်ခုကို ချန်ပိန်းထံသို့ လှမ်းပေးသည်။

"ငါ့ရဲ့ ဘဝဖြစ်စဉ်အားလုံးကို ဒီသားရေပြားပေါ်မှာ ရေးထားတ
ငါ့ဘဝကတော့ လုံးဝမျှော်လင့်ချက် မရှိတော့ပါဘူး၊ ဒီတော့ ငါ့
ဒီမှတ်တမ်းကို သိုင်းလောကထဲမှာ ကြေငြာအသိပေးလိုက်ပါ၊
အဖြစ်အပျက်အလုံးစုံကို သိသွားကြလိမ့်မယ်"

ချန်ပိန်းမှာ အံ့အားသင့်သွားမိပြန်သည်။

သားရေချပ်ကို လှမ်းကြည့်လိုက်သောအခါ ရေးထိုးထား
စာများအောက်တွင် "ထောင်ကျိုးသန်း"ဟူသောအမည် လက်မှတ်ရေး
ထားသည်ကို တွေ့လိုက်ရ၏။

ချန်ပိန်းစိတ်ထဲတွင် ထိုနာမည်ကို တရင်းတနှီး ရှိသည်ဟု ခံစား
သည်။

အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားသော်လည်း အဖြေမရသော
ကြောင့် ထိုနာမည်ကို တဖွဖွရေရွတ်နေမိသည်။

"ထောင်ကျိုးသန်း ထောင်ကျိုးသန်း"

အဘိုးအိုက ချန်ပိန်းကို စူးစိုက်ကြည့်လိုက်ပြီး

"ငါ့တူ ချန်ပိန်း၊ မင်းက ငါ့ကို သိလို့လား"

ချန်ပိန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် ဒီနာမည်ကို တရင်းတနှီး ကြားဖူးပါတယ်၊ ဘယ်မှ
ကြားဖူးသလဲဆိုတာကို စဉ်းစားနေမိတာပါ"



ထောင်ကျိုးသန်း အံ့အားတသင့် ဖြစ်သွားပြီး

"ဘယ်သူကများ ငါ့နာမည်ကိုပြောဖူးလို့လဲကွာ၊ မင်းစဉ်းစားစမ်းပါဦး"

ချန်ပိန်း အတန်ကြာစဉ်းစားနေပြီးမှ လက်ကနဲ သတိရသွားသည်။

"ဘဘကြီးချန် ဟုတ်တယ်၊ ဘကြီးပြောဖူးတယ်"

ထောင်ကျိုးသန်း နဖူးပြင်တွင် အရေးအကြောင်းများ ထင်သွား၏။

"ဘဘကြီးချန် ဘဘကြီးချန် ဟုတ်လား"

"ဟုတ်ကဲ့"

"ချန်ပိုင်ဖုန်း ချန်ပိုင်ဖုန်းကို ပြောတာလား"

ထောင်ကျိုးသန်း၏ လေသံက ကျယ်လောင်သွားတော့သည်။
...င် ပဲ့တင်ထပ် ရိုက်ဟည်းသွား၏။

"ဟုတ်ပါတယ်၊ သူပါပဲ ခင်ဗျာ"

"သူ သူ အခု ဘယ်မှာလဲ"

"အဲဒါတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် လောယင်းတပ်စေတီ
...ကတော့ ထွက်ခွာလာခဲ့ပါပြီ"

"ဟင် သူ လောယင်းတပ်စေတီထဲက ထွက်လာခဲ့ပြီ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒီကထွက်ပြီးတဲ့နောက် ကျွန်တော်နဲ့
...ကြိမ်ပဲ ဆုံတွေ့လိုက်ရပါတယ်၊ သူ ကျွန်တော့်ကို ခွဲပြီး ထွက်သွား
...ယ်"

ထောင်ကျိုးသန်း မျက်နှာအမူအရာ မှိုင်းမှုန်သွားပြီး၊ လေးလေး
...င် လေသံဖြင့် ပြောလိုက်ပြန်သည်။

"မင်းရဲ့ ဘဘကြီးချန်ဟာ အပြစ်ဒဏ်တစ်ခုကို ခံစားနေရတယ်
...ကိုမင်းသိရဲ့လား ချန်ပိန်း"

ချန်ပိန်းထိုကိစ္စကို ကြားဖူးသော်လည်း ဂယနတာမသိရသဖြင့်
...ခါယမ်းပြ လိုက်သည်။

ထောင်ကျိုးသန်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး

"အင်း ဒီကိစ္စက လျှို့ဝှက်ချက်တစ်ခုပါပဲ၊ အဲဒီလျှို့ဝှက်ချက်အား ကို ငါသိထားတယ်ကွယ့်"

"သိရင် ပြောပြပါဆရာကြီးရယ်၊ ကျွန်တော် ကြားပါရစေ"

ထောင်ကျိုးသန်းသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ ခပ်တိုး ပြော၏။

"ဒီကိစ္စအတွက်နှင့် ငါဟာ နယ်ခြားမှာ ဆယ်နှစ်ကျော် လွင့် ခဲ့ရတယ်၊ ဒီကိစ္စကို သိုင်းလောကထဲ ဖော်ထုတ်ပေးဖို့ အချိန်တို စဉ်းစားနေမိခဲ့တယ်၊ အခြေအနေက ဘယ်လိုမှ ပေးမလာခဲ့ဘူး။ အ မင်းရောက်လာတာနဲ့ အတော်ပဲ၊ ချန်ပိုင်ဖုန်းဟာ စိတ်ထက်တဲ့ လူတ ယောက်ဖြစ်လို့ အမြဲတမ်း နာမည်အဖျက်ခံခဲ့ရတယ်၊ သိုင်းလော သားတွေက သူ့ကို ရိုသေလေးစားကြပေမယ့် မပေါင်းသင်းရဲကြ ငါနဲ့တောင် ပြဿနာဖြစ်ဖူးတယ်ဆိုရင် ရှင်းပြီပေါ့ကွာ၊ ငါကဆေးပည နည်းနည်းပါးပါး နားလည်တော့ သိုင်းလောကသားတွေက ငါ့ကို ဆေးဆ ထောင်ကျိုးသန်းလို့ ခေါ်ကြတယ်"

ချန်ပိန်းမှာ သည်တော့မှပင် ထောင်ကျိုးသန်းအကြောင်းကို ပြ လည်သတိရလာတော့သည်။

သူ့ရှေ့မှ ဒဏ်ရာအနာတရ ဖြစ်နေသူမှာ သိုင်းလောကတွင် ခေ စွမ်းထက်သော သမားတော်ကြီး ထောင်ကျိုးသန်း ဖြစ်နေတော့သ တကား။

ထောင်ကျိုးသန်းက သူနှင့် ချန်ပိုင်ဖုန်းတို့ သူ့မိတ်ဆွေ တစ်ယော နှင့် ပတ်သက်ပြီး စကားများကြပုံ -

သို့သော် -

နောက်ပိုင်း၌ အဖြေမှန်ကို သိပြီး သူနှင့်ရင်းနှီးမိတ်ဆွေ ဖြစ်သွားကြ တို့ကို ပြောပြသည်။



"အဲဒီနောက် ငါတို့နှစ်ယောက်က နှစ်အတော်ကြာကြာ ကွဲကွာ ခဲ့ကြတယ်၊ တစ်နေ့တော့ သိုင်းလောကထဲမှာ သတင်းတစ်ခု ကြား ရတယ်၊ အဲဒါကတော့ ချန်ပိုင်ဖုန်းက ကျန်လူကိုဏ်းချုပ်ကြီး ယန်လု တန်းရသေ့ကြီး ထန်ရှန်းတို့နှင့် ပူးပေါင်းပြီး တိုင်းပြည်ကို ကယ်တင်ဖို့ ခြားကို ထွက်ခွာသွားခဲ့ပြီ ဆိုတဲ့သတင်းပဲ၊ အဲဒီသတင်းလည်း ရော ငါလည်း ကျန်းစုပြည်နယ်က ကျန်လူကိုဏ်းဌာနချုပ်ရှိရာကို န်းကတန်း လိုက်လာပြီး ချန်ပိုင်ဖုန်းကို လိုက်ရှာခဲ့တယ်၊ ဟိုရောက် သူ့ကိုမတွေ့ဘဲ ကျန်လူကိုဏ်းတစ်ခုလုံး အဖြိုဖျက် ခံရတာကို ရတော့တယ်"

ထိုအဖြစ်အပျက်များက ချန်ပိန်း ကြားဖူးပြီးသားများ ဖြစ်၏။

ထောင်ကျိုးသန်းက သူ့စကားကို ဆက်ပြောပြန်သည်။

"ငါ ရောက်တဲ့အချိန်မှာ သူတို့တွေ အားလုံးကို ထွက်သွားကြပြီ လည်း ချန်ပိုင်ဖုန်းရောက်လာရင် ခေါ်လာခဲ့ဖို့ စာနှင့်မှာကြားခဲ့တယ်၊ ည်း သူတို့နှင့် အတူတူလိုက်သွားလို့ မသင့်တာနဲ့ နောက်ကပဲ ပြည်း လိုက်သွားခဲ့တယ်၊ သုံးပတ်လောက်ကြာတော့ မြောက်ပိုင်းဒေသ အတော်ကလေး နီးလာတယ်"

ထောင်ကျိုးသန်းသည် ခေတ္တနားပြီးမှ ပြော၏။

"အဲဒီအချိန်မှာပဲ ချန်ပိုင်ဖုန်းလည်း ရောက်လာခဲ့တယ်၊ သူက တိုက်ပွဲထဲမဝင်ပါနဲ့လို့ တားတယ်၊ သူ စစ်ပွဲထဲဝင်ပါနေပြီဆိုတဲ့ ကြောင်း ကျော်ပိုင်ချူးကို ပြန်ပြောပေးဖို့ တောင်ပိုင်းကိုပြန်သွားပေးပါလို့ ရပ်ခံတယ်၊ ဒါနဲ့ ငါလည်း တောင်ပိုင်းကို ပြန်လာခဲ့ရတယ်"

"ကျော်ပိုင်ချူးနဲ့ တွေ့သလား ဆရာကြီး"

"ဘယ်တွေ့ရမလဲ၊ စစ်ပွဲက အန္တရာယ်ဖြစ်နေတဲ့ဥစ္စာ၊ အဲ့ဒီအချိန်မှာပဲ

ငါတို့ သိုင်းသမားတွေ အပါအဝင် ကျောင်းကြီးရဲ့ တပ်ကြီး ရှုံးနိမ့်တယ်... ကြားရတော့တာပဲ"

"ဆရာကြီး ဆက်ပြောပါဦးခင်ဗျာ"

"တစ်နေ့တော့ ခရီးဆက်နေရင်း မိုးတွေ အရမ်းရွာချလာတ... လျှပ်စီးတွေ ပြက်ပြီး မိုးကြိုးတွေလည်း ထစ်ချုန်းနေတယ်၊ ညဥ့်က... နက်လာပြီ၊ ဒါနဲ့ ငါဂူတစ်ခုမှာ ခဏနားမိတယ်၊ အဲဒီအချိန်မှာပဲ ငါ့ရှေ့... လူငါးယောက် ရောက်လာကြတယ်၊ အဲဒီအထဲက တစ်ယောက်ကတော... ချန်ပိုင်ဖုန်းပဲ"

"ဟင် သူတို့ ဘာလုပ်နေကြတာလဲဟင်"

ထောင်ကျိုးသန်းက လက်ဝါးကာပြလိုက်သည်။

သူ့စကားကို ဖြတ်မပြောနှင့်ဟူသည့် သဘော။

"ငါ့ စိတ်ထဲ အကြီးအကျယ် ဝမ်းသာသွားတယ်၊ သူ့ကို ငါလှ... ဖိတ်ခေါ်လိုက်တော့ သူငါ့ဆီကို လျှောက်လာတယ်၊ သူ့မျက်နှာပြင်ပေါ်... ဝမ်းနည်းကြေကွဲတဲ့ အရိပ်အယောင်တွေ လွှမ်းမိုးနေတယ်၊ ငါ ကျော့ပိုင်... ချူးနဲ့ မတွေ့ရသေးဘူး ဆိုတာသိတော့ သူ့ရဲ့ ယီချန်းဓားမြတ်ကို ကျော့ပိုင်... ချူးဆီသို့ ပို့နိုင်းတာပဲ၊ အဲဒီဓားအိမ်ထဲမှာတော့ လျှို့ဝှက်စာတစ်စော... ပါတယ်လို့လဲ ပြောတယ်၊ ဒါနဲ့ ငါလည်း မိုးထဲလေထဲ ညကြီးမင်းကြီး... ခရီး ဆက်လာခဲ့တယ်၊ လမ်းခုလတ်ရောက်တော့"

ချန်ပိန်းက အရေးတကြီး မေးသည်။

"လမ်းခုလတ်ရောက်တော့ လူတစ်ယောက်က ငါ့ကိုတားတယ်၊ သူက... အနက်ရောင်ဝတ်စုံကို ဝတ်ထားတယ်၊ မျက်နှာကိုလည်း ပဝါအနက်စည်း... ထားတယ်"

ချန်ပိန်းစိတ်လှုပ်ရှားသွားသည်။



ဘဘကြီးချန်၏ ဘဝတစ်ခုလုံးကို သံသယအရိပ်မည်းကြီး ထင်ဟပ်... အောင် အမျိုးမျိုး ခြယ်လှယ်ဖန်တီးခဲ့သည့် ဝတ်ရုံနက်ပုဂ္ဂိုလ်... ကြောင်းကြားရတော့မည် ဖြစ်သဖြင့် စိတ်ပါဝင်စားသွားသည်။

"သူကငါ့ကို ထောင်ကျိုးသန်းလားလို့ မေးတယ်၊ နောက်ပြီး ချန်ပိုင်... ပေးလိုက်တဲ့ပစ္စည်းကို တောင်းတယ်၊ ငါကဘယ်ပေးနိုင်မလဲ၊ ချန်ပိုင်... ပေးထားတဲ့ ယီချန်းဓားကို သူ့ကိုမပေးဘဲနဲ့ ငါ့ရဲ့ ရိုးရိုးဓားကိုပဲ သူ့ကို... နဲ့ပစ်ပေးလိုက်တယ်၊ ဓားအိမ်နဲ့ဆိုတော့ ရုတ်တရက် ယီချန်းဓားလား... ဓားလား သူဘယ်သိပါ့မလဲ"

"သူက ချက်ချင်း မရိပ်မိဘူးလား"

"ညဘက်ဆိုတော့ ရုတ်တရက် ဘယ်သိမလဲ"

"နောက်တော့ ဘာဖြစ်သွားသလဲ"

"သူဓားဖမ်းယူနေတဲ့အချိန်မှာ ငါထွက်ပြေးတာပေါ့၊ ယီချန်းဓားကို ...ကျော့ပိုင်ချူးကို ပေးဖို့ရှိသေးတယ် မဟုတ်လား။ ဒါပေမယ့် အမျိုးအမည် ...ရတဲ့ အဲဒီရန်သူဟာ သိပ်လျင်မြန်တယ်၊ တကယ့်သိုင်းထိပ်သီး ...ယောက်ပဲ၊ ချက်ချင်းငါ့ကို မီလာပြီးတားတယ်၊ ဘာဖြစ်လို့ သူ့ကို ...ရတာလဲလို့ ငါ့ကို ဟိန်းဟောက်တယ်"

"ဆရာကြီးက ပြန်မတိုက်ခဲ့ဘူးလား"

"နောက်တော့ တိုက်ရတဲ့စခန်းရောက်တာပဲ၊ ငါ့လက်ထဲက လျှို့ဝှက် ...ပါတဲ့ ယီချန်းဓားကော ဓားအိမ်ကော သူ့ကြောင့် ချောက်ထဲ ကျသွားခဲ့ ...တယ်၊ အဲဒီထဲမှာ ချန်ပိုင်ဖုန်းက ကျော့ပိုင်ချူးကိုပေးတဲ့ သတင်း စကားလဲ ...သွားပြီပေါ့၊ နောက်ဆုံးမှာ အဲဒီအမျိုးအမည်မသိတဲ့ ရန်သူဟာ ...အကြော ထိုးပိတ်ပြီး တစ်ကိုယ်လုံးရှာဖွေတော့တာပဲ၊ ဒါပေမယ့်ငါ့ဆီမှာ ...မတွေ့ဘူး။ ပထမတော့ ငါ့ကိုသတ်မလို့ လုပ်သေးတယ် သမားတော် ...ထောင်ကျိုးသန်းဆိုတာလဲ သိရော ငါ့ကို မသတ်ဘဲနဲ့ ဖမ်းသွားတယ်၊ ...တစ်ခုအောက်က မြေအောက်ခန်းထဲမှာ ချုပ်ထားတယ်၊ အဲဒီ

အချုပ်ခန်းထဲမှာ ငါနှစ်ပေါင်းများစွာ အကျဉ်းခံခဲ့ရတာပဲ"

"သူက ဆရာကြီးကို ဘာဖြစ်လို့ ဖမ်းထားရတာလဲဟင်"

"ဘာဖြစ်လို့ ဖမ်းရသလဲဆိုတော့ သူငါ့ကို အဆိပ်အမျိုးမျိုး ဖော်[illegible] နိုင်းချင်လို့ပဲကွယ့်"

"ဆရာကြီးကကော အဆိပ်ဆေးဖော်စပ်ပေးတာပဲလား။ အဲဒီလူ[illegible] ကော ဘယ်သူလဲ"

"ဘယ်သူရမလဲ ဝေသိမ့်ကိုဆိုတဲ့ ကဝေသိုင်းသမားကြီးပေါ့ တက[illegible] မိစ္ဆာသိုင်းသမားကြီးပေါ့၊ သူငါ့ဆီက အဆိပ်သုံးပုလင်း ရသွားတ[illegible] တစ်နေ့တော့ မြေအောက်ခန်းရဲ့ အပေါ်ထပ်မှာ တိုက်သံခိုက်သံ[illegible] ကြားရတယ်၊ ဇရပ်လဲ မီးလောင်တယ်၊ ငါလဲ မြေအောက်ခန်းက လွ[illegible] ထွက်လာတယ်၊ ကယ်တင်ရှင်ကတော့ ငယ်ငယ်ရွယ်ရွယ် သိုင်းသ[illegible] ကလေးပဲကွယ့်၊ သူက ငါ့ကို လာကယ်တာတော့ မဟုတ်ပါဘူး။ ဝေသိမ့်[illegible] နှင့် တိုက်ခိုက်ရင်း ဝေသိမ့်ကိုက ဇရပ်ပျက်ကို မီးရှို့လိုက်တာပါ။ အဲဒီမှာ[illegible] ငါလွတ်မြောက်လာခဲ့တာပေါ့"

ထောင်ကျိုးသန်းပြောသည့် ငယ်ငယ်ရွယ်ရွယ် သိုင်းသမားဆိုသည်[illegible] ပိုင်ထက်ကျွင်း ဖြစ်ပေသည်။

မြေအောက်ခန်းမှ အကျဉ်းသားတစ်ယောက် သူ့ကြောင့် လွ[illegible] မြောက်သွားခဲ့သည်ကို ပိုင်ထက်ကျွင်း မသိခဲ့ပေ။

"ဪ ဒါကြောင့် ဘဘကြီးရဲ့ အဝတ်အစားတွေ မီးလောင်ခံထ[illegible] ရတာကိုး"

ချန်ပိန်းက ထိုအခါကျမှ သဘောပေါက်သည်။

"အေးပေါ့၊ ဒီနေရာမှာ ဘာအဝတ်အစားရနိုင်မှာလဲ၊ ဒီနေရာ[illegible] ငါလွယ်လွယ်ရောက်လာတာလို့ ထင်သလား၊ ဝေသိမ့်ကိုလက်[illegible] လွတ်အောင်ပြေးရင်း လိမ့်ကျလာတာ၊ ကံကောင်းပြီး အသက်တေ[illegible]



[illegible]ခဲ့ပါဘူး။ ဒါပေမယ့် မင်းမြင်တဲ့အတိုင်းပဲလေ၊ ဒဏ်ရာတွေဟာ [illegible] အရှုပ်ဖြစ်နေခဲ့တာပဲ၊ သေမယ့်အချိန်ကို ငရဲခံပြီး စောင့်နေသလိုဖြစ် [illegible]တယ်"

"ဆရာကြီး မသေနိုင်ပါဘူးဗျာ"

ထောင်ကျိုးသန်းက ကြေကွဲစွာရယ်သည်။

"မထင်နဲ့ မထင်နဲ့၊ ငါ့ ငါ့အကြောင်း ငါအသိဆုံးပဲ၊ မင်းကိုပေးတဲ့ [illegible]ရေချုပ်ထဲမှာ ငါ့အဖြစ်အပျက် အားလုံးရေးထားတယ်၊ အဲဒီ [illegible]ကြောင်းတွေ သိုင်းလောကတစ်ခုလုံး သိပါရစေ၊ မင်း ငါ့ဆီ ရောက်လာ [illegible] အချိန်ကောင်းပါပဲ လူကလေးရယ်၊ ငါ ငါ"

သမားတော်ကြီး ထောင်ကျိုးသန်းသည် ရေတံခွန်မှ ရေကျသလို [illegible]ဘမ်းသွန်ပြောခဲ့သဖြင့် သွေးများထိုးအန်တော့သည်။

ချန်ပိန်းမှာ ယခုမှပင် သူတစ်ကိုယ်လုံး မည်းနက်တူးချစ်နေရသည့် [illegible]ကြောင်းကို နားလည်တော့သည်။ ထောင်ကျိုးသန်းက ဆက်ပြော၏။

"ငါ့တစ်ကိုယ်လုံး မီးထတောက်ပြီး သတိလစ်ခါနီးအချိန်မှာ [illegible]ပေါက်ကို အတင်းတိုးထွက်လိုက်တယ်"

စကားအများကြီးပြောသလို စိတ်အကြီးအကျယ်လှုပ်ရှားသဖြင့် [illegible]ကြောင်းဒဏ်ကြွကာ သွေးအန်ခြင်းဖြစ်ပေသည်။

"ဒီနေ့ဟာ ငါ့သေနေ့စေ့ပြီဆိုတာ ငါသိပါတယ်ကွာ၊ မင်းရောက် [illegible]လို့ ငါသေပျော်ပါပြီ၊ ဟို ဟို ဝေသိမ့်ကိုယူသွားတဲ့ အဆိပ်သုံးပုလင်းက [illegible]ပြင်းထန်တယ်၊ အဲဒီအဆိပ်ဖြေဆေးကို ဖော်စပ်ပုံ ဖော်စပ်နည်းကို [illegible]ရေခွံပေါ်မှာ ရေးထားတယ်၊ မင်း မင်း ဒီချောက်ထဲက ကြိုးစား [illegible]ထွက်သွားပြီးရင် အဆင့်မြင့်သိုင်းသမား တစ်ယောက်ရဲ့ လက်ထဲကို [illegible]ညွှန်းအပ်ပြီး ဒီကိစ္စတွေကို ဖွင့်ပြောလိုက်ပါ။ ငါ ငါကတော့"

သူ့အသံက တဖြည်းဖြည်းတိုးညင်း တိမ်ဝင်သွားသည်။ ရုတ်တ... စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီးလျှင် တစ်ကိုယ်လုံး တွန့်လိမ်သွား...

ချန်ပိန်းက ထောင်ကျိုးသန်းကို ပွေ့ချီလိုက်၏။

"ဆရာကြီး ဆရာကြီး သတိထားပါ"

ထောင်ကျိုးသန်းကား ချန်ပိန်းကို မြင်ဟန် မရှိတော့ပေ။ သေချိန်စေ့ ရောက်နေလေပြီ။

"ဝေ-သိမ့်-ကို"

စူးစူးဝါးဝါး အော်လိုက်သံကြောင့်ချန်ပိန်းပင် လန့်သွားသည်...

ထောင်ကျိုသန်းက အခဲမကြေဘဲ အော်လိုက်ခြင်းသာတည်...

အသံဆုံးသည်နှင့် သူလည်း အသက်ထွက်သွားလေတော့သ...

ချန်ပိန်းသည် မမျှော်လင့်သည့် ဤနေရာ ဤအေသ၌ လွန်လွန်... နှင့် ထောင်ကျိုးသန်းဆိုသည့် ပုဂ္ဂိုလ်ကြီး နှစ်ဦးကို မမျှော်လင့်ဘဲ တွေ့... သည်။

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံး သူနှင့်တွေ့ ခိုက်မှာပင် သေဆုံးသွား... ရသည်။

"အင်း ငါ့အဖြစ်ကတော့ ထူးလည်းတူ၊ ဆန်းလည်းဆန်းပါ... ငါလဲဒီ အထဲမှာပဲ သေမလား မသိပါဘူး"

ချန်ပိန်းသည် တစ်ကိုယ်တည်း ရေရွတ်ပြီး သိုင်းလောက အ... အတွေးနှင့် လွန်စွာဆက်စပ် ပတ်သက်နေသည့် သူ့နောက်ကျေ... ယီချန်းဓားမြတ်ကို လက်ဖြင့် စမ်းသပ်မိလေသတည်း။

❖ ❖ ❖

အခန်း (၁၅)

## လျှို့ဝှက်မှုထွေပြားသော အသူရာချောက်

ချန်ပိန်းသည် ထောင်ကျိုသန်းကို မြှုပ်နှံသင်္ဂြိုဟ်ပြီးနောက် ထိုဂူထဲမှ ...ကလာခဲ့သည်။ သူ့၌ ယီချန်းဓားမြတ်၊ ဗိုလ်ချုပ်ကြီးရဲ့ဝေး၏ ...လက်သီးဘုရင်သိုင်းကျမ်းနှင့် ထောင်ကျိုသန်း၏ အတ္ထုပ္ပတ္တိသားရေချပ်တို့ ...နေလေပြီ။

"အင်း ဒီပတ်ဝန်းကျင်ကလေးဟာ လူသူ စုစုဝေးဝေးရှိနေတဲ့ နေရာ ...တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကြောက်စရာ၊ ထိတ်လန့်စရာလူတွေ၊ ...ဆွာန်တွေ လျှို့ဝှက်ချက်တွေရှိနေတာတော့ အမှန်ပဲ၊ ငါဟာ သိုင်း ...လောကထဲမှာ ကျင်လည်ခဲ့ဖူးတယ်၊ ကိုယ်ဖော့ပညာကလွဲလို့ ဘာမှ ...တတ်ခဲ့ဘူး။ အခု ဒီပြင်ပလောကကမ္ဘာထဲရောက်မှ ဗိုလ်ချုပ်ကြီးရဲ့ဝေးရဲ့ ...က်ဝါးသိုင်းကို တတ်ခဲ့ပြီ၊ ဒီထဲမှာ အလကားထိုင်နေရင်း အသေခံမယ့် ...တူတူ လက်သီးဘုရင်သိုင်းဆယ်ကွယ်ကို ငါလေ့ကျင့်မယ်"

သူသည် တစ်ကိုယ်တည်း ပြောနေမိ၏။ စင်စစ် ချန်ပိန်းမှာ မူ
လည်နေပြီဖြစ်သည်။

သူ့ကျေးဇူးရှင် လီပိုက်ချောင်၏ လိုဏ်ဂူသို့ မပြန်တတ်တော့
ပြန်လမ်းကို မမှတ်မိတော့ပေ။

အသူရာချောက်ကြီး၏ ကျောက်သားပြင် ပတ်လည်၌ လိုဏ်ဂူ
များအုံလို ဖြစ်နေပေရာ သာမန်မှတ်သားရုံဖြင့် ကိုယ့်ဂူသို့ ပြန်မရော
နိုင်ပေ။

ချန်ပိန်းသည် ရောက်သည့်နေရာ၌ပင် ခေတ္တနားလိုက်သ
မိုးသောက်အရုဏ်လင်းသည့်အခါမှ အနီးပတ်ဝန်းကျင်ကို ရှာဖွေစူး
တော့မည်ဟု ဆုံးဖြတ်သည်။

ပင်ပန်းနွမ်းနယ်နေသော ချန်ပိန်းသည် ကျောက်တုံးကြီးတစ်
၏ အကွယ်၌ နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့သည်။

သူနိုးလာသောအခါ အလင်းရောင် ကောင်းစွာရရှိနေလေပြီ။

"ကဲ ငါ ဒီလိုလျှောက်သွားနေလို့တော့ မဖြစ်ဘူး၊ နေ
ကောင်းကောင်းတစ်ခုရှာပြီး၊ အဲဒီမှာ စခန်းချရမယ်"

ကျောက်လိုဏ်ခေါင်းများ အလွန်တရာ ပေါများသော အရပ်ဖြ
ချန်ပိန်းအနေဖြင့် ရှည်ရှည်ဝေးဝေး ရှာဖွေမနေရပါ။ လွယ်လင့် တကူ
တွေ့ရှိရသည်။

"သိုင်းပညာမလေ့ကျင့်ခင် စားရေရိက္ခာရှာထားဖို့က ပထမ အ
ကြီးတယ်၊ ဗိုလ်ချုပ်ရဲ့ဝေးရဲ့ လက်ဝါးသိုင်းလေ့ကျင့်တုန်းက ဒီ
ကြိုတင်ပြင်ဆင်ထားတဲ့အတွက် သိုင်းပညာလေ့ကျင့်ဖို့ အချိန်အများ
ရခဲ့တယ်"



ချန်ပိန်းသည် သူ့စိတ်ကြိုက်ရှာဖွေထားသည့် ကျောက်လိုဏ်ဂူ၏
ကျောက်တစ်နေရာ၌ သူ၏ သိုင်းကျမ်းနှင့် ထောင်ကျိုသန်း၏ အတ္ထုပ္ပတ္တိ
အားရေချုပ်တို့ကို ဝှက်ထားလိုက်လေသည်။

ပြီးမှ စားရေရိက္ခာရှာဖွေသည်။ ဆရာကြီး လီပိုက်ချောင်ကို သတိရ
သော်လည်း ထိုဂူကို ရှာဖွေရန် ခက်သည်က တစ်ကြောင်း၊ သူတစ်ကိုယ်
တည်း အေးအေးနေပါစေဟူသော စေတနာရှိနေသည်တို့က တစ်ကြောင်း
ကြောင့် ယခု ရှာဖွေစုဆောင်းသည့် ကျောက်ဂူ၌ပင် လက်သီး ဘုရင်
သိုင်းကျမ်းကို လေ့ကျင့်ရန် ဆုံးဖြတ်လိုက်တော့သည်။

သူသည် လက်သီးဘုရင် သိုင်းကျမ်းကို ကြေကြေညက်ညက် ဖတ်ရှု
အားပြီးဖြစ်၍ လက်သီးသိုင်းကွက် ဆယ်ကွက်မှ ပထမတစ်ကွက်ကို
စတင်လေ့ကျင့်လေတော့၏။

ပထမတစ်ကွက်မှာ လက်ချောင်းများမှ သံမဏိလက်သို့ဟူသော
လေ့ကျင့်ကွက်ဖြစ်၏။

အဓိကအချက်မှာ လက်ချောင်းကလေးများနှင့် လက်ခုံသန်မာမှ
လက်သီးအင်အားကောင်းမည်ဆိုသော အချက်ပင်ဖြစ်သည်။

ပထမ၌လက်ချောင်းကလေးများကို သဲထဲထိုးနှစ်စိုက်ရ၏။ နောက်
မြေကြီးထဲ။

ထို့နောက် သစ်ပင်၌ ထိုးနှစ်စိုက်ရပြီး နောက်ဆုံးကျောက်တုံး
ကျောက်ခဲပေါ်သို့ ထိုးနှစ်စိုက်ရသည့် လေ့ကျင့်ခန်းဖြစ်သည်။

ချန်ပိန်းသည် လက်သီးဘုရင် သိုင်းကျမ်း၌ မည်မျှ စိတ်ဝင်စား
သွားသည်မသိ။

အစားအသောက်စားရန်ပင် သတိမရတော့ဘဲ လေ့ကျင့်နေမိ
တော့သည်။

ရက်သတ္တသုံးပတ်အတွင်း လက်သီးဘုရင် သိုင်းကျမ်းမှ သိုင်းကွ
ခုနစ်ကွက်ကို သင်ယူတတ်မြောက်နိုင်ခြင်းမှာ ချန်ပိန်း၏ ဇွဲသတ္တိ၊ ဇ
ပါရမီနှင့် ဉာဏ်ပညာမည်မျှထက်မြက်သည်ကို ဖော်ပြရာ ရောက်ေ
သည်။

ထိုအချိန်မှစ၍ ချန်ပိန်းသည် သိုင်းလောကတွင် နလပိန်းတ
တစ်ယောက်မဟုတ်တော့ဟု သတ်မှတ်နိုင်ပေသည်။

သို့သော် သူရောက်ရှိနေသည်ကတော့ သိုင်းလောက မဟုတ်ပေ

ထိုသို့ လက်သီးဘုရင် သိုင်းကွက်ဆယ်ကွက်အနက် ခုနစ်ကွ
ကို ရရှိပြီးသောအခါတွင်မှ ချန်ပိန်းသည် သူ့အသက်သခင် ကျေးဇူးရှ
ဆရာကြီး လီပိုက်ချောင်အား ပြန်လည်ရှာဖွေရန် ဆုံးဖြတ်ချက်ချလေ၏။

ဤအချက်ကလည်း ချန်ပိန်းအား လေးစားချစ်ခင်ဖွယ်ရာ အချ
ပင်ဖြစ်သည်။

သိုင်းလောကရှိ သိုင်းသမားများသည် အများအားဖြင့် ပညာ
လောဘတကယ်ကြီးမားကြ၏။

သိုင်းကျမ်းတစ်ကျမ်းရရှိရေးအတွက် အသက်စွန့်ရန် ဝန်မလေ
သကဲ့သို့ သိုင်းပညာသင်ယူရာ၌လည်း အသက်စွန့်ရန် ဝန်မလေးကြချေ။

သိုင်းပညာလေ့ကျင့်ရင်း သေသူ၊ အတွင်းအား ပညာလေ့ကျင့်
ရင်းလေဖြတ်သူ၊ မြောက်မြားစွာ ရှိနေခြင်းက သိုင်းလောကသားများ
ပညာလောဘ ရှိပုံကို သိသာစေသည်။

ချန်ပိန်းကား ထိုသို့မဟုတ်ပေ။ လက်သီးဘုရင် သိုင်းကျမ်းကို
သူ့စိတ်မဝင်စား မဟုတ်။ စိတ်ဝင်စား၏။

သို့သော် အရူးအမူးတော့ မဟုတ်ပေ။ အခြား သူတစ်ယောက်
ဆိုလျှင် ကျန်သည့် လက်သီးသိုင်း သုံးကွက်ကို မရရအောင်လေ့ကျင့်
မည်မှာ သေချာသည်။



ချန်ပိန်းကတော့ ထိုသို့မဟုတ်ပေ။

နောက်ဆုံး၌ သူ့ဆုံးဖြတ်ချက်အတိုင်း ဆရာကြီး လီပိုက်ချောင်
ကိုလိုက်လံရှာဖွေသည့်စခန်းသို့ ဆိုက်ရောက်တော့သည်။

ချန်ပိန်းသည် တက်ကြွသော ခြေလှမ်းများဖြင့် ရှုပ်ထွေးလှသော
များကို တစ်ဂူဝင် တစ်ဂူထွက် ရှာဖွေလေတော့၏။

ချန်ပိန်းကား လူသစ်စိတ်သစ်ဖြစ်နေလေပြီ။ သူ၌ပျော့ညံ့ချက် ဆို၍
အား မရှိသည့်အချက်သာဖြစ်သည်။

ထိပ်သီးသိုင်းသမားတစ်ယောက်နှင့် အတွင်းအားယှဉ်ပြိုင်ရန်မှ
မှ မဖြစ်နိုင်ပေ။

မှလဂူကို တဝဲဝဲ တလည်လည် ရှာဖွေလာခဲ့ရာ ရေတံခွန်မှ စီးကျ
ရေသံသဲ့သဲ့ကို ချန်ပိန်းကြားလိုက်ရလေ၏။

"ဟား ဟား ဟား ဒါကြောင့်လဲပျောက်သောသူရှာလျှင်တွေ့
တာပဲ၊ ရေတံခွန်တွေ့မှတော့ ဘာဘာလီပိုက်ချောင်ရဲ့ဂူကို မတွေ့ဘဲ
နေတော့မလဲ"

ချန်ပိန်း အလွန်တရာ ပျော်ရွှင်နေသည်။ သူယူဆသည့်အတိုင်း
အို လီပိုက်ချောင်၏ဂူကို ပြန်တွေ့သည်။

သူထွက်လာစဉ်က အတိုင်း ကျောက်တုံးဝက်ပါ ဗျူဟာကို တွေ့ရှိ
သည်။

လီပိုက်ချောင်၏ သင်ကြားပေးမှုကို ခံယူရရှိထားသော ချန်ပိန်း
ဝက်ပါဗျူဟာကို လွယ်လင့်တကူ ဝင်ရောက်နိုင်ခဲ့ပေသည်။

သူသည် တင်ပျဉ်ခွေထိုင်လျက် တရားမှတ်နေဟန်တူသော ဘာဘာ
က်ချောင်အား တွေ့ရသဖြင့် ဒူးတုပ်ထိုင်ချကာ ရှိခိုးကန်တော့
တော့သည်။

"ချန်ပိန်းလား"

"ဟုတ်ကဲ့ဘဘ၊ ကျွန်တော် ချန်ပိန်းပါ"

"လူလေးသွားတာ ရက်အတော်ကြာပြီ"

"ဟုတ်ကဲ့ဘဘ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဘဘတစ်ကိုယ် လွတ်လွတ်လပ်လပ် နေပါစေတော့ဆိုတဲ့ စေတနာနဲ့ ကျွန် လျှောက်သွားနေတာပါ။ ကျွန်တော်ခုလိုလျှောက်သွားနေတဲ့အ အလကားမဖြစ်ပါဘူး။ ဒီ အသူရာချောက်ကြီးရဲ့ ပတ်ဝန်းကျင်လော ကျွန်တော် အတော်ကလေးလေ့လာနိုင်ခဲ့ပါတယ် ဘဘရယ်"

လီပိုက်ချောင်က ခေါင်း တဆတ်ဆတ် ညိတ်လိုက်ပြီး " ငါလဲ ဒီချောက်ကမ်းပါးထဲမှာ ဂူတွေလျှိုတွေအများကြီးရှိပြီး အဆင့် သိုင်းသမားတွေ ဇာတ်မြုပ်နေလိမ့်မယ်လို့ ထင်ထားခဲ့ပါတယ်၊ ဒါပေ ကိုယ်ကလဲကိုယ့်ကိစ္စနဲ့ကိုယ် တိမ်းရှောင်နေရတာဆိုတော့ လေ့ မကြိုးစားခဲ့ဘူး၊ နောက်ပြီး ဒီချောက်ကမ်းပါးတွေရဲ့အနေအထ မတ်စောက်ပြီး အန္တရာယ် များလွန်းတယ်၊ အဆင့်မြင့်ကိုယ်ဖော့ မတတ်ထားရင် သွားနိုင်လာနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဘဘ အထီးတည်း နေနေခဲ့တာပေါ့ကွယ်"

"ဘဘ ကျွန်တော်တို့ရဲ့ ရန်သူတော်ကြီး ရောက်လာ သလားဟင်"

"မလာဘူးကွယ်၊ လာလဲ ဘဘရဲ့ ဝက်ပါဗျူဟာထဲတော့ ဝ မယ် မထင်ပါဘူးကွယ်"

"ဘဘ၊ ဘဘကိုကျွန်တော် တစ်ခုပြောမလို့၊ ဗိုလ်ချုပ်ရဲ့ လက်သီးသိုင်းကွက် တော်တော်များများကို ကျွန်တော်တတ်ထားပြီ

လီပိုက်ချောင် အံ့အားသင့်သွားသည်။



"ဟယ် တယ်ဟုတ်ပါလား၊ ဘယ်သိုင်းသမားမှ ဒီလောက်မြန်မြန် ကျွမ်းလိမ့်မယ်လို့ ငါမထင်ဘူး"

"သိပ် နားလည်တတ်လို့လဲ မဟုတ်ပါဘူးဘဘ၊ ကျွန်တော်လဲ ထဲကအတိုင်း လုပ်နိုင်တာလောက်ပဲ ရှိပါသေးတယ်။ တကယ့်တိုက်ပွဲ သုံးဖို့ကျတော့ သိပ်လွယ်မယ် မထင်ဘူး။ လေ့ကျင့်ဖက် တစ်ယောက် ရှိရင်တော့ အတော့်ကိုဟန်ကျမယ်လို့ ထင်ပါတယ်"

လီပိုက်ချောင်က ခေါင်း တဆတ်ဆတ်ညိတ်သည်။ သူ့မျက်လုံး က မှိုင်းညို့ရီဝေနေ၏။

"အင်း မင်းရဲ့ ပါရမီပဲပေါ့ကွယ်၊ ငါ့ရဲ့သား လီလင်းဆိုရင် သူ့ သက်တမ်း တစ်ဝက်လောက်ကို ဒီသိုင်းစာအုပ်နဲ့ရင်းနှီးခဲ့တယ်၊ ကိုယ်တိုင် ဘေးက ဝိုင်းဝန်းလေ့လာကူညီပေးတာတောင်မှ အဲဒီ သိုင်း ရဲ့အပေါ်ယံသဘောလောက်ကိုပဲ နားလည်တယ်၊ နှိုက်နှိုက်နှဲနဲ တော့ ပါဘူးကွယ်၊ ထိထိရောက်ရောက်သာ သိရှိနားလည်နေရင် သားလေး ရန်သူ့လက်ထဲမှာ ဘယ်လိုလုပ် သေနိုင်ရှာမလဲကွယ်"

ချန်ပိန်းသည် အဘိုးအို၏ ကြေကွဲဝမ်းနည်းမှုကို ကရုဏာသက်သွား၏။

"သိပ်ဝမ်းနည်းမနေပါနဲ့ ဘဘရယ်၊ ကျွန်တော်က ဘဘသားအစား ကို တစ်သက်လုံးလုပ်ကျွေးသွားပါ့မယ်"

လီပိုက်ချောင်က မချိုပြုံးပြုံးလိုက်လေ၏။

"ကိစ္စမရှိပါဘူးကွာ၊ မင်းဘဝရှေ့ရေးက ရှိပါသေးတယ်၊ ရှေ့လျှောက် အဆို လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ငါလို သက်ကြားရွယ်အို ယောက်ကို ပြုစုစောင့်ရှောက်နေလို့ မင်းအတွက် ဘာမှ အကျိုးမရှိနိုင် ဘူးကွယ်"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဘဘရယ်၊ ဘဘကျေးဇူးတွေက တော့အပေါ်မှာ အများကြီးရှိနေသေးတာပဲ"

လီပိုက်ချောင် ဘာမျှ ပြန်မပြော။

သူ့အတွေးနှင့် သူငြိမ်နေသည်။

ချန်ပိန်းမှာ စကားမပြောဘဲ ငြိမ်ငြိမ်သက်သက်ထိုင်မနေလိုသ... စကားမရှိ စကားရှာ၍ ပြောနေမိသည်။

"ဘဘရဲ့ ဝက်ပါ ဗျူဟာပညာကတော့ တကယ့်ကို အံ့မ... ပါပဲ၊ ဘယ်လိုရန်သူမျိုးမှ မဝင်ရောက်နိုင်လောက်အောင် လုံခြုံတယ်... အခု ကျွန်တော်တို့ အေးအေးဆေးဆေး စကားစမြည်လေး ဘာလေးပြေ... ကျားကွက်လေး ဘာလေး ရွှေ့ကြရင်မကောင်းဘူးလား"

လီပိုက်ချောင်က သက်ပြင်းချလိုက်ပြီး

"မထင်နဲ့ လူကလေး၊ တောင် တစ်တောင်ထက်မြင့်သော... အခြားတောင် တစ်တောင်သည်ရှိ၏ ဆိုတဲ့စကားပုံဟာ သိုင်းလောက... တွေ ဆင်ခြင်တုံတရားရှိအောင် သတိပေးဆုံးမထားတဲ့ စကားပုံပဲကွ...

"ဘဘဆိုလိုတာက"

"ဘဘ ဆိုလိုတာက ရှင်းပါတယ်ကွယ့်၊ ဝက်ပါဗျူဟာကို ဖွဲ့... ခင်းကျင်းတတ်တဲ့လူ ရှိသလို ဝက်ပါကို ဖျက်ဆီးတတ်တဲ့ လူလဲ ရှိတ... သိုင်းလောကမှာ မောက်မာဆိုးသွမ်းတဲ့လူတွေ အစဉ်အဆက် ပေါ်... ခဲ့တာပဲ၊ အစဉ်အဆက်ပဲ ကျဆုံးခဲ့ကြရတာပဲ၊ ဥပမာအားဖြင့် ဘဘတ... ခေတ်ပြိုင်မှာလဲ လင်းရက်ဘုရင်ဆိုတဲ့ အင်မတန်ဆိုးသွမ်းပြီး ဩဇာတိ... ရှိတဲ့ သိုင်းသမားကြီးတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ ဘယ်လော... အောင်မြင်ခဲ့သလဲ၊ သူ့အောင်မြင်မှုဟာ အတိုင်းအတာတစ်ခုထဲမှ... ရှိတယ်၊ တစ်ခေတ်တစ်ယောက် သူ့ရဲကောင်းကြီးတုံချီစင်းဆိုတာ ပေါ်... တော့ လင်းရက်ဘုရင်ကြီးလည်း အကြီးအကျယ်ရှုံးနိမ့်သွားရတော့တာ...

"ဩော်"



ဤအဖြစ်အပျက်များမှာ ချန်ပိန်းမမီလိုက်သော ဖြစ်ရပ်များသာ ...ပါ၏။

ချန်ပိန်းက သူ့ရဲကောင်းကြီး တုံချီစင်းနှင့် ပတ်သက်ခဲ့သည့်အတွက် ...ဖူးခဲ့ကြောင်း လီပိုက်ချောင်အား ပြောပြမိလေ၏။

"ဘဘဆရာကြီး တုံချီစင်းဟာ ကျွန်တော့ အသက်ကိုကယ် တင်ခဲ့ ...ပါတယ်၊ ကျွန်တော်နဲ့တွေ့တော့ သူလဲ အတော့်ကို အိုနေပါပြီ၊ ဒါပေမယ့် ...ယ်တစ်ယောက်လိုပဲ သွက်သွက်လက်လက် ဖျတ်ဖျတ် လတ်လတ် ...န်းမာတုန်းပဲ"

လီပိုက်ချောင် ပြုံးလိုက်သည်။

"သူ့လို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တဲ့ လူကတော့ တစ်ခေတ် ...စ်ယောက် ပေါ်ထွန်းခဲ့ပါတယ်ကွာ၊ ဒါပေမယ့် ငါကတော့ မသေခင်မှာဘဲ ...က်ထပ်တစ်ယောက်ကို ကံအားလျော်စွာ ထပ်တွေ့ခဲ့ရတယ်"

"ဘယ်သူများလဲ ဘဘ၊ လုံမလေး ကျိုယုံယင်းကို ပြောတာလား"

လီပိုက်ချောင် ခေါင်းခါယမ်းလိုက်၏။ ချန်ပိန်းအား စူးစိုက်ကြည့် ...ည်။

တစ်စုံတစ်ရာကို ပြောမည်လုပ်ပြီးမှ သက်ပြင်းတစ်ချက် ရှိုက် ...က်၏။

"လူကလေး မင်းရဲ့ကိုယ်ဖော့ပညာ ကောင်းပါတယ်၊ ဒီအသူရာ ...က် ဒေသထဲက လွတ်မြောက်အောင်မင်းဘာသာပဲ ထွက်ပေါက်ရှာ ... သိုင်းလောကထဲ ပြန်ဝင်ပါတော့"

"ဘယ်ဖြစ်ပါ့မလဲ ခင်ဗျာ၊ ကျွန်တော်လဲ ဘဘနဲ့ အတူနေပါမယ်၊ ...ဘသားကို သတ်သွားတဲ့ ရန်သူကို ကျွန်တော်သိပ်ကြောက်ဖို့ လိုမယ် ...င်တော့ပါဘူး။ လက်သီးဘုရင်သိုင်းကျမ်းထဲက တချို့တစ်ဝက်ပညာကို ...န်တော်ရပြီးပြီ မဟုတ်လား"

"ငါပြောတာကို နားထောင်စမ်းပါကွာ၊ ငါက အသက်ကြီးနေ မင်းက ငါနဲ့ ဘာလို့အကျိုးမဲ့ အသေခံရမှာလဲ ကဲ မင်း အခု ဗိ ထွက်သွားပေးတော့"

"ဗြိ"

ချန်ပိန်းက နားမလည်နိုင်စွာ ပြန်မေးမည်ပြုစဉ် ဂူအပြင်ဘက် ထူးခြားဆန်းကြယ်သော လေချွန်သံ တစ်သံကို ကြားလိုက်ရတော့သည်

ထိုလေချွန်သံသည် ကျယ်လောင်ခြင်း မရှိလှသော်လည်း ချန်ပိန်း ရင်ထိတ်တုန်လှုပ်သွားစေသည်။ လီပိုက်ချောင်မှာလည်း မျက်နှာပျ သွားသည်။

"အခြေအနေ ကြည့်ရတာ အနည်းဆုံးလူနှစ်ယောက် လာနေပုံ

ချန်ပိန်း ဘာမျှပြန်မပြောဘဲ နားစွင့်နေမိသည်။ လေချွန်သံ သွားသည်နှင့် ဂူအပြင်ဘက်ဆီမှ ခက်ထန်မာကျောသော အသံတစ် ထွက်လာတော့သည်။

"ရပ်လိုက် ကျုပ် ခင်ဗျားနောက်ကို တောက်လျှောက်လိုက် လာ ကြာပြီ ခင်ဗျား ခု ဘယ်ပြေးမလဲ၊ အသူရာချောက်ထဲကို ပြေးဦးမလို့လာ

ထိုအသံကြားလိုက်ရသည်နှင့် ချန်ပိန်းမှာ ထခုန်မိမတတ် ဝမ်းသ သွားလေတော့၏။

ဤလေသံကား သူနှင့် လွန်စွာရင်းနှီးလှသည့် လေသံဖြစ်လေသ မဟုတ်ပါလား။

"ဘဘ ဘာမှ စိတ်ပူစရာမလိုတော့ဘူး၊ အခုရောက်လာတဲ့သူ ကျွန်တော့်မိတ်ဆွေပါ၊ သူက သိုင်းပညာလဲ သိပ်တော်တယ်"

လီပိုက်ချောင်မှာ ချန်ပိန်း၏ အားတက်သရော လေသံကြေ အံ့အားသင့်သွားရသည်။



ဘာမျှပြန်မပြောမိပေ။

ချန်ပိန်းသည် ဘာမပြော ညာမပြောနှင့် ဂူပြင်ဘက်ကို ပြေးထွက် သည်။

ဝက်ပါဗျူဟာကိုလည်း အလွယ်တကူပင် ကျော်သွားသည်။

လရောင်အောက်တွင်ကား ကျားကျားလျားလျား တောင့်တောင့် တင်း လူရွယ်တစ်ယောက်က ဂူကို ကျောပေးကာ မတ်မတ်မားမား နေသည်ကို တွေ့လိုက်ရသည်။

"နောင်ကြီး ပိုက်ဘက်ကျွင်း"

ချန်ပိန်းက ဝမ်းသာအားရ အော်ဟစ်၏။

လူရွယ်ကလည်း ကမန်းကတန်းပင် နောက်သို့လှည့်ကြည့် သည်။

မမျှော်လင့်သည့်နေရာ၌ ချန်ပိန်းကို တွေ့လိုက်ရသဖြင့် ပိုင်ထက် အလွန်တရာ အံ့အားသင့်သွားသည်။

"ဟင် ညီလေး ချန်ပိန်း၊ မင်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာ လဲ"

ချန်ပိန်းက ပိုက်ထက်ကျွင်းအား မဖြေနိုင်၊ ပိုက်ထက်ကျွင်းနှင့် ကိုက်ခန့်အကွာ၌ ရပ်နေသော အဘိုးအိုတစ်ဦးကို သေချာစွာ လိုက်၏။

ထိုအဘိုးအိုမည်သူနည်း။ ပိုက်ထက်ကျွင်းသည် သတိပြန်ဝင်လာ၏။

"ညီလေ ချန်ပိန်း၊ ငါ ဒီလူနဲ့ စာရင်းရှင်းလိုက်ဦးမယ်၊ ပြီးမှ စကားပြောကြတာပေါ့၊ သြော် ဒီလူက သိပ်လျင်တယ်၊ ငါ့ညီ သတိထားကြည့်နေ"

ထိုအဘိုးအိုကား အခြားသူတစ်ဦးမဟုတ်ပါပေ၊ ကျောက်စိမ်း သိုင်းသမား လျံအော့ကိုးအား ဒုက္ခိတဖြစ်အောင်တိုက်ခိုက်ခဲ့သူပင်

ပိုင်ထက်ကျွင်းမှာ ဂန္ဓမာနှင့်လမ်းခွဲခဲ့ပြီး သုံးရက်မြောက်
ထိုအဘိုးအိုနှင့် ထပ်မံတွေ့ဆုံကြသည်

ပိုက်ထက်ကျွင်းသည် သူ့နောက်သို့ ဆက်တိုက် နောက်ယေ
လိုက်ရာ ယခုကဲ့သို့ အသူရာချောက်ကမ်းပါး၌ မီလာခြင်းဖြစ်တော့

ထိုအဘိုးအိုက ချန်ပိန်းကို စူးစူးရဲရဲ ကြည့်လိုက်ပြီး

"ကောင်လေး၊ ဗိုလ်ချုပ်ရဲ့ဝေးရဲ့ လက်သီးသိုင်းပညာကျမ်းစာ
ထုတ်ပေးစမ်း။ ထုတ်မပေးရင် မင်းလဲ ဟိုကောင့်လမ်းစဉ်အတိုင်း
ပစ်မယ်"

ချန်ပိန်းသည် ထိုအခါကျမှ လီပိုက်ချောင်၏ သားကိုသတ်
သူ တရားခံအား သိရှိလိုက်ရတော့သည်။

"နောင်ကြီးပိုင်၊ ဒီအဘိုးကြီးပေါ့၊ ဟောဒီဂူထဲက လူတစ်ယေ
ကို ရက်ရက်စက်စက် သတ်သွားခဲ့တယ်"

"ဝုန်း"

သူ့စကားမဆုံးခင်မှာပင် ပိုက်ထက်ကျွင်းက လက်ဝါးရိုက်
တစ်ချက် ထုတ်လိုက်သည်။

အဘိုးအိုက လျှင်သည်။ အငိုက်မိမခံပေ။ တစ်မဟုတ်ချင်း
သိုင်းကွက် သုံးကွက် ထုတ်သုံးပြီး ခုခံတိုက်ခိုက်လေသည်။

ပိုက်ထက်ကျွင်းသည် ဂရုတစိုက် တိုက်ခိုက်နေ၏။ သူ
မည်သည့်အခါမျှ ရန်သူအား အထင်မသေးခဲ့ပေ။

ထိုစဉ် လီပိုက်ချောင်သည် ဂူအတွင်းမှ ဖြည်းညင်းစွာ လျှေ
ထွက်လာသည်။

ပိုက်ထက်ကျွင်းနှင့် တိုက်ခိုက်နေသော အဘိုးအိုမှာ တစ်ဘ
လူအင်အားများလာသည်ကို တွေ့သည်နှင့် ထိုးဖောက်ဝင်ရောက်
မကြိုးစားတော့ပေ။



ခပ်ကြမ်းကြမ်း တစ်ချက်ရိုက်ပြီးသည်နှင့် နောက်ဆုတ်လှည့်ပြေး
တော့၏။

"ညီလေးချန်ပိန်း၊ လိုက် နောက်က မြန်မြန်လိုက်"

ပိုင်ထက်ကျွင်း သတိပေးသည်နှင့် ချန်ပိန်းလည်း ရိပ်ခနဲ ခုန်ပျံ
လိုက်သွားသည်။

သို့သော် အဘိုးအိုမှာ လေပွေတိုက်ခတ်လိုက်သည့်အလား
မြန်သွက်လက်လွန်းလှသည့်ပြင် လမ်းခရီးကလည်း လွင်ပြင်ဒေသ
တ်သဖြင့် ချန်ပိန်း မျက်ခြည်ပြတ်သွား၏။

လမ်းခုလတ်မှ ပြန်လှည့်လာခဲ့ရသည်။

"ခြေလှမ်းတစ်လှမ်း နောက်ကျသွားတာနဲ့ ကျွန်တော်လည်း မမီ
ဘူး နောင်ကြီး ပိုင်ရာ၊ ဒီလူက သိပ်မြန်တာပဲ"

ပိုက်ထက်ကျွင်း ခေါင်းညိတ်ပြလိုက်ပြီး -

"ဟုတ်တယ်၊ သူ့ကိုယ်ဖော့ပညာက မှန်းဆရခက်လောက် အောင်
င်းလွန်းနေတယ်"

တစ်ချိန်လုံး ဘာမျှဝင်မပြောဘဲ ငြိမ်နေခဲ့သော လီပိုက်ချောင်က
ထက်ကျွင်းကို အကဲခတ်ကြည့်ပြီး မေးသည်။

"မောင်ရင်က ဘယ်လိုလုပ်ပြီး ဒီချောက်ကမ်းပါးထဲကို ရောက်လာ
လဲ"

"အရှေ့ကောင်ဘက်က ဂူတစ်ဂူကိုဖြတ်ပြီး ရောက်လာခဲ့ရတာပါ"

လီပိုက်ချောင်က တအံ့တသြလေးဖြစ်သွားသည်။

"ဟင် အဲဒီဂူပေါက်က ကျောက်တုံးတွေနဲ့ အသေပိတ်ထား ပြီးပြီ
တ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီ ကျောက်တုံးကြီးတွေခု မရှိတော ပါဘူး။ ဝင်ပေါက်ထွက်ပေါက် ဖြစ်နေပါပြီ၊ နည်းနည်းကလေး သတိထားတ လူတိုင်း အဲဒီ ဂူပေါက်ကို တွေ့နိုင်ပါတယ်၊ ဒီလောက်နက်တဲ့ မြေတွင် ထဲကနေ ဒီအသူရာကမ္ဘာလေးကို ရောက်နိုင်မယ်လို့ ကျွန်တော်မထင် ခဲ့ဘူး"

လီပိုက်ချောင်ကပင် ပိုက်ထက်ကျွင်းအား ကျေးဇူးတင်စကာ ပြောသည်။

"ကျုပ်တို့ကိုယ်စား ရန်သူကို မောင်းထုတ် ပေးတာကို ကျေးဇူ တင်ပါတယ်၊ ဒီလူထူးလူဆန်းရဲ့ ပုံစံအနေအထားကို ကြည့်ပြီး ကျု လူတစ်ယောက်ကို သွားသတိရမိလိုက်တယ်၊ အဲဒီလူက တစ္ဆေတစ်ကောင် လိုပဲ လူကိုဒုက္ခပေးလွန်းလို့ သိုင်းလောကသားတွေက သူ့ကို စနေဂြိုဟ် လို့ခေါ်တယ် ကျုပ်ညီတုံ့ချီစင်းလက်ချက်နဲ့ သေသွားခဲ့ပါပြီ၊ ကြည့်ရတာ လူဟာ စနေဂြိုဟ်ရဲ့ တပည့်တပန်းတစ်ယောက်များ ဖြစ်နေမလားတော မသိဘူး။ ကဲ ကဲ ဒါတွေထားလိုက်ပါတော့၊ မောင်ရင့်ကို ကျုပ်ဂူထဲဝင် ဖိတ်ခေါ်ပါတယ်၊ ဝင်ပြီးနားပါဦး"

ဂူထဲ၌ ပိုင်ထက်ကျွင်းနှင့် ချန်ပိန်းတို့မှာ ခွဲခွာခဲ့ ကြရစဉ်ကာလ အတွင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းရာတို့ကို မိုးစင်စင်လင်းသည့်တိုင် စကားပြောဖြစ်ကြသည်။

သူတို့နှစ်ယောက် အားပါးတရ စကား ပြောဆိုကြပြီးလောက် လီပိုက်ချောင်က ဝင်ပြော၏။

"ဒီချောက်ကမ်းပါးက ထွက်လမ်းဝင်လမ်း ပွင့်နေတော့မှ ကျုပ်လ ဒီဟာ တိတ်တဆိတ်ခိုအောင်း နေလာနေလို့ မဖြစ်တော့ဘူး။ ဒီတော မနက်မိုးသင်းတာနဲ့ မောင်ရင်တို့နဲ့အတူ ဒီကနေထွက်မယ်၊ အဓ



ယ်တက်ကိုသွားပြီး မိတ်ဟောင်းဆွေဟောင်းတွေဆီမှာပဲ ခိုလှုံနေ မယ်"

မနက်မိုးလင်းသည်နှင့် သုံးယောက်သားမှာ အရှေ့တောင်ဘက် ဆီသို့ ထွက်လာခဲ့ကြသည်။

တစ်နာရီခန့် လျှောက်မိလျှင် ကျဉ်းမြောင်းသော လိုဏ်ဂူကလေး ဆီသို့ ရောက်၏။ ထို လိုဏ်ခေါင်းကလေးမှာ မြေပြင်အထက်သို့ များစွာ မြင့်တက်သွားသည်။

သီးခြားကမ္ဘာနှင့် မူလသိုင်းလောကတို့ကို ပြန်လည်ဆက်စပ် သည့် လမ်းကလေးပင်တည်း။

"အင်း ဒီလမ်းကို ကျုပ်တို့က ခက်ခက်ခဲခဲပိတ်ဆို့ ထားခဲ့ရတယ်၊ တော့ တကာယ့်ကို ထက်မြက်တဲ့လူတွေ ရှိနေလို့ ဒီကျောက်တုံး ခဲတွေ အလကားဖြစ်ကုန်ပြီ"

လီပိုက်ချောင်က ညည်းညည်းညူညူပြောသည်။

သုံးယောက်သား ထိုအပေါက်မှပင် လျှိုထွက် လိုက်ကြသည်။ ရာ ချောက်ကမ်းပါးနယ်မြေမှ လွတ်ထွက်လာသည်နှင့် ပတ်ဝန်းကျင် အနေအထား ပြောင်းလဲသွားလေသည်။

မြင်ကွင်းကကျယ်ပြန့်လာသလို အသက်ရှူရသည်မှာလည်း လပ်ဝလင်လာသည်ဟု ထင်မြင်ကြရ၏။ နေကုန်အထိ အတူတူ ဆက်ခဲ့ကြရာ နောက်ဆုံး လူသွားလူလာ ရှိသည့်လမ်းမကြီးတစ်ခု သို့ ရောက်ရှိလာကြကော့သည်။

သုံးယောက်သားသွားရမည့်ခရီးစဉ်မှာ တစ်ဦးနှင့်တစ်ဦး မတူညီ သဖြင့် ထိုနေရာမှပင် လမ်းခွဲကြရန် ဆုံးဖြတ်လိုက်ကြလေ၏။

❖ ❖ ❖

အခန်း (၈၆)

## ဓားရောင်းသောပုဂ္ဂိုလ်

"ရှန်ထိုင်တည်းခိုရိပ်သာ"

ချန်ပိန်းသည် ဆိုင်းဘုတ်ကို မော့ကြည့်လေ၏။

စာလုံးကြီးများက ရွှေရောင်တောက်နေသည်။ အနီရောင် အောက်ခံကြောင့် ပို၍ ထင်းထင်းလင်းလင်း ဖြစ်နေလေသည်။

ဆိုင်ဝမှနေ၍ အကဲခတ်လိုက်ရာ ဆိုင်ဘေး အဖီချထားသော မြင်းဇောင်း၌လည်း မြင်းများ ပြည့်နှက်နေကြောင်း တွေ့ရသည်။

"အင်း ဒီပုံစံအတိုင်း ဆိုရင်တော့ ဒီဆိုင်မှာ တည်းခိုတဲ့လူတွေ ပြည့်နေမယ့်ပုံပဲ"

ချန်ပိန်းသည် သူ့အိတ်ကိုနှိုက်ကြည့်၏။ စုတ်ပြတ်နေသော အင်္ကျီ အိတ်ထဲ၌ မည်သည့်ငွေ အကြွေစမျှ ရှိမနေတော့ပေ။

"ကောင်းကွာ၊ ငွေစကလေးတစ်ပြားတလေတောင် မရှိတော့ဘူး"

ချန်ပိန်းသည် ဆာလောင်နေသော ဝမ်းဗိုက်ကိုလက်ဖြင့် ပွတ်သပ်လိုက်၏။



"ဒီ တည်းခိုခန်းမှာ သိုင်းသမား တော်တော်များများ ရောက်ရှိနေပုံပဲ၊ အထဲဝင်နေရင် ဒီလူတွေနဲ့ ပြဿနာ ဖြစ်ချင်ဖြစ်နေဦးမယ်၊ ကိုယ့်ခရီးကိုယ်ဆက်မှ"

လမ်းမကြီးပေါ်တွင်ကား လူစည်ကားနေ၏။ ဈေးရောင်းဈေးဝယ်များက သူ့ကိုတိုးဝှေ့သွားကြသည်။

သူ လမ်းမပေါ်တွင် လျှောက်လာစဉ် လမ်းလယ်ခေါင်တွင် ထောင့်တင်းသော လူငယ်တစ်ယောက်နှင့် အစေခံတစ်ဦးမှန်း မြင်ရုံနှင့် သိသာသော ပိန်လိုလို လူတစ်ယောက်တို့ လျှောက်လာကြ၏။

မြို့လယ် လူစည်ရာသို့ ရောက်လျှင် ထိုနှစ်ယောက် တုံ့ခနဲရပ်လိုက်ကြသည်။ ထို့နောက် ပိန်ပိန်လိုလို လူက အများကြားသာအောင် အော်ဟစ်လိုက်၏။

"လမ်းသွားလမ်းလာ အပေါင်းတို့ခင်ဗျား၊ ဟော့ဒီ ကျွန်တော့်သားမှာ ရပ်နေတဲ့သူက နေပြည်တော်က ရောက်လာရတာပါ။ လမ်းခုလတ်မှာ သူ့အမေအိုကြီး နာမကျန်းဖြစ်တဲ့အတွက် ဆေးဖိုးဝါးခ ကုန်ပြီး စရိတ်ပြတ်သွားရပါတယ်၊ အခု သူ့ကို ကျွန်တော့်သခင်ကြီးက ကယ်တင်ထားရပါတယ်၊ သုံးလတိုင်တိုင် သူ့မိခင်ကို ကျွန်တော့်သခင်ကြီးက ဆေးကုသပေးခဲ့ရပါတယ်၊ ဒါပေမယ့် လူနာကအသက်ကြီးသလို အားအင်ကလဲ ကုန်ခန်းနေတာမို့ သေဆုံးသွားရပါတယ်၊ ကျွန်တော်တို့ သခင်ကြီးကလဲ သူတို့သားအမိကို ကြင်နာသနားပေမယ့် ထပ်ပြီး အကူအညီ မပေးနိုင်တော့ပါဘူး။ ဒါကြောင့် အမေအိုကြီး သင်္ဂြိုဟ်ဖို့ အခက်အခဲဖြစ်နေရပါတယ်၊ သူ့မှာကလည်း ဘိုးဘွားပိုင် ဓားတစ်ချောင်းပဲ ရှိတာမို့ ကြွရောက်ကြတဲ့သူအပေါင်းက အကူအညီ ပေးလိုက်ကြလိမ့် မယ်လို့ မျှော်လင့်မိပါတယ်"

ဝိန်လိုလိုလူက စကားကို အစီအစဉ်တကျပြောပြီး ပရိသ... ကို အကဲခတ်ကြည့်လိုက်သည်။

လူရွယ်၏ကျောတွင် ဓားရှည်တစ်ချောင်းသိုင်းလွယ်ထားပြီး ဓား... ကိုင်ရိုးကို တိရစ္ဆာန်သားရေဖြင့် ပတ်ထားသည်။

ဓားအိမ်နှင့် ဓားရိုးပေါ်တွင် အနီရောင်ပိုးစဖြင့် ချည်နှောင်ထား...

သူက ဓားကို ဓားအိမ်မှဆွဲထုတ်ပြီး လမ်းသွားလမ်းလာများ... မေတ္တာရပ်ခံလေ၏။

လူကြီးမင်းများ ခင်ဗျား။ ကျွန်တော်ဟာ တစ်နယ်တစ်ကျေ... လာရောက်ပြီး ဒီမှာဒုက္ခတွေ့နေပါတယ်၊ အမေ့အလောင်း မြေကျ... အတွက်လဲ ကျွန်တော့်မှာ ဟောဒီဓားကလေးတစ်လက်ပဲ ရှိပါတ... ကျေးဇူးပြုပြီး ဒီဓားကိုဝယ်ကြပါလို့ မေတ္တာရပ်ခံပါတယ်"

သူ့စကားဆုံးလျှင် လူအုပ်ထဲမှာ တစ်စုံတစ်ယောက်က ထ... လိုက်သည်။

"နောင်ကြီးက အဲဒီဓားကို ဘယ်လောက်နဲ့ တန်ဖိုးဖြတ်ချင် လဲ..."

"ငွေသား တစ်ရာရရင် ကျေနပ်ပါပြီ"

"အို"

ပရိသတ်များမှာ ထိုဈေးနှုန်းစကားကို ကြားရလျှင် ကဲ့ရဲ့... ပြောင်းလိုက်ကြတော့သည်။

ရယ်စရာ ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်နှယ် ဟားတ... ရယ်မောလျက် ထိုနေရာမှ ထွက်ခွာသွားတော့သည်။

သာမန် အရပ်သားကိုင် ဓားတစ်ချောင်း၏တန်ဖိုးသည် ထိုငွေ... ၏ ဆယ်ပုံပုံ တစ်ပုံပင်မရှိကြောင်း ထိုအရပ်သားတိုင်း သိရှိကြ...

"အင်း မရောင်းရရင်လဲ ကောင်းပါတယ်လေ"



လူရွယ်၏ ညည်းညူစကားကြောင့် နံဘေးမှ ဝိန်လိုလိုလူက မျက်မှောင်ကြုတ်ကြည့်သည်။

"ဟေ့ကောင်၊ အခုဘယ်လိုလုပ်မလဲ၊ သခင်ကြီးကို မင်းကြွေး တစ်ရာလဲ ပေးရဦးမယ်၊ အခု ဒီဓားကိုမရောင်းဘူးဆိုတော့ ဒီပြဿနာ ကို မင်းဘယ်လိုရှင်းမလဲ"

"ဒါတော့ ကျုပ်လဲမတတ်နိုင်ဘူး။ ခင်ဗျား သခင်ကြီးကို ကျုပ်မှာ ပါတဲ့ငွေသားငါးရာလဲပေးပြီးပြီ၊ အခုကျန်တဲ့တစ်ရာကိုလဲ ပေးနိုင်အောင် ကျုပ်စီစဉ်တာပဲ၊ မရတာတော့ ဘယ့်နယ်လုပ်မလဲ"

"မင်းက ကျေးဇူးကန်းစကား ပြောတာပေါ့လေ၊ ဟုတ်လား။ အေး မင်းကိုငါတစ်ခု သတိပေးလိုက်မယ်၊ မင်းမှာပိုက်ဆံရှိသည်ဖြစ်စေ မရှိ သည်ဖြစ်စေ၊ မင်းအမေအလောင်းကို ထမ်းပြီး အိမ်ပေါ်ကဆင်းသွား ရလိမ့်မယ်၊ ငါ့သခင်ကြီးက သမားတော်၊ သူ့အိမ်က ဆေးကုတဲ့အိမ်၊ လူသေထားတဲ့သုသာန်ဇရပ် မဟုတ်ဘူး"

ဓားပိုင်ရှင် လူငယ်သည် ကြိတ်မှိတ်သည်းခံလိုက်၏။ ဘာမျှ မပြောဘဲ ငြိမ်နေလိုက်၏။

ထိုစဉ်မှာပင် ရှန်ထိုင်တည်းခိုရိပ်သာထဲမှ လူတစ်ခု ထွက်လာ တော့သည်။

ထိုသူအားလုံးမှာ သိုင်းသမား ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ရှေ့ဆုံးမှထွက်လာသူက

"ဓားရောင်းနေတဲ့ဆရာကြီး ခဏလောက် နေစမ်းပါဦး"

ဓားပိုင်ရှင်က နောက်သို့ လှည့်ကြည့်လိုက်သည်။

ရှန်ထိုင်ရိပ်သာထဲမှ လူများထွက်လာသည်ကို တွေ့လျှင် မျက်မှောင်ကြုတ်ကြည့်မိသည်၊ စောစောက တားဆီးသူကမေးခွန်းဆက်၏။

"ခုနက ခင်ဗျား တားရောင်းမယ်လို့ ပြောသံကြားပါတယ်၊ အဲ
ကို ကျုပ်တို့ကြည့်လို့ရမလား"

"ရပါတယ်"

တားပိုင်ရှင်က တားကို တားအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။ ငွေ
အလင်းတန်းများက တဖိတ်ဖိတ်လက်သွားသည်။

တားကို လေထဲတွင် ဝှေ့ယမ်းပြသလို လင်းလက်သွားသည်။

"တယ်ကောင်းတဲ့တားပါလား"

သိုင်းသမားအချို့ကဘေးမှ မှတ်ချက်ချသည်။

"ဒီတားကိုပြောတာ မဟုတ်လား၊ ငွေသားတစ်ရာနဲ့ရောင်း
ဆိုတာ"

တားပိုင်ရှင် မျက်နှာထားပြောင်းသွားသည်။

"စောစောကတော့ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်
ခင်ဗျားတို့ လိုချင်ရင်တော့ ငွေသားတစ်ထောင် ရမှရောင်းနိုင်မယ်"

သူ့စကားကြောင့် နံဘေးမှ ပိန်လိုလိုလူ ဒေါသဖြစ်သွားရသ
သိုင်းသမား အုပ်စုကမူ အံ့သြခြင်း၊ ကဲ့ရဲ့ခြင်းမရှိကြပေ။

ထိုတား၏ တန်ဖိုးကို ကောင်းစွာသိရှိနားလည်ကြသည်။

"ခင်ဗျားတို့သိပါတယ်ဗျာ၊ ဒီတားသာ ခင်ဗျားတို့လက်ထဲရော
သွားရင် ငွေသားတစ်ထောင်မက တန်ဖိုးရှိမှာပါ"

"ကောင်းပြီလေ၊ ငွေသားတစ်ထောင်ဆိုလည်း တစ်ထောင်
ပါ့မယ်"

သိုင်းသမားများ၏ စကားကြောင့်ပိန်လိုလိုလူ အံ့အားသင့်သွားသ

တားတစ်လက်ကို ငွေသားတစ်ထောင်နှင့် ဝယ်ယူသည့်အဖြစ်
သူ့အတွက် တစ်သက်နှင့်တစ်ကိုယ် မကြားဘူးသော အဖြစ်အပျက်
မဟုတ်ပါလား။



ဝယ်မည့်သိုင်းသမားက သေချာအောင်ပြော၏။

"ခင်ဗျား နောက်မှ နောင်တတော့ မရနဲ့နော်၊ ငွေရေးကြေးရေး
တော့ ရှော့ပတ္တမြား ရှော့နဂါး ဖြစ်စေရမယ်"

"ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ ကျေနပ်ရင် ရောင်းပါ့မယ်"

တားဝယ်လိုသူက သူ့အင်္ကျီအိတ်ထဲမှ ငွေသားများကို ကမန်းကတန်း
တ်လိုက်သည်။

ငွေသားတစ်ထောင် မပြည့်ချေ။

"ရှော့ဗျာ၊ အခုတော့ ကျုပ်ဆီမှာ ငွေသားသုံးရာတည်းပါလာသေး
ယ်၊ ခင်ဗျားယူထားပေါ့၊ ကျန်တဲ့ငွေကို တည်းခိုရိပ်သာ သွားယူ
က်မယ်၊ ငွေအကြေပေးမှပဲ ခင်ဗျားဆီကတား ကျုပ်ယူမယ် ဘယ့်နှယ်လဲ"

တားပိုင်ရှင်က ငွေများကို လှမ်းယူလိုက်ပြီ၊ သူ့တားကိုပါ ကမ်းပေး
က်ပြန်သည်။

"ကိစ္စမရှိပါဘူး၊ တားကို ခင်ဗျားတို့ပဲ အလျှင်ယူထားလိုက်ပါ၊ ကျုပ်
မေ အလောင်းမြေကျရေးကိစ္စကို ဒီပိုက်ဆံနဲ့ပဲသွားပြီး စီစဉ်လိုက်
ယ်"

ပြောပြီးသည်နှင့် ထိုသူထွက်ခွာသွားသည်။ ချန်ပိန်းသည် ထိုတား
ောင်းပွဲကို အစအဆုံး တွေ့မြင်လိုက်ရသဖြင့် စိတ်ဝင်စားမိသည်။

တားပိုင်ရှင်၏ ပြတ်သားပွင့်လင်းမှုကိုလည်း စိတ်ထဲက ချီးကျူး
သည်။

ချန်ပိန်းစောင့်ကြည့်နေသည်။ တစ်ခဏအကြာတွင် လမ်းမကြီး၏
ယ်ဘက်ထောင့်ဆီမှ အသုဘချလာသည်ကို တွေ့လိုက်ရ၏။

တားပိုင်ရှင်လူငယ်သည် မဟူရာရောင် ထနေသည့် တုတ်တစ်
ောင်းကိုင်ဆောင်လာ၏။

တုတ်၏ထိပ်တွင် သိမ်းငှက်ခေါင်းပုံစံ ထွင်းထုထားပြီး
တစ်ခုဖြင့် ပိတ်ဆီးချည်နှောင်ထား၏။

စောစောက ဓားဝယ်လိုက်သော သိုင်းသမားအုပ်
ထိုသူ၏လက်ထဲမှ သိမ်းငှက်ခေါင်း တုတ်ရှည်ကို မြင်လိုက်ရသ
ရုတ်တရက် အမူအရာ ပျက်သွားတော့သည်။

ချန်ပိန်းသည် တစ်စုံတစ်ခု ဖြစ်တော့မည်လောဟု
သိုင်းသမား အုပ်စုနှင့် အနီးဆုံးနေရာသို့ ကပ်သွားမိလေ၏။

ဓားပိုင်ရှင်လူငယ်သည် သူ့မိခင်အတွက် ပူးဆွေးနေသဖြင့်
သမားအုပ်စု၏ အမူအရာပြောင်းလဲနေပုံကို ဂရုမထားမိပေ။

ခေါင်းယမ်းသူများ နောက်မှ စိုက်စိုက်စိုက်စိုက်နှင့် လိုက်လာ

ဓားဝယ်သူက အပြေးလိုက်လာပြီး အော်လိုက်၏။

"ဟေ့လူ ခဏနေဦး"

ဓားပိုင်ရှင် လူရွယ်က အခေါင်းထမ်းသူများကို လက်ပြ
စေလိုက်သည်။

ဓားဝယ်သူက ဓားကိုကိုင်ဆောင်ပြီး ထိုသူရှေ့သို့ ကိုယ်ဖော့
လိုက်သည်။

ထိုသူ၏ အဆင့်အတန်းကို မြင်ရုံနှင့်ပင် အဆင့်မြင့်သိုင်းသ
ဖြစ်ကြောင်း သိနိုင်ပေသည်။

"ဘာဖြစ်လို့လဲဗျ"

ဓားဝယ်သူက ထိုသူ၏ လက်ထဲမှ သိမ်းငှက်ခေါင်းတပ်
တုတ်ကို တစ်ချက်ကြည့်ပြီး အခေါင်းကို လက်ညှိုးထိုးပြ၏။

"ဒီအခေါင်းထဲက အလောင်းဟာ ဘယ်သူလဲ ခင်ဗျားနဲ့ ဘာ
သလဲ"



"ကျုပ်အမေ"

ဓားပိုင်ရှင်က တုန်ယင်စွာ ပြော၏။

ဓားဝယ်သူက -

"ခင်ဗျားက ဟွန်းမျိုးရိုးလား"

ဓားပိုင်ရှင် လူငယ်က အဖြေမပေးချေ။

သူ့မိခင်၏ အခေါင်းကို ငေးကြည့်နေသည်။ ဖြေရန်အင်အား
တော့သည်လား မဆိုနိုင်ပေ။

ဘေးမှ လူတစ်ယောက်က ဝင်၍ အဖြေပေး၏။

"ဟုတ်တယ် သူက ဟွန်းမျိုးရိုးပဲ"

ထိုစကားကြောင့် ဓားဝယ်သူ၏ မျက်နှာထား တင်းမာသွား
တော့သည်။

"သိမ်းငှက်ခေါင်းလိုစပ်၊ ခင်ဗျားက လူသတ်ပြီး အေးအေး ဆေးဆေး
ကြီးထဲဝင်အနားယူတော့မလို့ပေါ့ ဟုတ်လား၊ ဘယ်ရလိမ့်မလဲ၊
သွေးကြွေးကို သွေးနဲ့ ပြန်ဆပ်မှကျေလိမ့်မယ်"

ထိုသူသည် ပြောပြောဆိုဆိုပင် လက်ထဲမှဓားနှင့် ဓားပိုင်ရှင်အား
တ်တရက် ခုတ်ချလိုက်တော့သည်။ ဓားပိုင်ရှင်သည် သူ့မိခင်၏ အခေါင်း
ငေးနေသဖြင့် ဓားကိုရှောင်ရန် သတိမရသလို ဖြစ်နေသည်။

"မလုပ်နဲ့"

ချန်ပိန်းသည် လျှပ်တစ်ပြက် ခုန်ဝင်လာပြီးနောက် ဓားခုတ်သူ၏
က်ကို ရိုက်ထုတ်ပစ်လိုက်သည်။

ဗိုလ်ချုပ်ရဲ့ဝေး၏ လက်သိုင်းပညာရပ်ကို ထုတ်၍အသုံးချ လိုက်ခြင်း
တည်း။

သူ့လက်တစ်ချောင်းဆန့်လိုက်သည်နှင့် ဓားကိုင်သူ၏ အရေး

ကြီးသော သွေးကြောနေရာကို ထောက်လိုက်မိပြီးသား ဖြစ်သွ
ဓားရှည်သည်လည်း ချန်ပိန်း၏လက်ထဲသို့ ရောက်ရှိလာတော့သ

ထိုသူမှာ ကမ္ဘူးရှုးထိုးဖြစ်သွားပြီး အလောင်းထည့်ထ
အခေါင်းကို လက်ဝါးဖြင့်ရိုက်ချသည်။

သည်တော့မှ ဓားပိုင်ရှင် လူရွယ်သည်လည်း သတိပြန်ဝင်
အထိတ်တလန့် အော်ဟစ်တားဆီးသည်။

“မလုပ်နဲ့ မလုပ်နဲ့၊ ကျုပ် သူများနဲ့ ရန်မဖြစ်ချင်ဘူး”

“ဗုန်း”

ဓားပိုင်ရှင်က တားဆီးသော်လည်း မရတော့။ ထိုသူ၏ လ
ရိုက်ချက်သည် လူရွယ်၏ ပခုံးပေါ်သို့ ရိုက်မိသွားတော့သည်။

သို့တိုင် ထိုသူက ဂရုမစိုက် အလေးမထားဘဲ အခေါင်း
ချီမပြီး သူ့ပခုံးပေါ်သို့ ထမ်းတင်နေသည်။

အသုဘလိုက်ပို့ကြသူအားလုံးမှာ အသက်ပင် မရှူမိ
ဖြစ်သွားကြ၏။

ဓားဝယ်သူသိုင်းသမားမှာမူ ထိတ်လန့် အံ့အားသင့်လွန်း
မျက်နှာပင် ဖြူဖပ်ဖြူရော် ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိ
သူရိုက်ချလိုက်သော လက်ဝါးရိုက်ချက်ကို ထိုသူ၏ ပခုံးက သံမ
ကဲ့သို့ ခံနိုင်စွမ်း ရှိနေသောကြောင့်ပေတည်း။

ဤသို့ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် လူရွယ်သည် သူ့မိခင်၏ အ
ကိုသာ ထမ်းပြေးတော့၏။

ဓားဝယ်သူသိုင်းသမာ... ...ော်ဟစ် အမိန့်ပေးသည်။

“သူ့နောက်ကို အားလုံး... ...ကြ၊ သိမ်းငှက်ခေါင်းလိုစပ်ဟာ
ဂိုဏ်းရဲ့ရန်သူ၊ မလွတ်စေနဲ့ လိုက်ကြ”



ချန်ပိန်းက ဝင်တားသည်။

“...လိုက်နဲ့ ခင်ဗျားတို့ မတရား မလုပ်ကြနဲ့”

“...င်းက ဘာဝင်ရှုပ်တာလဲ”

“...ကောင့်ကို အလျင်ရှင်း”

“ချ - သတ်”

...အော်သံဟစ်သံများ ဆူညံသွား၏။ သိမ်းငှက်ခေါင်းလိုစပ်နောက်
...လိုက်မည့်သူများသည် ချန်ပိန်းကိုသာ ဝိုင်း၍တိုက်ကြတော့သည်။
...အများနှင့်တစ်ယောက် တိုက်ပွဲဖြစ်သော်လည်း ချန်ပိန်းသည်
...အောင် ရှောင်တိမ်းနိုင်၏။

“...ုန်း”

“ဖြန်း”

“အား”

...အသံများဆူညံသွား၏။ အော်ဟစ်သူများမှာ ဓားဝယ်သူ သိုင်း
...များသာ ဖြစ်၏။ ချန်ပိန်းမှာ လုံးဝဒဏ်ရာမရချေ။

ချန်ပိန်းက ဤသို့တားပေးထားသဖြင့် သိမ်းငှက်ခေါင်းလိုစပ်သည်
...၏ အခေါင်းကိုထမ်းကာ လွယ်ကူစွာ ပြေးသွားနိုင်ခဲ့ပေသည်။
ချန်ပိန်းသည် အချိန်အတော်ကာလေးကြာအောင် ခုခံပြီးမှ လူအုပ်
...န်းထွက်လိုက်၏။ သူ့ကိုယ်ဖော့ပညာကို မည်သူမျှမမီသဖြင့်
...က်ခေါင်းလိုစပ် ပြေးထွက်သွားရာ အရပ်သို့ လေအဟုန်ကဲ့သို့
...က်လေတော့၏။

...အခေါင်းကိုထမ်းပြီး ရှေ့မှပြေးနေသူအား မကြာမီပင်ချန်ပိန်း
...သသည်။ နှစ်ယောက်စလုံး ကိုယ်ဖော့ပညာ ကောင်းကြသဖြင့်
...သို့ ရောက်လာကြသည်။

ချန်ပိန်းက ချီးကျူးစကားဆိုလိုက်၏။

"နောင်ကြီးရဲ့ ပညာကတော့ တကယ့်ကို ချီးကျူးစရာပါပဲ"

ထိုသူလည်း ပြေးသွားနေရာမှရပ်တန့်လိုက်ပြီး ပခုံးပေါ်မှ အခေါ် အောက်သို့ညင်သာစွာချလိုက်သည်။ ထို့နောက် ချန်ပိန်းကို လက် နှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

"အခုလို ကျုပ်ကိုအကူအညီပေးတဲ့အတွက် ငါ့ညီကိုဂါဝရ ပြုပါ ကျုပ်နာမည် ဟွန်းအိခွန်းပါ"

ချန်ပိန်းက လက်ကာ၍တား၏။

"အို နောင်ကြီးဟွန်း ဒီလို မလုပ်ပါနဲ့၊ ကျွန်တော့်ကို ဂါရဝ မလိုအပ်ပါဘူး"

"ဒါဆို ခဏနေဦးနော် ငါ့ညီ၊ ကျုပ်အမေကို အလျှင်ဆုံး သင်္ဂြိုဟ်လိုက်ဦးမယ်"၊ ပြီးမှပဲ စကားစမြည် ပြောကြတာပေါ့"

ထိုသူက လမ်း၏ဘယ်ဘက်တွင် တွင်းတစ်တွင်းတူးပြီး အခေါ် မြှုပ်နှံလိုက်သည်။ မြေပုံတွင် မှတ်တိုင်ကလေးတစ်ခုကိုလည်း စိုက် လိုက်သည်။ မှတ်တိုင်ပေါ်တွင်

"ဟွန်းမိခင် ချင်ကတော်"

ဟူသော စာတန်းကို ရေးခြစ်လိုက်သည်။

သူသည် မြေပုံကိုကြည့်ပြီး မျက်ရည်များတွေတွေကျဆင်း လေတော့၏။

ချန်ပိန်းက ထိုသူကို သိမ်မွေ့ညင်သာစွာ စပြောလေသည်။

"ကျွန်တော့်နာမည် ချန်ပိန်းလို့ခေါ်ပါတယ် နောင်ကြီးဟ စောစောက လူတွေနဲ့ နောင်ကြီးက ရန်ငြိုးရှိကြလို့လား"

ဟွန်းအိခွန်းက မျက်ရည်သုတ်ပြီး ပြန်လည်ဖြေကြားလေသ



"ကျုပ် တကယ်ပဲ မသိပါဘူး၊ သူတို့က ကျုပ်မေမေ့ရန်သူတွေ ဖြစ်မှာပေါ့၊ ကျုပ်ရဲ့မေမေဟာ အသက်ရှင်နေတုန်းက ရန်သူတွေ ဘက်များခဲ့တယ်နဲ့ တူပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ နောင်ကြီးဟွန်းကို ဒီလောက်တိုက်ခိုက် တော့ ပြန်ခုခံဖို့ကောင်းတာပေါ့"

"ကျုပ်က ကျုပ်အမေရဲ့အလောင်းရှေ့မှာ သစ္စာပြုထားခဲ့တယ်၊ ယောက်ကလွဲပြီး ဘယ်တော့မှ သူတစ်ပါးနဲ့ မတိုက်ခိုက်ပါဘူးလို့ ထားတယ်၊ ဒီတော့ စောစောကလူတွေ ကျုပ်ကို ဘယ်လို တိုက်ခိုက် က် ကျုပ်အဖို့တွက်ပြေးဖို့ နည်းလမ်းတစ်လမ်းပဲ ရှိတော့ တာပေါ့"

ချန်ပိန်းသည် ထိုလူ၏ ထူးဆန်းသောစကားကို ကြားလိုရသဖြင့် တရာ အံ့ဩမိသည်။

သို့သော် စပ်စပ်စုစု မေးမြန်းခြင်းမပြုမိချေ။ သူ့လက်ထဲမှ ဓားကိုသာ က်မိ၏။

"ကျုပ်အမေ ပြောစကားအရတော့ ဒီဓားကို ဝိညာဉ်ဓားလို့ခေါ်သတဲ့၊ အဖေသေရတာ ဒီဓားနဲ့ အဓိကပတ်သက်နေတယ်၊ ဒီဓား ထဲမှာ ရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုကို သိမ်းဆည်းထားတယ် လို့ဆိုတယ်၊ ယ့် နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင်အောင် ကျုပ်အမေ့အသေအချာ ာခဲ့ပေမယ့် ဘာ လျှို့ဝှက်ချက်မှ မတွေ့ခဲ့ရဘူးတဲ့၊ အခုတော့ အမေလဲ ဆုံးသွားပြီ၊ ဒီဓား ကျုပ်လက်ထဲမှာ ရှိနေလို့လဲ ဘာမှ သုံးမှာ မဟုတ်တော့ဘူး၊ နောက်တစ်ချက်က ဒီဓားကို ကျုပ် တန်ဖိုးနဲ့ ရောင်းပြီးသားဆိုတော့ ကျုပ်ပစ္စည်း မဟုတ်တော့ပါဘူး၊ င်ကိုပဲ လက်ဆောင်ပေးလိုက်ပါရစေ"

ချန်ပိန်းက ဓားကိုသေချာစွာကြည့်ရှုသည်။ အရိုးတွင် ကျောက်စိမ်း ွင်းထုထားသော နဂါးတစ်ကောင်ကို တပ်ဆင်ထားသည်။

"နောင်ကြီးကို ကျွန်တော် တစ်ခုလောက် မေးကြည့်ချင်တယ်"

"မေးပါ။ မေးချင်တာ မေးနိုင်ပါတယ်"

"စောစောတုန်းကပြောတော့ နောင်ကြီးမိခင်မှာ ရန်သူ အများကြီး ရှိခဲ့တယ်ဆို၊ နောင်ကြီးက သူတစ်ပါးနဲ့ မတိုက်ခိုက်ပါဘူး ကတိပြုထားတော့ နောင်ကြီး အနေနဲ့ သိုင်းလောကထဲမှာ သွားရ ရတာ အန္တရာယ်မများနိုင်ပေဘူးလား"

ဟွန်းအိခွန်းက တဟားဟား ရယ်မောလိုက်သည်။

"ကျုပ် ငယ်ငယ်ကတည်းက ဘာကိုမှ စိတ်မဝင်စားဘဲ ပညာသင်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်သွားပြီ၊ အဆင့်မြင့် သမား တွေနဲ့လဲ ဆုံခဲ့ကြုံခဲ့ဖူးပြီးပြီ၊ ကျုပ်သူတို့ကို နိုင်အောင်မ ခိုက်နိုင်ဘူး ဆိုပေမယ့် အလွတ်ရုန်းထွက်ပြေးဖို့လောက်တော့ ဖြ ပါတယ်လေ"

ချန်ပိန်း ငိုင်သွားမိသည်။ ဟွန်းအိခွန်း၏ စကားကမှန်လှ လက်ရည်တူများနှင့် တိုက်လျှင် ပြေးရှောင်၍လွတ်နိုင်ပေသည်။

"ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

ဟွန်းအိခွန်းက နှုတ်ဆက်ပြီး ဂါရဝပြု၏။

ချန်ပိန်းက ပြန်လည်ဂါရဝပြုနေစဉ်မှာပင် ဟွန်းအိခွန်းဆို လူထူးလူဆန်း ပုဂ္ဂိုလ်သည် အဝေးသို့ ပြေးထွက်သွားလေတော့သ

❖ ❖ ❖

အခန်း (၁၇)

ချီရှားတောင်ထိပ်သို့

ချန်ပိန်း ဟွန်းအိခွန်းနှင့် ခွဲခွာခဲ့ပြီး မနားမနေ ခရီးဆက်ခဲ့ရာ စောင်းသောအခါ ကျယ်ပြန့်သော လွင်ပြင်ကြီးတစ်ခုဆီသို့ ရောက်ရှိ ခဲ့သည်။

နေရောင်က တဖြည်းဖြည်း ပျော့မှိန်လာပြီး အမှောင်က တစ်စ ဝါးမျိုလာသည်။

ထိုအချိန်မှာပင် အုံ့ညှိုဖွယ်ရာပေါင်းအိုနေသော တရုတ်ဘုန်း ကြီးကျောင်း တစ်ကျောင်းကို တွေ့လာရလေသည်။

"ဒီအနီးအနား တစ်ဝိုက်မှာ လူနေအိမ်ခြေလည်း မရှိဘဲနဲ့ ယ် ဘုန်းကြီးကျောင်းက ရှိနေရတာလဲ"

ချန်ပိန်း မျက်မှောင်ကြုတ်လိုက်မိသည်။ ဘုန်းတော်ကြီးကျောင်း အုတ်ခဲများသည် ပြိုကွဲပျက်စီးလျက်ရှိနေလေပြီး ကျောင်းထဲတွင် မီးရောင်မမြင်ရချေ။

ချန်ပိန်းသည် သတိမပြတ်ထားကာ ကျောင်းထဲသို့ ဖြည်းညင်းစွာ တက်ဝင်လာခဲ့သည်။

ကျောင်းဝင်းထဲမှ လေကို ရှူရှိုက်မိသောအခါ ချန်ပိန်းတွင်... ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် လေထဲ၌ သွေးညှီနံ့ပါနေသော... ကြောင့်တည်း။

သူသည် စိတ်လှုပ်ရှားစွာဖြင့် ရှေ့သို့စမ်းတဝါးဝါးလှမ်းတက်... ခဲ့မိသည်။ ခြေထောက်က တစ်စုံတစ်ခုကို အမှတ်မထင် ခလုတ်တို... မိသွားသည်။

ချန်ပိန်း အလန့်တကြားဖြစ်သွား၏။ အလောင်း တစ်လောင်း... ခလုတ်တိုက်မိခြင်းဖြစ်ကြောင်း သိလိုက်ရသောကြောင့် ဖြစ်ပါသည်...

ချန်ပိန်း မှောင်ထဲတွင် မျက်လုံးကို ကျင့်သားရအောင်ပြုလုပ်... အသေအချာကြည့်လိုက်မိ၏။

ဘုန်းတော်ကြီးတစ်ပါး လဲကျပျံလွန်တော်မူနေသည်ကို တွေ့လို... ရတော့သည်။

"ဘုရားရေ၊ လူမရှိ သူမရှိတဲ့ နေရာမှာ ဘုန်းတော်ကြီး... ဘယ့်နှယ်လာပြီး ပျံလွန်နေရတာလဲ"

ချန်ပိန်း စိတ်ထဲမှ ရေရွတ်မိ၏။

သူသည် သဟိဗိရိယထားလျက် ရှေ့သို့ပို၍ တိုးလိုက်... နောက်ထပ် အလောင်းတစ်လောင်းကို ခလုတ်တိုက်မိပြန်သည်။

"အင်း"

ချန်ပိန်း အံ့ဩနေစဉ်မှာပင် ကျောင်းထဲမှ လေးလေးပင်ပ... သက်ပြင်းချသံတစ်ချက်က ထွက်ပေါ်လာသည်။ ချန်ပိန်းရှေ့ဆက်၍... တော့ပေ။

ငြိမ်၍ နားထောင်နေလိုက်မိသည်။ ထိုအခါ စကားပြောသံမှာ... ကြားလာရတော့သည်။



"ဘယ်အချိန်ရှိပြီလဲ တာ့လျှိုး"

"မသိပါဘူး၊ တော်တော်တော့ မှောင်နေပြီ"

"တာ့ကြွေတို့ကော ဘယ်လိုနေသေးလဲ"

"အားလုံး ပျံလွန်တော်မူကုန်ပါပြီ ဘုရား"

"မင်းကော အခြေအနေ ဘယ်လိုရှိသလဲ"

"တပည့်တော်လဲ နေရတော့မယ် မထင်ပါဘူး ဘုရား"

"အင်း တို့တစ်တွေ ကျောင်းပြောင်းပြီး ထွက်ပြေးခဲ့ပေမယ့် ...ရာမှာလာပြီး အသက်ဆုံးကြရတယ်၊ ဒါတွေဟာ ငါ့အပြစ်တွေပါပဲ ...ငါ့အပြစ်တွေပါပဲ"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဘုရား၊ ကိုယ့်ကိုယ်ကို အပြစ်ပုံ ...နေပါနဲ့၊ ကံစီမံရာအတိုင်း ဖြစ်ရတာလို့ပဲ စိတ်ဖြေပါ့ဘုရား"

စကားသံများ ခေတ္တရပ်ဆိုင်းသွားပြန်သည်။ ချန်ပိန်းငြိမ်နေမိ၏။ ...ည်းငယ်မျှ မလှုပ်ရှားဘဲ ငြိမ်နေမိသည်။

"တာ့လျှိုး ငါအခုဘာတွေတွေးနေတယ်ဆိုတာ မင်းသိလား"

"တပည့်တော် ခန့်မှန်းမိသလောက် ပြောရရင်တော့ ...တော်ဟာ တပည့်တော်တို့ကို အလစ် တိုက်ခိုက် သွားတဲ့ မျက်နှာဖုံး ...လူဟာ ဘယ်ကလဲ၊ တပည့်တော်တို့ရဲ့ ကျင်းရှား ကျောင်းတော်နဲ့ ...ရှား သိုင်းပညာတွေ ခေတ်အဆက်ဆက် နာမည် ကျော်ကြားခဲ့သမျှ ...ဆုံးရှုံးသွားပြီ ဘယ်လို ပြန်လည်ထူထောင်ရမလဲဆိုတာ ဆရာတော် ...နေတယ်မဟုတ်လား၊ နောက်ပြီး မနက်ဖြန် ညရဲ့ ချိန်းဆိုပွဲကို ...သူလူစား လွှတ်သွားနိုင်းရမလဲဆိုတာ စိတ်ပူ နေတယ် မဟုတ်လား"

ဆရာတော်က သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"အင်း တာ့လျှိုး၊ မင်း ငါ့ရဲ့စိတ်သဘောကို ကောင်းကောင်း

သိနေပါလား၊ ဒါတွေဟာ ငါ့စိတ်ထဲမှာ ပုပ္ပန်စိုးရိမ်မိတာတွေပါကွာ တကယ်တမ်းပြောရရင် ဒီလို လူသူမဲ့တဲ့လွင်ပြင်ထဲမှာ မင်းရယ် ငါရယ် သေရမယ့်အချိန်ကို စောင့်နေဖို့ပဲ ရှိတော့တယ်"

တာ့လျှိုး ဘာမျှပြန်မဖြေ၊ အသက်ရှူသံ တဖြည်းဖြည်းမြ... လာသည်။

"တာ့လျှိုး တာ့လျှိုး"

"ဆ - ဆရာတော် - တပည့် - တပည့်တော် - သွား - သွား... တော့မယ်"

အသံက ရုတ်ခြည်း တိတ်ဆိတ်သွား၏။ တာ့လျှိုး အသက်... ထွက်သွားပြီဖြစ်ကြောင်း ချန်ပိန်းပင် သိလိုက်မိသည်။

"ဘုရား - ဘုရား - တာ့လျှိုးရယ်၊ မင်းလဲငါ့ကို ခွဲခွာသွား... ပကောလား"

အသံက ကြေကွဲနေသည်။ ချန်ပိန်း၏ရင်ထဲ၌ ထိခိုက်သွား လေ... ဤဘုန်းတော်ကြီးများအား တစ်ဖက် ရန်သူသည် အဘယ်အငြိုး ဖြ... ရက်ရက်စက်စက် ဤသို့သတ်ဖြတ်ရသနည်း၊ ချန်ပိန်းသည် အမှတ်... မထင် ခြေထောက်ရွေ့မိရာမှ ရုပ်ခနဲခြေသံ ထွက်သွားမိလေ၏။

"အပြင်က ပုဂ္ဂိုလ်၊ ဒီမှာ ကိုယ်တော်တစ်ပါး မသေသေးဘူ... သတ္တိရှိရင် အထဲကို ဝင်ခဲ့ပါလား"

ဆရာတော်က အခန်းအတွင်းမှ အော်ဟစ်စိန်ခေါ်လိုက်သည်... ချန်ပိန်းမှာ ပျာပျာသလဲ ရှင်းပြဖို့ကြိုးစားရသည်။

"ဆရာတော် အထင်မလွဲပါနဲ့ တပည့်တော် ရန်သူမဟုတ်ပါဘူး"

"ရန်သူမဟုတ်ရင် အထဲကို ဝင်လာခဲ့ပါ"



တရုတ်ဘုန်းတော်ကြီးက ခေါသဖြင့်အမိန့်ပေး၏။ ချန်ပိန်းလည်း ...တံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

မှောင်ပျပျအခန်းထဲတွင် တရုတ်ဘုန်းကြီးအိုတစ်ပါးမလှုပ်မယှက် ...တင်ပျဉ်ခွေ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ သူကဘုန်းကြီးနှင့် ခြေလှမ်း ...ငါးလှမ်းခန့်အကွာ၌ ရပ်လိုက်၏။

ဘုန်းကြီးအိုကရုတ်တရက် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက် သည်။ ကြိုးနက် တစ်ချောင်းသည် အသက်ရှိသော မြွေကဲ့သို့ချန်ပိန်းကို ...စ်ပတ်ချည်နှောင်လာသည်။ ချန်ပိန်းမှာ အကြီးအကျယ် ထိတ်လန့် သွားသည်။ ထို့ကြောင့် သူ့ကိုယ်ဖော့ပညာသုံးကာ သူ့ခန္ဓာကိုယ်ကို ...သေထဲ၌ လှည့်တက် လိုက်ရတော့၏။

ချန်ပိန်း၏ခန္ဓာကိုယ်သည်လည်း မြားတစ်စင်းပမာ မြောက်တက် သွားပြီး အနှောင်အဖွဲ့မှလွတ်ကင်းသွားရသည်။ ကြိုးနက်သည် သူ့မျက်နှာ အနီးမှ ဝူးခနဲဖြတ်သွားပြီး တရုတ်ဘုန်းကြီးအိုကြီး၏ တိုက်ခိုက်မှုသည် သုံးဝ ရပ်ဆိုင်းသွားတော့သည်။

ဘုန်းကြီးအိုကား သူ့ထက်ပင် ပိုမို၍ ထိတ်လန့်အံ့ဩနေရှာ ...သည်။ ဘုန်းကြီးအို ထုတ်သုံးလိုက်သောပညာမှာ လွင်ပြင်ကန္တာရရှိ ...ကျောင်းရာသိုင်းပညာ၏ အထူးခြားအဆန်းကြယ်ဆုံးသော ကြိုးသိုင်းပညာရပ် ...တစ်မျိုးဖြစ်၏။

ထိုကြိုးသိုင်းပညာဖြင့် ဖမ်းယူပါက တော်ရုံတန်ရုံလူသည် လုံးဝ ...လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပေ။ သို့သော် လူစိမ်းဖြစ်သော လူငယ်ကမူ ...သူနှင့်မလှမ်းမကွာအရပ်၌ ခိုင်မြဲစွာရပ်နေသေးသည် မဟုတ်ပါလား။

"သူငယ်လေး မင်းဘယ်အဖွဲ့ကလဲ၊ ဘယ်ဂိုဏ်းကလဲ၊ ငါ ပျံလွန် ...တော်မမူခင် သိသွားပါရစေ"

ချန်ပိန်းက ခေါင်းခါပြလျက် -

"ဆရာတော် အထင်မှားနေပါပြီ ဘုရား။ တပည့်တော်က ခရီး
တစ်ယောက်ပါ။ ဆရာတော်ကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး"

"ဒါဆိုရင် ခုနတုန်းက ငါနဲ့ တော့လျှိုး ပြောတဲ့စကားတွေ
ကြားခဲ့ပြီးပြီပေါ့"

"တင်ပါ့၊ ကြားပြီးပါပြီဘုရား"

ဘုန်းတော်ကြီး ခဏမျှ ဆိုင်းငံ့နေသည်။ စဉ်းစားနေဟန်တူ
အတန်ကြာမှ သူ့အကြောင်းကို ဖွင့်ဟသည်။

"သူငယ်လေး ကျုပ်ဟာ လူသူကင်းရာ အရပ်မှာ ဆယ်
ကျော်ကျော် တရားထိုင်ခဲ့တဲ့သူပါ။ ပြည်မ ဒေသဘက်ကို ယော
တောင်မှ ခြေဦးလှည့်ခဲ့တဲ့လူ မဟုတ်ပါဘူး။ အခုဘယ်လိုကနေဘယ်
ဖြစ်တယ်မသိဘူး၊ အလစ်အတိုက်ခိုက်ခံလိုက်ရတယ်၊ ကျင်း
ကျောင်းတော် တစ်ခုလုံး ဆုံးရှုံးပျက်စီးသွားခဲ့ရတယ်"

"ဘယ်သူက အလစ် ဝင်တိုက်တယ် ဆိုတာကို ဆရာ
မသိဘူးလား ဘုရား"

"မသိရပါဘူးကွယ်၊ ဘယ်လိုပဲ စဉ်းစားစဉ်းစား အဖြေမ
ပါဘူး။ တစ်ညတည်းမှာ အဆင့်မြင့် သိုင်းသမားတွေကို ဒီလော
မြန်မြန်ဆန်ဆန်ကြီး ရစည်းနိုင်တဲ့ ရန်သူကို ဘယ်လိုမှ မစဉ်းစားတ
အောင်ပါပဲကွယ်"

"ဆရာတော်က သူတို့မျက်နှာတွေကို အသေအချာ မကြ
မိခဲ့ဘူးလား"

ဆရာတော်ကပြန်မဖြေဘဲ ချန်ပိန်းကို စိုက်ကြည့်နေသည်။ ပြီ
လက်ယပ်ပြလျက်



"သူငယ်လေး။ ဒီဘက်ကိုခဏလောက် လာခဲ့ပါလား"

ချန်ပိန်းက အရိုးခံအတိုင်း ဘုန်းတော်ကြီးအနီးသို့ လျှောက်
သွားသည်။ ဘုန်းကြီးအိုက သူ့အနီးရောက်သည်နှင့် ရုတ်တရက်လက်ကို
ဆန့်ထုတ်လိုက်သည်။

ချန်ပိန်း၏ ခါး၊ လက်မောင်း၊ ချိုင်းတို့အပေါ်မှ သွေးကြော ငါးနေရာ
ကို ရုတ်တရက် ထိုးပိတ်လိုက်သည်။ ချန်ပိန်းမှာ အထိတ်တလန့်
ဖြစ်သွားရသည်။

"ဆရာ ဆရာတော်"

ဘုန်းတော်ကြီးမှာ အတန်ကြာ စဉ်းစားဟန်ပြုပြီးမှ လက်လွှတ်
ပေးလိုက်သည်။

"အင်း မင်းဟာ ခုနတုန်းက တို့ကို အလစ်လာတိုက်ခိုက်တဲ့
သူ မဟုတ်ဘူး"

"ဆရာတော်က အလစ်တိုက်ခိုက်ခံရတယ်သာ ဆိုပြီး တပည့်
တော်ကိုတော့ ဘာကြောင့် အလစ်တိုက်ရတာပါလဲ"

"စိတ်မဆိုးနဲ့ သူငယ်လေး၊ တကယ်တော့ ကိုယ်တော့်ကျောပြင်
မှာ သံမဏိလက်ဝါးရိုက်ချက် အမိခံထားရပါတယ်၊ ကိုယ်တွင်းမှာရှိတဲ့
အရေးကြီးသွေးကြောတွေ ပြတ်တောက်ဒဏ်ရာရနေပါပြီ၊ မိုးလင်းတဲ့
အထိ တောင်မှ ကျုပ်အသက်ခံနိုင်ချင်မှ ခံနိုင်ပါလိမ့်မယ်"

ချန်ပိန်း အံ့အားသင့်မိသည်။ သံမဏိလက်ဝါး ဆိုသည်မှာ
အလွန်တရာ ကြောက်စရာကောင်းသော လက်ဝါးသိုင်းဖြစ်သည်။

ထိုလက်ဝါးတစ်ချက် အရိုက်ခံရသည်နှင့် တော်ရုံတန်ရုံ သိုင်း
သမားသည် သွေးပွက်ပွက်အန်ပြီး သေဆုံးသွားနိုင်လေ၏။

ယခု တရုတ်ဘုန်းကြီး အိုကြီး၏ အတွင်းအားမှာ လွန်စွာ ကော မွှန်လှကြောင်း တွေ့နေရသည်။ ဘုန်းကြီးအိုကြီးသည် သံမဏိ လ ဒဏ်ကို အန်တုဖက်ပြိုင်လျက် ရှိနေခဲ့လေပြီ။

"သူငယ်လေး၊ ကျင်းရှားဘုန်းတော်ကြီးကျောင်းအဆက်ဆက် မင်းကြားဖူးရဲ့လား"

"ကြားဖူးပါတယ် ဘုရာ့"

"ကျင်းရှား ကျောင်းတော် အဆက်ဆက်ဟာ လွင်ပြင်က ထဲမှာပဲ အထီးတည်း သီးသန့် တည်ရှိတယ်၊ ပြည်မသိုင်းလောက ခြေလှမ်းတစ်လှမ်းတောင်မှ ကျူးကျော်ခဲ့တာ မရှိခဲ့ဘူး၊ ဒါပေမယ် ကျင်းရှားဂိုဏ်းကတော့ နာမည်ကျော်ကြားခဲ့တယ်၊ ပြည်မမှာ အဆင့် သိုင်းသမားတွေ ဘယ်လောက်ပဲ ပေါ်ထွန်းခဲ့ ပေါ်ထွန်းခဲ့ ကျင်းရှားဂိုဏ် အထင်မသေးဝံ့ကြဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က တို့ရဲ့ကျောင်းတော်ထဲမှာ အပြောင်းအလဲကြီး ပြောင်းလဲခဲ့တယ်"

တရုတ်ဘုန်းတော်ကြီးက စကားကို ခဏရပ်တန့်ထားလိုက် သ ဝေဒနာကို အတွင်းအားဖြင့် တားကာ သူ့စကားကိုဆက်သည်။

"ကျောင်းထိုင်ဆရာတော် ကျင်းဟုန်းနဲ့ တိုက်အုပ်ဆရာ စကား အကြီးအကျယ်များခဲ့ကြတယ်၊ ကျင်းဟုန်းဆရာတော်က စိတ် ကျင်းရှားလက်ဝါး သိုင်းပညာထဲက အကောင်းဆုံး လျှို့ဝှက်သိုင်းက သုံးအုပ်ယူပြီး ထွက်သွားခဲ့တယ်၊ ကျောင်းတော်ကိုလဲ ပြန်ပြီး ခြေဦးမ တော့ဘူး၊ အဲ့ဒီကအစပြီး ကျင်းရှားကျောင်းတော်ဟာ အလျင်က ဂုဏ်သိက္ခာမြင့်မားခြင်း မရှိဘဲ ဖြစ်ခဲ့ရပါတယ်"

ချန်ပိန်းမှာ ကျင်းရှားကျောင်းတော်၏ ရာဇဝင်ကို မထင်မှတ် ကြားနေရသည်။ အဘယ်ကြောင့် ဤသို့ ထုတ်ဖော်ပြောဆိုနေသည် သူနားမလည်ချေ။



အတန်ကြာမှ ဘုန်းတော်ကြီးက စကားဆက်ပြောသည်။

"သူငယ်လေး၊ နာမည်က ဘယ်လိုများခေါ်သလဲ"

"ချန်ပိန်းပါဘုရား"

"ချန်ပိန်း ကျုပ်တို့ ဂိုဏ်းထဲဝင်ပါလား"

"မဝင်ပါရစေနဲ့ဘုရား၊ တပည့်တော် ဖြစ်နိုင်မယ်မထင်လို့ပါ ဘုရား"

"အင်း ကျုပ်တို့ ဂိုဏ်းထဲမဝင်ချင်လဲ ရပါတယ်လေ၊ ဒါ့ပေမယ့် ပ်အတွက် တစ်ခုတော့လုပ်ပေးပါလား"

"အမိန့်ရှိပါဘုရား၊ တပည့်တော် တတ်နိုင်တာမှန်သမျှ ကူညီဖို့ ဆင်သင့်ရှိပါတယ်"

ဘုန်းတော်ကြီးက ခဏမျှ စဉ်းစားပြီး

"ကျုပ်ရဲ့ အတွင်းဒဏ်ရာ အခုဆိုရင် တော်တော်လေးကို ခြေအနေဆိုးနေပြီ မိုးလင်းတဲ့အထိ ခံနိုင်မှာမဟုတ်တော့ဘူး၊ ကံကောင်း ကြောင်းဆုံလို့သာ သူငယ်လေးနဲ့တွေ့ကြရတာ၊ ဒီတော့ ကျုပ်မှာတာကို က်ဆက်ဆောင်ရွက်ပေးဖို့ တောင်းပန်ချင်ပါတယ်"

"ပြောသာ ပြောပါဘုရား၊ တပည့်တော် ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် သူငယ်လေး၊ ကျုပ်မှာချင်တာက ဒီကနေ က်ပြီး မိုင်တစ်ရာလောက် သွားလိုက်ရင် ချီရှားတောင်ကို တွေ့ရပါ မ့်မယ်၊ အဲဒီမှာ အဘွားအိုတစ်ယောက်ရှိတယ်၊ သူ့ ပခုံးပေါ်မှာ ဝါရောင်ကြိုးတစ်ချောင်းသိုင်းချည်ထားလိမ့်မယ်၊ သူ့ကိုတွေ့ရင် လွန်ခဲ့တဲ့နှစ်က လပျံဘုန်းတော်ကြီးနဲ့ ချိန်းဆိုထားတာကို ဖျက်သိမ်း က်ပါတော့၊ ကျင်းရှားဂိုဏ်း တစ်ဂိုဏ်းလုံး ပျက်စီးသွားပါပြီ"လို့ ပြောပေး ဒီပစ္စည်းလေးကိုတော့ ထိန်းသိမ်းပေးပါလို့ ပြောပေးပါ သူငယ်လေး"

ဘုန်းတော်ကြီးသည် ခါးပန်းကြိုးတွင် လိပ်ထားသောစက္ကူလိပ် စ်လိပ်ကို ထုတ်ပေးသည်။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျုပ်တို့ရဲ့ ကျောင်းရားကို ပြန်လည်ထူထောင်ပေးဖို့ သူ့ကိုထပ်မံ မေတ္တာရပ်ခံပေးပါ။ တက သူက လက်မခံဘူးဆိုရင် ဟောဒီပစ္စည်းလေးကို ထပ်ပြီး ပြလို

ဘုန်းတော်ကြီးက ထပ်မံပေးသော ပစ္စည်းကို ချန်ပိန်းယူ လိုက်သည်။ လက်ညှိုးခန့်သာရှိသော ငွေလေ့ကလေးဖြစ် ထုလုပ်ထားပုံမှာ အနုပညာ လက်ရာမြောက်လှသဖြင့် ချန်ပိန်းငေ မိသည်။

ဘုန်းတော်ကြီးက ထပ်မံ မေတ္တာရပ်ခံသည်။

"သူငယ်လေးချန်ပိန်း ရှေ့ကို ခဏလောက်တိုးခဲ့ပါ"

ချန်ပိန်း အနီးသို့ တိုးကပ်လိုက်သည်။ ဘုန်းတော်ကြ ရုတ်တရက် လက်ဆန့်ထုတ်လိုက်ပြီး ချန်ပိန်း၏သွေးကြောအစုံကို ဖ လိုက်သည်။

"ဆရာတော် ဆရာတော်"

ချန်ပိန်း အကြီးအကျယ်ထိတ်လန့်သွား၏။ သူ့လွတ်အော မရုန်းနိုင်တော့ပေ။ သူ့ သွေးကြောထဲသို့ အပူငွေ့များ တဖြည်းဖြည်း လာတော့သည်။

မျက်လုံးများ ရီဝေလာပြီး အိပ်ချင်မူးတူး ဖြစ်လာသည်။ လည်း ပြောနိုင်စွမ်းမရှိတော့ပေ။

"မင်း ကံထူးတယ်လို့မှတ်ပါ သူငယ်လေး။ အနှစ်နှစ်ဆယ်လော ဆည်းပူးလေ့ကျင့်ရမယ့် အတွင်းအားပညာတွေ မင်းကိုယ်ထဲ အခုအချိန် ကစပြီး ရောက်သွားပြီ"

ဘုန်းတော်ကြီး ချန်ပိန်း၏သွေးကြောများကို ထောက်ဖိထား တီးတိုးပြောပြနေသည်။



ချန်ပိန်းကား ဘာမျှ မသိတော့ဘဲ မူးဝေလဲကျသွားလေတော့၏။

နံနက် ရောင်နီပျို့လာသည့် အချိန်မှာပင် ချန်ပိန်းလည်း သတိရ ၏။ နမူးနထိုင်း ဖြစ်နေသဖြင့် ဖြစ်ပျက်ခဲ့သည်များကို ပီပြင်ရှင်းလင်းစွာ သေးပေ။

သို့သော် ကျောင်းရားဆရာတော်၏ ရုပ်အလောင်းကို တွေ့လိုက် သောအခါမှ ယမန်နေ့ညက အဖြစ်အပျက်များကို သူပြန်လည် အမှတ်ရ သည်။

သူ့အား အမှာစကားပြောကြားခြင်း၊ အဘွားအိုအား ပေးရန် ည်းများကို သူ့အားပေးအပ်ခြင်းနှင့် ကျောင်းရားအတွင်းအားပညာ သွင်း ပေးခြင်းတို့ကို ပြန်လည်အမှတ်ရလာ၏။

ချန်ပိန်းသည် ကံကြမ္မာဆိုးဖိစီးခံရသော ကျောင်းရားဘုန်းတော်ကြီး ားကို လွန်စွာ ကရုဏာသက်သွားမိ၏။ ဆရာတော်က သူ့အားမှာကြား သည့် အချက်များကို အပြည့်အစုံဆောင်ရွက်ပေးမည်ဟု သန္နိဋ္ဌာန်ချလိုက် သည်။

ထိုင်ရာမှ ထလိုက်သောအခါ သူ့ခါးကြား အထုပ်တစ်ထုပ် ည်နှောင်ထားသည်ကို သတိပြုမိ၏။ အထုပ်ကိုဖြေကြည့်လိုက်ရာ အားပုလင်းနှစ်ပုလင်းနှင့် ငွေသားအချို့ကိုတွေ့ရသည်။

ချန်ပိန်းသည် သေချာ စေ့စပ်လှသည့် ကျောင်းရား ဆရာတော် အား ဒူးတုပ်ရှိခိုးသည်။ ထို့နောက် တိတ်ဆိတ်စွာ ကျောင်းပေါ်မှ ဆင်းသက် ခဲ့ပါတော့သည်။

သူသည် အဝေးဌ မှိုင်းညို့ညို့တောင်တန်းများရှိရာသို့ ထွက်ခွာ လာခဲ့သည်။ ချီရှားတောင်သည် မည်သည့်နည်းနှင့်မျှ လွင်ပြင်ဒေသဌ ရှိနိုင်ကြောင်း သူသိသည်။

ထို့ကြောင့် တောင်ကုန်းများရှိရာသို့ ထွက်လာခြင်းဖြစ် တော
သူ၏ ကိုယ်ဖော့ပညာမှာ ပြိုင်စံရှားကောင်းလှသဖြင့် မိုင်တစ်
ခရီးကို တစ်နေ့တစ်ညဖြင့် ရောက်ရှိလာခဲ့လေ၏။

သူ တောင်ပေါ်စတက်မိစဉ်မှာပင် အသံများကြားလိုက်ရ
ခေတ္တပုန်းအောင်းလိုက်ရသည်။ သူချောင်းကြည့်လိုက်ရာ တော
တောင်သားပုံသဏ္ဌာန်ရှိသည့် လူငယ်နှစ်ယောက်ကို တွေ့လိုက်ရ

ထိုလူငယ်နှစ်ဦးမှာ ထိုဒေသရှိ လူနေကင်းဝေးလှသည့်
တစ်ရွာမှ ရွာသားများပင် ဖြစ်တော့သည်။

ထိုလူငယ်များ၏ အသွင်သဏ္ဌာန်ကို မြင်ပြီးသောအခါမှ ခ
ပုန်းအောင်းရာမှ ထွက်လာသည်။

"ညီလေးတို့ ချီရှားတောင် ဘယ်နားမှာ ရှိတယ်ဆိုတာ သိ
ပါတယ်"

လူငယ် နှစ်ဦးသည် သူ့အမေးစကားကြောင့် ပြုံးစိစိဖြစ်
ကြသည်။ အဘယ်ကြောင့် ပြုံးစိစိဖြစ်သွားသည်ကို ချန်ပိန်းနားမ

"အင်း တကယ့်ကို တိုက်ဆိုင်လွန်းတာပဲ၊ ဒီနေ့ တစ်နေ့
မှာ ချီရှားတောင် ဘယ်နေရာမှာရှိသလဲလို့ လာမေးတဲ့လူတွေ
တော့ဘူး။ ခင်ဗျားပါဆိုရင် ရှစ်ခါတောင်ရှိသွားပြီ"

"ဟင် ဟုတ်လား၊ ရှစ်ခါတောင်ရှိသွားပြီလား"

"ဟုတ်တယ်၊ အစုတွေ အဖွဲ့တွေပဲ၊ သိုင်းသမားတွေနဲ့တူတ

"ဖြစ်နိုင်ပါတယ်၊ ချီရှားတောင်ထိပ် ဘယ်မှာရှိတယ်ဆိုတာ သိ
ကျေးဇူးပြုပြီး ပြောပြပါလား"

"ဒီလမ်းအတိုင်း အပေါ်ကို ဆက်တက်သွားရင် တောင်ထိ
ကြိုးတံတားတစ်ခုကိုတွေ့လိမ့်မည်၊ ကြိုးတံတားကို ဖြတ်ကျော်ပြီး



တစ်တောင်ကို ရောက်မယ်၊ အဲဒီတောင်ကို ဆက်တက်သွားရင်
တောင်ထိပ်ကိုရောက်ပြီမှတ်ပေတော့"

ချန်ပိန်းသည် လူငယ်နှစ်ဦးကို ကျေးဇူးတင်စကားပြောပြီး
ထိပ်ရှိရာသို့ ထွက်ခွာလာခဲ့သည်။ လူငယ်နှစ်ဦး မြင်ကွင်းမှ
ကွယ်သည်နှင့် သူ၏ ကိုယ်ဖော့ပညာကို ထုတ်သုံးတော့သည်။
သူ၏ ပြေးနှုန်းမှာ လွန်စွာပေါ့ပါးလျင်မြန်လှသဖြင့် သူ့ရှေ့မှ
များကို တစ်ခဏချင်းပင် မီလာသည်။ ရှေ့မှခရီးသွားများ၏
သံပင် သူ့ထံပျံ့လွင့်လာသည်။

"သိပ်လဲအရေးတကြီး သွားနေစရာမလိုပါဘူးကွာ၊ မိုးမလင်းခင်
တောင်ထိပ်ကို ရောက်မှာပါ"

ထိုအသံက စူးရှလှ၏။ အခြားတစ်ယောက်၏ အသံထွက်ပေါ်
သည်။

"တို့ရှေ့ကသွားတဲ့ လေးယောက်ဟာ ရွှေစားသခင်ကြီးလုရဲ့
တော်တွေပဲ ဖြစ်ရမယ်၊ ခုနတုန်းကတို့ကို သူတို့ကျော်ဖြတ်သွား
တစ်ချက်ကလေးမှတောင် လှည့်ကြည့်မသွားဘူး၊ တို့နောက်ကျ
သူတို့ ကဲ့ရဲ့စရာဖြစ်နေပါဦးမယ်ကွာ"

"တကယ်လို့ မနက်ဖြန်ခါကျရင် ခွန်းလွန်တောင်က ဟိုလူရိုင်း
ကောင်နဲ့ တွေ့ရင်တို့တစ်တွေ တိုက်ကြဦးမလား"

"တို့ ထွက်လာခါနီးမှာ မဆင်ခြင်ဘဲ မတိုက်ခိုက်ရဘူးလို့
ကြီးက မှာလိုက်တယ်မဟုတ်လား၊ မင်းမေ့သွားပြီလား"

"ဆရာကြီးက မှာလိုက်ပေမယ့် ရင်ဆိုင်တွေ့ရင်တော့ ခက်တယ်ကွ"

"ဘာခက်မှာလဲ၊ ပတွေ့ချင်ယောင်ဆောင်နေလိုက်ရင် ပြီးတာပဲ၊
ကြီးရဲ့စကားကို နားမထောင်ဘူးဆိုတာ မဖြစ်တော့ဘူး။ ဆရာ့စကား
သွားပဲကွ"

"အေးပေါ့ကွာ၊ တွေ့ရင် ရှောင်ရတော့မှာပေါ့၊ ကဲ ကဲ ကြိုးတံ
ကို ရှာကြရအောင်"

ထိုစဉ် ချန်ပိန်းအနီးမှ လူတစ်ယောက် ရိပ်ခနဲ ဖြတ်
သွား၏။

"ဟာ ဒီလူရဲ့ ကိုယ်ဖော့ပညာက သိပ်ကောင်းပါလား၊ ငါ့နေ
ကလိုက်လာတဲ့လူလား၊ ဒါမှမဟုတ် တစ်ရှိန်ထိုးပြေးရင်း ကျော်တက်
လူလား မသိဘူး"

ချန်ပိန်း စိတ်ထဲမှ ရေရွတ်၍မဆုံးမီ နောက်ထပ် လူတစ်ယော
က သူ့အား ရိပ်ခနဲဖြတ်ကျော်သွားပြန်၏။

"တယ်ဟုတ်ပါလား၊ ချီရှားတောင်ထိပ်ကို သိုင်းသမားအုပ်စု
တစ်စုပြီးတစ်စု လာတယ်ဆိုတဲ့ သတင်းဟာ တကယ့်ကိုမှန်နေပြီ"

ချန်ပိန်းသည် ထိုသိုင်းသမားများနှင့် ရင်ဆိုင်မတွေ့လိုသ
ခပ်ဖြည်းဖြည်းပင် လျှောက်လာသည်။

ထိုစဉ် ရှေ့နားဆီမှ တိုက်သံခိုက်သံ ဓားသွင်းသံများ
ကြားလိုက်ရတော့သည်။

"ဘာတွေများ ဖြစ်နေကြပြန်ပြီလဲ မသိဘူး"

ချန်ပိန်းသည် ခပ်သွက်သွက်ပြေးပြီး သစ်ပင်ကြီးတစ်ပင်နော
၌ ဝင်ကပ်လိုက်၏။

"ဟာ"

သူ အာမေဋိတ်သံထွက်သွား၏။ မထွက်၍လည်း မဖြစ်
အနက်ရောင်၊ အစိမ်းရောင်နှင့် မီးခိုးရောင်ဝတ်ဆင်ထားသော သိုင်းသ
ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်
ကြသည် မဟုတ်ပါလား။



ထိုရန်ပွဲ၏ တစ်ဘက်တွင် ကြိုးတံတားတစ်ခုကို မြင်နေရသည်။
သည်မှာ ကြိုးတံတားပေါ် သူအလျင်ကူးမည်၊ ငါအလျင်ကူးမည်ဟု
လုရာမှ ခိုက်ရန်ဖြစ်ကြခြင်းဖြစ်ဟန်တူသည်။

ချန်ပိန်း ငေးနေစဉ်မှာပင် နှင်းမြူများ ကျလာသဖြင့်ရန်ပွဲသည်
များအကြား၌ ဝေဝါးသွား၏။

မကြာမီ တိုက်ခိုက်သံများ၊ ဓားသွင်းသံများ ငြိမ်သက်သွားသည်။
ချန်ပိန်းလည်း သက်ပြင်းချမိလေ၏။ သိုင်းလောကသားတို့၏
သည့်အပြုအမူများကို သူစိတ်ပျက်မိသည်ကတော့ အမှန်ပင်။

ထိုစဉ် လူတစ်ယောက် သူ့အား ဖြတ်ကျော်တက်လွှားပြန်သည်။
အမွှေးရနံ့ကြောင့် သည်တစ်ကြိမ်ကျော်တက်သွားသူမှာ
လေးဖြစ်ကြောင်း သိလိုက်၏။

ထိုမိန်းကလေးအား မည်သူမျှ တားဆီးဟန် မတူချေ။ တားဆီး
သူများ မရှိတော့ဟု ထင်ရသည်။

များမကြာမီ နေရောင်က နှင်းပဝါကို ဆုတ်ဖြဲထိုးဖောက်
သည်။ ချန်ပိန်းသည် တံတားထိပ်သို့ လျှောက်လာမိ၏။ ပတ်ဝန်းကျင်
သလာအကဲခတ်လိုက်ရာ လူနှစ်ယောက် အသက်ပျောက်လဲကျ
သည်ကို တွေ့လိုက်ရတော့သည်။

တစ်ဦးမှာ မုတ်ဆိတ်ပါးမြိုင်းမွေးများနှင့်ဖြစ်ပြီး တစ်ဦးမှာ ပျော့နွဲ့
သော စာပေသမားဟန် ပေါက်နေ၏။ ထိုလူသတ်သမားကို ချန်ပိန်း
မိသည်။

"လူတွေဟာ တော်တော်ရက်စက်ကြတာပဲ၊ အားကြီးသူက
သူကို အနိုင်ကျင့်တယ်၊ လူနဲ့တိရစ္ဆာန်ဘာများထူးခြားတာ ရှိသေး
လဲ"

ချန်ပိန်းမှာ လူ့သေအလောင်းများကို ဆက်တိုက်လိုလို ကြုံလာရသဖြင့် လူ့သားတို့၏ ရန်လိုစိတ်ကို မုန်းတီးလာ၏။ သိုင်းပည တတ်မြောက်လာပြီး သိုင်းလောကသားတစ်ယောက်ဖြစ်လာသည့် ချန်ပိ သည် သိုင်းလောကသားများ၌ ရှိတတ်သော ဒေါသနှင့်မာနတရားမျ ကင်းပြတ်နေသည့်အေးချမ်းသော သိုင်းသမားတစ်ယောက်သာ ဖြစ် သည်တကား။

❖ ❖ ❖

အခန်း (၁၀)

## ချီရှားတောင်ထိပ် သိုင်းပြိုင်ပွဲ

ချန်ပိန်းသည် ကြိုးတံတားကို ဖြတ်ကျော်လာပြီး ချီရှားတောင် ပ်သို့ တက်လေတော့၏။ တောင်ခုလတ်၌ မည်သည့်သိုင်းသမားမျှ တွေ့ရပေ။

မကြာမီ စကားသံများ ကျွတ်စီကျွတ်စီ ကြားနေရသည့် တောင် ပ်သို့ ရောက်ရှိလာတော့သည်။

ချီရှားတောင်ထိပ်မှာ အတော်ကလေး ညီညာပြန့်ပြူး၏။ သစ်ပင် ရှိသော်လည်း သိပ်သိပ်သည်းသည်း မရှိပေ။ ခပ်ကျဲကျဲပေါက်နေသဖြင့် င်းပညာယှဉ်ပြိုင်ရန် အကောင်းဆုံးနေရာ ဖြစ်နေသည်။

ချန်ပိန်းသည် မျက်လုံးတစ်ချက်ဝေ့၍ အကဲခတ်လိုက်၏။ လပျံ တော်ကြီးဟု ဘွဲ့တွင်သော ကျောင်းရားဆရာတော် မှာကြားလိုက် သည့် အဘွားအိုကို လိုက်ရှာသည်။ မည်သည့်နေရာတွင်မျှ မတွေ့ရဘဲ နေသည်။

သိုင်းသမားများမှာမူ သစ်ပင်များအောက် ကျောက်တုံးများဘေး၌ ယောက်တစ်တွဲ သုံးယောက်တစ်တွဲ အေးအေးလူလူပင်ထိုင်နေကြ၏။

လူစိမ်းဖြစ်သော ချန်ပိန်းကို အေးစက်သော မျက်လုံးများဖြင့် အကဲ
နေကြသည်။ မေးမြန်းခြင်း၊ ရန်စခြင်းတော့မရှိပေ။

ချန်ပိန်းသည် သိုင်းသမားနှစ်ယောက်ထိုင်နေသည့်သစ်ပင်
မလှမ်းမကမ်း အပင်အောက်၌ ဝင်၍နားလိုက်သည်။ ထိုသိုင်းသမား
အချီအချပြောနေသည့် စကားသံများကို သူကြားလာရတော့သည်။

"ပြိုင်ပွဲလာကြည့်တဲ့လူတွေက မနည်းပါလား။ နာမည်ကြီးကို
အဖွဲ့တွေက အဆင့်မြင့် ပုဂ္ဂိုလ်တွေလဲလာကြတယ်၊ အင်းလေ ကျင်း
သိုင်းပညာဆိုတာ မြေပြန့် သိုင်းလောကမှာ အတော်နာမည်ကြီးတာ
ဆန်းလဲဆန်းကြယ်တော့ တမင်လာကြည့်ကြတယ်နဲ့ တူတယ်"

"သိုင်းလောက ကလဲ သတင်းပြန့်တာမြန်လိုက်တာ၊ မှတ်ဉာဏ်
ကလဲ ကောင်းလိုက်ကြတာ လွန်ပါရော၊ ဟို တစ်နှစ်က လယ်ပျံဘုန်းတော်
ကြီးနဲ့ သဲကန္တာရ အဘွားအိုတစ်ယောက် သိုင်းပညာ ယှဉ်ပြိုင်တ
ခုနစ်ရက် ခုနစ်ညကြာသတဲ့၊ အရှုံးအနိုင်လဲ မပေါ်ဘူးတဲ့၊ ဒါကြောင့်
နောင်တစ်နှစ် ဒီနေ့ဒီရက်ကိုချိန်းဆိုကြသတဲ့၊ အဲ့ဒီတိုက်ပွဲကို ခုံ
ဂိုဏ်းသားတစ်ယောက် ချောင်းကြည့်ခဲ့တာကစပြီး ဒီသတင်း သိုင်းလော
ထဲ ပျံ့နှံ့လာတာပဲ"

"အင်း အံ့စရာပဲနော်၊ ကျင်းရှား ကျောင်းဆရာတော်က ပြည်
သိုင်းလောကထဲကို တစ်ခါမှရောက်လာခဲ့ဖူးတာ မဟုတ်ဘူး။ သူ့ပညာ
ဘယ်လိုရှိသလဲဆိုတာ ဘယ်သူမှ မသိနိုင်ကြဘူး"

ပြောသာပြောနေကြတယ်၊ အခုထက်ထိ ကာယကံရှင် နှ
စလုံး ထွက်မလာကြသေးဘူး။ တော်တော်တော့ထူးဆန်းတာပဲ၊ ပြိုင်ပွဲမှာ
ပျက်ပြီးလား မသိပါဘူး"

ချန်ပိန်းသည် ထိုအခါကျမှ ဇာတ်ရည်လည်လာတော့သည်



တောင်ထိပ်သို့ ရောက်ရှိလာကြသူများမှာ လယ်ပျံဘုန်းတော်ကြီးနှင့်
အဘွားအို သိုင်းပညာ ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြသူများ
နားလည်လာရသည်။ သူ့အနေနှင့် ဆံဖြူအဘွားအိုကို အလျင်ရှာမှ
တော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။ ဘုန်းတော်ကြီးမှာကြားလိုက်သော
တွင် ကြိုးအဝါရောင် သိုင်းထားသည့် အဘွားအိုကိုလုံးဝ မတွေ့

လူရွယ်တစ်ယောက်သည် သစ်ပင်များအကြားမှ ထွက်လာ၏။
၏ ပခုံးပေါ်၌ အဝါရောင် ကြိုးတစ်ချောင်းသိုင်းချည်ထားကြောင်း
လိုက်ရ၏။

ထိုသူကိုမြင်လိုက်ရသောအခါ ချန်ပိန်းမှာ မအံ့ဩဘဲ မနေနိုင်
ချေ။ ထိုသူကား သူကူညီခဲ့ဖူးသော ဟွန်းအိခွန်းဖြစ်နေသောကြောင့်
သည်။

ဟွန်းအိခွန်းသည် တောင်ထိပ်ကွက်လပ် အလယ်သို့ တစ်လှမ်း
ဝင်လာ၏။ သူသည် တောင်ထိပ်ရောက်နေသော သိုင်းသမားများအား
ယောက်ချင်း ကြည့်၏။

တစ်စုံတစ်ယောက်ကို ရှာဖွေနေကြောင်း ထင်ရှားသည်။ ထို
သိုင်းသမား အုပ်စုများကြား၌ ဟွန်းအိခွန်းနှင့် ဓားအရောင်းအဝယ်
ပြီးမှ ရန်ဖြစ်ခဲ့သော သိုင်းသမားများပါရှိလာရာ သူတို့သည်
အိခွန်းကို မြင်သည်နှင့် ထရပ်ကြတော့သည်။

တစ်ယောက်က လှမ်းအော်သည်။

"မင်း ဒီနေရာကို လာရဲသေးသလားကွ၊ ဟင်"

ဟွန်းအိခွန်း ယဲ့ယဲ့လေး ပြုံးလိုက်သည်။

"ကျုပ် ခင်ဗျားတို့နဲ့ ရန်ဖြစ်ချင်လို့ ဒီကိုလာတာ မဟုတ်ပါဘူးဗျာ"

ဟွန်းအိခွန်က ခပ်အေးအေးပင် ဖြေသည်။

"မင်းက ဒီကို ဘာလာလုပ်ရတာလဲ"

"ခင်ဗျားတို့ကကော ဘာလာလုပ်တာလဲ"

"တို့က ကျင်းရှားဂိုဏ်းရဲ့ သိုင်းပညာကို လေ့လာဖို့လာခဲ့တာ"

"ကျုပ်ကလဲ ကျင်းရှားဂိုဏ်း လပျံဆရာတော်ရဲ့ သိုင်းပညာ
လာစမ်းဖာပ်တာပဲ"

ဟွန်းအိခွန်းစကားကို ကြားလိုက်ရသောအခါ ချီရှားတောင်ထိ
သို့ ရောက်ရှိလာနေကြသည့် သိုင်းပရိသတ် အ ... နဲ့ဖြစ်သွာ
ကြတော့သည်။

ချန်ပိန်းသည်လည်း ထိုအခါကျမှပင် လပျံ ... ာတော်နှင့် ချိန်း
ထားသော အတွားအိုဟူသည်မှာ ဟွန်းအိခွန်း၏မိခင်သိမ်း ငှက်ခေါင်းလို
ဖြစ်ကြောင်း သိရတော့သည်။

ချိန်းဆိုထားသူ နှစ်ဦးကား ချိန်းရက် ... ှင်ပီ နှစ်ဦးစလုံး သေဆ
ခဲ့ကြချေပြီ။

ချန်ပိန်းသည် အခြေအနေများကို နားလည်သွားသည်နှ
ရုတ်တရက် ထရပ်ကာ ဟွန်းအိခွန်းရှိရာသို့ လျှောက်သွားတော့သည်

ဟွန်းအိခွန်းက ချန်ပိန်းကို ကောင်းစွာမှတ်မိသည်။

"ညီလေး ချန်ပိန်းပါလား၊ ငါတို့ ထပ်တွေ့ကြပြန်ပြီ"

"နောင်ကြီးကို ကျွန်တော်တစ်ခုလောက် မေးစမ်းပါရစေ၊ ...
စောက နောင်ကြီးပြောတဲ့စကားက တကယ်အမှန်ပဲလား"

ဟွန်းအိခွန်း ခေါင်းညိတ်ပြ၏။

"ညီလေး မှတ်မိသေးသလား၊ လူတစ်ယောက်ကလွဲပြီး ငါဘယ်သူ
နဲ့မှ မတိုက်ခိုက်ဘူးဆိုတာလေ၊ အေး အဲဒီလူတစ်ယောက် ဆိုတာ
လပျံဘုန်းတော် ... ပဲ"



"နောင်ကြီးက လပျံဘုန်းတော်ကြီးကို ဒီနေ့မှ လာတွေ့
...မှမဟုတ် အရင်ကတည်းက ချိန်းဆိုထားခဲ့တာလား"

"ကြာခဲ့ပြီပေါ့"

"ဒါဆိုရင် နောင်ကြီး ပြန်ပါတော့ဗျာ"

ချန်ပိန်းက ဟွန်းအိခွန်းနားသို့ကပ်ကာ တိုးတိုးပြော ... သည်။
...ွန်းအိခွန်း မျက်မှောင်ကြုတ်သွား၏။

"ညီလေးက ဘာလို့ ဒီစကားမျိုးပြောရတာလဲ"

"ဘာကြောင့်ပြောရတာလဲ ဆိုတော့ လပျံဘုန်းတော်ကြီး ပျံလွန်
...တော်မူသွားခဲ့လို့ပဲ နောင်ကြီးဟွန်းအိခွန်း"

"ဟင် မင်းတကယ်ပြောလား"

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရတာပဲ"

ဟွန်းအိခွန်းက ချန်ပိန်းကို သံသယမျက်လုံးများဖြင့် ကြည့် လာ၏။
...ို့နောက် ခက်ထန်မာကျောစွာ မေးသည်။

"မင်းက လပျံဘုန်းတော်ကြီးနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ဘာမှတော့ မပတ်သက်ပါဘူး၊ သူ ပျံလွန်တော်မူခါနီးမှာတော့
...ျွန်တော် သူ့အနားမှာ ရှိနေခဲ့ပါတယ်"

"လပျံဘုန်းတော်ကြီးက ရုတ်တရက် အလစ်တိုက်ခိုက်ခံလိုက်
...တာမို့ ကျင်းရှားဂိုဏ်းတစ်ဂိုဏ်းလုံးလဲကျဆုံးသွားပါပြီ၊ ဘုန်းတော်ကြီး
...ံလွန်တော်မူခါနီးမှာ ချီရှားတောင်ကိုသွားပြီး ဆံဖြူအတွားအိုကို ဒီပစ္စည်း
...းဖို့မှာခဲ့လို့ ကျွန်တော်လာပေးတာပါ နောင်ကြီး ဟွန်းအိခွန်း"

"လပျံဘုန်းတော်ကြီးကို သတ်သွားတာက ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာ ကျွန်တော် မသိပါဘူး၊ ကျွန်တော်က
...ုန်းတော်ကြီးကို မေးကြည့်တော့လဲ ဆရာတော်လဲ တိတိကျကျ မပြော
...င်ဘူး"

ချန်ပိန်းက အမှန်အတိုင်း ပြောကြားခြင်းဖြစ်သော်လည်း ဟွန်းအိ ခွန်းက ယုံကြည်မှုမရှိပါ။

"မင်း ဘုန်းကြီးကို သတ်ခဲ့တယ်မဟုတ်လား"

"ဗျာ"

ချန်ပိန်းမှာ ဗျာခနဲဖြစ်သွား၏။ သူသည် ဟွန်းအိခွန်းကို ကူညီ သူဖြစ်၍ ဟွန်းအိခွန်းသည် သူ့စိတ် သူ့သဘောကို အနည်းငယ်သိခဲ့ပြီ ထင်သည်။ ယခုကဲ့သို့ စွပ်စွဲလိမ့်မည်ဟု မထင်ခဲ့ချေ။

"ကြဲကြဲဖန်ဖန်ဗျာ၊ နောင်ကြီး ဟွန်းအိခွန်းပဲ ဒီလိုထင်ရက်တ ကျွန်တော်က ဆရာတော်ကို ဘာကြောင့် သတ်ရမှာလဲ၊ ကျွန်တော် လူသတ်သမား မဟုတ်ပါဘူး"

"မင်းစကားကို ဘယ်လိုယုံရမှာလဲ"

ဟွန်းအိခွန်းသည် ချန်ပိန်း ကူညီခဲ့ဖူးသည့် ကျေးဇူးကို မထော ဘဲ ရုတ်တရက် ခုန်ဝင်လာပြီး လက်သီးဖြင့် ထိုးချလေ၏။

"ဟာ"

ချန်ပိန်းမှာ လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်ရလေ၏။ သူ့အ ဤသို့ အလစ်တိုက်ခိုက်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။

"ဖြန်း"

ချန်ပိန်းသည် ဗိုလ်ချုပ်ကြီးရဲဝေး၏ လက်ဝါးသိုင်းကျမ်းထဲမှ သိ ကွက်တစ်ကွက်ဖြင့် ဖြန်းခနဲ ရိုက်ထုတ်လိုက်ရာ ဟွန်းအိခွန်းမှာ ဝုန်း လည်ထွက်သွားလေ၏။

သည်တစ်ကြိမ် အံ့အားသင့်သွားသူမှာ ဟွန်းအိခွန်းဖြစ်၏။ သူ့အ ဤသို့ ခုခံနိုင်မည်ဟု သူမထင်မှတ်ခဲ့ချေ။



ချန်ပိန်း၏ လက်ဝါးပညာက သူ့ကို အကြီးအကျယ်အံ့အားသင့် သွားစေခဲ့သည်။

"ဩော် ဒါက ကျင်းရှားလက်ဝါးသိုင်းပေါ့ ဟုတ်လား"

ချန်ပိန်းမှာ ရုတ်တရက် ဘာပြန်ပြောရမည်မှန်း မသိတဲ့ဖြစ် သွား၏။ သူ့လက်ဝါးသိုင်းကွက်ကို ကျင်းရှားလက်ဝါးသိုင်းကွက်ဟု ဟွန်းအိခွန်း က အထင်မှားသွားခဲ့ချေပြီ။

"နောင်ကြီး ဟွန်းအိခွန်း။ ခင် ခင်ဗျား အထင်မှားနေပြီ"

"ဘာ အထင်မှားတာလဲ၊ မင်းသုံးလိုက်တာ ကျင်းရှာလက်ဝါး သိုင်း ကွက်ပဲ မဟုတ်လား"

ချန်ပိန်းမှာ အကြီးအကျယ် ချောက်ပေါက်ထိုးနေခဲ့လေပြီ။ ဗိုလ်ချုပ် ကြီးရဲဝေး၏ လက်သီးဘုရင်သိုင်းကျမ်း အကြောင်းသာ သိုင်းလောက.က သိသွားခဲ့လျှင် အကြီးအကျယ် ပြဿနာပေါ်နိုင်သည်ဟု ဆရာကြီး လီပိုက် ချောင်က သတိပေးပြောကြားထားသဖြင့် ချန်ပိန်း အနေဖြင့် သူ့လက်ဝါး ရိုက်ကွက်များအကြောင်း ရှင်းပြရန် မဖြစ်တော့ချေ။

"မဟုတ်ပါဘူးဗျာ၊ ဒါတော့ယုံပါ၊ အခု ခုခံလိုက်ရတာကလဲ ခင်ဗျားက စတိုက်လို့ပါ၊ ကျွန်တော်က ခင်ဗျားနဲ့ရန်ဖြစ်ဖို့ ရောက်လာတာမှ မဟုတ်ဘဲ"

"မင်းကို ငါမေးမယ်၊ မင်း ဒီကိုလာတာ ကျင်းရှားကျောင်းက လပျံဆရာတော်ကိုယ်စား လာတာ မဟုတ်လား"

"ဆရာတော့် ကိုယ်စားလာတာတော့ ဟုတ်တယ်၊ ဒါပေမယ့်"

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့၊ လပျံဆရာတော်ကိုယ်စား လာတယ်ဆိုရင် အသင့်ပြင်၊ မင်းနဲ့ငါ တိုက်မယ်၊ မင်းက လပျံဆရာတော် ကိုယ်စားလာတယ်၊ ငါက ငါ့အမေကိုယ်စား လာတယ်၊ ကဲ စိတ်မကျေပွဲ နွှဲကြရုံပဲ ရှိတော့တယ်"

"တယ်ခက်ပါလား။ ခင်ဗျားကဒွတ်ပဲ ပြောနေတာကိုး၊ ကျွန်တေ ကတိုက်ဖို့လာတာမဟုတ်ဘူးဗျ။ လပျံဆရာတော်က ခင်ဗျားအမေ ပစ္စည်းတစ်ခုပို့ပေးပါလို့ မေတ္တာရပ်ခံလို့လာပို့တာ ရှင်းပြီလား"

"ဘာမှ ရှင်းမနေနဲ့၊ မင်းကိုယ်တိုင်တိုက်ချင်တိုက်၊ မတိုက် လပျံဆရာတော်ကို ခေါ်ထုတ်လိုက်၊ သူ ဘယ်မှာ ပုန်းနေသလဲ"

"ရော် ခက်ပါပြီ"

ချန်ပိန်းသည် ထိုမျှသာ ရေရွတ်နိုင်တော့သည်။

"ဒီမှာ နောင်ကြီး ဟွန်းအီခွန်း။ ကျွန်တော်က ကြားထဲက စေတ နဲ့ဝင်ပြီး ဆောင်ရွက်ပေးတဲ့လူပါ။ ကျွန်တော့ကို အထင်မမှားပါနဲ့"

"မင်းပြောတာတွေ လုံးဝမဖြစ်နိုင်ဘူး။ လပျံဆရာတော်သေတ ဆိုတာ ငါမယုံနိုင်ဘူး"

ချန်ပိန်း ဒေါသထွက်ချင်လာမိ၏။

"သေခြင်းတရားဆိုတာ လူမရွေးဘူး၊ ခင်ဗျားအမေ သေတာ ခင်ဗျားမယုံဘူးလား။ လပျံဆရာတော် ပျံလွန်တဲ့အချိန်နဲ့ ခင်ဗျားအမေ တဲ့အချိန် သိပ်ကွာတာမဟုတ်ဘူး။ ဆင်ကန်းတောတိုး မလုပ်ချင်စ နဲ့ဗျာ"

ချန်ပိန်းက လပျံဆရာတော်ပေးခဲ့သည့် ပစ္စည်းထုပ်ကို ဟွန်းအီ အား လှမ်းပေးလိုက်၏။ ထိုအထုပ်ကို ဟွန်းအီခွန်းက လက်မ ခံ

"ငါ့အမေဟာ လပျံဘုန်းတော်ကြီးနဲ့ တိုက်ခိုက်ဖို့ ကိစ္စကို သေရေးထက်တောင် အရေးထားခဲ့တယ်၊ သူမသေခင် သူ့ကိုယ် ငါတိုက်ခိုက်ပေးပါမယ်လို့လဲ ကတိပေးခဲ့တယ်"

ဟွန်းအီခွန်းသည် သူ့ကျောနှ့ သိုင်းလွယ်ထားသည့် ရှည် မျောမျော အထုပ်တစ်ထုပ်ကို ဆွဲဖြုတ်ယူပြီး ပတ်ထားသည့်အဝတ်များ ဤသို့ ခု၏။



"ဟာ သိမ်းငှက်ခေါင်းတုတ်ကောက်ပါလား"

သိုင်းသမားများ၏ အလန့်တကြားအော်သံ ထွက်ပေါ်လာသည်။

ထိုအသံမဆုံးမီမှာပင် လူရိပ် တစ်ရိပ်သည် ကွင်းလယ်သို့ ရိပ်ခနဲ နပျံဝင်ရောက်လာလေတော့၏။

"လက်စသတ်တော့ မင်းက သိမ်းငှက်ခေါင်းလိုစပ်ရဲ့သားကိုး။ တစ်ချိန်တုန်းက လိုစပ်ဟာ ဝါဆန်းတောင်ပေါ်တက် သောင်းကျန်းသွား ခဲ့တာကို မင်းသိသလား"

ဟွန်းအီခွန်းက ထိုသူကို လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝ ပြုသည်။

"ဩော် ဆရာကြီးက ဝါဆန်းဂိုဏ်းသားကိုး။ ကျွန်တော့်အမေ ကလဲ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အထင်လွဲ အမှားအယွင်းပြုလုပ်မိခဲ့ တာကို ဘစ်နေ့မှ စိတ်မကောင်းပါဘူးခင်ဗျား"

"မင်းအမေ သေပြီဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"အေး သိမ်းငှက်ခေါင်း လိုစပ်က သိမ်းငှက်တုတ် တစ်ချောင်းနဲ့ ဝါဆန်းတောင်ဂိုဏ်းကို ဖြိုခဲ့တာ၊ ငါတို့ရဲ့နှစ်တစ်ရာလက်နက်ဆန်းကို ဖျက်ဆီးခဲ့တာ၊ အဲဒီ လျော်ကြေးတွေဘယ်သူ့ဆီက တောင်းရမှာလဲ၊ ကာယကံရှင် သေသွားပြီဆိုတော့ ငါက ဘာလုပ်ရတော့မှာလဲ"

ထိုအဘိုးအိုသည် စကားဆုံးသည်နှင့် လှည့်ထွက်သွား၏။ ချန်ပိန်းသည် ထိုအဘိုးအိုကို မြင်လိုက်ရသောအခါ လွန်စွာဝမ်းသာသွား၏။

"ဘဘရဲဖေးယီ ခဏနေပါဦး"

ရဲဖေးယီက လှည့်ကြည့်၏။ သူသည် ချန်ပိန်းကိုမှတ်မိသွားသည်။

"ဟင် မင်းပါလား။ နေထိုင်ကောင်းရဲ့နော်"

ရဲဖေးယီသည် ချန်ပိန်းကို နှုတ်ဆက်ပြီးသည်နှင့် ချန်ပိန်းတို့ အနီးမှ ထွက်ခွာသွား၏။

ထိုအချိန်မှာပင် ဟွန်းအိခွန်းက ချန်ပိန်းကို ရုတ်တ
တိုက်ခိုက်လေတော့သည်။

ဟွန်းအိခွန်း၏ လက်ဝါးရိုက်ချက်က ပြင်းထန်လှ၏။ လေပ
ထသွား၏။

သိမ်းငှက်ခေါင်းလိုစပ်၏သားသည် စွမ်းအင်မသေးကြောင်း
လက်ဝါးက သက်သေပြနေ၏။

"ဖြန်း"

ချန်ပိန်းက ဒုတိယအကြိမ် ရိုက်ထုတ်လိုက်ပြန်၏။ သည်တစ်ကြ
တွင်တော့ ဟွန်းအိခွန်း လွင့်စဉ်မသွားချေ။ ချန်ပိန်းခံနိုင်မည့် အင်အာ
မှန်း၍ ခပ်ပြင်းပြင်းရိုက်ခြင်းဖြစ်၍ ချန်ပိန်းသည် ပင်လျှင် တုန်ခါ
ရလေ၏။

"မင်းက တော်တော် ထက်နေတာကိုး"

ဟွန်းအိခွန်းသည် သူ့ပြင်းပြင်းထန်ထန်ရိုက်ပါလျက် တုန်ခါရုံ
တုန်ခါသည့် ချန်ပိန်းကို လွန်စွာ ဒေါသထွက်သွား၏။

"ဝိုး - ဝိုး - ဝိုး"

ဟွန်းအိခွန်း တုတ်ကောက်ထုတ်ပြီး သူ့မိခင် သိမ်းငှက်ခေါင်းလို
သိမ်းငှက်ခေါင်း တုတ်ကောက်ကို လေထဲ၌ ဝှေ့ယမ်းလိုက်သောအ
ကြောက်မက်ဖွယ်ရာ လေတိုးသံ ထွက်ပေါ်လာလေ၏။

"ဟေ့ ဟေ့ ဒီလို မလုပ်နဲ့လေ၊ ဘာဖြစ်လို့ လက်နက်နဲ့ တိုက်တာ
ဘယ်လိုလဲ၊ လက်လက်ချင်း ယှဉ်လို့မရဘူးလား"

ပွဲကြည့်ပရိသတ်သိုင်းသမားတစ်ဦး၏ အော်ဟစ်သံက လွင့်ပျံ လာ

ဟွန်းအိခွန်းရှက်သွေးမွှန်သွား၏။ သူသည် ချန်ပိန်းကို အ
မကြီးလှချေ။ ပရိသတ်၏ အော်သံသည် သူ့ကိုအရှက်ရစေသ



ကြောင့် သူ၏တုတ်ကောက်ကို ပြန်သိမ်းလိုက်ရ၏။

"ကဲ လက်ဝါး အရသာပဲ မြည်းပေတော့"

"ဝုန်း"

ဟွန်းအိခွန်းကလက်ဝါးဖြင့်ရိုက်ချ၏။ ချန်ပိန်းကလည်းခုခံ
လိုက်သည်၊ စောစောက အနည်းငယ် တုန်ခါခဲ့သဖြင့် ကျင်းရှားအတွင်း
အားထုတ်ကာ ခုခံလိုက်ခြင်းဖြစ်သည်။ သည်တစ်ကြိမ်တွင် ဟွန်းအိခွန်း
တုန်ခါသွားရ၏။

သို့သော် ဟွန်းအိခွန်း နောက်မဆုတ်ပါ၊ လက်ဝါးရိုက်ချက်များ
သည် ဖယ်ဆက်သလို ထွက်လာ၏။

ချန်ပိန်းသည် လက်သီးဘုရင် သိုင်းကျမ်း၏ ပထမပိုင်း လက်ဝါး
သိုင်းကွက်များကို တစ်ကိုယ်တည်းအထီးတည်း လေ့ကျင့်ခဲ့ရသဖြင့်
လေ့ကျင့်ဖက်နှင့် ယှဉ်ပြိုင်လေ့ကျင့်ရသကဲ့သို့ လွတ်ကွက် ဟာကွက်
များကို သိခွင့်မရခဲ့ချေ။ ယခု ဟွန်းအိခွန်နှင့်ကျမှ နဖူးတွေ့ဒူးတွေ့
တိုက်ခိုက် ရခြင်း ဖြစ်၍ကြီးစွာ သတိထားခုခံနေရသည်။

သေရေးရှင်ရေး တိုက်ပွဲဖြစ်၍ ချန်ပိန်းမှာလက်သီးဘုရင် သိုင်းကျမ်းမှ
သိုင်းကွက်များကို နိုက်နိုက်ချွတ်ချွတ် သဘောပေါက်လာလေ၏။ ချန်ပိန်းအတွက်
အကျိုးရှိသည်ကတော့ အမှန်ပင်။

ချန်ပိန်း၏ လက်ဝါးသိုင်းကွက်များ ဆန်းကြယ်သဖြင့် ဘေးကြည့်
ပရိသတ်သည် ကျင်းရှားသိုင်းပညာဟု အထင်မှားပြီး ရင်တဖိုဖိုကြည့်နေ
ကြ၏။

သိုင်းကွယ်ဆယ်ကွက်သို့ ရောက်လာသောအခါ ချန်ပိန်းသည်
သူ့ကိုယ်သူ ယုံကြည်မှုရရှိလာ၏။ ထို့ကြောင့် ယခင်ကလောက် ပျာယာ
ခတ်ခြင်းမရှိတော့ချေ။

ဟွန်းအိခွန်းအား လက်ရည်တူ ကျွမ်းကျင်ရာ ယှဉ်ပြိုင်နိုင်စွမ်း ရှိ… ချန်ပိန်းက အော်ပြောလေ၏။

"နောင်ကြီး ဟွန်းအိခွန်း၊ ကျုပ်ပြောတာ အမှန်တွေချ… နောင်မှနောင်တရလိမ့်မယ်"

"မလိုချင်ဘူး။ မင်းကိုနိုင်ရင် လပျံဘုန်းကြီးကို နိုင်တာနဲ့အတူ… ငါက မင်းကိုလုံးဝ အလွတ်မပေးဘူးကွ"

ဟွန်းအိခွန်း၏ ထိုစကားသည် ချန်ပိန်း၏ သွေးများကို ပွက်… ဆူသွားစေ၏။

သူ့ကို အားကိုးတကြီးနှင့် အမှာစကားပြောကြားပြီး ကျောင်း… အတွင်းအားများ သွင်းပေးခဲ့သည့် ဆရာတော်အား သူ လွန်စွာ သ… သည်။

သူ့ကိုယ်သူ ဆရာတော်၏ တပည့်ရင်းတစ်ယောက်သဖွယ် ထင်… လာမိသည်။ ဆရာတော်အား စော်ကားခြင်းသည် သူ့အား စော်ကားခြင်း… မှတ်ယူလာမိသည်။

"ခင်ဗျား အလကားလူပဲ၊ ကျုပ်ခင်ဗျားကို အထင်ကြီးမိ… မှားတယ်"

သူ့တိုက်ကွက်များကို ပိုထုတ်လာမိသောအခါ ဟွန်းအိခွန်း… ချွေးပြန်လာသည်။ ချန်ပိန်းကို လွယ်လွယ်နှင့် အနိုင်မရနိုင်မှန်း သိ… သဖြင့်လည်း အားပိုစိုက်၍ တိုက်လာ၏။

"ကောင်းပြီ၊ ခင်ဗျား အားကုန်တိုက်ပေတော့၊ ခင်ဗျားကို အ… အလဲ ခုခံဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ"

ထိုအချိန်မှစ၍ တိုက်ပွဲအရှိန်သည် တဖြည်းဖြည်းမြင့်၍မြင့်… တက်လာတော့၏။ ချန်ပိန်းသည် ဟွန်းအိခွန်း၏ လက်ဝါးတိုက်ကွက်များ… ချေဖျက်ပစ်၏။



လက်သီးသိုင်းကွက်များကို လမ်းခုလတ်၌ပင် ရပ်တန့်စေ၏။

အဘွားအို သိမ်းငှက်ခေါင်းလိုစပ်သည် သားဖြစ်သူအား ပညာ …ည့်အဝ ပေးခဲ့ပုံရ၏။

တိုက်ပွဲရှိန်မြင့်လာသည်နှင့်အမျှ ဟွန်းအိခွန်း၏ သက်လုံလည်း …ာင်းလာပုံရသည်။

ချန်ပိန်းသည် တိုက်ရင်းတိုက်ရင်း လပျံဘုန်းတော်ကြီးအား ကျိတ်၍ …ူးတင်နေမိသည်။

အကယ်၍ ဆရာတော်ကသာ သူ့အား ကျင်းရှားအတွင်းအားကို …ာင်းအကျပ် သွင်းမပေးခဲ့လျှင် သူ့အနေဖြင့် ဟွန်းအိခွန်းအား ရေရှည် …ပြိုင်နိုင်လိမ့်မည် မဟုတ်ချေ။

သို့သော် အလွန်တရာ အရေးကြီးသည့် တစ်ချိန်တွင် ချန်ပိန်း …ည် အမှားအယွင်းတစ်ခု ပြုလုပ်ခဲ့မိ၏။ ထိုအမှားတစ်ကွက်သည်ပင် …ာက်ဖြစ်တော့သည်။

ဟွန်းအိခွန်း၏ လက်ဝါးသည် ချန်ပိန်း၏ ဦးခေါင်းထက်သို့ ရောက် …တော့မည်။

ထိုစဉ်

"ရှီ"

လေချွန်သံတစ်သံကဲ့သို့ စူးရှသေးမျှင်သောအသံတစ်သံ ရုတ်တရက် …ာက်ပေါ်လာသည်။ ဟွန်းအိခွန်းမြှောက်ထားသော လက်ကို လေအေး …ချက် ဖိတိုးသွားသည်နှယ် ခံစားလိုက်ရ၏။

သွေးကြောများ ထုံကျဉ်သွားသည်။ လက်သည် ချန်ပိန်းဦးခေါင်း …သို့ …ရောက်တော့ဘဲ လမ်းခုလတ်တွင်ပင် ပြုတ်ကျသွားတော့သည်။

ဒိတ်လန့်တကြားဖြစ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

… ယာက်က သူ့နောက်တွင် မတ်မတ်မားမား ရပ်နေ၏။

တစ်ဦးက ဝါဆန်းစားသမား ရဲဖေးယီဖြစ်ပြီး၊ တစ်ဦးက တော
ပြောင်သစ်လွင်သော ပိုးထည်ကို ဝတ်ဆင်ထားသည့် အဘိုးအို
ယောက်ဖြစ်နေ၏။

အဘိုးအို၏လက်ထဲတွင် ဓားရှည်တစ်ချောင်းကို ကိုင်ဆေ
ထားသည်။

"မိုးအောက်မြေပြင် နံပါတ်တစ် ဓားသမားကြီး ကျိုတာကျန်"

ပရိသတ်များ၏ အော်ဟစ်ထောမနာပြုသံက ဆူညံသွားေ
သည်။ ပိုးဝတ်စုံဖြင့် ရပ်နေသူကား နံပါတ်တစ် ဓားသမားကြီး ကျိုတာက
အမှန်ပင်ဖြစ်နေလေ၏။

❖ ❖ ❖

ကျိုတာကျန်၏ လှုပ်ရှားမှုက သွက်လက်လှသည်။ ပွဲကြည့်
သတ်များ၏ မျက်စိထဲ၌ သူ့လှုပ်ရှားမှုကို ဖျောက်ဖျက်မရတော့အော
စွဲထင်သွားကြသည်။

ရပ်လိုက်ဟူသော အသံနှင့်အတူ သူ့ဓားရောင်က လေထဲတွ
ပြက်ခနဲ လက်သွား၏။ ဟွန်းအိခွန်း၏ လက်ဖမိုးပေါ်မှသွေးကြော နှစ်ဆ
ရှစ်နေရာကို တိတိကျကျ ရှပ်ဖြတ်သွားသည်။

လက်အချိန်အချ ကောင်းမွန်မှုကြောင့် ဓားသွားက နက်
မသွားခဲ့။ အရေပြားကို ရှပ်ထိရုံသာ။ သူ့ဓားကွက်ကိုမြင်ရုံနှင့်ပင် သူ
မမြင်ဖူးသူကပင် နံပါတ်တစ် ဓားသမားကြီး ကျိုတာကျန်မှန်း ခန့်မှ
သိရှိနိုင်ကြပေသည်။



ဟွန်းအိခွန်းမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွား၏။
သိုင်းသမားကြီးသည် အဘယ်ကြောင့် သူ့ကိစ္စ၌ ဝင်ပါလာရ
သည်း။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ဝင်တားရတာလဲ"

"ဒီသူငယ်လေးဟာ ငါ့ရဲ့မိတ်ဆွေ တစ်ယောက်ပဲ၊ မင်းကို ဘာကြောင့်
သတ်ရမှာလဲ"

ကျိုတာကျန်က ချန်ပိန်းကိုလက်ညှိုးညွှန်ပြပြီး အေးအေး ဆေးဆေး
ပြောသည်။

ချန်ပိန်း ဘာမျှမပြောပေ။ ဟွန်းအိခွန်းကို ကြည့်လိုက်ရာ ဟွန်းအိခွန်း
နောက်ဘက်မှ လှုပ်ရှားမှုတစ်ခုကို မြင်ပြီးအထိတ်တလန့် ဖြစ်သွား၏။

ခပ်ဝေးဝေး ကုန်းမြင့်ပေါ်တွင် ပိတ်ဖြူအင်္ကျီဝတ်ဆင်ထားသော
အိုတစ်ယောက် ဖြည်းညင်းစွာလျှောက်သွားနေသည့် မြင်ကွင်းကိုမြင်
ရသောကြောင့်တည်း။ ချန်ပိန်းရင်ထဲ၌ ဝမ်းအသာကြီး သာသွားသည်။
အသံကုန်ဟစ်၍ အော်လိုက်မိတော့သည်။

"ဖေဖေ ဖေဖေ"

သူသည် ဟွန်းအိခွန်းကိုလည်း မေ့သွား၏။ ရဲဖေးယီနှင့် ကျိုတာ
ကိုလည်း မေ့သွား၏။

ထို့နောက် သူ့ခန္ဓာကိုယ်က အဘိုးအိုရှိရာဆီသို့ ပြေးထွက်သွား
သည်။ အဘိုးအိုက သူ့လက်ကိုလှမ်းဆွဲပြီး တစ်ရှိန်ထိုးပြေး ထွက်
သည်။

ထိုနှစ်ယောက်စလုံး တဒင်္ဂအတွင်း မြင်ကွင်းမှ ပျောက်သွားလေ၏။
န်ပရိသတ်များသာမက ရဲဖေးယီနှင့် ကျိုတာကျန်တို့ပင် ပါးစပ်
ကောင်းသားနှင့် ငေးကြည့်နေမိကြတော့သည်။

## အခန်း (ဝ

## ဝံပုလွေ အဆိပ်မြွက်အန္တရာ

သူမသည် မြင်းစီးလာသောမိန်းကလေး သူမအနီးသို့ရော လာသည်နှင့် မြင်းပေါ်သို့ ရိပ်ခနဲ ခုန်တက်လိုက်ပြီး ထို မိန်းကလေး အောက်သို့ တွန်းချလိုက်သည်။

"စိတ်မရှိပါနဲ့ရှင်၊ ကျွန်မ သိပ်ကိုအရေးကြီးတဲ့ကိစ္စရှိနေလို့ မြင်း ခဏငှားစီးသွားရတာပါ"

သူမသည် စကားဆုံးသည်နှင့် မြင်းကိုခွာစုံချ အသော့နှင်တေ သည်။ မြင်းပိုင်ရှင် မိန်းကလေး၏ အခြေအရုံများမှာ ထိုမိန်းကလေး နောက်မှ အပြင်းလိုက်ကြ၏။

သို့သော် မြင်းလုသူ မိန်းကလေး၏ မြင်းစီးကျွမ်းကျင်မှု၊ မြင်းကြီး ကြံ့ခိုင်တောင့်တင်းမှုတို့ကြောင့် သခင်မလေးဆိုသူ၏ အခြေအရုံ များသ လိုက်မမီဘဲ မျက်ခြည်ပြတ်သွားတော့သည်။

ဤသို့ဖြင့် သူမသည် လူသူအရောက်အပေါက်နည်းသော ချော ကမ်းပါးတစ်ခုဆီသို့ ရောက်လာခဲ့တော့သည်။

သူမ မြင်းဇက်သတ်လိုက်၏။



"အစ်ကိုလု အစ်ကိုလု"

မိန်းကလေးက လူသူမရှိသည့် တောတောင်ထဲသို့ လှမ်းအော် သည်။

မကြာမီ ခပ်အေးအေး ခပ်တုန်တုန် အသံတစ်သံ ထွက်ပေါ် သည်။

"လုံမလေး တုံ့ ညည်းပြန်လာပြီနော်"

"ဟင် ဒေါ်ကြီးလုပါလား၊ ဒေါ်ကြီးလု ဒီရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ လုံမလေး စာရလို့ လိုက်လာတာ မဟုတ်လား ဟင်"

မိန်းကလေးက ခေါင်းညိတ်ပြရင်း

"ဟုတ် ဟုတ်ကဲ့၊ ကျွန်မကို အစ်ကိုလုက ခေါ်ခိုင်းရတာ ဘာကိစ္စ လဲဟင်"

"ထိုက်ဟူ ထိုက်ဟူ"

အဘွားအိုး၏စကားသံက ထစ်ငေါ့တုန်ယင်နေပြီး ရုတ်တရက် လဲကျ ဖြစ်သွား၏။ တုံ့မြင်မြင်က အဘွားအိုကို ပြေးပွေ့ရန်ဟန်ပြင် ၏။

သို့သော် အဘွားအိုက အပွေ့မခံပေ။ မိန်းကလေးကို လက်ကာ၍ လိုက်၏။

"ဒေါ်ကြီးလု ဘာဖြစ်လို့လဲဟင်"

"ငါ ငါ ပဟာကလက်ဝါးအရိုက်ခံထားရတယ်"

"ရှင် ဖြစ်မှ ဖြစ်ရလေ"

တုံ့မြင်မြင်သည် ထိတ်လန့်သွားရာမှ ရုတ်တရက် တစ်စုံတစ် ကို ချက်ချင်းသတိရလိုက်လေ၏။

"အစ်ကို အစ်ကိုလုကော ဒေါ်ကြီး၊ အစ်ကိုလုကော"

"စိတ်ချပါ ကလေးရယ်၊ မင်းအစ်ကိုလု ကောင်းကောင်းမွန်မွန် ရှိနေပါတယ်၊ ငါ ငါသာ မဟူရာ လက်ဝါးဒဏ်ကြောင့် ဟွပ် ဟွ

အဘွားအိုသည် စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ ချော တဟွပ်ဟွပ်ဆိုးနေလေတော့၏။

တုံမြင်မြင်က -

"သိပ်လဲစိုးရိမ်မနေပါနဲ့ ဒေါ်ကြီးရယ်၊ မဟူရာလက်ဝါးကော ကြောက်စရာ ရှိရမှာလဲ၊ ကယ်တင်နိုင်တဲ့ ကုသနိုင်တဲ့သူ ရှိပါတ အဒေါ်ကြီး စိတ်အေးအေးသာထားပါ"

အဘွားအိုက အသက်ကိုမှန်အောင် ရှူရှိုက်နေပြီးမှ

"ဘယ်သူကများ ဒီဒဏ်ရာကို ကုသနိုင်မှာတဲ့လဲကွယ်"

"ကိစ္စမရှိပါဘူး။ ကျွန်မဘိုးဘိုး ကုသနိုင်ပါတယ်"

"ညည်းဘိုးဘိုးက ဘယ်သူတဲ့တုံး"

"ကျွန်မဘိုးဘိုးက အရှေ့ပင်လယ်မှာနေတဲ့ တုံချိုစင်းလေ"

"ဩော် ညည်းက တုံချိုစင်း မြေးကိုး"

ထိုစဉ်အဘွားအိုသည် ဆေးလုံးတစ်လုံးထုတ်ယူ၍ ပါးစပ်ထဲ ပစ်သွင်းလိုက်၏။

"ငါ့မှာ ဟောဒီ ပန်းပေါင်းတစ်ရာ နှင်းဆေးလုံးကြောင့် ခုလိုအသက်ဆက်နေရတာ၊ ကဲ ကဲ လုံမလေးကို ငါတစ်ခုပြောချင်တ မင်း ကတိတစ်ခုပေးနိုင်ပါ့မလား"

တုံမြင်မြင်က တအံ့တသြလေးဖြစ်သွားကာ -

"ဘာလဲ ဒေါ်ကြီး လာများလဲ"

"သခင်လေးလုကို တွေ့ရင် အော်ဟစ်ငိုယိုတာမျိုး မလုပ် ထိန်းချုပ်ထားပါ့မယ်လို့ ကတိပေးရမယ်၊ အခုအချိန်မှာ ဘေးပတ်



သူတွေရှိကောင်း ရှိနေနိုင်တယ်"

တုံမြင်မြင်မှာ မျက်ရည်များ စီးကျလာတော့၏။

ထို့နောက် စိုးရိမ်တကြီး မေးတော့သည်။

"ဒေါ်ကြီး စောစောက ပြောတော့ အစ်ကို အစ်ကိုလု ကောင်း ကောင်းမွန်မွန် ရှိနေတယ်ဆို၊ အခု ဘယ်လိုဖြစ်သွားတာလဲ၊ အစ်ကိုလု ယ်လိုဖြစ်နေပြီလဲ"

အဘွားအို၏ လေသံက ရုတ်တရက် တင်းမာတည်ကြည်လာသည်။

"ညည်း ငါ့ကို အလျှင်ဦးဆုံး ကတိပေးနိုင်မှ ပြောမယ်၊ ဒီတော့မှ ခင်လေးလုနဲ့နှင့်ကို တွေ့ဆုံခွင့်ပေးရမယ်"

"ဒေါ်ကြီးရယ်၊ ကျွန်မ ကတိပေးပါတယ်၊ ကျွန်မကိုမြန်မြန်သာ တွေ့ခွင့်ပေးပါတော့"

အဘွားအိုက တုံမြင်မြင်ကို အကဲခတ်လိုက်၏။ ခဏမျှ အနားယူ သစ်တောအုပ်အတွင်းသို့ တစ်လှမ်းချင်းလျှောက်ဝင်သွားတော့သည်။

သစ်တောက အတွင်းသို့ရောက်လေ ချုံနွယ်ပိတ်ပေါင်းများ ထူထပ် ဖြစ်လာသည်။ တဖြည်းဖြည်း အမှောင်ထု ကြီးစိုးလာသည်။

အဘွားအိုက မီးခတ်ကျောက်နှင့် မီးတိုင်ကို တုံမြင်မြင်အား လှမ်းပေး တုံမြင်မြင်က မီးခတ်ကျောက်ဖြင့် မီးမွှေးပြီး မီးတိုင်၌ မီးထွန်း က်သည်။

မီးညွန့်ကလေးများ ရှဲခနဲတောက်လာပြီး ပတ်ဝန်းကျင်ကို လင်းလင်း ချင်းလေး ဖြစ်သွားစေ၏။

အမှောင်နှင့်အလင်းတို့ အားပြိုင်ရာ နယ်စပ်လောက်တွင် သစ်ပင် ပင်၌ လူငယ်တစ်ယောက်ကို ကြိုးဖြင့် ချည်နှောင်ထား၏။ ထိုလူငယ် ထိုက်ဟူသခင်လေးလုပင်ဖြစ်တော့သည်။

တုံမြင်မြင်သည် သခင်လေးလု၏ ကြေကွဲဖွယ်အဖြစ်ကို တွေ့ မှရှုသို့ပြေးသွားရန် ဟန်ပြင်လိုက်၏။ အဘွားအိုက တုံမြင်မြင်အား လက် ကာလိုက်၏။

"လုံမလေး ခဏနေဦး"

တုံမြင်မြင်မှာ တုံ့ခနဲရပ်သွားကာ အံ့အားသင့်သွားမိသည်။

"လုံမလေး သူဟာ မူလအခြေအနေ မဟုတ်ပါဘူး။ သူ့ကို ဖြေမပေးပါနဲ့၊ ဒါ ကြိုတင်သတိပေ ားတာပါ"

တုံမြင်မြင်မှာ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။ သခင် လုကို လှမ်းကြည့်သောအခါ သခင်ကလေးလုက သူမအား သူ တစ်ယောက်သဖွယ် ခပ်စိမ်းစိမ်း ကြည့်နေသည်ကို တွေ့လိုက်ရ

တုံမြင်မြင်၏ ရင်ထဲ၌ ကျဉ်ခနဲဖြစ်သွား၏။ မိမိ၏ချစ်သူ အဘယ်ကြောင့် မိမိအား သူစိမ်းပြင်ပြင် ကြည့်နေရသနည်းဟု တွေ ကြေကွဲဝမ်းနည်းလာမိလေ၏။

"ရှင် ရှင် သိပ်ရက်စက်ပါလားဟင်၊ ကျွန်မကတော့ ရှင့် ရရချင်း စိုးရိမ်လွန်းလို့ ကျွန်မ ဘွားဘွားမသိအောင် ခိုးထွက်လာခဲ့ရ အခု ရှင်က ရှင်က"

တုံမြင်မြင်မှာ တတွတ်တွတ်ပြောရင်း မျက်ရည်များ စီးကျ လေတော့၏။

အဘွားအိုက နှစ်သိမ့်၏။

"နောက်ထပ် နာရီဝက်လောက်စောင့်ပြီးမှ စကားပြောပါ လုံမလေး၊ လထွက်လာပြီဆိုရင် အခြေအနေကောင်းသွ ့မှာပါ"

"ဘာတွေဖြစ်နေလို့လဲ ဒေါ်ကြီးရယ်၊ ကျွန်မ ဘာမှလဲ နားမ နိုင်ပါလား။ သူ့ကိုကြည့်ရတာ ပိန် သွားရုံကလွဲလို့ လူကောင်းအတိုင် ပြောင်းလဲမှုလည်း သိပ်မရှိပါဘူး"



"အေးပေါ့ကွယ်၊ အပြောင်းအလဲ သိပ်မရှိဘူးလို့ ထင်ရတာပေါ့၊ ကလေးကလုပ်ကြံခံလိုက်ရတာပဲ၊ သူက ကမ္ဘာပေါ်မှာ ကြောက်စရာ ကောင်းဆုံးဆိုတဲ့ အဆိပ်ကိုမှ သွားသောက်မိခဲ့တာကိုး"

တုံမြင်မြင် မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွားသည်။

"ကြောက်စရာအကောင်းဆုံး အဆိပ်ဟုတ်လား၊ လထွက် လာရင် ခြေအနေကောင်းသွားမှာပါ ဆိုတာကကော ဘာအဓိပ္ပါယ်လဲ"

"ဟုတ်ပါတယ် ကလေးရယ် လထွက်လာရင် လူကလေးက ဘယ်သူ ဒုက္ခမပေးတော့ပါဘူး"

"ရှင် ဒီ ဒီလိုဆိုရင် အစ်ကိုလုက ဝံပုလွေ ဝံပုလွေအဆိပ်မြက်ကို ာက်မိပြီထင်ပါရဲ့ရှင်"

တုံမြင်မြင်မှာ မချိတင်ကဲဖြစ်ကာ ငိုကြွေးလိုက်တော့သည်။ ွားအိုမှာလည်း မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းဖြစ်လာသည်။

"သူ့ရောဂါအခြေအနေကိုကြည့်ပြီး ဒီလိုပဲ ဆုံးဖြတ်ရတာ ပဲကွယ်"

တုံမြင်မြင်မှာ ထိုအဖြေစကားကြောင့် တုံးခနဲ လဲသေချင် ာက်အောင် စိတ်ပျက်သွားရသည်။ သူမ၏ မိဘမျိုးရိုးများမှာ သိုင်း ညာရော ဆေးပညာပါ တတ်ကျွမ်းကြသူများဖြစ်သည်။

ရောဂါနှင့်အဆိပ်များအကြောင်းကို သူမကြားဖူး ှိထား သည်။ ဤဝံပုလွေအဆိပ်မြက်ဆိုသည်မှာ မည်သည့်ဆေးနှင့်မျှ ဖြေ၍ နိုင်သော အဆိပ်မျိုးဟု ဆိုကြသည်။

ထိုအဆိပ်မြက်မျိုးပြုန်းလုနီးပြီ ဖြစ်သော်လည်း သခင်လေးလု မှာမူ က်ကျွားကြောင့် ထိုအဆိပ်ဆေးမိခြင်းခံလိုက်ရပေသည်။

"ဒီအဆိပ်ဆေး ့းစွဲမိလို့ ပင်ကိုစိတ်ရင်း ပျောက်ပြီး သတိမရှိ ကိုတော့ ပြောမနေနဲ့၊ အလင်းရောင်မရှိဘူးဆိုတာနဲ့ အကြီးအကျယ် ဖောက်ပြန်ပြီး ပတ်ဝန်းကျင်မှာရှိတဲ့လူကိုတောင် သတ်တတ်တယ်"

"သူ တော်တော်ရန်ပြုသေးသလားဟင်၊ ဒေါ်ကြီး"

"ရန်ပြုပြီလား။ ဒါကြောင့် သူ့ကို သစ်ပင်မှာ ခုလိုကြိုးနဲ့ချည်ထား ရတာပေါ့"

တုံ့မြင်မြင်မှာ ရင်ထဲ နင့်သွားရ၏။

"သူ့ရောဂါကို ငါရအောင် ကုသရမယ်၊ ကုသလို့ မရရင် သူနဲ့အ ငါပါလိုက်သေပစ်မယ်"

တုံ့မြင်မြင်သည် စိတ်ထဲမှကြိတ်၍ ပြောမိသည်။ ထို့နော ချက်ချင်းပင် အဘွားအိုအား ပြောမိလေသည်။

"ကဲ ဒေါ်ကြီးလေ၊ ကျွန်မတို့ အရှေ့ ပင်လယ်ဘက်ဆီကို သွား ရအောင်"

"ငါကတော့ လိုက်နိုင်တော့မယ် မထင်ပါဘူးကွယ်၊ သွားလို့ လာ ကလဲ ခက်ခဲတယ်မဟုတ်လား။ လုံမလေးကသာ လူကလေးကို အ ခေါ်သွားပါတော့၊ မင်းဘိုးဘိုးရဲ့ ဆေးပညာစွမ်းနဲ့ သူ့ကိုရအောင် ကု ပေးနိုင်ပါစေကွယ်၊ သူ သူဟာ တို့ တို့ရဲ့တစ်ယောက်တည်းကျန် မျိုးဆက်ကလေးပါကွယ်"

ဒေါ်ကြီးလုက စကားကိုဆုံးအောင်ပင် မပြောနိုင်ဘဲ ရှိုက်ငင် ငိုကြွေ နေရှာသည်။ တုံ့မြင်မြင်က မတ်တတ်ထရပ်လိုက်ပြီး -

"စိတ်ဓာတ်ကျမနေပါနဲ့ ဒေါ်ကြီးရယ်၊ ကျွန်မဘိုးဘိုးက ဒီအ ဒဏ်ရာမျိုးကို ကောင်းကောင်းကုသပေးနိုင်ပါတယ်၊ ဘာမှ စိတ်ဓာတ် မနေပါနဲ့၊ အရေးအကြီးဆုံးအချက်က ကျွန်မရဲ့ဇာတိ အရှေ့ပင်လယ် အမြန်ဆုံး အရောက်သွားနိုင်ဖို့ပဲ"

အဘွားအိုက မငြင်းဆန်နိုင်တော့ဟန်ဖြင့်

"ကောင်းပါပြီကွယ် ကောင်းပါပြီ၊ ညည်းသဘောအတိုင်းပါ လုံမလေးရဲ့သတ္တိနဲ့ စိတ်ဓာတ်ကတော့ တကယ့်ကိုချီးကျူးစရာပါပဲကွယ်



တုံ့မြင်မြင်ဘာမျှ ဆက်မပြောတော့ပေ၊ အရှေ့ပင်လယ် အရပ်သို့ ထွက်ခွာရန် စီစဉ်တော့သည်။

ဤဒေသသို့ သူမထွက်မလာမီက သူ့ဘွားဘွား ဆံဖြူအဘွားအို နှင့်သူမသည် ဇာတိအရှေ့ပင်လယ်ဆီသို့ ပြန်ရန်စီစဉ်ထားပြီးဖြစ်ပေသည်။

ထိုစဉ်မှာပင် သခင်လေးလုထံမှ ရုတ်တရက်အကြောင်းကြားစာ ရသဖြင့် အဘွားကြီးအလစ်တွင် ခိုးထွက်ပြေးလာခဲ့ရခြင်း ဖြစ်ပေသည်။

❖ ❖ ❖

တုံ့မြင်မြင်၏ ဦးဆောင်မှုဖြင့် သုံးယောက်သားမှာ ပထမ ကျင်းကျင်း မြစ်ဆီသို့ ခရီးဆက်၏။ ထိုမှတစ်ဆင့် ဒလုကြီးဗုအား၍ မြစ်ကြောင်း အတိုင်း စုန်းဆင်းလာခဲ့သည်။

တုံ့မြင်မြင်သည် သခင်လေးလုနှင့် ဒေါ်ကြီးလုတို့ကို လှေဝမ်းထဲ တွင် နေသားတကျစီစဉ်ပေးပြီး ကုန်းပတ်ပေါ်သို့ထွက်ကာ ပတ်ဝန်းကျင် ကို လေ့လာ၏။

လရောင်က ပြိုးပြက်နေသဖြင့် မြစ်ပြင်မှာ ငွေသင်ဖြူးခင်းထား သလို ဘော်ငွေရောင်းသမ်းနေသည်။ အဆက်မပြတ် တိုက်လာသော လေနုအေးက သူမ၏ ဆံနွယ်စများကို လေထဲ၌ တလူလူသွင့်နေစေ ပေသည်။

တုံ့မြင်မြင်သည် ပတ်ဝန်းကျင်ကို ငေးကြည့်နေရာမှ သူမ၏ ချစ်သူသခင်လေးလု၏ ဆိုးရွားသော ကံကြမ္မာကို တွေးလာပြီး မျက်ရည် များ ရစ်ဝဲလာသည်။

"ခင်ဗျား ခင်ဗျား ငိုနေတာလဲ ဘာဖြစ်လို့လဲဗျာ"

ထိုသူကား ဤလှေကြီး၏ လှေထိုးသားတစ်ယောက်ဖြစ်ဟန် ရှိ သူ့အသက်အရွယ်မှာ တုံ့မြင်မြင်နှင့် မတိမ်းမယိမ်း နှစ်ဆယ်ဝန်းကျင် ခန့်ရှိပေသည်။

"ကျွန်တော် သိပါတယ်ဗျာ၊ ဘာကြောင့် ခင်ဗျားငိုနေသလဲ ဆိုတာ ဟိုလှေဝမ်းထဲက လူနှစ်ယောက်ရဲ့ရောဂါအခြေအနေ ပြင်းထန် နေလို့ ခင်ဗျားသိပ်ပြီး စိတ်ပူနေတယ်မဟုတ်လား"

တုံ့မြင်မြင်သည် ထိုလူငယ်အား စကားမပြောလိုပေ။ မကောင်းတတ်သဖြင့်သာ ခေါင်းညိတ်ပြလိုက်မိသည်။

"ခင်ဗျား အရှေ့ပင်လယ်ကို သွားပါလား"

"ရှင် အရှေ့ပင်လယ်ကို သွားရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် တစ်ခါတုန်းက ပင်လယ်ထဲ ခရီးထွက်ရင်း လှေမှောက်ခဲ့ရတယ်၊ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ ရပြီး ဆားငန်ရည်ထဲမှာ နေ့ရောညပါ စိမ်နေရလို့ မြင်မကောင်းအောင် ရောင်ကိုင်းပွရောင်းလာတယ်၊ ဒီလိုနဲ့ ကျွန်းကလေးတစ်ကျွန်းပေါ်ကို ကံကောင်းထောက်မပြီး ရောက်သွားခဲ့တယ်၊ အဲဒီကျွန်းက အဘိုးအို တစ်ယောက်ရဲ့ဆေးကို တစ်ခါပဲသောက်လိုက်ရတယ်၊ သုံးရက်ပဲကြာတယ် ပျောက်သွားတာပဲ၊ သူက အသက်ကယ်ခဲ့တဲ့အပြင် လှေတစ်စင်း စီစဉ်ပေးပြီး ကျွန်တော့်နေရပ်ရောက်အောင် အကူအညီပေးခဲ့သေးတယ်၊ ကျွန်တော် ပြောတာမယုံရင် လက်မောင်းက ဒဏ်ရာကို ကြည့်ပါလား"

လူငယ် သူ၏အင်္ကျီလက်မောင်းကို မ၍ ပြလိုက်လေ၏။

တုံ့မြင်မြင် ပြုံးလိုက်သည်။ သူမ၏ ဘိုးဘိုးနှင့်တွေ့ခြင်းဖြစ်မည် ဟု စိတ်ထဲ၌ တွေးလိုက်မိ၏။

"ရှင် ကံကောင်းတာပေါ့"



လှေထိုးသား လူငယ်ကပြုံး၍ ခေါင်းညိတ်ပြသည်။ တုံ့မြင်မြင် ည် လှေဝမ်းထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်မိ၏။ ထိုစဉ် စူးရှသော သံများသည် မြစ်ဝပြင်ကျယ်အတွင်း၌ ဆူညံစွာ ထွက်ပေါ်လာ တော့သည်။

"ရှီ ရှီ ရှီ"

ထိုခရာသံကြောင့် လှေသမားမှာ အကြီးအကျယ် မျက်နှာပျက် တော့သည်။

"မီးတွေငြိမ်း ရွက်တွေကို ဆွဲဖြုတ်ချလိုက်"

သူက အော်ဟစ်သတိပေးသည်။ အခြားလှေသမားများလည်း ပ်ရှုပ်သွားရသည်။

တုံ့မြင်မြင် စကားပြောခဲ့သည့် လှေသမားလူငယ်က တုံ့မြင်မြင် စိုးရိမ်တကြီး သတိပေးသည်။

"လုံမလေး ဒီအတိုင်း ရပ်မနေနဲ့ ယောက်ျားလေးလို မြန်မြန် လိုက်၊ မျက်နှာကိုလဲ ညစ်ပတ်အောင် လုပ်ထားလိုက်"

တုံ့မြင်မြင်က ပြန်မေးမိသည်။

"ဘယ်သူတွေလာနေလို့လဲ"

"ကျွန်တော်ပြောတာကိုသာ မြန်မြန်လုပ်စမ်းပါ၊ ပင်လယ်ဓားပြ ရောက်လာတော့မယ်၊ ခင်ဗျားက သိပ်လှနေတော့ စိတ်မချရဘူး၊ င်တွေက လူစိတ်ရှိတဲ့ကောင်တွေ မဟုတ်ဘူး"

"ကိစ္စမရှိပါဘူးရှင် ရပါတယ်"

"ဘာကိစ္စမရှိရမှာလဲ၊ လုပ်ဗျာ ကျွန်တော် ပြောသလိုလုပ်"

ထိုစဉ် ပင်လယ်ဓားပြများ၏ လှေသည် သူတို့၏ လှေကြီးအနီး ရောက်ရှိလာတော့သည်။

"သွားပြီ နောက်ကျသွားပြီ၊ ခင်ဗျားတော့ ရေဝဲမိနစ်တော့ မ

ပင်လယ်ဓားပြတို့၏ လှေမှ ကြိုးချိတ်များသည် လှေ ကုန်းပတ်ပေါ်သို့ တဒုန်းဒုန်းလာစိုက်ကြ၏။

မကြာမီ လှေကြီးသည် ပင်လယ်ဓားပြလှေနှင့် ကပ်လျက် ဖြစ်သွား၏။

ခက်ထန်ကြမ်းကြုတ်သော အော်သံများ ထွက်ပေါ်လာသည်

"လှေပေါ်ကလူတွေ တစ်ယောက်မှ မလှုပ်ကြနဲ့"

လှေပေါ်မှလူများမှာ လှေဦးထိပ်၌ စုထိုင်ကြရသည်။ သူ မျက်နှာများပေါ်၌ စိုးရိမ်သောကများ ဖုံးလွှမ်းနေကြလေသည်။

တုံမြင်မြင်မှာမူ လှေဝမ်းထဲသို့ ကမန်းကတန်း ပြေးဆင်း သွား ဒေါ်ကြီးလုမှာ အိပ်ရာမှ နိုးနေပြီး စိတ်ပူပင်သော မျက်လုံး မျ တုံမြင်မြင်ကို ကြည့်နေ၏။

"လုံမလေး ပင်လယ်ဓားပြတွေ ရောက်လာပြီ ထင်တယ်"

တုံမြင်မြင် ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုရင် တို့ ဘယ်လိုလုပ်ကြမလဲ"

"စိတ်မပူနဲ့၊ ကြောက်စရာမရှိပါဘူး"

လှေသူကြီးက ဓားပြများကို ရှိခိုးဦးတင် တောင်းပန်နေ ဓားပြခေါင်းဆောင်ဖြစ်ဟန်တူသူက သူ့တောင်းပန်မှုကို လုံးဝ ဂရု ချေ။

"ဒီလောက်ကြီးမားတဲ့လှေကို တစ်ဦးတည်း ဖားရမ်းလာတယ် ဆ ချမ်းသာတဲ့လူကုံထံတစ်ယောက်ပဲ ဖြစ်ရမယ်၊ ဘာမှတို့ကို လာတော မနေနဲ့၊ ကဲ ရှာကြစို့"

ထိုသူက လှေဝမ်းထဲ လှမ်းဝင်ရန် ခြေလှမ်းလိုက်သည်။ စော



တုံမြင်မြင်အား စိုးရိမ်စိတ်ပူနေသော လှေသမားလူငယ်က ထိုသူကို ်တ်ဆီးတားထားလိုက်သည်။ ဓားပြခေါင်းဆောင်က ထိုသူကို ဘာမျှ ပြောဘဲ ခါးကြားမှဓားကို ရှမ်းခနဲဆွဲထုတ်ပြီး တဝိုးဝိုးဖြင့် ဝှေ့ယမ်း သုပ်ရှားလိုက်လေတော့၏။

"ဝုစ် ဝုစ် ဝုစ်"

အလင်းတန်းများ ထွက်ပေါ်လာပြီး လှေပေါ်ရှိ လှေသမား အရှားလုံးမှာ ာင်ခနဲဖြစ်ကုန်သည်။

ပင်လယ်ဓားပြများ၏ ဩဘာသံက ဟိန်း၍ထွက်ပေါ်လာသည်။

လှေသမားလူငယ်၏ ခေါင်းထက်တွင် ဆံပင်တို့မရှိတော့။ အဝတ် အစားများက စုတ်ပြတ်သွားသည်။ ဓားပြခေါင်းဆောင်၏ ဓားစွမ်းရည်က ာက်မြက်လှ၏။

ဓားပြခေါင်းဆောင်က တဟဲဟဲ ရယ်မောပြီး လက်ဝါးရိုက်ချက် တစ်ချက်ထုတ်လိုက်ပြန်သည်။ လူငယ်မှာ မခုခံနိုင်ဘဲ လှေကြမ်းပြင်သို့ န်းခနဲ လဲကျသွားရတော့သည်။

❖ ❖ ❖

ဓားပြခေါင်းဆောင်က ထိုလူငယ်က မဟန့်တားရဲတော့ဟု ာင်မှတ်ကာ လှေဝမ်းတံခါးကို ဖွင့်လိုက်သည်။ သို့သော် လူငယ်က ာဲနေရာမှ ဝုန်းခနဲခုန်ထကာ လှမ်းအုပ်လိုက်သည်။

"ဒီလောက်သေချင်တဲ့ကောင်၊ ကဲကွာ"

ဓားပြခေါင်းဆောင်က လူငယ်၏မျက်နှာကို ခြေထောက်ဖြင့် ာန်လိုက်ရာ သွေးများရဲခနဲကျလာ၏။ သွားနှစ်ချောင်းလည်း ကျွတ်ထွက် ွားသည်။

ပင်လယ်ဓားပြခေါင်းဆောင်သည် မိုက်မဲရမ်းကားသည့် အဆင့်မြ
သိုင်းသမား တစ်ယောက်ဖြစ်၏။

သူ့ဘဝတွင် သိုင်းပညာမတတ်ဘဲ ဤမျှ သတ္တိကောင်းသူ
တစ်ခါမျှ မတွေ့ခဲ့ဖူးချေ။

"ဝုန်း"

ထိုစဉ်မှာပင် လှေဝမ်းတံခါးက ရုတ် ရက်ပွင့်သွားပြီး တုံမြင်မြ
တစ်ယောက် ထွက်လာလေတော့၏။

ပင်လယ်ဓားပြခေါင်းဆောင်သည် လူငယ်အားထပ်မံရိုက်ရ
ရွယ်ထားသောလက်ကို လမ်းခုလတ်တွင်ပင်ရပ်ထားလိုက်မိသည်။

တုံမြင်မြင်က ဓားပြခေါင်းဆောင်အား ခပ်မာမာ မေးလိုက်၏။

"လူငယ်တစ်ယောက်ကို အနိုင်ကျင့်တတ်ရုံနဲ့ ရှင့်ကိုယ်ရှင် သူ
ကောင်းတစ်ယောက်လို့များ ထင်နေသလား"

တုံမြင်မြင်၏ စကားသည် စိတ်ဆိုးလောက်သော စကားဖြ
သော်လည်း ဓားပြခေါင်းဆောင်မှာ စိတ်မဆိုးနိုင်ဘဲ တဟားဟားရယ်သည်

တုံမြင်မြင်၏ အလှ၌ ယစ်မူးသွား၏။ သူကား ရာဂအိုးတည်း

"ဟီး ဟီး ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်၊ ဒီအလုပ်က သူရဲကောင
တစ်ယောက်ရဲ့ အလုပ်မဟုတ်ပါဘူး။ ဟဲ ဟဲ ဟဲ"

"လုံမလေး ပင်လယ်ဓားပြတွေက လူ့စိတ်ရှိတာမဟုတ်ဘူး။ ဘာဖြ
လို့ဒီလို တိရစ္ဆာန်ကောင်တွေနဲ့ စကားကောင်းပြောနေရတာလဲ"

လှေထိုးသားလူငယ်က အော်ဟစ်သတိပေးသည်။ သူ့ပါးစပ်တွ
သွေးများဖြင့် ပြည့်နေ၏။

ကျန်ရှိနေသော ပင်လယ်ဓားပြက ထိုလူငယ်ကို ဝိုင်းဝန်း ရိုက်နှ
တိုက်ခိုက်ရန် ဝိုင်းအုံလာကြသည်။ တုံမြင်မြင်က အလျှင်အမြန်ပြောလိုက်



"ရှင့်လူတွေကို မြန်မြန်တားလိုက်ပါ၊ နို့မို့ရင် ကျွန်မအာဆိုး မဆိုနဲ့"

ဓားပြခေါင်းဆောင်က တဟားဟားရယ်ပြီး သူ့လူများကို တားဆီး
လိုက်၏။

"ဟော့ ဟော့ မင်းတို့ရဲ့ သခင်မလေးက ပြောနေတယ်၊ ဟိုလှေ
ထိုးသား ခွေးကောင်ကို ဘာမှ မလုပ်ကြနဲ့"

လှေထိုးသား လူငယ်မှာ သက်သာရာရသွားသည်။

လူငယ်သည် သူ့ဒဏ်ရာကို မှုဟန်မရှိချေ။ တုံမြင်မြင် အတွက်သာ
စိတ်မချမ်းမသာ ဖြစ်နေရရှာသည်။

"ရှင်တို့ ဒီလှေကို ဒုက္ခမပေးကြပါနဲ့ရှင်၊ ကျွန်မ မေတ္တာရပ်ခံ
ပါတယ်"

ဓားပြခေါင်းဆောင်က တဟားဟား ရယ်ပြီး

"ညီမလေးသာ ကျုပ်တို့လှေကြီးနဲ့ လိုက်လာရင် ဒီလှေကို ကျုပ်တို့
လက်ဖျားနဲ့တောင် မထိပါဘူး"

"ကျွန်မ ရှင်နဲ့လိုက်ရတာက အရေးမကြီးဘူး။ ကျွန်မမှာ မိတ်ဆွေ
နှစ်ယောက် ပါလာသေးတယ်၊ သူတို့ကို ထားခဲ့လို့ မဖြစ်ဘူး၊ သူတို့က
အဒနာသည်တွေ"

"ဟဲ ဟဲ ဟဲ ရပါတယ်လေ ရပါတယ်၊ ထားခဲ့လို့ မဖြစ်ရင်လဲ
အတူတူခေါ်သွားကြတာပေါ့"

"ဖြစ်ပါ့မလား ရှင်၊ ကျွန်မမိတ်ဆွေနှစ်ယောက်က အစားကြီးသလို
စိတ်ကလဲထက်တယ်၊ ရှင် သည်းခံနိုင်ပါ့မလား"

"ဒါတွေက အရေးမကြီးပါဘူး"

ဓားပြ ခေါင်းဆောင်၏ မျက်နှာမှာ သကာရည်လူးထားသလို ချိုမြ
သည်။ သူ့အကြံအစည်းများ အောင်မြင်တော့မည်ဟူသော အသိဖြင့်

ကြည်နူးပီတိဖြစ်နေသည်။

လေ့ထိုးသမား လှူငယ်သည် လှူးလဲထလာပြီး တုံမြင်မြင်ရှေ့

လှမ်းလျှောက်လာခဲ့၏။

"လုံမလေး ခင်ဗျားလိုက်သွားလို့ ဘယ်ဖြစ်မလဲဗျ။ သူတို့

နည်းနည်းကလေးမှ အကြင်နာတရား ရှိတဲ့လူတွေ မဟုတ်ဘူး။ သူတို့

လိုက်သွားလို့ ဟိုရောက်မှ ခင်ဗျားသေချင်ပါတယ် ဆိုရင်တောင်မှ သေခွ

ရမှာ မဟုတ်တော့ဘူး"

"မင်း ဘာလာရှုပ်ပြန်ကာလဲ၊ ဘေးဖယ်နေစမ်း"

"ဘာလို့ ဖယ်ရမှာလဲ၊ သူ့ကိုခေါ်သွားချင်ရင် ခင်ဗျားကျုပ်

အလျှင်သတ်သွား"

"ဟား ဟား ဟား။ မင်းက တော်တော့်ကို သေချင်နေတာကိုး"

စားပြခေါင်းဆောင်က ငှက်ဆိုးထိုးသံအလား။ တဟားဟား ရယ်

တော့သည်။

တုံမြင်မြင်သည် စားပြခေါင်းဆောင်၏ မျက်စိထဲမှ လူသတ်မည့်

အရိပ်အယောင်များ တွေ့ရှိလိုက်ရသဖြင့် ကပျာကယာ တားဆီးလိုက်ရ

"ပြဿနာ ရှာမနေပါနဲ့တော့ ရှင်၊ ကျွန်မ လိုက်ခဲ့ပါ့မယ်၊ ကျွန်

စိတ်ဆွေတွေကိုသာ သွားခေါ်ပါရစေ"

တုံမြင်မြင်က လေ့ဝမ်းအောက်သို့ ဆင်းကာ သခင်လေး

တို့နှစ်ယောက်ကို ခေါ်ဆောင်လာခဲ့သည်။

တုံမြင်မြင်တို့အားလုံး ပင်လယ်စားပြလေ့ပေါ်သို့ ပြောင်းတ

လိုက်ကြသည်။ လေ့ထိုးသမားလှူငယ်က တုံမြင်မြင်ကို ကရုဏာလွှမ်းသေ

မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေသည်။

တုံမြင်မြင်က ပြုံး၍ တီးတိုးပြောသွားသည်။



"ရှင် ဘာမှ စိတ်ပူမနေပါနဲ့၊ ကျွန်မက ဒီပင်လယ်စားပြတွေကို

ကောင်းကောင်း နိုင်ပါတယ်ရှင်၊ ရှင်တို့ လေ့ထက် ဒီလေ့ကကြီးလို့

ကျွန်မက ပြောင်းစီးလိုက်တာပါ။ ကျွန်မက အရှေ့ပင်လယ်ကို မြန်မြန်

ရောက်ချင်နေတယ်လေ"

ထိုစကားကြောင့် လှူငယ်မှာ ငိုင်သွားသည်။ ပင်လယ်စားပြ လေ့ကြီး

သည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

တုံမြင်မြင်၏ စကားသံများကမူ သူ့နားထဲတွင် တရစ်ဝဲဝဲ ပဲ့တင်ထပ်

ကျန်နေတော့သည်။

❖ ❖ ❖

## အခန်း (၉၀

## အရှေ့ပင်လယ်ကျွန်းပျော်မှ

စားပွဲခေါင်းဆောင်သည် တုံမြင်မြင်၏အနီးသို့ တဖြည်းဖြည် ချဉ်းကပ်လာသည်။ တုံမြင်မြင်၏ခါးကို သိမ်းဖက်လိုက်စဉ်မှာပင် တုံမြင်မြ က ဖျတ်ခနဲ ဆုတ်ပေးလိုက်သည်။

"ဒါ ဘာလုပ်တာလဲ၊ ရှင်သေချင်လို့လား"

"မြန်း"

စကားအဆုံးတွင် သူမ၏လက်ဝါးက ရိပ်ခနဲလှုပ်ရှားလိုက်သည်

ခေါင်းဆောင်လုပ်သူ၏ ပါးပြင်တွင် လက်ငါးချောင်းရာ အထင်းသ ပေါ်သွားတော့သည်။

"ပြောစမ်း၊ ကွေချွမ်းနဲ့ ရှင်ဘယ်လို ပတ်သက်သလဲ"

တုံမြင်မြင်၏အသံမှာ ကျားသစ်မလေးတစ်ကောင်သဖွယ် ဖြစ်သွ တော့သည်။

ခေါင်းဆောင်လုပ်သူမှာ အမှတ်မထင် ပါးရိုက်ခံလိုက်ရသဖြ ကြီးစွာဒေါသထွက်သွားမိ၏။ သို့သော် ချက်ချင်းလိုလို ကွေချွမ်းဆိုသေ စကားကြားလိုက်ရပြန်သဖြင့် ထိတ်လန့်သွားပြန်သည်။



သူသည် ဒေါသကိုသိမ်းဆည်းပြီး ကျိုးနွံစွာပြောလေသည်။

"ဆရာကြီးကွေချွမ်းက ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးပါ"

တုံမြင်မြင်က သူ့ခါးတွင်ချည်နှောင်ထားသော ငွေပြားခါးပတ်ကို ြတ်ပြီး ဝှေ့ယမ်းပြလိုက်သည်။

လှေပေါ်ရှိ စားပွဲအားလုံး ပြားပြားဝပ်သွားကြ၏။ စားပွဲ ခေါင်းဆောင် ား ပြောဖွယ်ရာမရှိတော့ချေ။ မျက်နှာနှင့် လှေကြမ်းပြင် ထိလုမတတ် ပ်စင်းကား ခေါင်းပင်မဖော်ရဲတော့ချေ။

ထိုငွေခါးပတ်ပြားကား အမိန့်ပေး ငွေခါးပတ်ပြားသာ ဖြစ်ပါလေ၏။

တုံမြင်မြင်က

"ဆရာကွေချွမ်းရဲ့ လက်အောက်ငယ်သားတွေ ဒီလိုဖြစ်နေတာ င်မတန် ရှက်ဖို့တောင် ကောင်းတယ်၊ မှတ်လောက်သားလောက် အောင် ပြစ်ပေးဖို့ ကောင်းတယ်"

ပင်လယ်စားပွဲခေါင်းဆောင်( ်ယင်ယင် ပြောသည်။

"လုံ လုံမလေး လုံမလေးကို . ဦးကွေချွမ်းရဲ့ မိတ်ဆွေမှန်း ဒီလို ခုလို စော်ကားမိတာပါ၊ ဒီတစ်ကြိမ် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

တုံမြင်မြင်က ခေတ္တစဉ်းစားဟန်ပြုလိုက်၏။

"ကောင်းပြီ၊ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်မယ်၊ ကျွန်မတို့ကို အရှေ့ င်လယ်ကျွန်းဆီရောက်အောင် ပို့ပေးပေတော့"

ပင်လယ်စားပွဲများသည် ဝပ်နေရာမှ လူးလဲထပြီး တုံမြင်မြင်အား ူးဂူးတင်စကား ပြောကြားတော့၏။ လှေကိုလည်း အရှေ့ဘက်အရပ် သို့ အလျင်အမြန်ဆုံး လှော်ခတ်ကြတော့သည်။

တုံမြင်မြင်သည် အားရကျေနပ်စွာ လှေဝမ်းထဲသို့ပြန်လည် ဝင် ာက်ခဲ့သည်။ လှေဝမ်းထဲတွင် သခင်လေးလုတို့နှစ်ဦးမှာ အိပ်မောကျ ပေပြီ။

တုံမြင်မြင်က သခင်လေးလှကို အသေအချာ အကဲခတ်ကြ
ရှမ်၏။ ဝံပုလွေ အဆိပ်မြက်၏ဒဏ်ကြောင့် အတော်ကလေး စိတ်
ညှိုးနွမ်းနေပုံရသည်။

နောက်ဆုံး တုံမြင်မြင်ကိုယ်တိုင် သူတို့ဘေး၌ အိပ်ပျော်သ
လေတော့၏။

မည်မျှပင်ပန်း နွမ်းနယ်ပြီး အိပ်ပျော်ခဲ့သည်မသိ။ နောက်တစ်
နေ့လယ်ကျမှပင် အိပ်ရာမှ နိုးလာတော့သည်။ သူမလည်း မျက်နှာသစ်
လှေကုန်းပတ်ပေါ်သို့ တတ်လာခဲ့သည်။

ပင်လယ်ဓားပြခေါင်းဆောင်က သူမအနီးသို့ တိုးကပ်လာပြီး မျက်
လိုမျက်နှာရ ပြောလာသည်။

"လောကမြန်တယ်မဟုတ်လား လုံမလေး၊ တကယ်လို့နေးနေ သေ
တယ်ဆိုရင် ကျုပ်ကိုယ်တိုင် ဝင်လှော်ပေးပါ့မယ်"

တုံမြင်မြင်က မျက်နှာထား ခပ်တည်တည်ဖြင့်ပြောချ လိုက်၏
"ရှင့်ကို ဘယ်သူက မလှော်ပါနဲ့လို့ တားထားလို့လဲ၊ ရှင်ကိုယ်တိုင်သ
ဝင်လှော်ရင် ရှင့်လက်အောက်ငယ်သားတွေလဲ အားတက်ပြီး မနိမကာ
လှော်ခတ်ကြမှာပေါ့၊ ဒါဆို ကျွန်မတို့လဲ မိုးမချုပ်ခင် ရောက်သွားနိုင်မှာ

ပင်လယ်ဓားပြ ခေါင်းဆောင်မှာ ကိုယ့်စကားနှင့်ကိုယ်မိကာ
လှေလှော်သား ဓားပြများကြား၌ ဝင်ထိုင်ရတော့သည်။

အကယ်၍ တုံမြင်မြင်ကသာ ဆရာကြီးကွေချွမ်းကိုသွားရောက်
တိုင်တန်းခဲ့လျှင် သူ့အဖို့ ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားနိုင်သည် မဟုတ်
ပါလော။

ပင်လယ်ဓားပြခေါင်းဆောင်မှာ ကိုယ့်ရှူးကိုယ်ပတ်ကာ လှော်တက်
ကိုင်ကာ ဝင်ရောက်လှော်ခတ်ရတော့သည်။ သူသည် အဆင့်မြင့်သို



တစ်ယောက်ဖြစ်သဖြင့် အခြားသူတစ်ယောက် လှော်ခတ်အားထက်
အကျိုးသက်ရောက်စေခဲ့သည်။

သူ့ လက်အောက်ငယ်သားများမှာလည်း ဆရာဖြစ်သူကိုယ်တိုင်
ကလှော်ခတ်နေပြီဖြစ်၍ ပိုမိုအားစိုက်လှော်ခတ်ကြသည်။ ထို့ကြောင့်
လေးမှာ ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးနေတော့၏။

❖ ❖ ❖

နေမင်းကြီးက အနောက်ဘက် အရပ်ဆီသို့ တဖြည်းဖြည်း ရွေ့လျား
သည်။ ဆည်းဆာရောင်ခြည်များက ပင်လယ်ပြင်တွင် ပုဇွန်ဆီ သွေး
င်များ ဖျန်းပက်လာသည်။ နေလုံးကွယ်ပျောက်ချိန်သို့ရောက်လျှင်
ပင်လယ်ကျွန်းဆီသို့ ရောက်ရှိပေတော့မည်။

တုံမြင်မြင်သည် သူမ၏ မွေးရာဇာတိနှင့် နီးလာလေလေ စိတ်ပူ
လေလေ ခံစားလာ၏။

သခင်လေးလှ၏ ရောဂါကို သူမဘိုးဘိုးက ကုသမပေးနိုင်ခဲ့လျှင်
သောအတွေးကို တွေးမိသောအခါ တုံမြင်မြင်မှာ မျက်ဝန်းအိမ်တွင်
ရည်များ ရစ်ဝဲလာလေတော့၏။

မကြာမီပင် လှေငယ်ကလေးမှာ ကျွန်းတစ်ကျွန်း အနီးသို့ ရောက်ရှိ
ခဲ့သည်။ အရှေ့ပင်လယ်ကျွန်းပင်ဖြစ်၏။ ပင်လယ်ဓားပြ ခေါင်းဆောင်
တုံမြင်မြင်တို့သုံးယောက်ကို ကမ်းပေါ်အထိ လိုက်လံ ပို့ဆောင်ပေး
သည်။

အရှေ့ပင်လယ်ရှိ မင်ရာကျွန်းကား သာယာလှ၏။ ပန်းရနံ့များက
အသွေးတွင် ထုံပျံ့သင်းကြိုင်နေ၏။ အမှောင်လွှမ်းနေသော်လည်း
ဝန်းကျင်၏ သာမောဖွယ် တစ်ပိုင်းတစ်စကို မြင်နိုင်ပေသေးသည်။

သို့သော် မည်သူမျှ ကျွန်း၏အလှအပကို မခံစားနိုင်ကြချေ။ ကိုယ့်အပူနှင့်ကိုယ် ရှိနေကြသည် မဟုတ်ပါလော။

တုံမြင်မြင်က မျက်နှာကလေးအိုအိုဖြင့် သခင်ကလေးလ အဒေါ်ဖြစ်သူကို ဦးဆောင်ခေါ်ယူသွား၏။ လမင်းကြီးလည်း ထွက် လာသည်။ လမ်းက တစ်ဖြောင့်တည်းရှိပြီး အဆုံးမရှိသည့်အ တန်းမတ်နေ၏။ သစ်တောအုပ်ကလေးတစ်ခုကို ဖြတ်မိသောအ အလင်းရောင်ဖျော့ဖျော့ကို တွေ့ကြရ၏။

တုံမြင်မြင် ဝမ်းသာအားရ ပြောသည်။

"ဘိုးဘိုးအိမ်မှာ ရှိနေတာပဲ၊ ကံကောင်းလိုက်တာ"

ဒေါ်ကြီးလှက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး

"လုံမလေးရယ် ဆရာကြီး တုံချီစင်းက သိုင်းလောက ဥ တိက္ကမရှိသလို အကျော်ဇေယျရှိတဲ့သူဆိုတော့ တို့လိုသာမန် အည တွေက သွားနှောင့်ယှက်မိတာကို ကြိုက်မှကြိုက်ပါ့မလားကွယ်"

"အို မဟုတ်တာဘဲ ဒေါ်ကြီးလှရဲ့ ဘိုးဘိုးက မျက်နှာထ တင်းတင်းမာမာရှိပေမယ့် စိတ်ရင်းသဘောရင်းကောင်းပါတယ်၊ ဒေါ်ကြ တို့ကို ဒဏ်ရာပျောက်အောင် ကုသပေးမှာပါ၊ ကျွန်မတစ်ယောက် ရှိနေတာပဲဥစ္စာ"

ဒေါ်ကြီးလှက ဘာမျှပြန်မပြောဘဲ သခင်လေးလှကိုသာ ထိ ခေါ်လာခဲ့သည်။ မီးအိမ်ထွန်းထားသည့် တဲကလေးဆီသို့ ရောက်သော တုံမြင်မြင်က တဲပေါ်သို့ ပြေးတက်သွားတော့သည်။

"ဘိုးဘိုး သမီးပြန်လာပြီ ဘိုးဘိုး"

တုံမြင်မြင်က အဘိုးအိုရှေ့ရောက်သည်နှင့် သူ့အဘိုးအို၏ ရင် ကြားသို့ ခေါင်းဝှေ့တိုးဝင်လိုက်သည်။



"ဘိုးဘိုးက သမီးကို မချစ်ပါဘူး။ သမီးရောက်လာတာကို ဟက်ဟက် ပက် မရှိဘူး"

တုံချီစင်းဘေးမှ အဘိုးအိုက တဟားဟားရယ်မောလိုက်သည်။

"ညီလတ်၊ မင်းဘာပြောဦးမလဲ၊ တစ်ချိန်တုန်းကမင်းဟာ ဟုန်းဟုန်း ာက် အောင်မြင်ကျော်ကြားပြီး သိုင်းသမားတိုင်းကို ဩဇာ လွှမ်းမိုးနိုင် မယ့် ဒီကလေးမလေးကိုတော့ ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား"

တုံချီစင်းသည် မြေးမလေး၏ ဆံပင်ကို တယုတယ ပွတ်သပ် ေ၏။ အဘိုးဖြစ်သူကို ဤသို့ တီတာခရာလျှင် သူ့အား တစ်စုံတစ်ခု ာတော့မည်ကို အဘိုးဖြစ်သူက ကြိုတင်သိနေ၏။

"နင် ပြန်ရောက်လာတာအတော်ပဲ၊ ဒီည နင့်ဘိုးဘိုးကြီးနဲ့ ငါကိစ္စ စ်ခုရှိလို့ ဒီကျွန်းကနေ ထွက်သွားရလိမ့်မယ်၊ နင် အိမ်စောင့် နေခဲ့ တော့"

တုံမြင်မြင်မှာ အထိတ်တလန့် ဖြစ်သွား၏။

"ဟင့်အင်း ဟင့်အင်း မရဘူး။ ဘိုးဘိုး မသွားရဘူး"

"မသွားလို့ ဘယ်ဖြစ်မလဲ၊ ဘာလဲ နင်က ကြောက်လို့လား။ ငါတို့ကို ပြောမဆိုဘဲ သိုင်းလောကထဲမှာ တစ်ယောက်ထည်းသွားချင်ရာ ားတာကျတော့ မကြောက်ဘူး၊ ဘာအန္တရာယ်မှ မရှိတဲ့ဒီကျွန်းပေါ်မှာ တင့်နေရမှာတော့ ကြောက်နေသလား"

တုံမြင်မြင် မျက်နှာချိုသွေးလိုက်သည်။

"မသွားပါနဲ့ဦး။ ဘိုးဘိုးရယ်၊ ဟိုလေ ဟို ဘိုးဘိုးကို သမီး ရှိခိုး ာင်းပန်ပါတယ်၊ သမီးကို တစ်ခုလောက် ကူညီပေးပါ ဘိုးဘိုးရယ် ာ် ဘိုးဘိုးနော်"

တုံချီစင်းက မျက်နှာတည်တည်ပင် လုပ်နေသည်။ တုံမြင်မြင်က

နောက်ချန်လျှောက်လာသည်။ သခင်လေးလုတို့နှစ်ယောက်ဆီ
လှမ်းကြည့်လိုက်သည်။

သူတို့နှစ်ယောက်မှာ တဖြည်းဖြည်းအိမ်အနီးဆီသို့ ရော
လာခဲ့ပေပြီ။

"ဘိုးဘိုးကို သမီးမိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

တုံ့မြင်မြင်က ပြောပြောဆိုဆို ရှေ့သို့ လှမ်းတက်လိုက်ပြီး ဒေါ်ကြီး
တွဲခေါ်သည်။

ဒေါ်ကြီးလုက တုံ့ချီစင်းတို့ညီအစ်ကို နှစ်ယောက်ကို ဦးညွ
ဂါရဝပြုလိုက်၏။

"ကျွန်မက လုမျိုးနွယ်ပါ၊ အရှေ့ပင်လယ်က ညီနောင်နှစ်ဦး
ဂါရဝပြုပါတယ်"

တုံ့ရှန်စင်းနှင့် တုံ့ချီစင်းတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ပြန်
ဂါရဝပြုကြ၏။

တုံ့ချီစင်းက

"ထိုက်ဟူလုမျိုးနွယ်ဟာ ကျန်းနန်ဒေသတစ်ဝိုက်မှာ သစ္စာတ
ကို လက်ကိုင်ထားတယ်ဆိုတဲ့ သတင်းကြားရတာကြာပါပြီ၊ အ
မိုင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်ကနေ ဒီကိုရောက်လာခဲ့တာ ဘ
အကြောင်းထူးကိစ္စများရှိလို့ပါလဲ"

ဒေါ်ကြီးလုက သက်ပြင်းချလိုက်၏

"ကျွန်မတို့ မုယွင်ကျေးရွာဆိုတာ မရှိတော့ပါဘူးရှင်"

တုံ့ချီစင်းမှာ ထိုသတင်းစကားကြောင့် အံ့အားသင့်သွားသ

"ထိုက်ဟူရေကန်ထဲက မုယွင်ကျေးရွာကို အဖျက်ဆီးခံလို
ဟုတ်လား၊ နောင်ကြီးလီမိုက်ချောင် ပြောဖူးတာကတော့ ထို



ယ်နိမိတ်ကို ဝင်ရောက်တိုက်ခိုက်ဖို့ မလွယ်ကူဘူးဆို၊ လှို့ဝှက်ဆန်းကြယ်
တဲ့ ရေလှိုဲတံခါးတွေ တပ်ထားလို့ ဘယ်ရန်သူမှ မဝင်နိုင်ဘူးဆို"

တုံ့မြင်မြင်က လိုရင်းကိစ္စမှ သွေဖီသွားမည်စိုးရိမ်သဖြင့် ကမန်း
ကတန်း ဝင်ပြော၏။

"ဒါတွေနောက်မှပြောပါ ဘိုးဘိုးရယ်၊ ဒေါ်ကြီးလုမှာက ရန်သူရဲ့
မဟူရာလက်ဝါး တစ်ချက်အရိုက်ခံထားရတယ်၊ အဲဒါ ဘိုးဘိုးကြည့်
ပေးပါဦး"

တုံ့ချီစင်းမှာ ထိုစကားကြောင့် ပို၍အံ့အားသင့်သွားရသည်။
တုံ့ရှန်းစင်း ဘက်လှည့်ကာ

"အစ်ကိုကြီး ဒီအတိုင်းဆိုရင် ဟိုမိစ္ဆာကောင်ကြီး မသေသေးလို့
များလား"

"ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

တုံ့ရှန်းစင်းက ခေါင်းခါပြလိုက်သည်။

တုံ့ချီစင်း မျက်မှောင်ကြုတ်လျက် ဒေါ်ကြီးလုကို စစ်မေးနေသည်။

"ခင်ဗျားကို လုပ်ကြံတိုက်ခိုက်သွားတဲ့လူက အသက်အရွယ်
ဘယ်လောက်များရှိပြီလဲ"

"အဘိုးကြီးတစ်ယောက်ပါပဲ၊ အသက်တော့ ခြောက်ဆယ် ဝန်းကျင်
လောက်ရှိလိမ့်မယ်ထင်တယ်"

"ဟင်"

တုံ့ချီစင်း အာမေဋိတ်သံပြုကာ ဒေါ်ကြီးလုကို ငေးစိုက်ကြည့်
နေမိသည်။ တုံ့မြင်မြင် စိုးရိမ်ပူပန်ဟန်ဖြင့်

"ဘာဖြစ်လို့လဲ ဘိုးဘိုး၊ သိပ်အရေးကြီးနေလို့လားဟင်"

"မြောက်ကျွန်းမဟူရာလက်ဝါးက ဘာမှ အရေးမကြီးလှပါဘူး။

ဘာပဲဖြစ်ဖြစ် သူ့ကို ဘိုးဘိုးတို့ ကယ်နိုင်မှာပါ"

"ဝမ်းသာလိုက်တာ ဘိုးဘိုးရယ်၊ သမီးက ဒါတွေကြောင့် ဘိုး... ချစ်နေရတာ၊ ဒေါ်ကြီးလုလဲ တစ်ဝမ်းလုံး ပင်ပန်းနေပါပြီ ဘိုးဘိုး... မြန်မြန်လေး ကုသပေးလိုက်ပါနော်"

"ဒီလောက်လဲ လောကြီးမနေပါနဲ့ သမီးရဲ့"

တုံချီစင်းက တုံမြင်မြင်ကို နှစ်သိမ့်ပြီး သခင်လေး... အကဲခတ်သလို ကြည့်လိုက်သည်။ တုံချီစင်းမှာ ထပ်မံအံ့သြရပြန်...

"အို ဒီသူငယ်လေးရဲ့ မျက်လုံး အရောင်တွေကလဲ မမှန်ပါ..."

တုံမြင်မြင်မှာ စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျ... လာတော့သည်။

တုံချီစင်းသည် တုံမြင်မြင်နှင့် သခင်လေးလု၏ အခြေအ... ရိပ်စားနားလည်သွားသည်။

"ဒီသူငယ်က အဆိပ်မိလာသလား သမီး"

"သူ သူ ဝံပုလွေ အဆိပ်မြက်ကို မှားသောက်မိခဲ့တယ် ဘိုး..."

"ဟာ ဝံပုလွေ အဆိပ်မြက် ဟုတ်လား၊ အဆိပ်ငါးပါးဒေဝီ ဆ... အဘွားကြီးလို့ သေသွားပြီပဲ၊ ဘယ်သူက ဒီအဆိပ်ပင်ကို ထပ်... စိုက်ထားလို့လဲ"

တုံရှန်းစင်းက ဘေးမှ တအံ့တသြ ဝင်မေးသည်။

ဒေါ်ကြီးလုက ဝင်ဖြေသည်။

"ကျွန်မလဲ အစတုန်းကတော့ ဒီအဆိပ်မိတယ် မထင်ပါ... ဒါပေမယ့် လူကလေးက လမိုက်တဲ့ညဆိုရင် အမြဲတမ်းအရူး တစ်ယော... လို စိတ်တွေဖောက်ပြန်လာတတ်တယ်၊ ဒါကြောင့် ဝံပုလွေ အဆိပ်မြ... မိထားတယ်လို့ ပြောရတာပါ"



တုံမြင်မြင်က မျက်ရည်လည်ရွဲဖြင့် ဝင်၍ တောင်းပန်လေ၏။

"ကြည့်လုပ်ပါဦး ဘိုးဘိုးရယ်၊ သူ့ကို ကုပေးပါဦး"

"ဟား ဟား ဟား"

တုံချီစင်း ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျစွာအော်ဟစ် ...ယ်မောသည်။ သူ့ရယ်သံကြောင့် တုံမြင်မြင်နှင့်ဒေါ်ကြီးလုတို့က တုံချီစင်း ... အထိတ်တလန့် ကြည့်မိသည်။

တုံချီစင်းက -

"အစ်ကိုကြီးရေ ကျုပ်တို့ ညီအစ်ကို နှစ်ယောက်ကိုတော့ ပညာစမ်း ...ဲ့လူတွေ ရောက်လာပြီပဲဗျာ"

"အင်းလေကွာ၊ တို့သမီးလေး မြင်မြင်ရဲ့ မိတ်ဆွေတွေ ဖြစ်နေမှတော့ ...တတ်နိုင်ဆုံး အကူအညီ ပေးရတော့မှာပေါ့"

ဒေါ်ကြီးလုက သူတို့ညီအစ်ကို နှစ်ယောက်ကို နားမလည် ...်သောအကြည့်ဖြင့် ငေးစိုက်ကြည့်နေသည်။ တုံချီစင်း ပြုံးပြလိုက်ပြီး ...သူတို့နှစ်ယောက်အား အခန်းစီစဉ်ပေးရန် တုံမြင်မြင်အား ညွှန်ကြားသည်။

တုံမြင်မြင်မှာ ယခုအထိ စိတ်အေးချမ်းမှု မရသေးပေ။ သခင်လေး ...လု၏ အဆိပ်ကို သူမ၏ အဘိုးနှစ်ယောက်မှ ကုသမပေးနိုင်လျှင် ဤ ...လောကကြီးအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှ စွမ်းဆောင် နိုင်တော့ ...ည် မဟုတ်သည်ကို သူမ သိနေသည်မဟုတ်ပါလား။

တုံမြင်မြင်က ဧည့်သည်များအား အနောက်ဘက်ဧည့်သည် စောင် ...သည်များထားရာ တဲတန်းလျားဆီသို့ ခေါ်ဆောင်သွားကာ သူတို့ ပျောက် ...ကွယ်သွားမှ တုံချီးစင်းက တုံရှန်းစင်းအား မေးလိုက်သည်။

"ဘယ်လိုလဲ အစ်ကိုကြီး၊ ဘယ်လိုသဘောရသလဲ"

တုံရှန်းစင်းက ခေါင်းခါယမ်းပြလိုက်ပြီး

"ဒီအဆိပ်ကို ဖြေနိုင်တဲ့လူရယ်လို့ ငါတော့တစ်ခါမှ မကြားဖို့ ... ညီလာတ်"

"ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော်လဲ ဘယ်လိုလုပ်ရမယ်မှန်း မသိ... ပါဘူး"

"အင်း တစ်ယောက်တော့ ရှိတယ်ကွ၊ ဒါပေမယ့်"

တုံချီစင်းက မဆိုင်းမတွပင်

"ဘာလဲ အစ်ကိုကြီးက သမားတော်ကြီး ထောင်ကျိုသ... ပြောနေတာလား"

"ဟုတ်တယ် ဒီလူက ဆေးပညာမှာ သိပ်ကျွမ်းကျင် ထက်... တယ်၊ နောက်ပြီး သူက သူ့ပညာကို တိုးတက်သည်ထက် တိုး... အောင် ကြိုးစားနေတယ်"

"ဒီလူက ပျောက်နေတာ ကြာပြီပဲ၊ ပြောသံကြားရတာက... ဝေသိမ့်ကိုရဲ့ လက်ချက်ကြောင့် သေသွားပြီတဲ့"

တုံရှန်းစင်း စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။

"ဒီလိုဆိုလဲ တို့ညီအစ်ကိုနှစ်ယောက်ပဲ လက်စွမ်းပြရတော့ မှာ..."

"စိတ်မပျက်ပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော်တို့ ညီအ... နှစ်ယောက်ရဲ့ အတွင်းအားနဲ့ သူ့ကိုယ်တွင်းမှာရှိတဲ့ အဆိပ်တွေ... တစ်နေရာတည်းမှာ စုပေးထားနိုင်ရင် မျှော်လင့်ချက်ရှိတယ်၊ ဒီလိုလု... အားဖြင့်"

"ဒီလိုလုပ်ခြင်းအားဖြင့် သူ့ရဲ့ကောင်း လူငယ်တစ်ယောက် ... တစ်ခေတ်မှာ ပေါ်ထွန်းလာစေရမယ်လို့ မင်းဆိုလိုချင်တာ မဟုတ်... ညီလာတ်"

တုံချီစင်း ခေါင်းညိတ်ပြလိုက်သည်။



"ပြောသာပြောရတာပါလေ၊ ဒီလူငယ်လေးရဲ့ စိတ်သဘောထား ... ဘယ်လိုရှိမှန်း မသိတော့ တစ်ခါတည်း ဆုံးဖြတ်လို့တယ်ရပါ့မလဲလေ"

"မင်းက သိပ်ပြီးစိုးရိမ်ကြောင့်ကြ လွန်ကဲတဲ့ ကောင်ကိုးကွ၊ ဟား ... ဟား အတိုးလုပ်တဲ့ လူက သူ့မြေးသမက် တစ်ယောက်ကို ဒီလိုပဲ ...လက်ခတ် ဆုံးဖြတ်ရရောတဲ့လားကွာ"

"အစ်ကိုကြီးကတော့ဗျာ"

"အင်း တစ်နေ့နေ့ကျရင် ငါ့မြေးလေး ပိုင်ထက်ကျွင်းကိုလဲ ညီလာတ် ...ကူအညီပေးရလိမ့်ဦးမယ်"

တုံရှန်းစင်းက လေးနက်စွာပြောသည်။

တုံချီစင်း ပြုံးရုံသာပြုံးပြီး ဘာမျှပြန်မပြောချေ။

တုံရှန်းစင်းက

"ကဲ တို့နှစ်ယောက်လဲ သိုင်းပညာ လေ့ကျင့်ထားရလို့ ပန်းနေပြီ၊ ...နားယူကြရင် ကောင်းလိမ့်မယ်"

တုံရှန်းစင်းသည် စကားဆုံးသည်နှင့် အိပ်ခန်းတွင်းသို့ ဝင်ရောက် ...သွားသည်။

တုံချီစင်းသာလျှင် တစ်ယောက်တည်း ကျန်ခဲ့ပြီး သူ့အစ်ကို ကြီး ...တုံရှန်းစင်း၏ မေတ္တာစေတနာကို တွေးတောလျက် ကြည်နူးမှု ...ဝေဒနာတစ်ရပ်ကို ခံစားနေခဲ့မိလေ၏။

သူတို့ ညီအစ်ကိုနှစ်ယောက်မှာ ငယ်နုစဉ်အခါက မသင့်မြတ် ...ခဲ့ကြ။ အရေပ့င်လယ်တွင် အရှယ်ရောက်၍ ဇာတ်မြှုပ်နေထိုင်ကြ ...သော်လည်း တစ်ကျွန်းစီခွဲနေခဲ့ကြသည်။

တုံရှန်းစင်း၏ဇနီး ကျွမ်းလင်းနှင့် တုံချီစင်းမှာ တစ်ယောက်နှင့် တစ်ယောက် မသင့်မြတ်ကြသဖြင့် အသွားအလာနည်းပါးခဲ့ကြသည်။

ပိုက်ထက်ကျွင်း သူမြေးဖြစ်သည်ကို သိလိုက်ရသော တုံ့ရ သည် လွန်စွာ စိတ်သဘောထား နူးညံ့ပျော့ပျောင်းသွားပြီ တုံ့ချိစ မင်ရာကျွန်းသို့ လာရောက်သတင်းပေးပြီ သူညီလတ်နှင့် ချစ်ခင်ကြ ပြန်လည်ဆက်ဆံခြင်း ဖြစ်ပေသည်။

ထိုအခါ တုံ့ချိစင်းက တုံ့ရှန်းစင်းလိုအပ်နေသည့် နေမင်းထို သိုင်းဆယ်ကွက် အောက်ဆုံးအဆင့်ကို အကူအညီပေးခဲ့သည်။

ယင်းအချက်များကြောင့် တစ်ဦးသဘောတစ်ဦး နားလည်သွား ယခင်က စိတ်ထဲတွင် အခန့်မသင့်ဖြစ်ခဲ့သမျှတို့ ပြေပျောက် ကြရသည်။

တုံ့ချိစင်းသည် သူ့အစ်ကိုကြီး အကြောင်းတွေးပြီးသည် ခြံကလေး၏ ညာဘက်သို့ ထွက်လာ၏။ ထိုအရပ်တွင် ပန်းပေါ် စီစီရီရီ ဖူးပွင့်နေကြသော ပန်းခြံကလေးတစ်ခုက အသင့်ရှိနေသ

မြက်ခင်းပြင်၏အဆုံးတွင် အုတ်ဂူကလေးတစ်လုံးက သပ်သပ်ရ တည်ရှိနေသည်။ တုံ့ချိစင်းသည် အုတ်ဂူရှေ့၌ ခြေစုံရပ် သည်။

ထို့နောက် ကြေကွဲစွာ ပြောသည်။

"ညီလေးယန်လု၊ မင်း တမလွန်ဘဝမှာ စိတ်အေးချမ်းသာ နေပါတော့ကွာ၊ မင်းရဲ့ကျန်လုကိုဏ်းကို ဆက်ခံမယ့်လူက တို့ရဲ့တုံ့မျိုးရိုး ဖြစ်နေပါတယ်၊ မင်းရဲ့ကျန်လုကိုဏ်းဟာ တစ်နေ့တခြား အင် တောင့်တင်းလာရမှာပါ"

လရောင်က တိမ်တိုက်ကြားမှ ဖြာခနဲ ထိုးထွက်လာသဖြင့် အုတ် ထင်ထင်ရှားရှား မြင်နေရသည်။

"ကျန်လုကိုဏ်းချုပ်ကြီး ယန်လု၏ ဝိညာဉ်ကွန်းခိုရာ တုံ့ချိစင် အမှတ်တရ"



စာတန်းကလေးက အုတ်ဂူ၏မျက်နှာပြင်တွင် ထင်လင်းနေ၏။ တုံ့ချိစင်းခေါင်းထဲသို့ အတွေးတစ်ခု လက်ခနဲ ဝင်ရောက်လာမိ သည်။

"ညီလေးယန်ဟာ မဟူရာလက်ဝါးသိုင်းကြောင့် သေဆုံးခဲ့ရ တာပဲ၊ တုန်းက ငါ့သိုင်းပညာကလဲ သိပ်ပြီးထက်မြက်သေးတာ မဟုတ်ဘူး။ တော့ သူ့ ကိုယ်ပေါ်မှာကလဲ ဒဏ်ရာ ဒဏ်ချက်တွေ မနည်းတော့ ယ်တင်နိုင်ခဲ့ဘူး၊ အင်း နှစ်ပေါင်းနှစ်ဆယ် နှစ်ပေါင်း နှစ်ဆယ်၊ ဒီအချိန်အခါမှာမှ တိုက်တိုက်ဆိုင်ဆိုင် မဟူရာလက်ဝါး ဒဏ်ရာကို သဖို့လူတစ်ယောက် ငါ့ဆီကို ရောက်လာတယ်၊ ဒီလောကမှာ ညီအစ်ကိုနှစ်ယောက်ရဲ့ ကျိုရန်သိုင်းပညာကလွဲလို့ ဒီလက်ဝါးအဆိပ်ရဲ့ အားဓာတ်ငွေ့ကို ဘယ်သူမှ ထုတ်နိုင်မှာ မဟုတ် တော့ပါဘူး"

တုံ့ချိစင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ထို့နောက် တစ်ကိုယ်တည်း တီးတိုးပြောနေမိသည်။

"လင်းရက်၊ မင်းရဲ့သားက ဘာလို့များ ညီလေးယန်လုအုတ်ဂူ ကို က်စုံစမ်းနေရပါလိမ့်၊ ငါကလဲ မထိန်းနိုင် မသိမ်းနိုင် ပါးစပ်က လွှတ်ခနဲ လိုက်မိတယ်၊ ဒါမှမဟုတ်ရင်လဲ ဟို ဂူမျိုးရိုးဆိုတဲ့လူက လူ့အရေ ပေါ်က ထူးဆန်းတဲ့ အက္ခရာစာလုံးတွေအတွက် ရောက်လာ တာများ တကယ်တော့ အဲဒီစာလုံးတွေကို ဘယ်သူမှလဲ နားလည် နိုင်တာမ တ်ဘဲ၊ ပြီးတော့ ဒီပစ္စည်းဟာ သူ့အသက်နဲ့ပတ်သက် နေတယ်လို့ ပြီး ငါ့ကိုအသေအချာ အပ်နှံထားခဲ့တာပဲ၊ အင်း နှစ်တွေ ပြောင်းခဲ့ မယ့် အကြောင်းအရာတွေက မပေါင်းနိုင်ပါကလား"

တုံ့ချိစင်းသည် တွေးရင်းတွေးရင်းနှင့် အတိတ်၏ဖြစ်ရပ်များကို လည်မြင်ယောင်လာသည်။

"ညီလေး ယန်ရှေ ငါကတော့ မင်းရဲ့ လှို့ဝှက်ချက်တွေကို တင်... မလေ့လာခဲ့ဘူးကွ၊ အခုလို အသက်အရွယ်ကြီးရင့်လာတော့ ပိုပြီး... စိတ်မဝင်စားနိုင်တော့ဘူးပေါ့၊ ဒါပေမယ့် မင်း တမလွန်ကနေ စိ... လက်ချနေပါ။ သူတစ်ပါးလက်ထဲ မရောက်အောင်တော့ ငါအစွမ်း... ကာကွယ်ပေးပါ့မယ်ကွာ"

ထို့နောက် သူသည် အတွေးလက်စကို ဖြတ်ကာ အိမ်အတွင်း... ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်သွားလေတော့သည်။

❖ ❖ ❖

အခန်း (၉၁)

## အားမာန်ဝင့်ထည်အရှေ့ပင်လင်

နံနက်မိုးလင်းသောအခါ တုံရှန်းစင်းနှင့် တုံချီစင်းတို့ ပြန်လည် ...နှုတ်ဆက်ချင်းဆိုင်ကြ၏။ ဆွေမျိုးကိစ္စများကို ပြန်လည် တိုင်ပင်ကြ၏။

တုံရှန်းစင်းက တုံချီစင်းအား ပြောသည်။

"ငါ့ခယ်မ ဘယ်တော့ ပြန်လာမှာလဲ၊ သူ့ကိုပဲ ငါ့မြေးလေး ...သက်ကျွင်းကို သွားရှာခိုင်းရမှာလဲ၊ သူ့အတွက်နဲ့လဲ စိတ်ပြေအောင် ...ပေးရဦးမယ်"

တုံရှန်းစင်းမေးသည့် ခယ်မဆိုသူမှ တုံချီစင်း၏ဇနီးဆံဖြူဘွားဘွား ...သည်။

"ကျွမ်းလင်းကော ဘယ်လိုနေသေးသလဲ အစ်ကိုကြီး၊ သူနဲ့ မတွေ့ ...တောင် တော်တော်ကြာပြီ၊ အလျင်လို ဆူဆူပူပူပဲလား"

တုံရှန်းစင်းက လေပူမှုတ်ထုတ်လိုက်သည်။

"သူက စိတ်ကြီးတယ် မဟုတ်လားကွာ၊ စိတ်ဓာတ်ဆိုတာက ပြုပြင် ...ယဉ်းသားပဲကွာ၊ မိန်းမဆိုတာ အသက်အရွယ်ကြီးလာတာနဲ့ လျှာရှည် ...ရော၊ ကိစ္စသေးသေး ဖွဲဖွဲလေးကို အမြဲတမ်း ပုံကြီးချဲ့တတ်တယ်"

"အတူတူပါပဲ အစ်ကိုကြီးရယ်၊ ကျွန်တော့် မိန်းမလဲ ဒီလိုပါပဲ"

နှစ်ယောက်သားမှာ အားပါးတရ ရယ်မောလိုက်ကြသည်။ အ... အရွယ်ကြီးရင့်လာသော်လည်း ညီအစ်ကိုနှစ်ယောက်မှာ လူငယ် က... များအတိုင်း သူတို့၏ဇနီးများအကြောင်းကို စိတ်လိုလက်ရ ပြော... တော့သည်။

ထိုစဉ် သူတို့နောက်ကျောမှ ဒေါသသံတစ်သံ ထွက်ပေါ်... တော့၏။

"အမယ် ကွယ်ရာမှ မိန်းမ မကောင်းကြောင်းတွေ လျှောက်... နေတယ်ပေါ့ ဟုတ်လား"

တုံရှန်းစင်းက နောက်သို့လှည့်ကာ ပြုံးပြုံးရယ်ရယ်ဖြင့်

"ကြည့်စမ်း ညည်းပြန်ရောက်လာပြီပဲ၊ ညည်းရဲ့ ကိုယ်ဖော့ပည... တယ်ကောင်းနေပါလား။ ငါတို့နောက်ကိုရောက်နေမှန်းတောင် မသိ...

တုံချီစင်းမှာ သူ့ဇနီး ဆံပင်ဖြူအဘွားအိုပြန်ရောက်ရှိလာသ... ဝမ်းသာအားရ ဖြစ်သွားသည်။

"သမီးလေး မြင်မြင်လဲ ပြန်ရောက်နေပြီကွ"

ဆံဖြူအဘွားအိုမှာ ထိုစကားကြားရသည်နှင့် ဒေါသများလွင့်... သွား၏။

"နေဦး တော်ကြာမှ ရှင်တို့နှစ်ယောက်နဲ့ စာရင်းရှင်းရဦး... အခုတော့ သမီးလေးကို သွားတွေ့လိုက်ဦးမယ်"

ညီအစ်ကိုနှစ်ယောက် ပြိုင်တူရယ်သွမ်း သွေးလိုက်သည်။ ထို... တုံချီစင်းက တစ်စုံတစ်ရာသော အသံကို နားစွင့်လျက် ရုတ်တ... ပြောသည်။

"အင်း ဒီနေ့တော့ ကျွန်တော်တို့ ကျွန်းပေါ်မှာ တော်တော်... စည်းကားနေပါလား၊ ဧည့်သည်ရောက်လာပြန်ပြီ အစ်ကိုကြီးရေ"



ဘယ်သူလဲတော့ မသိဘူး။ ပြဿနာနဲ့ ရင်ဆိုင်ရရင်တော့ အခု ...ချိန် သိပ်တော့မကောင်းဘူး"

တုံရှန်းစင်းက မှတ်ချက်ချသည်။

ထိုအခိုက်မှာပင် တရှပ်ရှပ် ခြေသံ ထွက်ပေါ်လာသည်။ ခြေသံရှင်က ...မ်းအော်မေး၏။

"လူစုံနေပါလားဟေ့ ဘယ်သူလာတယ်လို့ ထင်သလဲ တုံချီစင်းရေ"

တုံချီစင်းမှာ ထိုအသံကြားရသဖြင့် ဝမ်းသာအယ်လဲဖြစ်သွား ...သည်။

"အစ်ကိုလီ အစ်ကိုလီပိုက်ချောင်"

တုံချီစင်းက ဝမ်းသာအားရ အော်ဟစ်လိုက်၏။

အဘိုးအိုတစ်ယောက် ပြုံးရွှင်စွာ ထွက်ပေါ်လာခဲ့သည်။ သူကား ...မှန်တကယ်ပင် လီပိုက်ချောင်ဖြစ်နေလေ၏။

လီပိုက်ချောင်သည် တုံချီစင်းတို့အနီးသို့ လျှောက်လာ၏။ ဆံဖြူ ...ဘွားအိုလည်း ကမန်းကတန်း အောက်သို့ဆင်းလာသည်။

"လီပိုက်ချောင် ရှင် ကျွန်မတို့ကို သတိရသေးရဲ့နော်"

"အေးပါ၊ ညည်းက ငါ့ကိုတော့ ဧည့်ဝတ်ပြုမယ် မစဉ်းစားဘူး၊ ...တွေ့တာနဲ့ အပြစ်တင်ဖို့ စဉ်းစားနေတာပဲ"

တုံချီစင်းက လီပိုက်ချောင်နှင့် တုံရှန်းစင်းတို့ကို မိတ်ဆက် ...ပေးသည်။ ဆံ...ဘွားအို အန်းမင်းသည် လီပိုက်ချောင်ကို တဲပေါ်သို့ ...တ်ခေါ်ပြီး အစားအသောက်များ တည်ခင်းဧည့်ခံသည်။ လီပိုက်ချောင် ...သည် ဗဟုသုတကြွယ်ဝသူဖြစ်၍ လင်ပန်းထဲမှ နီရဲသော ပန်းသီးတစ်လုံးကို ...ကောက်ယူလိုက်ပြီး -

"ဒီပန်းသီးမျိုးက ပင်လယ်ရပ်ခြား ကျောက်နံရံတွေပေါ်မှာမှ ပေါက်

တတ်တာ၊ အနှစ် သုံးဆယ်ကြာမှ တစ်ခါသာပန်းပွင့်ပြီး တစ်
ပန်းသီးဆယ်လုံးပဲသီးတယ်၊ ကျောက်ကပ်ရောဂါအတွက် သိပ်ကို
တာပေါ့"

အန်းမင်းက ကြားဖြတ်ဝင်ပြောသည်။

"စားချင်ရင်လဲ ရိုးရိုးစားပါရှင်၊ ကိုယ်ဗဟုသုတ ကြွယ်ဝကြော
ကြေညာမောင်းခတ်မနေစမ်းပါနဲ့"

"ဟား ဟား ဟား အန်းမင်း အန်းမင်း၊ ညည်းကတော့ အလု
အတိုင်း ထေ့တတ်ငေါ့တတ်တုန်းပဲကိုး"

စကားဝိုင်းကလေးမှာ ရယ်မောသံများဖြင့် စိုပြည်နေ၏။ လီပို
ချောင်နှင့် တုံချီစင်းတို့သည် အရိပ်ကောင်းကောင်းသစ်ပင်ကြီး တစ်
အောက်၌ ကျားထိုးကြသည်။ ထိုကျားဝိုင်းတွင် လီပိုက်ချောင်က ချန့်
အကြောင်း။ ချန့်ပိန်း၏ ကိုယ်ဖော့ပညာစွမ်းရည်နှင့်ဉာဏ်စွမ်း အကြော
ပြောပြသည်။ သူသား သေဆုံးရသည့်အကြောင်း ရောက်ရှိသောအ
တုံချီစင်းလွန်စွာ တုန်လှုပ်သွား၏။ မည်သူသတ်သွားမှန်း မသိရကြော
လီပိုက်ချောင်က ပြန်ပြော၏။ ထိုအခါ တုံချီစင်းမှာ တောက် တခေါ
ခေါက်ဖြစ်ရလေတော့သည်။

တုံရှန်းစင်းမှာမူ ကျားကစားခြင်းကို လုံးဝဝါသနာပါသူမဟုတ် သပြ
အခန်းတွင်းသို့ ပြန်ဝင်အနားယူနေသည်။ ဆံဖြူအဘွားအို အန်းမ
တုံမြင်မြင်နှင့် ဒေါ်ကြီးလုတို့ကား အာလာပ သလ္လာပစကားစမြ
ပြောဆိုပြီးမှ လူချင်းခွဲကာ ကိုယ့်အခန်းကိုယ်ပြန်၍ အိပ်စက်ကြ၏။

တုံချီစင်းနှင့်လီပိုက်ချောင်တို့သာလျှင် ကျားကစားခြင်း...ပေါ်တွ
အာရုံစူးစိုက်နေကြသည်။ ထိုသို့ရှိနေစဉ် အတွင်း အားလွန်စွာကောင်းမွ
လုသော တုံချီစင်းသည် တစ်စုံတစ်စုံသော အသံကို နားပါးပါးပြ
ကြားလိုက်ရပြန်လေ၏။



ထို့ကြောင့် ကျားကွက်ကို တွန်းဖက်ကာ ရုတ်တရက်ထရပ် လိုက်၏။

"အစ်ကိုလီ ကျွန်တော်ခင်ဗျားကို ထူးဆန်းတဲ့ ကိစ္စတစ်ခုပြမယ်၊
တော့်နောက်လိုက်ခဲ့"

လီပိုက်ချောင်သည် တုံချီစင်း၏သဘောကို ကောင်းစွာ နားလည်
သည်။ တစ်စုံတစ်ခု ထူးခြားတော့မည်ကို ကြိုတင်သိရှိ လိုက်သဖြင့်
င်းနောက်မှ အသာကပ်လိုက်သွားမိသည်။

ကျွန်းအနောက်ဘက်ဆီသို့ ရောက်သည်နှင့် တုံချီစင်းက လီပိုက်
နားနားသို့ ကပ်ကာ တီးတိုးသတိပေးလိုက်သည်။

"တကယ်လို့ ကျွန်တော်တစ်ယောက်ယောက်နဲ့ တိုက်ခိုက် နေရင်
ကိုလီ ရုတ်တရက် ထွက်မလာနဲ့ဦးနော်"

လီပိုက်ချောင် ခေါင်းညိတ်ပြလိုက်သည်။ အတန်ငယ် ဆက်လျှောက်
ပြီး တုံချီစင်းက လီပိုက်ချောင်ကို ပန်းချုံတွင် ပုန်းကွယ်နေစေသည်၊
သူတို့ရောက်ရှိလာသည့် နေရာကား ယန်လု၏အုတ်ဂူ တည်ရှိရာ
ပေတည်း။ တုံချီစင်းက လီပိုက်ချောင်အား တီးတိုးပြော၏။

"တော်တော်ကြာရင် ပွဲကြီးပွဲကောင်း တစ်ခုတွေ့ရလိမ့်မယ်၊ ကြည့်နေ"
မကြာမီ ခြေသံ တရှပ်ရှပ် ကြားလိုက်ရပြီး အုတ်ဂူ၏ နောက်ဘက်
လူတစ်ယောက် ဘွားခနဲပေါ်ထွက်လာတော့သည်။
ထိုသူကား မဟူရာ အဆိပ်လက်ဝါး မိနေသည်ဆိုသည့် ဒေါ်ကြီးလု
ဖြစ်နေတော့သည်။

❖ ❖ ❖

ဒေါ်ကြီးလုက လျင်မြန်သွက်လက်စွာ အုတ်ဂူကိုတိုင်းထွာနေသည်။
ပေါက်တူးတစ်လက်လည်း ပါရှိလာသည်။

ဒေါ်ကြီးလှထံမှ တီးတိုးရေရွတ်သံ ထွက်ပေါ်လာသည်။

"ဟိုပစ္စည်းကို ယန်လှက တုံချီစင်းဆီ ပေးလိုက်တယ်လို့ ကြားခဲ့တယ်၊ တုံချီစင်းကလဲ နှစ်ပေါင်း ဒီလောက်ကြာတာ ဘာမှ မလှုပ်ရှားဘူး။ ဒီတော့ သိပ်ထူးဆန်းနေတယ်၊ အဲဒီပစ္စည်း ဒီ ထဲမှာ ရှိနေဖို့ သေချာနေတယ်"

သူစကားသံက တိုးညင်းလွန်းသဖြင့် လီပိုက်ချောင် မကြား ရသော်လည်း တုံချီစင်းမှာမူ အတွင်းအား နက်ရှိုင်းလွန်းသဖြင့် ဆတ်ဆတ်ကြားလိုက်ရ၏။

ဒေါ်ကြီးလှသည် ခေတ္တစဉ်းစားဟန် ပြုပြီးမှ ပေါက်တူးဖြင့် အ ဘေးပတ်လည်ကို တူးဆွနေသည်။

လီပိုက်ချောင်က သူမ၏ လှုပ်ရှားပုံကိုကြည့်ပြီး

"သူက မြေအနေအထားကို ကောင်းကောင်း နားလည် မြေအောက်လိုဏ်ဂူ တူးပြီးမှ အုတ်ဂူထဲကို ခိုးဝင်မယ့်ပုံပဲ"

တုံချီစင်း ခေါင်းညိတ်ပြသည်၊ ထို့နောက် အုတ်ဂူအနီးသို့ ခြေ တဖြည်းဖြည်း ချဉ်းကပ်လိုက်သည်။

ဒေါ်ကြီးလှ၏ နောက်ကျောဘက်ဆီသို့ ရောက်လျှင် ကျ တစ်ကောင်အလား လွှားခနဲ ရုတ်တရက် ခုန်အုပ်လိုက်လေ၏။

ဒေါ်ကြီးလှသည် သူနောက်ကျောဆီမှ ရုတ်တရက် လေ ကြားလိုက်သည်နှင့် သူအား လျှပ်တစ်ပြက် တိုက်ခိုက်ပြီကို သိလ

လဟာနယ်ထဲတွင် ခုန်ပျံကာ တုံချီစင်း၏ တိုက်ကွက်ကို ကွ စွာ ရှောင်တိမ်းပေးလိုက်သည်။

တုံချီစင်း၏ မျက်နှာထားက အေးစက်တင်းမာသွားသည်။

"ဩော် လက်စသတ်တော့ ဘယ်သူများလဲ မှတ်တယ်၊ မင်



"ကျုပ်ရဲ့ မိုးယူသိုင်းပညာကို မြင်တာနဲ့ ကျုပ် ဘယ်သူလဲဆိုတာ ယ်ဆိုတော့ တော်ပါပေတယ်ဗျာ"

"မင်းက မိုးယူဂိုဏ်းချုပ် တပည့်လား၊ ဒီကျွန်းပေါ်ကို ရုပ်ဖျက် က်လာတာဟာ အကြံနဲ့ပဲ ဖြစ်ရမယ်၊ က ဘာမှထွေလာကေလာတွေ မနေနဲ့တော့၊ မင်းနဲ့ ငါတိုက်ကြစို့"

ဒေါ်ကြီးလှဆိုသူကား အစစ်အမှန် မဟုတ်ချေတကား။

"ခင်ဗျားကို ပါးနပ်လိမ္မာတယ်လို့ ပြောသံကြားခဲ့ဖူးတယ်၊ အခုတော့ ်တွေ့မှိုလို့ ယုံပါပြီ တုံချီစင်း၊ မိုးယူဂိုဏ်းချုပ်သခင်ကြီး ဝင်းဆိုတာ ျပ်ဖအေ အရင်းပဲ"

တုံချီစင်းသည် ရုတ်တရက် မေးမြန်းလိုက်၏။

"မင်း သခင်လေးလှတို့ သားအမိကို ဘာလုပ်ထားသလဲ"

"ဟဲ ဟဲ စိုးရိမ်လှချည်လားဗျာ၊ ခင်ဗျားကကော ကျုပ်အဖေကို လုပ်ခဲ့သလဲ၊ ကျုပ်ကလဲ ခင်ဗျားရဲ့ မြေးသမက်သားအမိကို ဘယ်လို ်လိမ့်မယ်ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား"

တုံချီစင်းဒေါသထွက်၏။ သို့သော် ဒေါသကို သိမ်းဆည်းထား က်သည်။

"ဖခင်ရဲ့ ရန်ငြိုးကို သားက ကလဲ့စားချေတယ်ဆိုတာ လုပ်သင့် ်ထိုက်ပါတယ်၊ ဒါပေမယ့် မဆီမဆိုင်တဲ့လူတွေကို လုပ်ကြံသတ်ဖြတ် တာကတော့ လုံးဝ နည်းလမ်းမကျဘူး။ ငါ ဒီကိစ္စအတွက် မင်းကို ်မလွှတ်နိုင်ဘူး"

ဒေါ်ကြီးလှ အယောင်ဆောင်ထားသော မိုးယူဂိုဏ်းချုပ်သားက ချီစင်းကို အကဲခတ်လိုက်သည်။

"ခင်ဗျားက တော်တော်လျင်တဲ့ လူပဲ၊ ကျုပ် အယောင်ဆောင် းတယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်သိသလဲ"

တုံချီစင်း သရော်ပြုံး ပြုံးလိုက်သည်။

"မြောင်ကျွန်းပြည်နယ်က မဟူရာ လက်ဝါးသခင်ကို ငါကိုယ် ရှင်းလင်းသုတ်သင်ခဲ့တာပဲကွ၊ အဲဒီတုန်းက အသက်အရွယ်က ငါ ပတ်ဝန်းကျင်ပဲ ရှိသေးတယ်၊ သူ့အရိုက်အရာကို ဆက်ခံတဲ့ မျိုးဆက် ရှိခဲ့ရင်လဲ ဘယ်နည်း နဲ့မှ အသက်ခြောက်ဆယ်ကျော်မှာ မဟုတ် ပြီးတော့ မဟူရာလက်ဝါးသိုင်းပညာဆိုတာ မြောင်ကျွန်းပြည်နယ်ရဲ့ တ တခြား ပညာရပ်၊ ဘယ်မြေပြန့် သိုင်းလောကသားမှ တတ်ကျွမ်းထာ မရှိဘူး။ မင်းရဲ့လိမ်လည်မှုတွေဟာ တကယ်တော့ ငါ့အတွက် ရယ်စ

"ဟင်း ဟင်း ဟင်း ကော်ပါ ပေတယ်ဗျာ၊ တော်ပါပေတ ဒီမှာ တုံချီစင်း ခင်ဗျားကို ကျုပ်တစ်ခုပြောပြမယ်၊ ဒီလောကမှာ ဘယ် မတတ်ကျွမ်းနိုင်ဘူးဆိုတဲ့ မဟူရာလက်ဝါးသိုင်းပညာကို မြောင်းကျွန်သ ထက်ပိုတောင်တတ်ကျွမ်းတဲ့ လူတစ်ယောက်ရှိနေတယ်ဆိုတာ ခင် သိထားပါ"

တုံချီစင်းက ဂရုမစိုက်သည့်ဟန်ဖြင့် အေးစက်စက်ပင်ရယ်နေသ မိုးယူ့ဂိုဏ်းချုပ်၏ သားဆိုသူ လေးနက်စွာပြောနေသည်။

"အဲဒီလူ ဘယ်သူဆိုတာ ခင်ဗျား သိသလား။ ဆရာကြီးဝေသိမ့်ကို

ထိုသူက သူ့ဘာသာမေးပြီး သူ့ဘာသာဖြေလိုက်သည်။

တုံချီစင်း အံ့အားသင့်သွားသည်။ ထို့အတူ ခေါင်းထဲတွင် အသိဥ တစ်ချက်လည်း လင်းလက်သွားသည်။

"ဪ လက်စသတ်တော့ ညီလေးယန်လုက ဝေသိမ့်ကို လက်ချက်ကြောင့် သေသွားရတာကိုး။ အင်း ဒီကောင်လဲ ငါနဲ့ တိုက်ခိ မပေါ့ လုပ်နေပြီးမှ တစ်ယောက်ယောက်ကိုစောင့်ပြီး အချိန်ဆွဲနေပုံရတ



ကို သည်းမခံနိုင်အောင်ပြောဆို စိတ်ဆွပေးပြီး တိုက်ခိုက်ထားရင် ကောင်းလိမ့်မယ်"

တုံချီစင်းသည် အတွေးဆုံးသည်နှင့် မိုးယူ့ဂိုဏ်းချုပ်၏ သားကို စလေတော့သည်၏။

"မင်းက မင်းအဖေအတွက် ကလဲ့စားချေတယ်ဆိုရင် မင်းကိုငါ လွှတ်လိုက်ပါတယ်၊ ဒါပေမယ့် ဘာမှ အပြစ်မရှိတဲ့ ထိုက်ဟူလုသား အတွက်တော့ မင်းရဲ့သွေးနဲ့အကြွေးဆပ်ရလိမ့်မယ်"

"ဟား ဟား ဟား တုံချီစင်း။ ခင်ဗျားဘယ်လောက်ပဲ သိုင်းပညာ က်မြက်စမ်းပါစေဗျာ၊ အဆင့်မြင့် သိုင်းသမားသုံးယောက်ဝိုင်းဝန်း က်ခိုက်တာကိုတော့ ခင်ဗျားမခံနိုင်ပါဘူး။ ဟား ဟား ဟား ဒီနေ့ဟာ င်ဗျားရဲ့ သေနေ့ပဲ"

သူ့စကားဆုံးသည်နှင့် ယန်လု အုတ်ဂူနောက်ဘက်ဆီမှ ချောင်းဟန့်သံကြားလိုက်ရပြီး လူရိပ်နှစ်ရိပ်လွှားခနဲ ခုန်ထွက်လာသည်။ ဲ့နောက် မိုးယူ့ဂိုဏ်းချုပ်သားတော်နှင့် သုံးပွင့်ဆိုင် ပခုံးချင်းယှဉ်ရပ် က်သည်။ တုံချီစင်းက နောက်ထပ်ရောက်လာသူနှစ်ဦးကို အကဲခတ် က်၏။

"ဪ လင်းရက် မင်းသားလဲ ရောက်လာခဲ့ပြီကိုး။ နေစမ်းပါဦး က်က တစ်ယောက်က ဘယ်သူများပါလိမ့်၊ အမြင်စိမ်းလိုက်တာ"

တုံချီစင်း လှမ်းမေးသည့်လူမှာ အသက်ခြောက်ဆယ်ခန့်ရှိ၏။ သူက တုံချီစင်းကို မနိုးမခန့် ပြုံးပြလိုက်ပြီး အကျီရှည်ကြီးကို ဆွဲဆန့်ကာ

"ကျုပ်နာမည် ဝေသိမ့်ကိုဆိုရင် ခင်ဗျားသိမှာပေါ့"

"ဟား ဟား ဟား ဆရာကြီးဝေသိမ့်ကိုကလဲ ကျုပ်တို့ကျွန်းပေါ်ကို ောက်လာခဲ့ပြီပဲ၊ ကြိုဆိုပါတယ်ဗျာ၊ ကြိုဆိုပါတယ်"

ဝေသိမ့်ကို စကားတစ်ခွန်းမျှမပြောဘဲ သူ့လူနှစ်ယောက် မျက်ရိပ်ပြ အချက်ပေးလိုက်သည်။ ထိုလူနှစ်ယောက်ကလည်း အကာ လှ၏။ တက်ညီလက်ညီ ခုန်ထွက်ပြီး တုံ့ချီစင်းအား ညှပ်ပူးညှပ် တိုက်ခိုက် ကြလေတော့၏။

❖ ❖ ❖

သူတို့၏ လက်ဝါးရိုက်ချက်များက အလွန်တရာ ပြင်းထန်လှသ

"ခင်ဗျားတို့ တော်တော်အတင့်ရဲပါလား။ ကျုပ် တကာယ် တိုက်ခိုက်ရင် ခင်ဗျားအတွက် အပြန်ခရီးမှာ အဖော်မဲ့ သွားလိမ့်မ

"ကောင်းပြီလေ၊ ခင်ဗျားတကာယ်တိုက်ပါ၊ ကျုပ်ငလဲကျုပ်လူတွေ ဝင်ကူရတော့မှာပေါ့"

ဝေသိမ့်ကိုက အေးစက်စက်ပြောပြီး လက်ဝါးနှစ်ဖက်ကို ပူးယ တိုက်ခိုက်တော့သည်။ တုံ့ချီစင်းကလည်း အတွင်းအားထုတ်လ ညာလက်ဝါးဖြင့် ခုခံလိုက်သည်။

လေးယောက်စလုံးမှာ လက်ရှိသိုင်းလောကထိပ်သီး သိုင်းပညာ များ ဖြစ်ရာတိုက်ပွဲမှာ အလွန်တရာပြင်းထန်လှသည်။ လက်ဝါးရိုက်ခ များက တဝုန်းဝုန်းဖြင့် မြည်ဟည်းနေသည်။ လေပွေများ တဟူးဟူ နေသည်။ တုံ့ချီစင်း၏ သိုင်းပညာမှာ အားလုံးထဲတွင် အထူးချွန် ဖြစ်သဖြင့် ရန်သူသုံးယောက်ကို အကြိတ်အနယ် ခုခံနေနိုင်သည်၊

သို့သော် သူနှင့် ရင်ဆိုင်နေရသူ သုံးယောက်မှာလည်း နယ်နယ် ပုဂ္ဂိုလ်များ မဟုတ်သဖြင့် အရှုံးအနိုင်ကို ကွဲကွဲပြားပြား ပြောနိုင်စ မရှိပေ။



လီပိုက်ချောင်မှာ ပန်းချီအကာယ်မှ ချောင်းမြောင်းကြည့်ရှုလျက် ပုပန်နေမိ၏။ သူ့အနေဖြင့်လည်း ဝင်မကူနိုင်ပေ။

သူ တကာယ်တတ်ကျွမ်းသည်မှာ သိုင်းပညာ မဟုတ်ပေ။ ပါဗျူဟာ အတတ်ပညာသာဖြစ်၏။

အကူအညီ တောင်းခံဖို့ကလည်း မလွယ်ကူပြန်ပေ။ သုံးယောက် ပေါင်း တိုက်ခိုက်ခြင်းကို တုံ့ချီစင်း ရေရှည်ခုခံနိုင်ပါ့မလားဟု သူတွေး သည်။

သို့သော် တုံ့ချီစင်းကား သူထင်သလို သက်ကြီးရွယ်အိုတစ်ယောက် လားလားမျှမတူ၊ လူငယ်တစ်ယောက်အလား လွန်စွာ သွက်လက် ပေသည်။

သူ့လက်ဝါးအစုံက ငှက်တောင်ပံခတ်သလို လေထဲတွင်လွင့်နေ၏။ တရက် ဘယ်ဘက်ကို ဆန့်တန်းထုတ်ကာ မိုးယူဂိုဏ်းချုပ်သား၏ ဘက်ကို လှမ်းကုတ်လိုက်သည်။ တစ်ဆက်တည်းပင် လင်းရက် သား၏ ဦးခေါင်းကို ဘယ်ခြေဖြင့် ပတ်ကန်လိုက်သည်။

သို့သော် ရန်သူများက အံ့ညြဖွယ်ရာ ရှောင်တိမ်းသွားနိုင်ခဲ့ကြသည်။ တိုက်ပွဲ စည်းဝိုင်းက တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။ က်တ ကမ်းအကွာသို့ ရောက်လာ၏။

အရှောင်အတိမ်းများက သိုးကာသီကာ လွတ်သည်ဆိုရုံမျှသာ၊

"ဝုန်း ဝုန်း"

ရုတ်တရက် တုံ့ချီစင်း လေချွန်သံတစ်ချက်ပေးကာ လက်ဝါးအစုံကို င်တူရိုက်ထုတ်လိုက်သည်။

ဘယ်ညာလက်အစုံက တစ်ချိန်တည်း ရိုက်ချက်သုံးချက် ထွက်ပေါ် သွားသည်။

ကျောချမ်းစေလောက်အောင် လေထုတုန်ခါသွားပြီး သုံးယော
စလုံး၏ ခြေလှမ်းများနောက်သို့ ဆုတ်ခွာသွားကြသည်။

ဝေသိမ့်ကိုမှာ အကြီးအကျယ် မျက်နှာပျက်သွားသည်။

"မိုးမြေသိမ့်တုန်သိုင်းသုံးကွက်က နာမည်ကျော်သလောက် ထက်
လှပါကလား"

တုံ့ချီစင်းက သူ့စကားကို အရေးမထားချေ။ တစ်ဘ
သုံးယောက်ကိုသာ အာရုံမပြတ် စူးစိုက်နေသည်။ သူ့မျက်နှာသွေး
လွှမ်းနေသည်။

အကြိတ်အနယ် ရင်ဆိုင်တိုက်ပွဲပေါင်းများစွာကို သူရင်ဆိုင်ကြုံ
ဖူးသည်။ ဤတစ်ကြိမ်လောက် စိတ်ပါလက်တွေ့ခဲ့ခြင်းမရှိခဲ့ပေ။

တုံ့ချီစင်းသည် မြေကြီးပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို ကောက်
လိုက်၏။ လက်နက်သုံးတိုက်ခိုက်ခြင်း မရှိခဲ့သည်မှာ ကြာပြီ။

ယခုအချိန်တွင် ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်သုံးယောက်နှင့် ရင်ဆိုင်
သဖြင့်သာ မတတ်သာဘဲ လက်နက်ကိုင်လိုက်ရခြင်းဖြစ်သည်။

သူကိုင်လိုက်သည်မှာ သစ်ကိုင်းတစ်ကိုင်းသာ ဖြစ်သော်လည်း သူ
သိုင်းပညာရှင်၏လက်၌ သစ်ကိုင်းသည် ဓားတစ်ချောင်းကဲ့သို့ ထက်မြ
နိုင်ပေသည်။

"အတော်ပဲဗျာ၊ ခင်ဗျားတို့ တုံ့မျိုးနွယ်ရဲ့ ဓားသိုင်းပညာဘယ်လော
ထက်သလဲဆိုတာ စမ်းသပ်ကြည့်ရတာပေါ့"

ဝေသိမ့်ကိုသည် စကားဆုံးသည်နှင့် ဓားကို ဆွဲထုတ်လိုက်သည

သူ့ လူနှစ်ယောက်ကလည်း တစ်ပြိုင်တည်းပင် ဓားဆွဲထုတ်လို
ကြပြန်သည်။ ဓားရိပ်များက လရောင်တွင် တလက်လက်အရောင်ထွ
နေသည်။



လေးယောက်စလုံး၏ အာရုံက တိုက်ပွဲတွင်း၌သာစူးနစ်နေကြသည်။
ည်သူမျှ အမှားမခံရဲပေ။

တစ်ချက်မှား တစ်ကွက်မှားသည်နှင့် အသက်ပါသွားမည်က
ချာလှသည်။

လီပိုက်ချောင်သည် သူဘာလုပ်သင့်သည်ကို တွေးနေ၏။ ခြေသံ
ကြားအောင် နောက်ဆုတ်သွားပြီး တုံ့ရှန်းစင်းထံ အကူအညီတောင်း
ည်လောဟု စဉ်းစားနေမိသည်။

ထိုအခိုက် ပန်းချုံနောက်ဘက်ဆီမှ လေအေးတစ်ချက် ရုတ်တရက်
က်ခတ်လာပြီး ကြီးမားသော ခနွာကိုယ်ကြီးတစ်ခုက ပန်းချုံပေါ်မှ
ားခနဲ ကျော်ဖြတ်သွားသည်။

ထိုသူကား တုံ့ရှန်းစင်းတည်း။

"ညီလတ် ဘယ်ကလူတွေလဲ၊ မင်းလို လူတစ်ယောက်က သူတို့ကို
ောင်းထုတ်လို့ မရဘူးတဲ့လား"

တုံ့ရှန်းစင်းသည် ပြောပြောဆိုဆိုဖြင့် ရန်သူသုံးယောက်အား
ကြက်ထွက်သွားမတတ် စိုက်ကြည့်လိုက်သည်။ တုံ့ရှန်းစင်းရောက်လာ
ဖြင့် တုံ့ချီစင်းမှာ ဘာလွန်တရာဝမ်းသာသွား၏။

အကူအညီမရလျှင် ဤတိုက်ပွဲ သူ့အတွက် မလွယ်ကြောင်းသိနေ၍
ြစ်သည်။

"ညေ့သည်တွေပါ အစ်ကိုကြီးရယ်၊ ကျွန်တော်တို့ တုံ့မျိုးနွယ်ရဲ့
သိုင်းပညာကို ကြည့်ချင်လို့တဲ့"

တုံ့ရှန်းစင်း ဒေါ်ကြီးလှကို တွေ့လျှင် အံ့အားသင့်သွားမိသည်။

သို့သော် ချက်ချင်းပင်သဘောပေါက်သွား၏။ ထို့ကြောင့် မြေကြီး
ပေါ်တွင် အသင့်ရှိနေသော သစ်သားကိုင်းတစ်ကိုင်းကို ကောက်ယူ

လိုက်သည်။

"မသုံးရတာကြာလို့ ငါ့ဓားလဲ သံချေးတက်နေပါပြီကွာ၊ ဒီ… သစ်ကိုင်းခြောက်နဲ့ပဲ ငါတို့ရဲ့ဓားသိုင်းပညာကိုပြရတာပေါ့"

တုံ့ချီစင်းက တုံ့ရှန်းစင်းကို မျက်ရိပ်ပြသည်။ မပေါ့ဆနှင့်ဟု… သဘောပင်တည်း။

❖ ❖ ❖

သူညီက မျက်ရိပ် မျက်ခြည်ဖြင့် စိုးရိမ်ဟန်ပြနေသဖြင် … သုံးယောက်၏ သိုင်းပညာကို တုံ့ရှန်းစင်း အထင်မသေး…

ပြိုင်ဖက်ကောင်းနှင့် တိုက်ခိုက်ရတော့မည်ဟူသော အ… စိတ်ဓာတ်တက်ကြွလာသည်။

သိုင်းသမားကောင်းတို့မည်သည် တစ်ဖက်သတ် အနိုင်ရ… ပြိုင်ဖက်ထက် မိမိနှင့်လက်ရည်တူ ယှဉ်ပြိုင်နိုင်သော ပြိုင်ဖက်ကော… ကိုသာလျှင် မျှော်လင့်တောင့်တတတ်ကြသည် မဟုတ်ပါလား။

ဝေသိမ့်ကိုမှာ တုံ့ရှန်းစင်း ရောက်လာသည်နှင့် ကွက်ခနဲမျက်နှာပ… သွားသည်။ သူတို့ အကြံအစည်များ ပျက်ပြားသွားပြီကိုလည်း သိလိုက်…

သို့သော် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသည့် စကားအတိုင်း ဟန်မပျက်… ရယ်မောလိုက်သည်။

"အရှေ့ပင်လယ်က သိုင်းပညာရှင်ကြီးနှစ်ယောက်ကို ခုလိုတစ်ပြိုင်… တည်း တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ ကျုပ်တို့လာခဲ့တာ… အချိန်အတော်ကြာသွားပြီဆိုတော့ ဆက်ပြီးပညာချင်းဖလှယ်ဖို့ အချိန်… တော့ပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ထပ်တွေ့ကြသေးတာပေါ့…



…တော့ ကျုပ်တို့ကို ခွင့်ပြုပါဦး"

ရန်သူသုံးဦးကား တက်ညီလက်ညီ ရှိလှ၏။ ဝေသိမ့်ကို၏ စကားဆုံး…ည်နှင့် ချက်ချင်းပင် ပြေးထွက်သွားကြလေတော့သည်။

တုံ့ရှန်းစင်းက လိုက်တိုက်ရန်ဟန်ပြင်သည်။ သို့သော် တုချီစင်းက …တ်တရက် ဟန့်တားလေ၏။

"သွားခွင့်ပေးလိုက်ပါ အစ်ကိုကြီးရယ်"

တုံ့ရှန်းစင်းမှာ သူညီ၏ ခွင့်လွှတ်သည်းခံမှုကို နားမလည်နိုင်ဘဲ …အားသင့်သွားရသည်။ ရန်သူများ၏ ကျောပြင်ကိုကြည့်ပြီး တုံ့ရှန်းစင်း …တ်ချက်ချမိသည်။

"မြောက်ပိုင်းတစ်လွှားမှာ ဟိုးဟိုးကျော်တဲ့ ဝေသိမ့်ကိုက ဒီလောက် …ထိ သူ့ရဲ့ဘောကြောင်လိမ့်မယ်လို့ မထင်မိပါဘူးကွာ"

တုံ့ချီစင်းက တွေးတွေးဆဆ အမူအရာဖြင့်

"ဒီလိုပြောလို့လဲ မရဘူး အစ်ကိုကြီးရဲ့ ဒီလူက တည်ငြိမ်သလောက် …က်စက်ကြမ်းကြုတ်တယ်၊ ကျွန်တော် တစ်ချိန်တုန်းက လင်းရက်မင်းကြီး…ဲ့ အနိုင်ရထားတာကို သူကမကျေနပ်နိုင်သေးဘူး၊ ဒါဟာ တစ်ချိန်ချိန် …ာ တရုတ်ပြည်မကြီးအတွက် ဂြိုဟ်ဆိုးဝင်နိုင်စရာအကြောင်းရှိတယ်"

တုံ့ရှန်းစင်းသည် ခေါင်းတဆတ်ဆတ် ညိတ်နေမိတော့သည်။

ထိုအချိန်တွင် လီပိုက်ချောင်လည်း ပန်းချုံအတွင်းမှထွက်လာခဲ့ …သပြီ။

"ဟုတ်တယ်၊ ဝေသိမ့်ကိုက သိပ်ပြီးတည်ငြိမ်တယ်၊ မပိုင်တဲ့အလုပ်ကို …ယ်တော့မှ မလုပ်ဘူး။ သူ့ အရည်အချင်းက လင်းရက်မင်းကြီးထက် …သာတယ်"

"ဒေါ်ကြီးလုကလဲ လက်စသတ်တော့ အယောင်ဆောင်သူလျှို

ဖြစ်နေတာကိုး။ နေစမ်းပါဦး။ ညီလတ်က ဒီကောင်ရုပ်ဖျက်ထား
ဆိုတာ စောစောကတည်းက ကြိုတင်ရိပ်မိနေတာပေါ့ ဟုတ်
ငါကတော့ ရိုးရိုးသားသားပဲလို့ အောက်မေ့မိနေတာကွ"

တုံ့ရှန်းစင်း၏စကားကို တုံ့ချီစင်း ပြုံးပြလိုက်သည်။

"အဲဒီလူက ဝင်မျိုးရိုး အစ်ကိုကြီးရဲ့ မိုးယူကိုဏ်းချုပ်သားတော်

"ဟင် ဒီလိုကိုး၊ ဒီကောင် မိန်းမယောင်ဆောင်လာတာ
ဟိုခွေးမလေး မြင်မြင်ကကော ဘယ်လိုမှ သတိမထားမိဘူးတဲ့
နက္ခပဲဟော့၊ သခင်လေးလုဆိုတဲ့ကောင်တောင် အတုဖြစ်နေမှာ စိုးရသ

"ဒီကိစ္စကို သမီးငွေ မသိစေချင်သေးဘူး အစ်ကိုကြီး။ သူ
စိတ်ထက်တော့ ဘာမဆို စွတ်လုပ်ပစ်မှာ၊ ကျွန်တော့်အထင်
ဟိုသူငယ်ဟာ အတုဖြစ်မယ် မထင်ဘူး"

တုံ့ရှန်းစင်း ငြိမ်သွားသည်။

တုံ့ချီစင်းက ဆက်ပြောပြန်သည်။

"ကြည့်ရတာ မိုးယူကိုဏ်းချုပ်ရဲ့သားက ထိုက်ဟူ ဒေါ်ကြီးလု
သတ်ပြီး သခင်လေးလုကို ဝံပုလွေအဆိပ်မြက် သောက်နိုင်းလိမ့်မ
ပြီးမှ သမီးလေးမြင်မြင်ကို ဒီခေါ်လာအောင် လုပ်တာနဲ့တူတယ်"

"ညီလတ်၊ ဒါဖြစ်နိုင်တယ်၊ ဒီတော့ သခင်လေးလု ဆိုတဲ့သူငယ်
တို့ညီအစ်ကိုနှစ်ယောက် စမ်းကြည့်မလား"

"ဘယ်လိုပဲဖြစ်ဖြစ် ခချိန်မှာတော့ စမ်းကရတော့မှာပေါ့ အစ်ကိုကြီး
ရာ"

စကားသံ ပြတ်သွားသည်နှင့် လုံးဝတိတ်ဆိတ် ငြိမ်သက်သွားသည်။

ထို့နောက် လရောင်အောက်တွင် စကားမပြောဘဲ လမ်းလျှော
ပြန်လာခဲ့ကြ၏။



တုံ့ချီစင်းက လမ်းလျှောက်ရင်း ပြောသည်။

"အစ်ကိုကြီး၊ ကျွန်တော် သိုင်းလောကထဲမှာ ဇာတ်မြှုပ်နေခဲ့တာ
တော်ကြာသွားခဲ့ပြီ၊ ကျွန်တော့် အမြင်ပြောရရင်တော့ ခုနက
ယောက်ဟာ ကျွန်တော်တို့ ညီအစ်ကိုကို လုပ်ကြံရုံတင်မကဘူး။
အစီအစဉ်ပါ အကောင်အထည်ဖော်ချင်ပုံရတယ်၊ အင်း
ပြည်မှာ ဟိုလူတွေသာရှိနေသေးတယ် ဆိုရင်တော့ ဝေသိမ့်ကိုတို့ရဲ့
အစည်ဟာ ဖြစ်ချင်မှ ဖြစ်လာမှာပါ"

"ညီလတ်ပြောတဲ့ ဟိုလူတွေဆိုတာက တောင်ပိုင်း ဝေယိုကွေးကို
ဘာလား။ သူက ပိုက်ထက်ကျွမ်းရဲ့ဆရာအရင်းလေ၊ သူလဲ လူတော်
ယောက်ပဲ"

"သူတင်ဘယ်ကမလဲ၊ အစ်ကိုကြီးရဲ့ သိုင်းလောကသားတိုင်းက
တုန် ကြောက်ရွံ့ခဲ့တဲ့ ချန်ပိုင်ဖုန်းလဲရှိသေးတယ်လေ၊ သူက
က်ပိုင်း ဝေသိမ့်ကိုထက်တော့ ညံ့မှာမဟုတ်ပါဘူး၊ နောက်ပြီး
ကိုဘယ်လိုမှ မှန်းဆလို့မရတဲ့ သရဲအရိပ်ဆိုတဲ့လူလဲ ရှိသေးတယ်၊
ချန်ပိုင်ဖုန်းထက်တော့ လက်ရည်ညံ့မယ်မထင်ဘူး။ ဒီလူတွေဟာ
ကိုကို ကောင်းကောင်းကြီး တားဆီးနိုင်စွမ်းရှိပါတယ်အစ်ကိုကြီးရဲ့"

သုံးယောက်သား စကား တပြောပြောဖြင့် အိမ်သို့ရောက်ရှိလာ
ည်။ သိုင်းလောက အဓိပတိ သုံးယောက်သည် သိုင်းလောက၏
နောက်ရေး တိုင်ပင်ဆွေးနွေးရင်း မိုးစင်စင်လင်းသွားကြရှာလေ၏။

❖ ❖ ❖

အခန်း [illegible]

## ရန်သူများ၏ ဖြစ်ထိုး[illegible]

"သား မင်းဘာမှ မဖြစ်ဘူးနော်"

"ဘာမှမဖြစ်ဘူးဖေဖေ၊ ကျွန်တော်ဟာ အလျင်တုန်းကလို မ[illegible] တော့ပါဘူး၊ တော်တော်လှုပ်နိုင် ရှားနိုင်ဖြစ်နေပါပြီ"

ကျော်ပိုင်ချူးက သူ၏ တစ်ဦးတည်းသောသား ချန်ပိန်းကို [illegible] မြတ်နိုးစွာ ကြည့်မိသည်။ အခြေအနေအရ သူသည် သားဖြစ်[illegible] ရင်အုပ်မကွာစောင့်ရှောက်ခြင်း မပြုနိုင်ခဲ့ချေ။ အမိအဖ၏ အုပ်[illegible] ကင်းလွတ်နေသဖြင့် ချူချာသောသား၊ ရမ်းကားသောသေား ဖြ[illegible] လေမည်လားဟု ယခင်က စိုးရိမ်ခဲ့ရသည်။ ယခုကဲ့သို့ကြံ့ခိုင် တောင့်[illegible] သောသားဖြစ်သူကို တွေ့ရသည့်အခါတွင်မူ လွန်စွာကျေနပ် အား[illegible] သည်။

"ဖေဖေ့ဒဏ်ရာ ဘယ်လိုနေသေးသလဲဟင်"

"သက်သာသွားပါပြီကွာ၊ ဖေဖေ့အကြောင်းပြောရရင်တော့ အ[illegible] ကြီးပဲကွ၊ ဒီနေ့ကစပြီး ဖေဖေသိုင်းလောကထဲ ပြန်ဝင်တော့မ[illegible] ဆုံးဖြတ်လိုက်ပြီ"



ချန်ပိန်းက ဘာမျှ ထပ်မမေး၊ သူ့အဖေကိုငေးကြည့်နေပြီး

"ကျွန်တော် ဘဘကြီးချန်နဲ့တွေ့ခဲ့တယ်ဖေဖေ"

ကျော်ပိုင်ချူး ခေါင်းညိတ်ပြလိုက်သည်။

"ဒါတွေဖေဖေ အားလုံးသိပါတယ်ကွာ၊ နေစမ်းပါဦး၊ သားက [illegible]ဖြစ်လို့ သူများတွေနဲ့ တိုက်ခိုက်နေရတာလဲကွာ၊ သိုင်းပညာကိုကော [illegible]ယ်တုန်းက တတ်လိုက်တာလဲ၊ ဖေဖေဖြင့် တကယ်ပဲ အံ့သြမိပါရဲ့ကွာ"

ချန်ပိန်းက သူ့အင်္ကျီအိတ်အတွင်းမှ ဗိုလ်ချုပ်ရဲ့ဝေး၏ လက်သီးသိုင်း [illegible]းစာအုပ်ကို ထုတ်ပေးလိုက်သည်။ ကျော်ပိုင်ချူး တစ်ရွက်နှစ်ရွက် [illegible]လှောကြည့်လိုက်ပြီး လွန်စွာအံ့အားသင့်သွားမိသည်။

"ဒီလက်သိုင်းက သိုင်းလောကရဲ့ လျှို့ဝှက်ကျမ်းတစ်စောင်ပဲ၊ ဒီဟာ [illegible]က်ဆုံးနေခဲ့တာ ကြာပြီ၊ ဖေဖေ ဖတ်ကြည့်သလောက်ဂ[illegible]တော့ [illegible]တော်ကလေး ပြောင်မြောက်တဲ့နည်းပညာရပ်တွေပဲ၊ စစ်ဗိုလ်ချုပ်ကြီး [illegible]ယောက်ကဒီလိုသိုင်းပညာမျိုး တတ်ကျွမ်းနေတယ်ဆိုတာ တကယ် [illegible]အံ့သြစရာ သိပ်ကောင်းတယ်"

"ဒီသိုင်းကျမ်းကို ဖေဖေ သံသယရှိနေလို့လား"

"ငါသိထားသလောက်တော့ ဗိုလ်ချုပ်ရဲ့ဝေးဟာ သိုင်းပညာတတ် [illegible]ယ်လို့ မကြားဖူးဘူး၊ ငါမသိတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့သားရယ်"

ချန်ပိန်း ငြိမ်နေလိုက်သည်။ ကျော်ပိုင်ချူးက သိုင်းကျမ်းစာရွက် [illegible]စ်ရွက်ကို လှန်လှောပြီး ချန်ပိန်းအားညွှန်ပြကာ

"လာကွာသား၊ ဒီအကွက်တစ်ကွက်ကို ငါတို့ စမ်းကြည့်ရအောင်"

ချန်ပိန်းက ထိုသိုင်းကွက်ကို လှမ်းကြည့်လိုက်သည်။ ဝင်းကျော် [illegible]နေ သိုင်းကွက်ဖြစ်နေ၏။ ရုတ်တရက် မတ်တတ်ထရပ်ပြီး ထိုသိုင်းကွက် [illegible] ခင်းပြလိုက်သည်။ ဘယ်ဘက်လက်က ဝှေ့ယမ်းနေပြီး ကိုယ်ကို

တစ်ဝက် ကိုင်းထားသည်။ ညာလက်ကို ချိတ်သဖွယ် ကုတ်ကွေး... ဖမ်းကုတ်ဆွဲနိုင်ရန် အသင့်ပြင်ထား၏။ သားဖြစ်သူ၏ သိုင်းကွက်... စနစ်ကျလှသဖြင့် ကျော်ပိုင်ချူးက ချီးကျူးလိုက်မိ၏။

"တော်တော်ကောင်းတဲ့ သိုင်းကွက်ပါလား"

"အဲဒီသိုင်းကွက်ကို စောစောကတိုက်ပွဲမှာ ကျွန်တော် သုံး... သေးတယ်"

ချန်ပိန်းက သိုင်းကွက်နင်းပြီး ရပ်တန့်လိုက်သည်။

"သား ကြည့်နေ၊ မင်းကိုဖေဖေ သိုင်းကွက်တစ်ကွက်နင်း ပြ..."

ကျော်ပိုင်ချူးက ရုတ်တရက် ကိုယ်ကို တစ်ပတ်ခန့်လှည့်လိုက်... ဘယ်ဘက်လက်ဝါးကို အထက်သို့ဝိုက်ပြီး ညာလက်ဝါးကို အော... စိုက်ချလိုက်သည်။ ထိုမှတဖန် ဘယ်လက်ဝါးကို စွန်ကုတ်သ... ပြောင်းယူပြီး ရှေ့တွင်ရှိနေသော ကျောက်တုံးကြီးတစ်တုံးကို ရို... လိုက်သည်။

"ဝုန်း"

ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်လာသည်။

"ဟာ သိပ်ကြောက်စရာကောင်းတဲ့ လက်ဝါးပါလား"

ချန်ပိန်းက တအံ့တသြ မှတ်ချက်ချ၏။

ကျော်ပိုင်ချူးက ခေါင်းခါယမ်းပြလိုက်ပြီး -

"မဟုတ်ဘူးကွယ့်၊ ဒါ လက်ဝါးအား မဟုတ်ဘူး။ ဒီသိုင်းကွက်... ရှောင်လင်ကျောင်းတော်ရဲ့ ရွှေလက်ချောင်းသိုင်းကွက်တစ်ကွက်ပဲ... ဘုရားရှိခိုးတိုက်ကွက်လို့ ခေါ်တယ်၊ သား သေသေချာချာ စဉ်းစားကြ... စမ်း။ စောစောက မင်းနင်းခဲ့တဲ့ ဝင်းကျော်ပန်းခူးသိုင်းကွက်နဲ့ ဘယ်... ခြားနားချက်ရှိသလဲ"



ချန်ပိန်း ပြန်လှန်စဉ်းစားသည်။ ထိုသိုင်းကွက်နှစ်ခုမှာ ပုံသဏ္ဍာန်အရ ...တူညီမှုမရှိသော်လည်း သဘောတရားအရမူ တူညီနေပေသည်။

"ဟုတ်တယ်နော် ဖေဖေ၊ သိုင်းကွက်နှစ်ခုက ခပ်ဆင်ဆင်ပဲ"

ကျော်ပိုင်ချူးက -

"သိုင်းပညာဆိုတာကလဲ ပုံသဏ္ဍာန်သာ ခြားနားတာပါ၊ သဘော ...ရားချင်းက အတူတူပါပဲ၊ သိုင်းပညာတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ် ...တယ်ဆိုတာ သိစေချင်လို့ ဖေဖေရှင်းပြတာပါ"

ချန်ပိန်းသည် အတန်ကြာ ငြိမ်သက်နေပြီးမှ အံ့ဩခြင်းကြီးစွာဖြင့် ...ပ်ချက်ချလေ၏။

"ကျွန်တော်လဲ သိုင်းလောကထဲ လျှောက်သွားနေတာဘာမှ ထူးထူး ...တဲ့ မတိုးတက်ပါဘူး ဖေဖေရာ၊ ဒါပေမယ့် အမြင်တော့ တော်တော်လေး ...ယ်သွားတယ်၊ သိုင်းအတတ်ပညာဆိုတာက လဟာပြင်ကြီးလိုပဲနော်၊ ...ယ်ပြောနက်ရှိုင်းပြီး အဆုံးအစဆိုတာ မရှိဘူး"

ကျော်ပိုင်ချူးရယ်မော ခေါင်းညိတ်လိုက်သည်။

"သား သိုင်းလောကထဲ လျှောက်သွားရင်း ကျန်လုဂိုဏ်းချုပ်သစ်နဲ့ ...ဲကျွမ်းရင်းနှီးခဲ့တယ်ဆို၊ အဲဒီဂိုဏ်းချုပ်သစ်က လူငယ်သလောက် ...င်မတန်ထက်မြက်တဲ့ လူစွမ်းကောင်းတစ်ယောက်လို့ ပြောကြတယ်၊ ...တ်သလား"

"နောင်ကြီး ပိုင်ထက်ကျွင်းကို ပြောနေတာ မဟုတ်လား။ သူကတော့ ...ကယ့်ကိုတော်တဲ့ လူတစ်ယောက်ပါ ဖေဖေရာ၊ သူ့လောက် အရွယ် ...ယ်ငယ်နဲ့ သိုင်းပညာစွမ်းထက်တဲ့လူကို သားတစ်ယောက်မှ မတွေ့ဖူးဘူး"

"အသက်နှစ်ဆယ်လောက်သာ ရှိသေးတဲ့ပိုင်ထက်ကျွင်းကို ဂိုဏ်းချုပ် ...စ်အဖြစ် တင်မြှောက်ကြတယ်ဆိုကတည်းက သိုင်းပညာကို ဘာမှ

အံ့ဩဖို့ မရှိတော့ဘူးပေါ့ ကျန်လူကိုဏ်းဟာ ဂိုဏ်းချုပ်သစ်ရွေးတဲ့ နေ... အင်မတန် စည်းစနစ်ကြီးတယ်"

သားအဖနှစ်ယောက်မှာ သိုင်းပညာအကြောင်း၊ သိုင်းလော... အကြောင်း စိတ်ပါလက်ပါ ဆွေးနွေးခဲ့ကြသည်။ သူတို့စကားကောင်းနေ... မှာပင် ကောင်းကင်၌ မိုးမှောင်ကြီးကျလာ၏။

သို့သော် သားအဖနှစ်ယောက်စလုံး သတိမထားမိကြချေ။

"ဂျိမ်း ဂျလိမ်း လိမ်း"

ရုတ်တရက် မိုးခြိမ်းသံပြည်ဟိန်းကာ လျှပ်စီးများ လက်လာသော... အခါမှ ပတ်ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကျနေကြောင်း သားအဖ ... ယောက် သတိပြုမိလာကြ၏။

"ဖေဖေ ဟိုမှာ ကြည့်စမ်းပါဦး"

ချန်ပိန်းက တစ်နေရာသို့ လက်ညှိုးထိုးပြပြီး အထိတ်တ... အော်ဟစ်သည်။

ကျော်ပိုင်ချူးကြည့်လိုက်ရာ မှောင်မည်းနေသော တိမ်ဂွမ်းစိုင်... အောက် သူတို့နှင့် ဆယ်ကိုက်ကျော်ခန့်အကွာ လဟာပြင်ထဲ၌ လူတ... ယောက် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ထိုသူ၏ အင်္ကျီစများက လေထဲတွင် တလူလူလွင့်နေပြီး တိမ်... တိမ်တိုက်များအပေါ်တွင် မတ်တတ်ရပ်နေသကဲ့သို့ရှိ၏။

လျှပ်ရောင်ပျောက်သည်နှင့် ထိုသူလည်းပျောက်သွား၏။ လျှပ်ရော... လက်သည်နှင့် ထိုသူကို ထိုနေရာ၌ပင် တွေ့ရလေသည်။

မြင်ရသောအခြင်းအရာက လွန်စွာ ဆန်းကြယ်နေသည်။ ကျော်ပိုင်... ချူးမှာ ကိုယ့်မျက်စိကို ကိုယ်မယုံကြည်နိုင်လောက်အောင် အံ့ဩ... ငေးမောနေမိသည်။



သူသည် အတွေ့အကြုံစုံခဲ့သူဖြစ်၏။ ယခုမြင်ကွင်းကမူ သူ့ကိုပင် ...ုက်ချားအောင် ပြုနိုင်စွမ်းရှိသည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုသူက မလှုပ်မရှား၊ လဟာနယ်ထဲတွင် မတ်မတ်မားမား ...်နေဆဲ၊ ကျော်ပိုင်ချူးက ထပ်မံအော်ဟစ် မေးမြန်းပြန်သည်။

ထူးဆန်းသော ထိုလူထံမှ အဖြေမရချေ။

ချန်ပိန်းက တုန်ယင်စွာ မေးမိသည်။

"ဖေဖေ သူက ဘာကြောင့် လေထဲမှာ ရပ်နေနိုင်ရတာလဲ"

"ဖေဖေလဲ နားမလည်ဘူး၊ သိပ်ထူးဆန်းတာပဲ"

"ကျွန်တော်တို့အနားတိုးကပ်ကြည့်ရင် ကောင်းမလား ဖေဖေ"

"မသွားနဲ့သား၊ ဘာမှန်းမသိသေးဘူး"

ကျော်ပိုင်ချူးက သားဖြစ်သူအား တားပြီးလှမ်းအော် မေးမြန်းလိုက်...သည်။

"ခင်ဗျား ဘယ်သူလဲ"

လေထဲရပ်နေသူထံမှ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သံ ...က်ပေါ်လာ၏။

ခဏအကြာတွင် ထိုသူ၏ စကားသံကို ကြားရတော့သည်။

"မှောင်မည်းနေတဲ့ ကောင်းကင်နဲ့ မြေလွှာ အကြားမှာ မင်းက ...ကိုများ တွေ့နိုင်လို့လဲ ဘာမှမတွေ့နိုင်ဘူး မဟုတ်လား၊ အေး ဒါပေမယ့် ...ကတော့ တွေ့နိုင်တယ်"

ထိုသူ၏အသံက လေးပြီးအောနေသည်။ ထိုလူကအမှောင်ထုကဲ့သို့ ...က်ညှိုးညွှန်ပြပြီး ရုတ်တရက် အော်ဟစ်လိုက်လေသည်။

"မီးခဲတစ်ခဲပါလား၊ သိုင်းလောကကြီး ဆူပူသောင်းကျန်းကြ

တော့မယ်၊ အင်း သေခြင်းတရား။ သေခြင်းတရား။ သေခြင်းတရား
ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး၊ မင်းတို့လဲ သေကြရတော့မယ်"

"ခင်ဗျားက ကျုပ်ကို ဘယ်သူ ဘယ်ဝါဆိုတာ သိလို့လား"

"သိတာပေါ့ တို့ဟာ မိတ်ဆွေရင်းတွေပဲ"

"မိတ်ဆွေရင်း ဟုတ်လား။ ကျုပ် ခင်ဗျားကို တစ်ခါမှ မမြင်ဖူး

"မမြင်ဖူးကြပေမယ့် မင်းနဲ့ငါကတော့ တကယ်ပဲ မိတ်ဆွေရင်း
ဖြစ်တယ်"

"ဖေဖေ သူ့ကို မသိဘူးလား"

ချန်ပိန်းက သူ့အဖေကို ဖြတ်မေးသည်။ ကျော်ပိုင်ချူး စိတ်ပ
လက်ပျက် ခေါင်းခါပြမိသည်။

ကောင်းကင်ပေါ်မှ လှူသည့် လက်အစုံကို ရုတ်ခြည်းပင် လက်
အဖြစ်သို့ ဆုပ်ကာ ဘယ်ဘက်သို့ မြှောက်တင်လိုက်သည်။

ညာခြေကိုလည်း တဖြည်းဖြည်း မ,တင်လိုက်သည်။

ကျော်ပိုင်ချူးသည် မမျှော်လင့်သည့် သိုင်းကွက်ခင်းဟန်
တွေ့လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွားသည်။

"ခင်ဗျား ခင်ဗျား ယန်လု မဟုတ်လား"

ထိုသူက မဖြေ၊ လှုပ်လည်းမလှုပ်၊ ရပ်မြဲတိုင်းရပ်နေလေသည်

ချန်ပိန်းသည် ယန်လုဟူသောအမည်ကို ကြားလိုက်ရလျှင် အံ့အ
သင့်သွားမိသည်။

ယန်လု၏အရိုးပြာကို လော့ယင်းတပ် စေတီကြီးထဲတွင် မြှုပ်နှံထ
ခဲ့သည်ဟု သူသိရှိထားသည်။

ယခု အဘယ်ကြောင့် အသက်ပြန်ရှင်သန် နေရသနည်း။ သို့သေ
လော့ယင်းတပ်စေတီထဲမှ ယန်လု၏အရိုးပြာအုတ်ဂူသည် အတုဖြစ်နေခဲ့



ည်ကိုလည်း သူပြန်သတိရသည်။ သို့ဆိုလျှင် ဤအရိပ်သည် ယန်လု၏
ဥ်များ ဖြစ်နေလေသလော။

ချန်ပိန်း ထိတ်လန့်တုန်လှုပ်စွာ မော့ကြည့်လိုက်သည်။ ထိုလူရိပ်မှာ
ာင်းကင်ပေါ်၌မသဲမကွဲ တည်ရှိနေဆဲ။ ချန်ပိန်းတစ်ကိုယ်လုံး
က်သီးမွေးညင်းများ ထသွားရသည်။

ကျော်ပိုင်ချူးကိုယ်တိုင်လည်း စိတ်ကို မနည်းတည်ငြိမ်အောင်
န်းချုပ်နေရသည်။

ကျော်ပိုင်ချူးက ထပ်အော်လိုက်၏။

"ခင်ဗျား ယန်လုဆိုရင် ညာဘက်လက် မြှောက်ပြပါ"

ထိုလူ၏ ညာဘက်လက်က တဖြည်းဖြည်းမြှောက်တက်လာခဲ့
သသည်။ ကျော်ပိုင်ချူး အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး

"သိုင်းလောကသားတွေက ဂိုဏ်းချုပ်ကြီးဟောင်းယန်လုကို
သသွားပြီလို့ ထင်နေကြတာ၊ လက်စသတ်တော့ ဂိုဏ်းချုပ်ကြီးဟောင်း
က လူပြည်မှာ ရှိသေးသကိုး"

ထိုသူက ခေါင်းညိတ်ပြ၏။ သက်ပြင်းရှည်တစ်ချက်လည်းထပ်မံ
ှိုက်ထုတ်လိုက်ပြန်သည်။

ကျော်ပိုင်ချူးသည် တုန်လှုပ်နေသည့်စိတ်ကို ချုပ်တည်းလျက်
အော်ဟစ်ဖိတ်ခေါ်လိုက်သည်။

"နောင်ကြီးယန်လုနဲ့ ပြန်ဆုံကြပြီ၊ အောက်ကိုဆင်းခဲ့ပါလား။
ကျွန်တော်တို့ ဆွေးနွေးကြတာပေါ့"

ထိုသူက မဖြေ၊ ရုတ်တရက် လက်ဝှေ့ယမ်းလိုက်ပြီး

"ပြန်သွား ပြန်သွား"

"ဘယ်ကို သွားရမှာလဲ"

"လော့ယင်းတပ် ဘုရားကျောင်းပျက်ကို"

ထိုသူ၏ စကားအဆုံးတွင် လေပြင်းတစ်ချက်က တိုက်
လာသည်။ အမှောင်ထုကလည်း ပို၍ သိပ်သည်းထူထဲလာသည်။

ထိုသူ၏ရှေ့တွင်လည်း နှင်းသားထုများက တဖွဲဖွဲကျဆင်းလာ
တဒင်္ဂအတွင်းမှာပင် ထိုသူ၏ ခန္ဓာကိုယ်သည်လည်း လွင့်ဝဲ ပျောက်
သွားတော့သည်။

တစ်ကိုယ်လုံးတုန်နေသည်။ သူသည် သရဲတစ္ဆေကို ကြားဖူး
ရှိသည်။ မမြင်ဖူးခဲ့ချေ။ ချန်ပိန်း ဤသို့ဖြစ်နေခြင်းအတွက် အပြစ်ဆို
မရှိ။

ကျော်ပိုင်ချူးကိုယ်တိုင် တုန်လှုပ်ချောက်ချား နေသည်ပဲလေ။

"သား ချန်ပိန်း၊ ငါ့လက်ကိုမြဲမြဲကိုင်ထား။ တစ်ယောက်နဲ့တစ်ယော
မကွဲကွာစေနဲ့၊ တို့ရှေ့ကိုတက်ပြီး စစ်ဆေးကြည့်ကြမယ်"

ချန်ပိန်း ခေါင်းညိတ်ကာ သူ့အဖေအင်္ကျီစကို မြဲမြဲမြံမြံ ဆုပ်ကို
ထားလိုက်သည်။ ထို့နောက် ကျော်ပိုင်ချူးနောက်မှ ထပ်ကြပ်မကွာ လိုက်
သွား၏။

ထူထပ်သိပ်သည်းသော နှင်းထုကို ထိုးဖောက်ကျော်ဖြတ်က
စောစောက ဝိညာဉ်လိုလို လူလိုလို ထွက်ပေါ်လာရာနေရာဆီသို့ တစ်လှ
ချင်း လျှောက်လာမိကြလေ၏။

ချန်ပိန်း ရင်တတိတ်တိတ် ခုန်နေ၏။ တစ္ဆေသရဲသည် အမှ
တကယ်ပင် ရှိလေသလောဟု သူတွေးလာမိသည်။

သူ့ကိုယ်သူ ယန်လုဆိုသူ၏ အရိပ်အယောင်ကိုကား လုံးဝမတွေ့
မမြင်ရတော့ချေ။

"သူက ကျွန်တော်တို့ကို ဘာဖြစ်လို့ လော့ယင်းတပ်စေတီက



သွားခိုင်းရတာလဲ ဖေဖေ၊ ဘာအဓိပ္ပါယ်လဲ"

"တကယ်တမ်းသာ ယန်လုရဲ့ဝိညာဉ်အစစ်အမှန် ဖြစ်ရိုးမှန်ရင်
ော့ယင်းတပ်ဘုရားကျောင်းပျက်ပြန်သွားခိုင်းတာ ဘာမှအဓိပ္ပါယ်မရှိဘူး
ပဲ စဉ်းစားကြည့်လေ၊ ဖေဖေက အခုမှ ဟိုကနေ ပြန်လာတာ"

ချန်ပိန်း ဘာမျှ ပြန်မဖြေနိုင်ဘဲ ခေါင်းညိတ်ပြလိုက်၏။ ကျော်ပိုင်ချူး
ကောက်ချက်ချပြန်သည်။

"အင်းလေ အကောက်ကြံတဲ့ အစီအစဉ်တစ်ခုတော့ ရှိချင်ရှိမှာ
လေ၊ ငါ့ကို လော့ယင်းတပ်ဘုရား ကျောင်းပျက်ထဲပြန်နိုင်းတဲ့နောက်
ော့ ဟိုမှာမသမာတဲ့ အကြံအစည်တစ်ခုခုရှိလို့ နေမှာပေါ့၊ အဲ့ဒီလို
သွားခိုင်းလို့ပဲ ဒီလူ ဘယ်သူဆိုတာလဲလို့ အခုရှာဖွေရတာပေါ့"

ချန်ပိန်း အံ့အားသင့်သွား၏။

"ဘာပြောတယ်ဖေဖေ၊ ခုနကလူရိပ်ဟာ လုပ်ကြံတဲ့လူရိပ်ဟုတ်လား"

ကျော်ပိုင်ချူးက ပြုံးလိုက်သည်။

"မင်းက စောစောက လူရိပ်ကို ယန်လုရဲ့ တကယ့်ဝိညာဉ်လို့မှား
နေသလားသား"

ချန်ပိန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟိုမှာ ကြည့်စမ်း"

ကျော်ပိုင်ချူး လက်ညှိုး ညွှန်ပြရာဆီသို့ ချန်ပိန်း လှမ်းကြည့်
သည်။ သစ်ပင်ကြီးတစ်ပင်သာ ရှိသည်။

"သား ဟိုဘက်ကို ကြည့်စမ်း"

ဟိုမှာဘက်တွင်လည်း သစ်ပင်ကြီတစ်ပင်။

"သစ်ပင်ကြီးတွေပဲ၊ ဘာထူးခြားလို့လဲ ဖေဖေ"

"လာ အဲဒီသစ်ပင်တွေကို စစ်ဆေးမယ်"

သစ်ပင်ကြီးတစ်ပင် အနီးသို့ရောက်သောအခါ ကျော်ပိုင်[illegible] တစ်စုံတစ်ရာကို ရှာဖွေလေ၏။ ချန်ပိန်းမှာ သူ့ဖခင်ဘာကိုရှာ[illegible] မသိပေ။

"ဟော ဒီမှာ တွေ့လား။ ကြိုးနှစ်ချောင်း"

ကျော်ပိုင်ချူးပြသဖြင့် ချန်ပိန်းက ကြိုးကိုကိုင်ကြည့်၏။ [illegible] သောကြိုးမျှင် အနက်ကလေးများဖြစ်သည်။ သို့သော် ခိုင်ခံ့လှ[illegible]

ချန်ပိန်း သဘောပေါက်သွားသည်။ စောစောက လူသည် ထိုကြိုး[illegible] နှစ်ချောင်းကို သစ်ပင်ကြီးနှစ်ပင်၌ တန်းပြီး တက်ရပ်ပြခြင်းဖြစ်[illegible]

"ဟိုဘက်ကို ထပ်လျှောက်ပြီး သွားကြည့်ပါဦး"

ချန်ပိန်း ညာဘက်သို့ လျှောက်သွားကြည့်၏။ မျက်နှာချင်း[illegible] နေရာရှိ သစ်ပင်သစ်ပင် တွင်လည်း ထိုကြိုးမျှင်ကလေးများကို [illegible] ပြန်သည်။

"သိပြီ ဖေဖေ၊ စောစောတုန်းက ဝိညာဉ်လိုလို လူက ဒီသ[illegible] နှစ်ပင်ကြားမှာ ချည်ထားတဲ့ကြိုးပေါ် တက်ရပ်ပြတာ မဟုတ်လား"

ကျော်ပိုင်ချူး ပြုံးပြလိုက်သည်။

"သိပ်သေချာတာပေါ့ သားရဲ့"

"ဒါကြောင့်မို့လို့ လေထုထဲမှာ ရပ်နေသလို ထင်နေရတာ ပေ[illegible]

"အေး ဝိညာဉ်မဟုတ်ဘူး ဆိုတာ သေချာတဲ့နောက်မှတော့ ဒီ[illegible] တစ်ခုခုကြံစည်ပြီဆိုတာလဲ သေချာပြီပေါ့ ဒါဆိုရင် ဖေဖေက လော[illegible] တပ်စေတီကို သွားဦးမှာလား"

"သွားရမှာပေါ့"

"ဟင် သူတို့ တစ်ခုခုလုပ်ကြံမယ်ဆိုတာကိုသိလျက်နဲ့ သွ[illegible] ဖေဖေမှားမှာပေါ့"



ကျော်ပိုင်ချူးက သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲ သားရယ်၊ မသွားလို့ကလဲ မဖြစ်ဘူးလေ"

"ဘာကြောင့် မသွားလို့ မဖြစ်ရမှာလဲ ဖေဖေ"

ကျော်ပိုင်ချူးကောင်းကင်ထက်သို့ ခေါင်းမော့ကြည့်လိုက်သည်။ [illegible]များက တဖွဲဖွဲကျနေဆဲ ရှိသေးသည်။

"ဖေဖေရယ် မင်းရဲ့ဘဘကြီး ချန်ရယ်၊ နောက်ပြီး ကျန်လုကိုထားချုပ် [illegible]သန်လုရယ်ဟာ တစ်ယောက်သောသူရဲ့လက်ဝါးထဲမှာ အရုပ်ကလေး[illegible] နှစ်ပေါင်းများစွာ အလူးအလိမ့်ခံခဲ့ရတယ်၊ ဒါပေမယ့် အဲဒီ[illegible]ယောက်သောသူဆိုတာ ဘယ်သူမှန်း မသိခဲ့ရဘူး။ မင်းစဉ်းစားကြည့်[illegible]သား။ ဖေဖေဟာ သူက လုပ်ကြံထားမှန်း သိလျက်နဲ့ မသွားခဲ့ရင် [illegible] ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ [illegible]ကြောင့် သူအကောက်ကြံတဲ့လမ်းစဉ်အတိုင်းလိုက်သွားရလိမ့်မယ်၊ [illegible]ဘယ်နှစ်ကောင်ရှိသလဲ၊ သိချင်ရင် သားရဲတွင်းကို သွားရမယ်မဟုတ်[illegible]သားရယ်"

ချန်ပိန်းမှာ သူ့ဖခင်ကို ငေးမောကြည့်နေမိသည်။ သူ့ဖခင်သည် [illegible]ဘယ်သားရဲတွင်းသို့ သက်ဆင်း၍ သူ့ကို ဘဝတစ်လျှောက်လုံး ဒုက္ခ[illegible]သူကို ရှာဖွေပေတော့မည်။

❖ ❖ ❖

အခန်း (

## သူ့ရဲကောင်းစိတ်

ချန်ပိန်းသည် သူ့ဖခင်ကြီးကို အတန်ကြာမျှ ငေးမောကြည့် မိသည်။

ကျော်ပိုင်ချူးက သူ့သား၏ ပခုံးကို ပုတ်၍ သတိပေးလိုက်

"ကဲ သွားကြစို့ သားပါလိုက်ခဲ့ပေါ့"

ကျော်ပိုင်ချူးနှင့် ချန်ပိန်းတို့သည် ထိုနေရာမှ ထွက်ခွာလာကြ

တစ်ညလုံးခရီးနှင်ခဲ့ကြရာ မနက်မိုးလင်းသောအခါ မြို့က တစ်မြို့သို့ ရောက်ရှိလာ၏။ ထိုမြို့ကလေးတွင် တစ်နေ့လုံးအနား ညကျမှ ခရီးထွက်မည်ဟု ကျော်ပိုင်ချူးက ပြောပြ၏။

ကျော်ပိုင်ချူးက

"ဒီမြို့ကလေးကို "အီယွမ်" လို့ခေါ်တယ်၊ ဒီမြို့လေးဘေး ဘုရားကျောင်းထဲမှာ ဂိုဏ်းချုပ်ကြီးယန်လုဟာ စီကျင့် တိုင်းရင် ရန်သူလေးယောက်ကို တစ်ယောက်တည်းနဲ့ အနိုင်တိုက်ခိုက်ခဲ့ဖူး အဲဒီလေးယောက်ဟာ သူတို့ပြည်နယ်မှာ ထိတ်ထိတ်ကြဲ အဆ သိုင်းသမားတွေပေါ့၊ အဲဒီကစပြီး ယန်လုဟာ နယ်ခြားဒေသမှာ နာ ဟိုးဟိုးကျော်သွားခဲ့တယ်၊ ပြည်မမှာ လေးစားရမယ့် ယန်လုဆို ရှိပါလားလို့ သူတို့ အသိအမှတ်ပြုသွားကြရတယ်"



ယန်လုအကြောင်းကား လေးစားဖွယ်၊ ကြည်ညိုဖွယ်၊ အားကျဖွယ် ဖြစ်ပေသည်။ ချန်ပိန်းသည် ငြိမ်၍ နားထောင်နေမိ၏။

မြို့၏အဝင်ဝ သစ်ပင်ကြီး တစ်ပင်၌ "အီယွမ်"ဆိုသော ထွင်းစာလုံး ကို တွေ့ရှိလိုက်ရသည်။ ကျော်ပိုင်ချူးက ထိုစာလုံးနှစ်လုံးကို လက်ညှိုး ပြီး

"အဲဒီစာလုံးနှစ်လုံးဟာ ရှေးဟောင်းပညာရှိ သုခမိန်ကျိုးကုံမိန်ရဲ့ အပျက်မှန်နဲ့ ပတ်သက်နေတယ်"

ချန်ပိန်းသည် ကျိုးကုံမိန်ဆိုသော အမည်ကိုကြားလိုက်ရသည်နှင့် သွပ်သွားသည်။ တစ်ဆက်တည်းမှာပင် လော်ဟန်စီ ကျောက်တုံးကို ရလိုက်ပြန်သည်။

လော်ဟန်စီ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်သည့် တစ်နေ့တွင် င်ထဲ၌ မရှင်းလင်းသေးသည့် သံသယများကြေပျက်သွားနိုင်သည်ဟု တောမိလာသည်။

"ကဲ သားရေ၊ မြို့ထဲဝင်ပြီး စားသောက်ဆိုင်တစ်ဆိုင်မှာ စားကြ က်ကြရအောင်၊ ပြီးမှပဲ ရှေ့ခရီးဆက်လုပ်မယ်ဆိုတာ စီစဉ်ကြတာပေါ့"

စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ခဲ့ကြသည်။ ဆာလောင် သိပ်နေသည့် ချန်ပိန်းသည် အတိုးချ၍စားသောက်တော့သည်။

သူတို့စားပြီး၍ ထွက်ခွာရန်ဟန်ပြင်ချိန်တွင် ကျော်ပိုင်ချူးသည် တစ်ဦးကို မြင်ပြီး ရုတ်တရက် မထနိုင်ဘဲ ဖြစ်သွား၏။

ချန်ပိန်းလည်း အံ့အားသင့်ကာ သူ့ဖခင်ကြည့်ရာသို့ လှမ်းကြည့် သည်။ စားသောက်ဆိုင်၏ မျက်နှာချင်းဆိုင်ထောင့်တစ်နေရာတွင် ပြာဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့ရ၏။

ထိုသူမှာ သူတို့ကို ကျောခိုင်းထိုင်ထားသဖြင့် မျက်နှာကို မမြင်ရ။

သို့သော် သူတံတောင်ဆစ်အောက်တွင် ဖိထားသော ပိတ်ဖြူစ[illegible] စားပွဲအောက်သို့ တွဲလောင်းကျနေသည်။

ပိတ်ဖြူပေါ်တွင် အနက်ရောင်ဖြင့် ရေးထိုးထားသော စာ[illegible] ထင်းခနဲ လင်းခနဲ ရှိနေ၏။

"ပြည်နယ်အနှံ့ လူစွမ်းကောင်းကို တွေ့ဆုံဂါရဝပြုမည်"

ကျော်ပိုင်ချူးသည် ထိုလူနှင့် ထိုစာတန်းကို ငေးကြည့်[illegible] ဖြစ်သည်။

မကြာမီ ဝတ်စုံပြာဝတ်ဆင်ထားသူသည် စားသောက်စရိ[illegible] စားပွဲပေါ်ချပြီး အပြင်ဘက်သို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွား[illegible] သည်။

ထိုလူ ဆိုင်ပြင်သို့ရောက်မှ ချန်ပိန်းက သူ့ဖခင်အား မေး[illegible]

"ဖေဖေ သူ့ကိုသိလို့လား"

"သိတယ်၊ လာ တို့ သူ့နောက်လိုက်ကြစို့"

ကျော်ပိုက်ချူးသည် ငွေရှင်းပေးပြီး ချန်ပိန်းလက်ကိုဆွဲ[illegible] ထိုသူ့နောက်သို့ လိုက်ပါသွား၏။ ဝတ်စုံပြာနှင့် လူမှာ တော်တော်က[illegible] ခရီးပေါက်နေပေပြီ။

"ခပ်လှမ်းလှမ်းက လိုက်မယ်သား၊ ဖြည်းဖြည်းသာလျှောက်"

ကျော်ပိုင်ချူးသတိပေးသဖြင့် ထိုသူနှင့် ခပ်လှမ်းလှမ်းမှ ဖြည်း[illegible] လျှောက်လိုက်ခဲ့ကြသည်။ မြို့ပြင်သို့ ရောက်သည့်တိုင် ရှေ့မှလ[illegible] ဖြည်းညင်းစွာ လျှောက်နေဆဲရှိ၏။ လမ်းပေါ်တွင်ကား ခရီးသွား[illegible] တစ်ယောက်တစ်လေမျှပင် မမြင်ရတော့ပေ။ ချန်ပိန်းမှာ စိတ်မ[illegible] တော့ဘဲ -

"ဒီလူက ဒီလောက် နှေးနှေးကွေးကွေး လျှောက်နေတာ ကျွန်[illegible]



[illegible] နောက်က လိုက်လာတာကို သိသွားလို့လား ဖေဖေ"

"ရှူး တိုးတိုးပြော၊ သူ ကိုယ်ဖော့ပညာ သုံးတော့မယ်" ကျော်ပိုင်ချူး[illegible] ဘွက်ဆထားသလိုပင် ထိုသူ၏ခြေလှမ်းများက တစ်စတစ်စ မြန်လာ[illegible] ည်။ ထိုသူ အတော်ဝေးဝေးသို့ရောက်မှ ကျော်ပိုင်ချူးက မျက်ရိပ်ပြပြီး [illegible] လိုက်သည်။

ရှေ့မှ ပြေးသူလျှင်မြန်သကဲ့သို့ နောက်မှ လိုက်သူကလည်း [illegible] မြန်လှ၏။ ရှေ့မှ ပုဂ္ဂိုလ်မှာ နောက်မှ လိုက်ပါလာသူတို့ကို မသိရှိသည့် [illegible] ဘား တစ်ရှိန်ထိုးပြေးလွှားနေ၏။ သူ့ပြေးနှုန်းကလည်း ရိပ်ခနဲရိပ်ခနဲ [illegible] မြန်းလွန်းလှသည်။

ကျော်ပိုင်ချူးကလည်း အရှိန်မြှင့်ကာနောက်မှ မနားတမ်းပြေး[illegible] က်သည်။ ပြေးရင်းလွှားရင်းမှ ချန်ပိန်းကို စောင်းငဲ့ကြည့်ရာ သူနှင့် [illegible] ဘ်မီးမယိမ်း ရင်ပေါင်တန်းလိုက်ပါလာနိုင်သည်ကို တွေ့ရသဖြင့် ရင်ထဲ [illegible] မြေ့သွားသည်။

တဖြည်းဖြည်းအရှေ့ဆီတွင် လမ်းကအနိမ့်အမြင့် အတက်အဆင်း [illegible] လာသည်။ သစ်တောအုပ်ထဲ ဝင်လာသည်။

ကျော်ပိုင်ချူးက သက်ပြင်းချလိုက်မိသည်။

"တောထဲကို ဝင်ရင် တို့တော့လိုက်ရခက်ပြီ"

"ဒီလိုဆို ကျွန်တော်တို့ နီးနီးနားနား ကပ်လိုက်ကြရအောင်"

ကျော်ပိုင်ချူး ခေါင်းခါယိမ်းပြလိုက်၏။

"မဖြစ်ဘူး၊ နီးကပ်ရင် သူသိသွားလိမ့်မယ်"

လမ်းက တဖြည်းဖြည်း အကွေ့အပတ် များလာသည်။ ဝတ်စုံပြာနှင့် [illegible] ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားနေသလို ကျော်ပိုင်ချူးတို့မှာ မျက်ခြည်လည်း [illegible] ပြတ်အောင် ရှေ့မှလူလည်း မရိပ်မိအောင် လွှန်စွာအားစိုက်၍ လိုက်နေ

ကြရ၏။ သို့သော် အကွေ့တစ်ကွေ့တွင်မူ ဝတ်စုံပြာနှင့် လူကို မျက်ခြည်ပြတ်သွားလေတော့၏။

❖ ❖ ❖

တိတ်ဆိတ် ငြိမ်သက်နေသော တောင်ကုန်းထက်တွင် ဒုန် ပြေးလွှားနေသော မြင်းခွာသံက စိုးမိုးနေ၏။ အဘိုးအိုတစ်ယောက် မြ ဒုန်းစိုင်း စီးလာခြင်းဖြစ်ပေသည်။ မြင်းမှာ ခရီးပန်းလွန်းသဖြင့် မော နေသည်။ နောက်ဆုံးတွင် မြင်းကြီးသည် ရှေ့ဆက် မပြေးနိုင်တော့ မြေကြီးပေါ်သို့ လဲကျသွားတော့၏။ မြင်းပေါ်မှ အဘိုးအိုကမူလျင်သ မြင်းလဲမကျမီပင် သူက ခုန်ပျံဆင်းသွားပြီးဖြစ်၏။

မြင်းကြီးမှာ အားအင်မရှိတော့။ ပါးစပ်မှ အဖြူမြှုပ်များပင် တ ထွက်နေပေပြီ။ ထိုသူက မြင်း ကိုယ်ပေါ်မှ အထုပ်တစ်ထုပ်ကို ဖြုတ် လိုက်သည်။

"မင်းကိုတော့ သနားပါတယ်ကွယ်၊ ငါ့မှာလဲ အရေးကြီးလို့ ဒီလော ခရီးပြင်း နှင်ရတာပါ၊ နို့မဟုတ်ရင်"

အဘိုးအိုသည် စကားကိုဆုံးအောင်မပြောတော့ဘဲ၊ အထုပ် ကျောထက်တွင်ပိုးကာ ရှေ့သို့ ပြေးလွှားထွက်ခွာသွားတော့သည်။ သ ဆံဖြူများက လေထဲတွင် လွင့်ဝဲနေ၏။ အသက်ခြောက်ဆယ်ကျော် ရှိပြီဖြစ်သော်လည်း သူ့ခြေလှမ်းများက ပေါ့ပါးသွက်လက်လှသည်။

အတန်ကြာ ပြေးပြီးမှ ခေတ္တနားသည်။ ပတ်ဝန်းကျင်ကို အကဲခ သည်။ သူ့နောက်ကျောမှ အထုပ်ကို ဖြေချလိုက်သည်။ ကြီးမားလေး သော ရွှေဓားကြီးတစ်လက်ထွက်လာတော့သည်။



အဘိုးအိုက တောထဲသို့ကြည့်၍ အော်ဟစ်လိုက်လေ၏။

"ပုန်းလျှိုးကွယ်လျှိုးလုပ်နေတဲ့ မိတ်ဆွေတွေ ရှေ့ကိုထွက်လာခဲ့ ...စမ်းပါ"

သူသည် ရှေ့သစ်ပင်များအကြား၌ ချောင်းမြောင်းပုန်းအောင်း ...သူများ ရှိနေကြောင်း အတိအကျ သိထားပုံရ၏။ အဘိုးအို၏ ...သိအတွေးကလည်း မှန်ကန်လှပါပေသည်။ သူ့အော်သံအဆုံး၌ ...တောထဲမှ လူသုံးယောက်ထွက်လာတော့သည်။

"မျက်နှာကို ဘာဖြစ်လို့ ပဝါနဲ့စည်းထားရတာလဲ၊ ပြောင်ပြောင် ...င်းတင်း ပွင့်ပွင့် လင်းလင်းပေါ့၊ ဘယ်သူ့ကိုကြောက်နေလို့လဲ"

ထိုလူသုံးယောက်က အဘိုးအို၏စကားကို ဂရုမစိုက်။ ရှေ့သို့သာ ...စ်လှမ်းချင်းတက်လာကြသည်။ အဘိုးအိုကခေါင်း တဆတ်ဆတ် ...တ်၏။

"အင်း တောကြောင်တွေပဲ၊ တောကြောင်ဆိုတာ ဒီလိုပဲပေါ့လေ"

ထိုသူများကား အဘိုးအို၏ စကားကို လုံးဝဂရုမစိုက်ကြပေ။ ...ပြည်းဖြည်းသော ချဉ်းကပ် လာနေကြသည်။ အဘိုးအိုက တစ်ကိုယ် ...ည်းပြောသလို ပြောနေ၏။

"အင်း ငါစဉ်းစားကြည့်လိုက်ပါဦးမယ်၊ ဘယ်သူနဲ့များ ရန်ငြိုးရန်စ ...ပါလိမ့်၊ အို ဟုတ်ပြီ ဟုတ်ပြီ၊ ဟိုတစ်နေ့တုန်းက ငါးဓားပြတွေနဲ့ ...တ်နိုက်ခဲ့သေးကာပဲ"

အဘိုးအို မျက်မှောင်ကြုတ် စဉ်းစားပြီးမှ -

"အင်း ဒါလဲ မဟုတ်သေးပါဘူးလေ၊ ဓားပြ ဆိုတာက အောက်တန်း ...တဲ့ အညတရတွေပဲ၊ ဒီလို အဆင့်မြင့် သိုင်းသမားတွေနဲ့ မိတ်ဆွေ ...ချာ ဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ဒီသုံးယောက်ရဲ့ ကိုယ်ဖော့

ပညာက ဆိုးမှ မဆိုးဘဲ၊ ဟော့ကောင်တွေ မင်းတို့ ဘယ်သူတွေလဲ"

တစ်ဆက်တည်းပင် ထိုသူသုံးယောက်ကို မေးခွန်း ထုတ်လိုက်၏။ သုံးယောက်ထဲမှ တစ်ယောက်က အေးစက်သော လေသံဖြင့်

"ဘာမှမေးမနေနဲ့တော့၊ ဒီနေ့ဟာ ခင်ဗျားရဲ့ သေနေ့ပဲ"

အဘိုးအို၏ နှုတ်ခမ်းထောင့်တွင် ထူးဆန်းသော အပြုံးတစ် ပေါ်လာ၏။ သူသည် ရုတ်တရက် ရှေ့သို့လှမ်းတက်လိုက်ပြီး ထိုသုံးယောက် ကြားမှ ထိုးဖောက်ဖြတ်သန်းသွားဟန်ပြုလိုက်သည်။

သို့သော် အဘိုးအို ခြေလှမ်းစတင် လှမ်းမိသည်နှင့် ထိုလူသုံးယောက် က ရုတ်တရက် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ရွှမ်း"

အလင်းရောင်တန်းသုံးခု ဖြာခနဲ လက်သွားပြီး သူတို့၏ လက်ထဲတွင် ဓားရှည်ကိုယ်စီ ရောက်ရှိလာကြသည်။ အဘိုးအိုကို ကြောက်ရွံ့ဟန် မပြချေ။

ရှေ့သို့ တိုးမြဲ တိုးသည်။ ထိုအခါ ဓားရောင်များက ဖြာ ဖြစ်သွားကာ အဘိုးအိုဆီသို့ ကျရောက်လာလေတော့သည်။

အဘိုးအိုကား အာဂအဘိုးအိုတည်း။ ဓားရောင်အလင်းတန်းမျာ ဝင်လာသည်နှင့် သူ၏ရွှေဓားကြီးကလည်း ရွှမ်းခနဲလှုပ်ရှားသွားသည်

သူ့ဓားဦးချွန်က လူသုံးယောက်၏ အရေးပါလှသော သေကျ သေကွက်များဆီသို့ တိကျမှန်ကန်စွာ တိုးဝင်သွားသည်။

ရန်သူသုံးယောက်သည် လျင်မြန်စွာ ရှောင်တိမ်းလိုက်ကြ ခေါင်းဆောင်ဖြစ်ဟန် တူသူက ခိုးကျူးလိုက်လေသည်။

"ရွှေဓားသခင်ကြီးလုကတော့ နာမည်နဲ့လိုက်ဖက်ပါပေတယ်"

ထိုဆဲဖြို အဘိုးအိုကာ ရွှေဓားသခင်ကြီးလုပေတည်း။ သူ့ရွှေဓား



င်းကွက်ကိုမြင်ရုံနှင့် သူ မည်သူဖြစ်သည်ကို သိရှိနိုင်ပေ၏။

တိုက်ပွဲကား ပြင်းထန်ကြမ်းတမ်းလာသည်။ ဓား သုံးလက်က ာင်လက်သွားသလို ဓား ဘစ်လက်တည်းကလည်း ရွှေရောင်လက် း။

အဆင့်မြင့်သိုင်းသမားချည်း ဖြစ်နေသဖြင့် တိုက်ကွက်များက က်စရာကောင်းလှသည်။

ရွှေဓားသခင်ကြီးလုမှာ ထိုသူသုံးယောက်၏ ဓားစွမ်းရည်ကို ကြည့်ပြီး စ်ပွဲ၌ သူသေကိုယ်သေ တိုက်ရတော့မည်ကို သိလိုက်သည်။

ထိုသုံးယောက်အနက် အလယ်မှ ပိန်ပိန်ရှည်ရှည် လူမှာ သိုင်းပညာ ာင်း၏။ ကျန်နှစ်ယောက်ကို ဦးဆောင်တိုက်ခိုက်နေသည့်သဘော

သူ့အနေနှင့် လွတ်မြောက်လိုလျှင် ထိုအလယ်လူကို ဦးစွာ ပထမ ပစ်ရည်ဟု ရွှေဓားသခင်ကြီးလု နားလည်သဘောပေါက်သည်။

ရွှေဓားသခင်ကြီးလုသည် ဓားရိုးပေါ်၌ ချည်နှောင်ထားသော ာင် ဖဲကြိုးကလေးကို ဖြေချလိုက်၏။

ကြိုးကလေးမှာ အလှအပ ပစ္စည်းမဟုတ်ချေ။ ရန်သူများအား ာင်းတစ်ချောင်းနှယ် တိုက်ခိုက်နိုင်စွမ်းရှိပေသည်။

းတိုက်ကွက်ကို အသုံးပြုရင်းမှ ဖဲကြိုးဖြင့် တစ်ပြိုင်နက်တည်း က်နိုင်ခြင်းက ရွှေဓားသခင်ကြီးလု၏ အံ့မခန်းပညာစွမ်းပင် ာသည်။

ာစ်ဘက်ရန်သူများမှာ သခင်ကြီးလု၏ ဓားကိုသာမက ဖဲကြိုးကိုပါ မ်းကြရတော့သည်။

ီအချိန်တွင် ရွှေဓားသခင်ကြီးလုသည် အခွင့်ကောင်းကို

လက်လွတ်မခံဘဲ အလယ်လူ၏ လည်မျိုသို့ သူ၏ရွှေဓားကြီးကို ထိုး လိုက်၏။

ထိုလူက လျင်မြန်လှ၏။ သူ့ဓားဖြင့် လျှပ်တစ်ပြက် ရိုက်ထုတ်သ

"ထန်း"

အဘိုးအိုလုမှာ ကွက်ခနဲမျက်နှာပျက်သွားသည်။ တစ်ဘက်ရန်သ အတွင်းအား ဤမျှပြင်းထန် နက်ရှိုင်းနေလိမ့်မည်ဟု လုံးဝမထင် ခဲ့ချေ။

အဘိုးအိုသည် ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

"ဘယ်ကလာတဲ့ ထိတ်ထိတ်ကြဲ သိုင်းသမားတွေပါလိမ့်၊ သူ ဓားသိုင်းက ဆန်းလဲဆန်း၊ ပြောင်လဲပြောင်မြောက်နေတယ်၊ ငါတစ် မတွေ့ဖူးတဲ့ တိုက်ကွက်တွေပဲ၊ ဒီနေ့တော့ ငါ့အဖို့ လွတ်အောင်ထွက် သွားဖို့ အရေးကြီးတယ်"

အဘိုးအိုလုသည် အခြေအနေကို ရိပ်မိသည်နှင့် ပြေးပေါက်ရ တစ်ရှိန်ထိုးတိုက်ခိုက်ဝေ့ဝှဲသည်။

သိုင်းကွက်ပေါင်း များစွာ ယှဉ်ပြိုင်ပြီးသောအခါ သူ တဖြည်းဖြ ခံစစ်သို့ ရောက်သွားရသည်။

ရန်သူသုံးယောက်၏ တိုက်ကွက်များက ကြာလေအကွက်စိပ် ဖြစ်လာသဖြင့် ထွက်ပြေးဖို့ မလွယ်ကြောင်း သိလာရသည်။

ထို့ကြောင့် အဘိုးအိုသည် ပထမဆုံးအကြိမ် ထိတ်လန့်သွာ လေတော့၏။

"ဘယ်လိုပဲဖြစ်ဖြစ် ငါလွတ်အောင်ပြေးမယ်"

အဘိုးအိုလုသည် ရှည်လျားသော လေချွန်သံ တစ်ချက်ပေး တိုက်ကွက်ပြောင်းလိုက်သည်။



သူ၏ ထက်မြက်လှသော ရွှေဓားသိုင်းကွက် ခြောက်ကွက်ကို ဆက်မပြတ် အသုံးပြုသော ရုတ်တရက် ခုန်ပျံထွက်လိုက်သည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး ဆယ်ပေခန့် မြင့်တက်သွားပြီး တိုက်ပွဲ ည်းဝိုင်း အပြင်သို့ ရောက်ရှိသွားလေတော့၏။

❖ ❖ ❖

"ဟား ဟား ဟား ဒါ ရွှေဓားသခင်ကြီး လုတဲ့လား၊ ယုန်ကလေး စ်ယောက်လို ပြေးပေါက်ရှာတဲ့ ပုဂ္ဂိုလ်ဟာ ရွှေဓားသခင်ကြီးလုတဲ့လား"

အလယ်လူ ခေါင်းဆောင်ဖြစ်သူက တဟားဟား အော်ရယ်ရင်း ဓား သခင်ကြီးလုအား လှောင်ပြောင်လိုက်သည်။ ထိုစကား တစ်ခွန်း ည်းနှင့်ပင် ရွှေဓားသခင်ကြီးလုသည် လေချွန်သံတစ်ချက်ပေးပြီး မူလ ရာဆီသို့ ပြန်လည်ရောက်ရှိလာသည်။ ရွှေဓား သခင်ကြီးလု၏ ရဲကောင်းစိတ်ဓာတ်သည် ဟုန်းခနဲ ပြန်ကြွလာ၏။

ထိုစကားတစ်ခွန်းကြောင့်ပင် ရွှေဓားသခင်ကြီးသည် လွတ်မြောက် င်မည့် အခွင့်အရေးကို စွန့်လွှတ်အဆုံးရှုံးခံလိုက်တော့သည်။

"ကဲ လာကြစမ်းကွာ၊ မင်းတို့ ငါ့ကိုဒီနေရာကနေ မောင်းထုတ်ရင် ဘင်မှ ငါခြေတစ်ဖဝါး ခွာထွက်မသွားဘူးကွ"

ရွှေဓားသခင်ကြီးလုက ရဲဝံ့စွာ စိန်ခေါ်လိုက်သည်။

ဝိန်းပါးပါးလူက မထီမဲ့မြင်ဟန်ဖြင့် -

"ဒီနေရာက ဘယ်ထွက်သွားလို့ ရတော့မလဲ၊ ခင်ဗျားကို မြှုပ်နှံမယ့် ချိုင်း ဖြစ်နေတာကိုး"

"အေးလေ၊ ကြည့်ကြသေးတာပေါ့၊ ဒီနေရာဟာ ငါ့သင်္ချိုင်းလား၊

မင်းတို့သချိုင်းလားဆိုတာ"

"ဒါနဲ့များနှင်ဗျားက ထွက်ပြေးဖို့ ကြံစည်ရသေးသလားဗျ

"မင်းတို့ ဘယ်ကလဲ၊ နယ်ခြားဒေသက ရောက်လာတဲ့လူ

"ဖေးဖန်ဂိုဏ်းက ခင်ဗျားရဲ့ခေါင်းကို သိပ်ပြီးအလိုရှိနေတ

"ကဲ ဒါဆိုရင်လဲ စတိုက်ကြစို့"

ရွှေဓား သခင်ကြီးလု၏ ဓားက သွေးဆာနေသော မြွေတစ်
အလား လေထဲတွင် ပျံ့ဝဲသွား၏။ တစ်ဖက်လူသုံးယောက်၏
ကလည်း စက်ဝိုင်းခြမ်းများသဖွယ် သူ့ကိုယ်ပေါ်သို့ လွှမ်းခြုံ
လာသည်။ ရွှေဓားသခင်ကြီးလုမှာ တစ်ခေတ်တစ်ခါက သိုင်းလော
စိုးမိုးကျော်ကြားခဲ့သော်လည်း ယခုအချိန်တွင်မူ နောက်သို့တစ်ဆုတ်
ဆုတ်ပေးနေရလေတော့၏။

သိုင်းကွက်ပေါင်း တစ်ရာကျော်လာသောအခါ တစ်ဖက်
သုံးယောက်က ပိုမိုရက်စက် ကြမ်းကြုတ်လာကြ၏။ မသေ
တိုက်တော့မည်မှာ သေချာလာသည်။ ရွှေဓားသခင်ကြီးလုစိုးရိမ်
ဝင်လာသည်။ ထိုစဉ်သတိတစ်ချက်လွတ်သွားပြီး သူ့ခြေလှမ်းတင်
မှားသွား၏။ သူ၏ ဘယ်ဘက်လက်ပြင်အောက်တွင် ရန်သူ၏ဓားတစ်
ထိုးဖြတ်သွား၏။

ရွှေဓားသခင်ကြီးလု၏ လက်ပြင်ဆီမှ သွေးများ ပန်းထွက်လာ

ရွှေဓားသခင်ကြီး ဒဏ်ရာရထားသည်ကို မြင်သောအခါ
သုံးယောက်သည် တအားတက်သွားကြ၏။ ထို့ကြောင့် သူတို့၏ ဓား
များသည် ဆတက်ထမ်းပိုး တိုး၍တိုက်ခိုက်လာကြတော့၏။

ဓားများက ပိုက်ကွန်သဖွယ် ဖြစ်သွားပြီး သခင်ကြီးလု
လွှမ်းအုပ်လာသည်။ သခင်ကြီးလုခမျာ ဆံပင်များပင် ထောင်ထလာ



ကြက်သီးမွေးညင်း ထသွားရသည်။

"တစ်ချိန်တုန်းက သိုင်းလောကမှာ ရွှေဓားသခင်ကြီးလုလို့ လွှမ်းမိုးခဲ့တဲ့ငါဟာ ဒီနေ့တော့ မထင်မှတ်တဲ့ အသက်ဆုံးရှုံး ရတော့မှာပါကလား"

သေခြင်းတရားကို တွေးနေစဉ်မှာပင် ရန်သူတို့၏ ဓားချက်တစ်ချက်သည် သူ့ပခုံးပေါ်သို့ ထပ်မံကျလာပြန်လေ၏။

"ရှပ်"

သခင်ကြီးလုက လျှင်မြန်စွာ ရှောင်တိမ်းလိုက်သော်လည်း ဓားသွားက အသားထဲသို့ သုံးလက်မခန့် နစ်ဝင်သွားသည်။ ထို့ကြောင့် နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်ပေးလိုက်ရသည်။ သူကြောက်သောကြောင့် မဟုတ်ပါ။ ထိုးမည့်ဆင်နောက်တစ်လှမ်းဆုတ်ခြင်း ဖြစ်ပါသည်။ သူ့ရဲ့ကောင်းသည် တိုက်ပွဲဖြင့်သာ သေသည်ဟူသော စကားကို သခင်ကြီးလု လက်ကိုင်ထားပါသည်။

သူသည် နာကျင်ခြင်းကို အောင့်အည်း သည်းခံကာ ရွှေဓား တိုက်ကွက်ကို ထပ်မံထုတ်လိုက်ပြန်သည်။ သည်တစ်ခါထုတ်သုံးလိုက်သော သိုင်းကွက်မှာ သူ့ဘဝတွင် အအောင်မြင်ဆုံး အကျော်ကြားဆုံးဖြစ်သလို ထုတ်သုံးခဲ့သော သိုင်းကွက်ဖြစ်ပါသည်။ အရေးကြုံတော့ သက်လုံကောင်းရမည်ပေါ့။

ဓားရိပ်များ ဖြာသွားသည်။ အဖြူရောင် အလင်းတန်းများကြားတွင် အဝါရောင်က ရက်ကန်းလွန်းဖောက်သလို ဖြတ်သန်းသွား၏။

"အား"

"အီး"

တိုက်ပွဲက တစ်ခဏမျှ ရပ်ဆိုင်းသွားသည်။ မျက်နှာ ပဝါစည်းသူ နှစ်ယောက်သည် ဝုန်းခနဲ ပစ်ကျသွား၏။ ရွှေဓားသခင်ကြီးလု၏ ဓား

တစ်ချက်တည်းက လူနှစ်ယောက်ကို အတုံးအရုံး ဗုန်းဗုန်းလဲကျ
စေခဲ့ပြီ။

ရွှေစားသခင်ကြီးလုက သုံးကိုက်ခန့် အကွာအဝေးသို့ လွှား
ခုန်ဆုတ်လိုက်သည်။

သူ့တွင် ဒဏ်ရာဒဏ်ချက်တို့ဖြင့် သွေးခြင်းခြင်းနီရဲနေသော်လည်း
သူသည် လေမုန်တိုင်းကြား၌ ကြံ့ခိုင်မားမတ်တည်ရှိနေသော သစ်ပင်အိုကြီး
ကဲ့သို့ မားမားမတ်မတ်ရပ်လျက်ရှိသည်။

သို့သော် ရွှေစားကြီးကိုတော့ မြေတွင် ထောက်ထားရသည်။

ရွှေစားကြီးဖြင့် ထောက်မထားလျှင် သူလည်း မုချလဲပြိုရ
တော့သည်။

ထိုသူသည် ရွှေစားသခင်ကြီး၏ အခြေအနေကို ရိပ်မိဟန်ဖြင့်
တစ်လှမ်းချင်း ရှေ့တိုးလာလေတော့၏။

"ဟော့ကောင်တွေ မင်းတို့က သုံးယောက်ပေါင်းပြီး ငါ့ကိုမြေမှုန့်ပ
မလို့ဆိုကွ၊ ငါအခု မင်းတို့ရှေ့မှာ မားမားမတ်မတ်ရပ်နေနိုင်သေးတယ်
လာခဲ့စမ်းပါ"

ခေါင်းဆောင်ဖြစ်ဟန်တူသူက ဓားကို ချိန်ရွယ်ပြီး အေးစက်စက်ပြေ
လာလေ၏။

"သိပ်အပြောမကြီးနဲ့ အဘိုးကြီး၊ ကျုပ်ရဲ့ ဓားတစ်ကွက်ကိုလဲ သေချာ
ကြည့်ပါဦး"

စကားဆုံးသည်နှင့် ထိုသူသည် သူ့ဓားကို ပင့်မြှောက်လိုက်သည်။

ထိုအချိန်တွင် ရွှေစားသခင်ကြီးလုမှာ ဓားကို မြှောက်နိုင်ရန်ပင်
ခွန်အားမရှိရှာတော့ပေ။

ထိုသူ၏ ပြုသမျှကို နရပေတော့မည်။ သို့သော် ကံတရားက



ောက်တွင် အလေးသာနေဆဲရှိသေး၏။

"ဖေဖေ အကျိုပြာနဲ့လူဒီမှာ"

စကားသံနှင့်အတူ သစ်တောအုပ်၏ အခြားတစ်ဘက်မှ လူ
ယောက် ထွက်ပေါ်လာလေ၏။

ချန်ပိန်းနှင့် ကျော်ပိုင်ချူးတို့ သားအဖနှစ်ယောက်ပေတည်း။

❖ ❖ ❖

မျက်နှာတွင် ပဝါစည်းထားသော ပိန်ပိန်းပါးပါးလူသည် လူစိမ်းများ
ရောက်မနှောင့်ယှက်နိုင်မီ သူ့ကိစ္စကိုအပြတ်လုပ်တော့မည်ဟူသော
သောဖြင့် ရွှေစားသခင်ကြီးထံခုန်အုပ်လိုက်လေတော့၏။

သို့သော် သရဲအရိပ်ဟု ကျော်ကြားနေသော ကျော်ပိုင်ချူး၏ လျှင်မြန်
က်လက်ခြင်းကလည်း ရှာမှရှား ဖြစ်တော့သည်။

သူသည် လေထဲတွင် စွန်ရဲတစ်ကောင်အလား ဝဲပျံကာ ရန်သူနှင့်
ွှေစားသခင်ကြီးလုတို့ အကြားသို့ လျှပ်တစ်ပြက် ဝင်ရောက်လာလေ၏။

ထို့ပြင် ရန်သူ၏ဓားကို ဆက်ခနဲ ဖမ်းယူလိုက်သည်။ မျက်နှာပဝါ
ည်းထားသူမှာ တစ်ကိုယ်လုံး တုန်ခါသွားပြီး ဓားသည်လည်း တုန်ခါ
တော့သည်။

နောက်ဆုံး၌ ရန်သူသည်ဓားကို ဆုပ်ကိုင်ထားနိုင်စွမ်း မရှိတော့ဘဲ
တ်ပေးလိုက်ရတော့သည်။ သူလည်း လဲကျသွားသည်။

ရန်သူက အထိတ်တလန့် မေးလေ၏။

"ခင်ဗျား ခင်ဗျား ဘယ်သူလဲ"

ထိုအသံကို ကြားသည်နှင့် ထိုသူသည် မည်သူဖြစ်သည်ကို ချန်ပိန်း

သိလိုက်မိသည်။

"ယန်ချွင် လက်စသတ်တော့ ခင်ဗျားကို"

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ဝတ်စုံပြာဝတ်ဆင်ထား… ယန်ချွင်ဘေးသို့ ခုန်ပျံရောက်ရှိလာပြီး တွဲထူပေးလေသည်။

"ညီလေး ဒီက မြန်မြန်ထွက်ပေ့"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ယန်ချွင်က နားမလည်နိုင်သလိုကြည့်ပြီး မေး၏။ ဝတ်စုံပြာ… စိုးရိမ်ပူပန်သော လေသံဖြင့် အရေးတကြီးပြော၏။

"မြန်မြန်ထွက်မှာသာထွက်စမ်းပါ။ မင်းရှေ့မှာရောက်နေတာ… အရိပ်ကွ သိရဲ့လား"

ယန်ချွင် အံ့အားသင့်သွားသည်။ သူစကားမပြောနိုင်မီ… ဝတ်စုံပြာနှင့် လူက ယန်ချွင်လက်ကို ဆွဲပြေးတော့၏။ ကျော်ပိုင်… နောက်မှ ပြေးလိုက်တော့မည့် ချန်ပိန်းကို ဖမ်းဆွဲထားလိုက်သ…

"သား မလိုက်နဲ့"

ရွှေဓား သခင်ကြီးလုမှာ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်း… ဖြစ်နေလေတော့၏။

ကျော်ပိုင်ချူးက ဂါရဝပြုပြီး နှုတ်ဆက်လိုက်၏။

"နောင်ကြီးလုပဲ ဖြစ်မယ်လို့ ထင်ပါတယ်"

ရွှေဓားသခင်ကြီးလုမှာ အံ့ဩခြင်း၊ ဒေါသရာရထားခြင်းတို့… ယိမ်းထိုးလာသည်။ ကျော်ပိုင်ချူးက ရတ်တရက်ဝင်ကပ်ပြီး ထိ… လိုက်ရ၏။

"ကျုပ်နာမည် ကျော်ပိုင်ချူးပါ။ သား ချန်ပိန်း ဒေါ်ကြေ… မြန်မြန်ယူခဲ့ပါကွယ်"



"ချလွှမ်း"

သခင်ကြီးလု၏ရွှေဓားသည် မြေကြီးပေါ်သို့ ကျသွားလေသည်။

ရွှေဓားသခင်ကြီးသည် ကျော်ပိုင်ချူးထိန်းထား၍သာ မြေကြီးပေါ်သို့ …န်းခနဲ ပစ်ကျမသွားရခြင်း ဖြစ်တော့သည်။

❖ ❖ ❖

အခန်း (၉...

## ကျင်လင်းအာမခံ သယ်ယူပို့ဆောင်...

ကျင်လင်းမြို့၏ အနောက်ဘက် အာမခံစခန်းမှာ မီးရောင်... တောက်ပထိန်လင်းနေ၏။

စခန်း၏နောက်တက်တွင် ခြံဝင်းကျယ်ကြီးတစ်ခုတည်းရှိနေပြီး ခံ့ည... ထည်ဝါလှသော အဆောက်အအုံများနှင့် ပြည့်နေ၏။

ဤခြံဝင်းကျယ်ကြီးထဲ၌ ကြာပန်းများပွင့်နေသည့်နေကန် တစ်က... ရှိ၏။ လွန်စွာ သာယာလှပ၏။

"ပလုံ"

ထိုရေကန်ကလေးထဲ ကျောက်စရစ်ခဲတစ်လုံး ကျသွားသည်... လှိုင်းဂယက်လေးများ ဖြာထွက်သွား၏။

နုပျိုသော လူငယ်တစ်ယောက်သည် စိတ်ပါလက်ပါမဟုတ်ဘဲ... ရေထဲသို့ ကျောက်စရစ်ခဲကလေးကို ပစ်လိုက်ခြင်းဖြစ်သည်။

ရေလှိုင်းဂယက်လေးများကိုလည်း ထိုလူငယ် စိတ်မဝင်စားပေ...

သူသည် စိတ်ဓာတ်ကျနေဟန်ရှိ၏။ အလွန်တရာတက်ကြွဖွယ်... ကောင်းသော အရွယ်၌ အဘယ်ကြောင့် စိတ်ဓာတ်ကျနေရသနည်း...



လူငယ်သည် အတွင်းအိတ်ထဲမှ ကျောက်ဖြူခံထိုးကလေးကို ...ယူပြီး ကြည့်လိုက်၏။ ကျောက်ဖြူခံထိုးကလေးမှာလွန်စွာ နုရွလှ၏။

"ဖိန်လေးပြောတဲ့အတိုင်းဆိုရင် သူမွေးနေ့က ငါးရက်ပဲလိုတော့သည်၊ ...ဒီကျောက်ဖြူခံထိုးလေး သူ့ကိုမွေးနေ့လက်ဆောင် ပေးလိုက်မယ်၊ ...သူ့အပေါ်မှာ မေတ္တာ စေတနာထားပြီး အကောင်းဆုံး ပန်းထိပ်ဆရာဆီ ...ဒီခံထိုးလေး လုပ်ထားတာကို သူသိရှာမှာမဟုတ်ဘူး၊ ဒီပစ္စည်းလေးကို ...သက်ခံမယ်ဆိုရင်တော့ ငါ ဝမ်းသာလှပါပြီ"

လူငယ်သည် စိတ်ထဲမှ တီးတိုးရေရွတ်ကာ ရေကန်မှထ၍ ...ကန်သော ခြေလှမ်းများဖြင့် ထွက်သွားလေ၏။

သူ့ ခြေလှမ်းများက လွန်စွာနေးကွေး လေးလံလှသည်။ မျက်နှာ ...လည်း အိုစာနေသည်။

"အဟမ်း သား ဒီမှာ ဘာလုပ်နေတာလဲ"

သူ့ နောက်ကျောဘက်ဆီမှ ချောင်းဟန့်သံနှင့်အတူ ကြင်နာ ...မွေ့သော စကားသံတစ်သံကို ရုတ်တရက်ထွက်ပေါ်လာသည်။

လူငယ် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။ ...ကျောက်ဖြူခံထိုးကလေးကို မသိမသာ ပြန်လည်သိမ်းဆည်းလိုက်သည်။

"ဒီည လသာလွန်းလို့ စိတ်ကြည်နူးပြီး လမ်းလျှောက်လေညင်းခံနေ ...ပါ ဖေဖေ၊ ဒါနဲ့ ဦးလေးချိန်တို့ပြန်ရောက်လာကြပြီလား"

သူ့ နောက်တွင် ရပ်နေသူကား ဟိတ်ဟန် မှင်မောင်းကောင်းလှ ... အသက်လေးဆယ်ကျော်ခန့် လူရွယ်တစ်ဦးဖြစ်သည်။ သူကား ...ကျင်လင်းအာမခံပို့ဆောင်ရေးမှူး ဆွန်ပင်းပင်ဖြစ်တော့သည်။

"အင်း သားကတော့ တကယ့်ကို စိတ်ကူးယဉ်သမားပဲကိုး။ နက်ဖြန် ...ရင် မင်းဦးလေးချိန်ရဲ့သား တစ်လမြောက်မွေးနေ့လေ၊ သူတို့အားလုံး

မြစ်ထဲမှာ ပျော်ပွဲစားသွားကြမလို့ကွယ့်"

လူငယ်ကား ဆွန်ပင်း၏သားငယ် ဆွန်ယွန်လုံဖြစ်၏။ ဆွန်ပင်း၏ စကားကိုကြားလျှင် ဆွန်ယွန်လုံ အံ့အားသင့်သွားဟန်ဖြင့်

"အို အချိန်တွေကလဲ ကုန်လွယ်လိုက်တာ၊ ဟိုတစ်လောက ဒေါ်လေးချိန်မွေးတယ်၊ ကလေးက အခုတစ်လတောင်ပြည့်လာပြီနော်"

ဆွန်ပင်း တဟားဟား ရယ်မောလိုက်သည်။

"မင်းဦးလေးချိန်ဟာ သိပ်သစ္စာရှိတယ်ကွ၊ သူ့အကူအညီကြောင့် ဖေဖေ့ အာမခံစခန်း ဒီအခြေအနေမျိုးရောက်လာတာ၊ သူ့ကျေး ဖေဖေ့တို့အပေါ် အများကြီးရှိတယ်၊ ဖေဖေကို့ချမ်းသာသမျှတွေဟာ သူ့ကျေးဇူးနဲ့ မကင်းဘူး"

ဆွန်ယွန်လုံက သူ့ဖခင်ကိုမော့ကြည့်လိုက်သည်။ ဆွန်ပင်း၏ ဦးခေါင်း ထက်၌ ဆံပင်အချို့ဖြူနေကြောင်း တွေ့ရသည်။

အာမခံဌာနမှူးဖြစ်သဖြင့် စိတ်သောကများပြီး သာမန်ထက်ပို၍ ရင့်ရော်နေပေသည်။

"ဖေဖေ ဖေဖေ့ကိုကြည့်ရတာ တော်တော်လေးပင်ပန်းနေပါပြီ ဖေဖေ့ အသက် ငါးဆယ်ပြည့်ရင် ကျွန်တော်တို့တစ်နေရာရာကို ပြောင်းရွှေ့နေ ကြရအောင်၊ ဒီက တာဝန်တွေကို ဦးလေးချိန်ကိုပဲ လွှဲပြောင်းပေးလိုက် တာပေါ့၊ နော်ဖေဖေ"

ဆွန်ယွန်လုံက သူ့အဖေကို ချစ်ခင်မြတ်နိုးသောအကြည့်ဖြင့် ကြည့်၍ ပြောလေ၏။

ဆွန်ပင်းသည် သား၏မေတ္တာကို ရိပ်မိသိရှိသဖြင့် ပခုံးကို ကြင်နာစွာ ပုတ်လိုက်၏။

"သား ဖေဖေက နေ့စဉ်နဲ့အမျှ ဓားလှံ လက်နက်တွေကြားထဲမှာ



နေရတာကိုး၊ ဒီတော့ တခြားလူထက်တော့ နည်းနည်းလောက် တလွယ်တာပေါ့ကွယ်၊ ဒါတွေ စိတ်မကောင်း ဖြစ်မနေစမ်းပါနဲ့၊ ဖေဖေတစ်ခါက ပြောဖူးတဲ့ ရွှေဓားသခင်ကြီး လုကို မှတ်မိတယ် လား"

ဆွန်ယွန်လုံ ခေါင်းညိတ်ပြ၏။ ဆွန်ပင်း ဆက်ပြောသည်။

"သခင်ကြီးလုဟာ ထိတ်ထိတ်ကြဲ အကျော်အမော် တစ်ယောက်ပဲ၊ ယ်ကာလည်း ကျိုကျိုတက် ချမ်းသာကြတယ်၊ ဒါပေမယ့် သူက ကြောင့် အာမခံလုပ်ငန်းကို လိုက်ဆောင်ရွက်ပေးနေရသလဲ၊ တရားတွေ သစ္စာတရားတွေ တောက်ထားရမယ့် အကြောင်း တွေရှိနေလို့ပေါ့ သားရယ်၊ သားက ငယ်ပါသေးတယ်၊ ဒီအကြောင်း နားလည်နိုင်ဦးမှာ မဟုတ်ပါဘူး"

"အခုတစ်လော ကျန်းနန်ဘက်မှာ မငြိမ်သက်ဘူးဆို ဖေဖေ၊ ဟူ ရေကန်ဒေသက ဒေါ်ကြီးလုလို အရှိန်အဝါရှိတဲ့ သူတွေတောင် အဆီးခံရတယ်ဆိုတော့ ကျွန်တော်တို့လည်း သတိထားရလိမ့်မယ်နဲ့ ယ်"

ဆွန်ပင်း ခေါင်းခါယမ်းပြလိုက်သည်။

"ကျန်းနန်း သိုင်းလောက.က ကြာလေ ရှုပ်လေပါပဲ၊ လူတိုင်းလိုလို တရား မရှိတော့ ဘယ်လိုလုပ်ပြီး ကောင်းတော့မှာလဲ၊ ကျန်းနန် လောက တစ်ခုလုံးကို ကြည့်လိုက်ရင် ခေါင်းဆောင်ကောင်း ယောက်တောင်မှ ရှာလို့မရနိုင်တော့ဘူး။ ရန်သူက လာတိုက်ခိုက်ရင် ယ်လေး အသိမ်းခံရတော့မှာပဲ"

"ဒါကြောင့် သား ဖေဖေ့ကိုပြောတာပေါ့၊ သိုင်းလောကထဲက ခွာနောက်ဆုတ်လိုက်ပါလို့"

"ဘယ်ဖြစ်ပါ့မလဲ သားရယ်၊ ဖေဖေ့ဘဝ သက်တမ်းတစ်လျှော က်တစ်ခါး ဖျားလုံ့ဖျားပေါ်မှာ အသက်နဲ့ရင်းပြီး ကျင်လည်လာခဲ့ရတာ၊ ဒီ အသေးအဖွဲ ကိစ္စလေးကို ကြောက်လန့်နေရမှာလား။ ဖေဖေ့ စိတ် ထိုက်တန်ဒေသ မုယွင်ကျေးရွာ ပြဿနာကို လိုက်စုံစမ်းပေးမယ်၊ ဒေါ် တို့ သားအမိအတွက် ကလဲ့စားချေပေးမယ်လို့ စဉ်းစားနေတာကွ"

ဆွန်ယွန်လုံက ဖခင်ကို အလိုမကျသလို စိုက်ကြည့်နေ၏။ ဆွ က သူ့စကားကို စိတ်ပါလက်ပါ ဆက်ပြောသည်။

"ဖေဖေ့အပေါ်မှာ ကျေးဇူးတရားရှိခဲ့ဖူးတဲ့လူတိုင်းကို ကျေးဇူးတ ရမှာပဲသား။ ကျန်လုကိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်းရဲ့ကျေးဇူးတရားတွေ ဖေဖေ့ပေါ်မှာအများကြီးရှိတယ်၊ ဂိုဏ်းချုပ်ကြီး ပိုက်ထက်ကျွင်း ဒီကျေးဇူးစကားကို တစ်ခွန်းမှ ထုတ်ဖော်မပြောဘူး၊ ဒါ တား ဂိုဏ်းချုပ်ကြီး ပိုက်ထက်ကျွင်းလို လူမျိုးက ဖေဖေ ကျေးဇူးဆပ်တာ မလိုအပ်ပေမယ့် ဒေါ်ကြီးလုလို လူမျိုးကတော့ ဖေဖေ့ကျေးဇူးကို လို မှာပဲ သားရဲ့"

ဆွန်ယွန်လုံ၏ မျက်နှာအမူအရာ ပြောင်းလဲသွားပြီ သူသိချင်တာ ကွက်၍ မေးလိုက်သည်။

"ဒါနဲ့ ဖေဖေ၊ ကျန်လုကိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်းက အသက် ပြီး တော်တော်လေး ခန့်ညားချောမောတဲ့လူငယ်တစ်ယောက်ဆို၊ ဟုတ် ဖေဖေ"

"ဂိုဏ်းချုပ်ကြီးပိုင်ထက်ကျွင်းက မင်းထက် လေးငါးနှစ်လော ကြီးလိမ့်မယ်၊ သိုင်းပညာနဲ့ စိတ်ဓာတ်မြင့်မြတ်တဲ့ နေရာမှာ ဘယ်လော ကြီးမြင့်သလဲဆိုတာတော့ လွယ်လွယ်ပြောလို့ မဖြစ်နိုင်ဘူး။ အဲ ဒီအသ အရွယ်နဲ့ ကျန်လုကိုဏ်းချုပ်ကြီး ဖြစ်နေတာကို ကြည့်ရင်တော့ သူ့စွမ်းရည်



စိတ်ဓာတ်ကို သားမှန်းဆနိုင်မလား မသိဘူး"

ဆွန်ယွန်လုံစိတ်ထဲ မခံချိန်မခံသာ ဖြစ်သွားသည်။ သိုင်းသမား ကြမ်းတစ်ယောက်ကို ဖခင်ဖြစ်သူက သူ့ရှေ့တွင် အထွတ်အမြတ်ထား ချီးစကားဆိုနေသဖြင့် စိတ်ထဲတွင် မခံမရပ်နိုင်ဖြစ်သွားသည်။

သို့သော် ဖခင်ဖြစ်သူ ကိုယ်တိုင်ကပင် သိုင်းသမား လူကြမ်းကြီး ယောက် ဖြစ်နေသဖြင့် ထိုမကျေနပ်ချက်ကို ဖွင့်ပြော၍ မဖြစ်နိုင် သေး။

❖ ❖ ❖

"မေမေ့ရောဂါကလည်း သိပ်မသက်သာဘူး ဖေဖေ၊ သမား တော်ကြီးက ပြောတော့ မေမေ့ ကိုယ်ခံအင်အား တော်တော်လေး ကျဆင်းနေတယ်တဲ့၊ သိပ်ပြီး အာနိသင် ပြင်းထန်ကောင်းမွန်တဲ့ အားဆေး တွေသောက်မှ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်မယ်လို့ ပြောတယ် ဖေဖေ"

"ဟုတ်တယ် သား၊ သမားတော်ကြီးပေးတဲ့ ဆေးအညွှန်းထဲမှာ ဆေးတစ်မည်က တော်တော်လေး ရှာရဖွေရ ခက်နေတယ်၊ ဖေဖေ ဆိုင်း စုံစမ်း လိုက်ရှာနေတာ ခုထက်ထိ သတင်းအစအန မရသေးဘူး"

"နေဦး ဖေဖေ၊ မေမေ့ခုတင်ခေါင်းရင်းကစင်ပေါ်မှာ လူရုပ်ပုံ "ရင်စုံ" ဆေးတစ်မည်ရှိနေပ၊ ၊ပ၊ အဲဒါလဲရှားပါးပြီး အာနိသင် ပြင်းထန်တဲ့ဆေးပဲ ဟုတ်လား"

ဆွန်ပင်းလေသံက လေးနက်လာသည်။

"အဲဒီ ရင်စုံဆေးက ရှားပါးပြီး အာနိသင် ပြင်းထန်တဲ့ အဖိုးတန်

ဆေးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီဆေးကို ဖေဖေတို့သုံးလို့မ
မင်းမေမေ ရောဂါအရှိန်ပြင်းပြီးသေသွားတောင်မှ ဖေဖေ ဒီဆေးကိုသုံး
မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ၊ အဲဒီဆေးကို သူများက အပ်နှံထားလို့လား"

"ဒီလိုသားရဲ့ ဒီဆေးဟာ မင်း အဘိုးရဲ့ အမွေပစ္စည်းတစ်ခု
မင်းရဲ့ဘိုးဘိုးက တစ်ခါက ရန်သူတွေနဲ့ တိုက်ခိုက်ပြီး အကြီးအကျ
ဒဏ်ရာရခဲ့တယ်၊ ဒီဆေးသောက်ရင် သူ့ဒဏ်ရာ ပျောက်မယ်မှန်းသိရက်
အသက်အသေခံပြီး ဆေးကိုမသောက်ခဲ့ဘူး။ မင်းရဲ့ ဒေါ်ဒေါ်သေခါနီး
ဒီဆေး ငါ့ကိုပေးထားခဲ့တယ်၊ ပိုင်ရှင် ဘယ်သူမှန်း မသိလို့ ပြန်မပေး
ရသေးတာတဲ့၊ ကဲ ဖေဖေတို့ ဘယ်လိုသုံးလို့ ဖြစ်တော့မှာလဲကွယ်"

"ပိုင်ရှင်ကို ရှာမတွေ့မှတော့ ဒီဆေးသိမ်းထားလို့လဲ အပို
ဖေဖေရယ်၊ ဆေးဆိုတာ သုံးမှ အကျိုးရှိတာ မဟုတ်လား"

"ပိုင်ရှင်ကို ရှာမတွေ့သေးဘူးဆိုပေမယ့် အဲဒီလူဟာ မင်းဘိုးဘိုး
အကြီးမားဆုံး ကျေးဇူးရှင်တစ်ယောက်ဖြစ်နေတာတော့ အသေအချာ
သူသေခါနီးမှာ ဒီဆေးမြစ်ကို ပိုင်ရှင်ဆီ ပို့ပေးပါလို့ အတန်တန်မှာခဲ့တယ်
အဲဒါ သူ့ရဲ့ပြင်းထန်တဲ့ ဆန္ဒပဲ၊ တို့လို နောင်လာနောက်သားတွေဟာ
လူကြီးသူမတွေရဲ့ မိန့်မှာချက်ကို မပယ်ဖျက်ကောင်းဘူး။ တစ်သဝေမတိမ်း
ဆောင်ရွက်ပေးရမှာ တို့ရဲ့တာဝန်ပဲ၊ ဒါဟာ တို့မျိုးရိုးရဲ့ ဂုဏ်ပဲပေါ့ သားရယ်"

"ဟုတ်ပါတယ်လေ၊ ဖေဖေ့စကား မှန်ပါတယ်၊ ဒီလိုဆိုရင် ကျွန်တော်
ဘိုးဘိုးရဲ့ကျေးဇူးရှင်ကို မတွေ့တွေ့အောင် ရှာရမှာပေါ့၊ အဲဒီဇာတ်ကြောင်း
ကကော ဘယ်လိုလဲ ဖေဖေရယ်"

ဆွန်ပင်း ဝမ်းသာသွားသည်။ သူ့သား၏ ဉာဏ်ရည်ထက်မြတ်မှု
ဆင်ခြင်တွေးဆနိုင်မှုတို့ကို ဂုဏ်ယူမိသည်။ သားဖြစ်သူကို ချစ်သည်ထက်



ခဲ့ရပေသည်။

"ဒီလို သားရဲ့ မင်းရဲ့ဘိုးဘိုးဟာ တစ်ချိန်တုန်းက အာမခံ သယ်ယူ
ရေးဌာနတစ်ခုရဲ့ သိုင်းသမားပဲ၊ သူ့ပေါ့ဆမှုကြောင့် ရင်စုံးဆေးမြစ်
ပျောက်ဆုံးခဲ့တယ်၊ ဘုရင့်အကျဉ်းဆောင်ထဲ ရောက်မလို
တုန်းမှာ ကျေးဇူးရှင်ကြီးတစ်ယောက် ပေါ်ပေါက်လာခဲ့တယ်"

ဆွန်ပင်းက စကားကိုရပ်ပြီး အဝေးသို့ငေးလျက် ကြည့်လိုက်သည်။
ကြည့်က ဆွေးမြည့်လာသည်။

"အဲဒီ ကျေးဇူးရှင်ကြီးက မင်းဘိုးဘိုးအတွက် ငွေသားသယ်တင်း
ပေးလိုက်လို့ အမှုက ကွင်းလုံးကျွတ်လွတ်ခဲ့ရတယ်၊ နောက်ပိုင်း
ဘိုးဘိုးဟာ အမှတ်မထင်ဘဲ ဒီဆေးမြစ်ကို ပြန်ပြီး ရရှိခဲ့တယ်၊
ထဲမှာ ကျေးဇူးရှင်ကို ဒီဆေးမြစ်နဲ့ ပြန်ကျေးဇူးဆပ်ဖို့ သိမ်းဆည်း
ခဲ့တယ်၊ ဒါပေမယ့် အဲဒီလူစွမ်းကောင်း ကယ်တင်ရှင်ကြီးဟာ တစ်ခါ
စုပ်စမြုပ်စပျောက်သွားလိုက်တာ ရှာလို့မတွေ့ရတော့ဘူး။ တချို့က
အရှေ့ပင်လယ်မှာ ဇာတ်မြှုပ်နေတယ်လို့ အမျိုးမျိုး ပြောကြဆိုကြ
ဖေဖေလည်း လုပ်ငန်းတွေမအားလပ်တာကြောင့် သွားမရှာနိုင်ခဲ့ဘူး။
ဘိုးဘိုးရဲ့ဆန္ဒတွေ မဖြည့်ဆည်းနိုင်သေးဘူးပေါ့ကွယ်"

"အဲဒီ ဘိုးဘိုးရဲ့ ကျေးဇူးရှင်ဆိုတာ ခုထက်ထိရှိနေဦးမယ်ဆိုရင်
ထက်ထက်တော် ကြီးရောပေါ့နော်"

ဆွန်ပင်း ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီ လူစွမ်းကောင်းကို တချို့က ချီမျိုးနွယ်ထဲကလို့ ပြောတယ်၊
ကလည်း တုံမျိုးနွယ်ထဲကလို့ ပြောကြတယ်၊ တချို့ကလည်း နှစ်ပေါင်း
ဆယ် ရှစ်ဆယ်ကျော်လောက်တုန်းက သိုင်းလောကမှာ ထင်ရှားတဲ့
သခင် တုံစူချုံရဲ့သားလို့လည်း ပြောကြတယ်"

"ဒါဖြင့် ရှာရဖွေရ တော်တော်ခက်ဦးမှာပဲနော် ဖေဖေ"

"ဒါပေါ့ကွယ်၊ တော်တော်ကို အချိန်ယူရမယ့် ကိစ္စပါပဲကွယ်"

သားအဖနှစ်ယောက်သည် ညဥ့်သန်းခေါင်ယံ ကျော်လွန်သည်
အာလာပ သလ္လာပ စကားများ ပြောဆိုကြပြီးမှ အိပ်စက်နိုင်ခဲ့ကြသော

❖ ❖ ❖

ဆွန်ယွန်လုံမှာ သူ့စိတ်ကူး အကြံအစည်ကို ဖော်ဆောင်နိုင်
အတွက် နောက်တစ်နေ့ မနက်တွင် အိမ်ဖော်မလေးရှောင်ဖိန်
တိတ်တိတ်တိုးတိုး တိုင်ပင်ကြည့်သည်။

ရှောင်ဖိန်က ငြင်းသည်။

"ဒါတော့ ကျွန်မ အာမမခံရဲဘူး။ လုံမလေးဂန္ဓမာ စိတ်ဆိုးသွား
ကျွန်မမိုနိုရာ ပျောက်သွားပါလိမ့်မယ်၊ ကျွန်မသဘော အရ
သခင်လေး ကိုယ်တိုင် သွားပေးတာ ကောင်းလိမ့်မယ်လို့ ထင်ပါတ

"ငါ နင့်ဆီက တစ်ခါမှ အကူအညီ မတောင်းဖူးပါဘူး ရှော
ရယ်၊ ဒီတစ်ခါတော့ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ကူညီစမ်းပါ

"တကယ်လို့ လုံမလေးဂန္ဓမာကငြင်းမယ်ဆိုရင် သခင်လေး ဘယ်
လုပ်မလဲ"

"သူက ငါ့ကို ငြင်းပါ့မလားဟင်"

"ငြင်းမယ်လို့မထင်ရင် ကျွန်မ ဘယ်ခေါင်းရှောင်ပါ့မလဲ သခင်
ရယ်"

ဆွန်ယွန်လုံမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

"ဒါကြောင့် ပြောတာပေါ့ သခင်လေး။ စဉ်းစားပြီးမှ လုပ်ပါ



"မထူးပါဘူးဟယ်၊ သူလက်မခံဘူးဆိုရင် ငါချိုရှာတောင်တက်ပြီး
ကြီးသွားဝတ်နေတော့မယ်၊ ငါ့လက်ဆောင်ကိုသာ ပေး ပေးပါနော်"

ဆွန်ယွန်လုံက ဝမ်းနည်းစွာပြော၏။

ရှောင်ဖိန်မှာမူ သခင်လေးနှင့် ငယ်စဉ်ကတည်းကအတူနေလာခဲ့
ဖြစ်သဖြင့် ညီ့သည်အဖြစ် ရောက်ရှိလာသော ပုံမလေး ဂန္ဓမာကို
ခင်လေး ချစ်ခင်စွဲလမ်းနေကြောင်း ကောင်းစွာသိသည်။

သတင်းစကားအရ ဂန္ဓမာကို ချင်မြစ်တွင်းမှ သီချင်းသည်လေး
ဖြစ် သူမ သိရှိထား၏။ အကယ်၍ သူမက သခင်လေးအပေါ် မေတ္တာ
ပြန် သော်မှ သခင်လေး၏မိဘများက သဘောတူမည် မဟုတ်ပေ။

သဘောမတူခြင်းမှာ ဂုဏ်ရည်မတူ၍ မဟုတ်ပေ၊ ဂန္ဓမာကို လာပို့
သူမှာ ဆွန်မိသားစု၏ ကျေးဇူးရှင် ပိုင်ထက်ကျွင်းဖြစ်နေသောကြောင့်
တည်း။

ဆွန်ပင်းသည် ဂန္ဓမာကို မဲ့တစ်ပေါက် စွန်းမခံနိုင်ကြောင်း အိမ်ဖော်
လေး ရှောင်ဖိန် သိထားပေသည်။

ဆွန်ယွန်လုံက ရှောင်ဖိန် ငေးငိုင်သွားသည်ကို တွေ့၍ သူ့အစီ
စဉ်ကို အသေအချာရှင်းပြသည်။

"ငါ ချိုရှာတောင်ပေါ်တက်ပြီး ဘုန်းတော်ကြီးနဲ့ စကားစမြည်
ပြောဆို ဆွေးနွေးနေမယ်၊ တကယ်လို့ သူက ငါ့ရဲ့ကျောက်ဖြူ ဆံထိုးကို
က်ခံရင် အာမခံဌာနက လူတစ်ယောက်ကိုလွှတ်ပြီး ငါ့ဆီ အကြောင်း
ကြားနိုင်းလိုက်၊ ငါ ချက်ချင်းပြန်လိုက်လာပြီး သူ့မွေးနေ့မင်္ဂလာပွဲကို
ပျော်ပျော် ရွှင်ရွှင် ဆုတောင်းပတ္တနာပြုမယ်၊ သူက လက်မခံဘူးဆိုရင်တော့
ကို လာရှာမနေနဲ့တော့၊ ဖေဖေ့ကို ငါမြို့ပေါ်သွားပြီး စာပေပညာ
လာ နေတယ်လို့သာ ကြည့်ပြောလိုက်တော့"

ရှောင်ဖိန် သက်ပြင်းချလိုက်သည်။ သူမ၏ သခင်လေးကို မြ... နားချ၍ရတော့မည် မဟုတ်မှန်း သိသဖြင့် ကျောက်ဖြူဆံထိုးက... လက်ကမ်းယူလိုက်ရသည်။

ဆွန်ယွန်လုံက တုန်တုန်ယင်ယင်ဖြင့် ထပ်မံမှာကြားသည်။

"ရှောင်ဖိန် ဒီကိစ္စ ငါ နှင့်တစ်ယောက်တည်းကိုသာ အသိ... တာနော်၊ ဖေဖေနဲ့ မေမေတို့ လုံးဝ မသိစေနဲ့ကြားလား"

ရှောင်ဖိန်မှာ ဤဂေဟာ၌ အနေကြာခဲ့ပြီဖြစ်၍ ဆွန်မိသား... သွေးသားရင်းချာများပမာ ဖြစ်နေကြ၏။ သခင်နှင့်အိမ်ဖော်ဟူ... အဆင့် အတန်း ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ သံယောဇဉ်ဖြစ်နေကြ...

ရှောင်ဖိန်သည် သခင်လေး၏ ချစ်ဒုက္ခ ဝေဒနာကို စာနာသိရှိ... အားပေးစကားပြောကြားလိုက်ရသည်။

"စိတ်ချပါ သခင်လေး ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး။ ... တော့ ရှိပါတယ်၊ သခင်လေးရယ်၊ သခင်လေးရဲ့ ရှေ့ရေးက မျှော်လင့်... တွေ၊ အောင်မြင်မှုတွေ ရှေးရှုနေပါတယ်၊ စိတ်အလိုလိုက်ပြီး ကိုယ့်တ... ကိုယ်မဖျက်ဆီးလိုက်ပါနဲ့နော်၊ သခင်မကြီး စိတ်ထိခိုက်လောက်အော... ဘဝကို အရှုံးမပေးလိုက်ပါနဲ့"

ဆွန်ယွန်လုံသည် ရှောင်ဖိန်အား မည်သည့်စကားမျှ ပြန်မပြော... အိမ်ထဲ ဝင်သွားတော့၏။ သူ၏ မိခင်ရှိရာအခန်းသို့ တစ်ဆက်တည်း... လျှောက်ဝင်သွားသည်။

သူ၏ မိခင်သည် ခုတင်ပေါ်၌လဲလျောင်းနေသည်။ မိခင်၏ မျက်... သည် နွမ်းနယ်ညှိုးရော်နေသည်။

မိခင်နိုးနေလျှင် စကားပြောရန် ကြံစည်ထားသော်လည်း ... အိပ်ပျော်နေသဖြင့် ဆွန်ယွန်လုံ မနိုးရက်တော့ပေ။



ထို့နောက် အခန်းထဲမှ ခြေဖော့၍ ထွက်လာတော့သည်။

သူ့အခန်းထဲဝင်၍ အဝတ်အစားလဲပြီးနောက် မြင်းဇောင်းထဲသို့ ထွက်လာခဲ့သည်။ သူစီးနေကျ မြင်းကိုဇောင်းထဲမှ ထုတ်ပြီး အာမခံ ခန်းဝင်းထဲမှ ထွက်လာခဲ့တော့သည်။

ကွမ်းတစ်ယာ ညက်ခန့်သွားမိလျှင် မြို့ပြင်သို့ရောက်ရှိလာ၏။ ထိုစဉ် အဝေးဆီမှ ဖုန်တထောင်းထောင်းထကာ မြင်းများ ဒုန်းစိုင်းစီးနှင်လာ သည်ကို တွေ့လိုက်ရ၏။

အဘယ်ကြောင့် ဤမျှဒုန်းစိုင်းစီးလာရသနည်း ဟူသော အတွေး ကြောင့် သူရပ်ကြည့်မိသည်။

ထိုသူတို့၏ လက်ထဲတွင် ပိုးချည်အနီလိပ် တစ်လိပ်စီ ကိုင်ဆောင် ထားကြကြောင်း တွေ့ရသဖြင့် ထိုသူတို့သည် အမိန့်ပြန်ထမ်း အရာရှိများ ဖြစ်ကြောင်း သိလိုက်ရလေ၏။

သူသည် ဘုရင့်ဝန်ထမ်း စာမေးပွဲကို ဖြေဆိုထားသူဖြစ်၍ ထိုသူ များနှင့် သိကျွမ်းသည်။ သူနှုတ်ဆက်ရန် ဟန်ပြင်လိုက်သေးသည်။

သို့သော် သူမြို့ပြင်သို့ ထွက်လာသည့်ကိစ္စ ပေါက်ကြားသွားမည်ကို သတိရသဖြင့် ထိုသူများကို လှမ်း၍ နှုတ်မဆက်တော့ဘဲ ချိုးရာတောင် ဘက်ဆီသို့သာ ခရီးထွက်လေတော့သည်။

တောင်တစ်ဝက်ခန့်သို့ရောက်လျှင် ကြည်လင်သော ခေါင်းလောင်း သံများက သူ့ရင်ကိုအေးမြသွားစေသည်။ သူသည် ပြန်တမ်းအရာရှိများ မြင်းဒုန်းစိုင်းလာသည့် ကိစ္စကို တွေးလိုက်မိ၏။

"ဒီအရာရှိတွေစာမေးပွဲ အောင်စာရင်းသတင်းလာပို့တာနဲ့ တူတယ်၊ တကယ်လို့ ငါပဉ္စမရှိဘွဲ့ထူးရခဲ့ရင် ဖေဖေနဲ့ မေမေတို့ ဘယ်လောက်များ ဝမ်းသာကြမလဲ၊ ဘယ်လောက်ဂုဏ်ယူလိုက်ကြမလဲ"

ထိုအတွေး တွေးမိသည်နှင့် သူ့စိတ်များ လှုပ်ရှားလာသည် ဘုန်းတော်ကြီးများဆီ ဝင်ရောက်ဖူးမြော်မည့်ကိစ္စကို သူမေ့ပစ် တော့သည်။

လမ်းခုလတ်မှပင် မြင်းကိုပြန်လှည့်၍ တောင်ခြေသို့ ဆင်း တော့၏။

မြို့တံခါးအဝတွင် လူအများကြိတ်ကြိတ်တိုး နေကြသည် အောင်စာရင်း ကြည့်နေကြခြင်း ဖြစ်ပေသည်။

ဆွန်ယွန်လုံသည် မြင်းပေါ်မှဆင်းကာ လူတောထဲ တိုးဝင်၍ အော စာရင်းကို ကြည့်လိုက်သည်။

သူ့နာမည်က အောင်စာရင်းစာရွက်၏ ထိပ်ဆုံးတွင်ရှိနေသည် တွေ့လိုက်ရသောအခါ အပျော်ကြီးပျော်သွားရလေတော့သည်။

ဆယ်နှစ် ဆယ်မိုး ကြိုးစားခဲ့သမျှသည် ဤအောင်မြင်မှုကလေ တစ်ခုအတွက်ပင် မဟုတ်ပါလား။

ဆွန်ယွန်လုံ လူအုပ်ကြားမှ တိုးထွက်လိုက်သည်။ အိမ်ပြန် ကောင်းနိုးနိုး၊ မပြန်ဘဲနေရကောင်းနိုးနိုး၊ စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်လာ ပြန်သည်။

နောက်ဆုံးတွင် ရှောင်ဖိန်အား ပြောခဲ့သည့် စကားများ အပြောနှင့် အဟော မညီမည်စိုးသဖြင့် နောက်ထပ်တဖန် ချိုရှာတောင်သို့ ထွက်လာ ပြန်လေတော့၏။

သည်တစ်ကြိမ်တွင်တော့ ဘုန်းကြီးကျောင်းဝသို့ တည့်တည့်မတ်မတ် ရောက်ရှိလာသည်။

"တင်စွမ်းဆရာတော် ရှိသလား ကိုရင်"

ကိုရင်က ခေါင်းညိတ်ပြသည်။ ထိုအချိန်တွင် အိုမင်းရင့်ရော်သော



ကြီးတစ်ပါး ထွက်လာသည်။

ထိုဘုန်းတော်ကြီး၏ မျက်ခုံးမွေးများက ရှည်လျားဖြူဖွေးနေ၏။ ဆွန်ယွန်လုံက ဂါရဝပြု ကန်တော့လိုက်၏။

"ဆရာတော် ကျန်းခန့်သာလို့ မာပါရဲ့လား ဘုရား"

"တကာလေးရဲ့အသံ ကြည်လင် မြူးသွက်နေပုံ ထောက်တော့ များ ဝမ်းသာစရာတွေ တွေ့ကြုံခဲ့ရသလဲ၊ ကေန္တပညာရှိဘွဲ့ထူး ရခဲ့ သင်တယ်"

"အဲဒီဘွဲ့ထူးကို တပည့်တော် မမျှော်မှန်း ရဲပါဘူးဘုရား"

"ဒါဖြင့် တကာလေးက ဘာအကြောင်းနဲ့ ရောက်လာရတာလဲကွယ်"

"ဖေဖေက အရှင်ဘုရားဆီကို မရောက်တာကြာလို့ တပည့်တော်ကို တ်လိုက်တာပါဘုရား"

"အိမ်း ကောင်းပါရဲ့ကွယ်၊ ကောင်းပါရဲ့ တကာလေးဖေဖေ ဆွန်ပင်းရဲ့ ရသတ္တိကို ချီးကျူးဂုဏ်ယူမိပါတယ်၊ တကာလေးရဲ့ ဉာဏ်ပညာ က်မြက်မှုကလဲ တစ်နေ့နေ့မှာ အောင်မြင်မှုရလာမှာ မလွဲပါဘဲ၊ ဝမ်းသာ ရာ ကောင်းပါရဲ့ကွယ်"

ဆရာတော်သည် ဆွန်ယွန်လုံကို ဧည့်ခန်းဆီသို့ ခေါ်ဆောင်သွားပြီး လာပ သလ္လာပ စကားများ ပြောဆိုသည်။

ကိုရင်လေးက ဘုန်းကြီးကျောင်းရှိ စားစရာ အချို့ဖြင့်ဧည့်ခံကျွေးမွေး င်း အချိန်ကုန်မှန်းမသိ ကုန်သွားလေ၏။

ထိုစဉ် ကျောင်းအပြင်မှ အော်သံဟစ်သံထွက်ပေါ်လာ၏။

"သခင်လေး သခင်လေး ဝမ်းသာစရာ သတင်းဗျို့ သခင်လေး ညာရှိဘွဲ့ထူးရတယ်"

အာမခံဌာနမှ အလုပ်သမား တစ်ယောက်သည် ဒရောသောပါး

ဝင်လာပြီး ဆရာတော်အား ဦးချရှိခိုး၏။ ပြီးလျှင်ပြီးချင်း ဆွန်ယွ
ပညာရှိဘွဲ့ထူးရသည့်သတင်းကို အားပါးတရ ပြောကြားတော့သည်။

"တကာလေးက တကယ်တော်ပါပေတယ်ကွယ်၊ ဘုန်းကြီးနဲ့
ပါတယ်၊ ကဲ ကဲ အိမ်ကတကာကြီးနဲ့ တကာမကြီးထဲ မျှော်ကြရေ
ပြန်ပေဦးတော့"

ဆွန်ယွန်လုံမှာ မပြန်၍မဖြစ်တော့ပေ။ ထို့ကြောင့်ဆရာတော်
ဦးချရှိခိုးပြီး အာမခံ ပို့ဆောင်ရေးခြံဝင်းသို့ ပြန်လာခဲ့ရတော့သည်။

အိမ်သို့မရောက်မီပင် ပြောက်အိုးဖောက်သံ တဖြောင်းဖြောင်း
ကြားလိုက်ရသည်။ ကျင်လင်း အာမခံ သယ်ယူပို့ဆောင်ရေး
တစ်ခုလုံး လူပရိသတ်များဖြင့် အုတ်အုတ်ကျွတ်ကျွတ် ညံနေသ
ချီးကျူးထောမနာစကားများကလည်း သောသောညံနေသည်။

ဆွန်ပင်းသည် ခြံဝတွင်ရပ်လျက် သူ့သားငယ် ဆွန်ယွန်
စောင့်ကြိုနေသည်။

ဆွန်ယွန်လုံကို တွေ့ရလျှင် ပီတိဖုံးသောအပြုံးဖြင့် အ
လျှောက်လာပြီး လက်အစုံကို ဆုပ်ကိုင်လိုက်သည်။

"ပညာရှိလေးကို နောက် လဝက်လောက်ကြာရင် ဘု
နန်းတော်ထဲ အခစားဝင်ဖို့ ခေါ်လိမ့်မယ်၊ ဒီတော့ နောက်နှစ်ရက်လော
ကြာရင် တို့ခရီးစထွက် ကြရတော့မယ်၊ ငါ့သားမှာ ပညာလဲစုံပြီ ကြ
စုံဖို့ပဲလိုတော့တယ်၊ ဟား ဟား ဟား"

ဆွန်ယွန်လုံမှာ ဖခင် ပီတိဖြစ်နေသည်ကို ကြည်နူးမိသော
မျက်နှာပြင်တွင် ရှက်သွေးတက်၍ နီရဲသွား၏။

"ဧည့်သည်တွေကို ဧည့်ခံလိုက်ပါဦး ဖေဖေ၊ သား မေမေ
သွားကြည့်လိုက်ဦးမယ်"



ဆွန်ပင်းက တဟားဟား ရယ်မောနေသည်။

ရောက်လာကြသော လူအုပ်များထဲမှ အသက်သုံးဆယ်ကျော်ခန့်ရှိ
လူတစ်ယောက်သည်အထုပ်တစ်ထုပ် ကိုကိုင်ကာ ဆွန်ယွန်လုံဆီသို့
တိုးဝှေ့ဝင်လာ၏။

"မင်္ဂလာရှိတဲ့နေ့ပဲ ငါ့တူရေ၊ ဦးလေးချိန်ကတော့ ကြမ်းကြမ်း
တမ်းတမ်း သမားမို့လို့ အဖိုးတန်ပစ္စည်း လက်ဆောင်ရယ်လို့ ပေးစရာ
မရှိဘူး၊ ဒီပေစာထုပ်ကတော့ ရှေးဟောင်းပညာရှိတွေရဲ့ ပေစာလို့
ပြောတာပဲ၊ ငါ့တူလို စာတတ်ပေတတ် ပညာရှိလေး တစ်ယောက်အတွက်
ဒီလက်ဆောင်ဟာ အသင့်တော်ဆုံးပဲလို့ ထင်တယ်၊ ရော့ ယူပေတော့"

ထိုသူကား ဆွန်ပင်း၏ လက်ရုံးတစ်ဆူဖြစ်သော လူသန်ကြီး
ချိန်ဖင်ရင်ဖြစ်၏။

ဆွန်ယွန်လုံက ကမ်းပေးသော အထုပ်ကို လှမ်းယူဖွင့်ကြည့်လိုက်၏။
မြင်ရသော ပေစာထုပ်များကြောင့် ဆွန်ယွန်လုံ အကြီးအကျယ် အံ့အား
သင့်သွားရလေတော့သည်။

"ဟင် ဦးလေးချိန်၊ ဒါက ရှေးဟောင်းစာပေပဲ၊ ပျောက်ကွယ်နေတဲ့
စာပေတွေပဲ၊ သိပ်ကို အဖိုးအနဂ္ဃ တန်ပါတယ်ခင်ဗျာ၊ ကျွန်တော် မယူဝံ့
ပါဘူး"

ချိန်ဖင်ရင်က တဟားဟား ရယ်မော်လေတော့၏။

"နားလည်တတ်ကျွမ်းတဲ့လူတွေမှသာ ပစ္စည်းတစ်ခုရဲ့တန်ဖိုး
အစစ်အမှန်ကို သိနိုင်တာ၊ ငါ့တူက ဒီစာပေတွေရဲ့ ထူးခြားချက်ကို
တွေ့ရှိလို့ တန်ဖိုးရှိမှန်းသိတာပဲ၊ ဦးလေးချိန်က စာတစ်လုံးမှမတတ်တဲ့
ဒီစာပေတွေကို ယူထားလို့ ဘာအဖိုးတန်မှာလဲ၊ ပျောက်အုန်းသီးရသလို
ဖြစ်နေမှာပေါ့"

ချိန်ဖင်ရင်က အတင်းပေးနေသည့်အတိုင်း ဆွန်ယွန်လုံပြ[illegible] နေမိသည်။

ဆွန်ပင်းက ကြားမှနေ၍ -

"သား မင်း ဦးလေးချိန် အကြောင်းလဲ သိလျက်သားနဲ့ကွာ၊ [illegible] ဘူးဆိုရင် ဖရုံသီးတတ်တဲ့လူမျိုး မဟုတ်ဘူး။ လုပ်ချင်တာကို ပြတ်[illegible] သားသား လုပ်တတ်တဲ့လူကွ၊ ဒီတော့အဲဒါတွေကို မင်းယူထားလို[illegible]

ထိုအခါကျမှပင် ဆွန်ယွန်လုံ လက်ခံတော့သည်။

ညှော့ပရိတ်အားလုံးမှာ ဆွန်ယွန်လုံအတွက် ကျေနပ်ပီတိဖြစ်[illegible] ချီးကျူးသြဘာသံများ ခြိမ့်ခြိမ့်သဲသွား၏။

ထိုစဉ် ခြံဝင်းတံခါးရှေ့ဆီမှ ဆူဆူညံညံအသံများကြားရပြီး သတိ[illegible] အော်ဟစ်သံတစ်သံ ကြားလိုက်ရ၏။

"မြို့စားကြီး ရောက်လာပြီ"

ဆွန်ပင်းရင်ထဲ ဒိတ်ခနဲ ခုန်သွားမိ၏။ ညှော့ပရိသတ်အားလုံးလည်[illegible] ငေးငိုင်သွားကြရသည်။

"အစ်ကိုကြီး မြန်မြန်ထွက်ပြီး ကြိုဆိုလိုက်လေ"

ချိန်ဖင်ရင် သတိပေးမှ ဆွန်ပင်းသည် ကမန်းကတန်း ခြံရှေ့[illegible] ထွက်ရ၏။ အပြင်သို့ ထွက်လိုက်သည်နှင့် တံခါးရှေ့တွင် လူရှစ်ယော[illegible] ထမ်းပိုးထားသော ဝေါစင်တစ်ခုရပ်နေသည်ကို တွေ့လိုက်ရ၏။

သူရောက်လာလျှင် ရောက်ချင်း ဝေါယာဉ်ပေါ်မှ ကန်လန့်က[illegible] ကလေး လှစ်ခနဲပွင့်သွားပြီး အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိ လူကြ[illegible] တစ်ယောက် ပေါ်လာ၏။ ဆွန်ပင်းက လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရ[illegible] ပြုသည်။

ထိုလူကြီးက ဆွန်ပင်း၏ လက်မောင်းနှစ်ဘက်ကိုဆွဲယူကာ သိမ်[illegible]



[illegible]င်သာသော လေသံဖြင့် ပြောကြားလေ၏။

"ကျင်လင်း အာမခံ သယ်ယူပို့ဆောင်ရေးမှူးက တရားမျှတတယ်၊ [illegible]စွာစောင့်သိ ရှိသေတယ်ဆိုတာ ကြားထား သိထားရတာကြာပါပြီ၊ [illegible]ခု လူကိုယ်တိုင်တွေ့ရမှ ခင်ဗျားသားပညာရှိ သုခမိန် ဘွဲ့ထူးရတဲ့ကိစ္စ [illegible]တွက်ကျူပ်လာပြီး ချီးကျူးဂုဏ်ပြုတာပဲဗျ"

"ဝမ်းသာပါတယ်ခင်ဗျာ၊ မြို့စားကြီးကိုယ်တိုင် ကြွရောက်ဂုဏ်ပြု[illegible]ကို ကျွန်တော်တယ်လို ဝမ်းသာမှန်း မသိပါဘူး။ ကျေးဇူးတင်လှပါတယ် [illegible]စားကြီးခင်ဗျာ"

မြို့စားကြီးက တပြုံးပြုံး ခေါင်းညိတ်နေသည်။ ထိုစဉ် ဆွန်ယွန်လုံ [illegible]အပြင်သို့ ထွက်လာခဲ့ပြီး မြို့စားကြီးအား ဂါရဝပြု၏။

မြို့စားကြီးက ဖေးမတွဲထူလိုက်ပြီး

"မင်း မနက်ဖြန်လဲ နေပြည်တော်ကို ခင်စောစော ခရီးနှင်ရဦးမယ် [illegible]ဟုတ်လား။ မင်း ဥပဓိရုပ်ရည်နဲ့ ပညာအရည်အချင်းနဲ့ဆိုရင် တစ်နေ့နေ့ [illegible]တစ်ချိန်ချိန်မှာ တိုင်းပြည်အတွက်အမတ် သုခမိန်ကောင်း ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်"

မြို့စားကြီးသည် အားလုံးကို နှုတ်ဆက်စကားဆိုကာ ဝေါစင်ပေါ်သို့ [illegible]တက်သွားသည်။

မြို့စားကြီး ပြန်ကြွသွားသော်လည်း ဆွန်ယွန်လုံကို ဂုဏ်ပြုသူများက [illegible]င်လာမစဲ အသဲသဲဖြစ်နေသေး၏။

ယခုတစ်ကြိမ်သည် ကျင်လင်းမြို့ဘေးအန္တရာယ်ဆိုး ကျရောက်ခဲ့ပြီး နောက်ပိုင်း ဘုရင့်အမှုထမ်းများက သိုင်းလောက သာမန်အရပ်သားထံသို့ [illegible]ပထမဦးဆုံး လူကိုယ်တိုင် လာရောက်တွေ့ဆုံခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လည်း ဤမျှစိတ်ဝင်စားနေကြခြင်း ဖြစ်ပေသည်။

ဆွန်ယွန်လုံသည် မိခင်ရှိရာသို့ ဝင်လာခဲ့၏။

မိခင်ကြီးသည် သား၏သတင်းကို ကြားပြီးဖြစ်သဖြင့် မျက်... တစမ်းစမ်းဖြင့်ဂုဏ်ယူကြည်နူးနေသည်။ သားဖြစ်သူ၏ လက်အစုံကိုကိုင်... ခပ်တိုးတိုး ချီးကျူးနေသည်။

ထိုနေ့ထိုရက်ကား ဆေးမစားရဘဲနှင့် ရောဂါတစ်ဝက်ခန့် သက်သာ... သောနေ့ပေတည်း။

❖ ❖ ❖

အခန်း (၄၅)

## ကြေးကြီးသော အလုပ်တာဝန်

ဆွန်ယွန်လုံ၏ အောင်မြင်မှုအတွက် ဖခင်ဖြစ်သူ ဆွန်ပင်းက ...ဘ်ဆွေသင်္ဂဟများကို နှုတ်ဆက်ညစာစားပွဲကျင်းပသည်။ မြို့တစ်မြို့လုံး ...က်သရေဆောင် အောင်မြင်မှု တံဆိပ်ဖြစ်သည်မို့ မိတ်သင်္ဂဟ အစုံစုံ ...သင်လင် တက်ရောက်ကြသည်။

ပိုင်ထက်ကျွင်း၏ ချစ်သူဂန္ဓမာလည်း အိမ်ရှင်သားအဖ၏ ညှော်ခံပွဲသို့ ...က်ရောက်သည်။

ဂန္ဓမာသည် အလွန်တရာ လှပသော်လည်း အဝတ်အစားကို ရိုးရိုး ...းသားသာ ဝတ်ဆင်သဖြင့် သူမ၏အလှသည် ပေါ်လွင်သင့်သလောက် ...ပေါ်လွင်ဘဲရှိ၏။

ဆွန်ပင်းနှင့် ဆွန်ယွန်လုံ တို့မှာမူညှော်သည်များကို ညှော်ခံနေရသဖြင့် ...ချိန်မရှိသလောက် ဖြစ်နေရရှာသည်။

ဆွန်ယွန်လုံသည် ညှော်ခံရင်း အရက်သောက်မိသည်ဖြစ်ရာ တဖြည်း ...ည်း အရက်ရှိန်တက်လာ၏။ အရက်၏သတ္တိကြောင့် ယခင်က ရဲရဲ ကြည့်ဝံ့သော ဂန္ဓမာကိုပင် စူးစူးရှားရှား ကြည့်ရဲလာ၏။

သို့သော် ဂန္ဓမာကားညွှေ့ခံပွဲစချိန်မှစ၍ ယခုအချိန်အထိ မျက်... ချ၍သာ နေသည်။ မည်သူ့ကိုမှ သေချာစွာ မကြည့်ပေ။

ဆွန်ယွန်လုံ၏ အပျော်စိတ်များသည် တဖြည်းဖြည်း လုံးပါးပါး... လေ၏။

တဖြည်းဖြည်းညွှေ့ပရိတ်သတ်များ နည်းပါးသွားရာ ဆွန်ယွန်လုံ... ခြံအတွင်းမှ ကြာပန်း ရေကန်ကလေးဆီသို့ လေးကန်သောခြေလှမ်းမျ... ထွက်လာမိတော့သည်။

ရှောင်ဖိန်သည် အမူးလွန်နေသည့် သခင်ကလေးအား စိုးရိမ်သ... နောက်မှတကောက်ကောက် လိုက်လာသည်။

"ဂန္ဓမာက ငါ့ကျောက်ဖြူ ဆံထိုးကို လက်မခံဘူး မဟုတ်... ရှောင်ဖိန်"

ရှောင်ဖိန်က ခေါင်းညိတ်ပြသည်။ သူ စိတ်မကောင်းပါ။ ... မကောင်းရုံမှအပ ဘာမျှလည်းမတတ်နိုင်ပါ။

ဆွန်ယွန်လုံမှာ သူ့နှလုံးသား ရှုံးနိမ့်မှုအတွက် ဂန္ဓမာကို မကျေ... ရမည့်အစား ရှောင်ဖိန်ပေါ်သို့ ဒေါသပုံ ကျလာသည်။

"နင် ငါ့မကောင်းကြောင်းတွေ လျှောက်ပြောတာ်မဟုတ်လ... ဒါကြောင့် သက်မခံတာ ဖြစ်မှာပေါ့"

"အဲသလို အထင်မမှားပါနဲ့ သခင်လေး။ သခင်လေးဟာ မကြာ... သုခမိန်ဖြစ်တော့မယ့်လူပဲ၊ ဘယ်သူက သခင်လေးကို မကောင်းပြော... ရမှာလဲ"

"နင် ငါ့အကြောင်း သာသာထိုးထိုးလေး ချီးကျူးပြီး အောင်သွ... လုပ်ရင် သူ သူ ငါ့လက်ဆောင်ကို ယူမှာပေါ့၊ ခုတော့"

ဆွန်ယွန်လုံသည် ရှောင်ဖိန်အား ရိုက်ပုတ်တော့မည်ကဲ့သို့ ရှူး... ရှားရှားဖြစ်လာ၏။



ရှောင်ဖိန်မှာ မျက်ရည်များ စီးကျလာသည်။

"သ သခင်လေးရယ်၊ သခင်လေးသတ်ရင် ကျွန်မ သေရမှာပါ၊ ...မလေးဂန္ဓမာဟာ ညွှေ့သည်ပါ၊ သူ့ကို ကျွန်မအတင်းတိုက်တွန်းလို့ ...ရပါဘူးရှင်၊ အခု ကျွန်မ ဆောင်ရွက်ပေးတာတောင် လွှန်လှပါပြီ၊ ...ခင်ကြီးသာ သိသွားရင် ဒီဂေဟာပေါ်ကနေကျွန်မ ခေါင်းနဲ့ဆင်းသွား...မှာပါ"

သူမငိုသံကြောင့် ဆွန်ယွန်လုံသတိပြန်ဝင်လာသည်။

"ငါ့ဆံထိုးလေး ငါ့ကို ပြန်ပေးပါ"

ရှောင်ဖိန်က သူမခါးကြားထဲမှ ဆံထိုးလေးကို ထုတ်ပေးလိုက်သည်။ ...န်ယွန်လုံးက ခဏမျှ ငိုင်တွေကြည့်နေပြီး ဆံထိုးကို ရေကန်ထဲသို့ ...ပေါက်လိုက်တော့သည်။

ထို့နောက် သူ့အခန်းထဲသို့ ဝင်ကာ ပြတင်းပေါက်တွင်ထိုင်လျက် ...ရောင်ကို ငေးမောကြည့်နေတော့သည်။ လရောင်တွင် ဂန္ဓမာ၏ ...ပ်များက ထင်ဟပ်နေသည်ဟု စိတ်ထဲတွင် ခံစားရ၏။

"ပိုင်ထက်ကျွင်းဆိုတဲ့ လူကဘယ်လိုလူစားမို့လို့ မမဂန္ဓမာက ...လောက်အထိ စွဲလမ်းနေရတာလဲ၊ ငါ့လိုပညာလဲတတ်၊ အရာရာမှာလဲ ...ည့်စုံတဲ့လူတစ်ယောက်ကို တစ်ချက်ကလေးမှ စောင်းငဲ့ကြည့်ဖော်တောင် ...ဘူးဆိုတော့ ရင်နာစရာကောင်းပါလား"

ဆွန်ယွန်လုံ စိတ်ထဲတွင် နာနာကျင်ကျင် ဖြစ်မိသည်။

"သွားမယ်၊ မနက်ဖြန်မိုးလင်းတာနဲ့ ငါဒီက ထွက်သွားမယ်၊ နန်းတော် ...က အမတ်ပညာရှိ တစ်ယောက်နဲ့ပိုင်ထက်ကျွင်း ဘယ်သူသာလဲဆိုတာ ...င့်ကြည့်ရသေးတာပေါ့"

ဆွန်ယွန်လုံက မကျေမနပ် ကြုံးဝါးလိုက်၏။ မာနစိတ်ဝင်လာသဖြင့်

ဆွန်ယွန်လုံသည် နွမ်းနယ်ပျော့ခွေမနေတော့ပေ။

သူ့စိတ်ထဲ၌ အနာဂတ်အတွက် ပြင်ဆင်လိုစိတ်များမော...
လာ၏။

အလွန်တရာအောင်မြင်ရန် ခက်ခဲသော ဘုရင့်ဝန်ထမ်းစာမေး... ထိပ်ဆုံးမှ အောင်မြင်ခဲ့သူအတွက် ရွှေနန်းတော်သည် မဟာအခွင့်အ... ကြီးပင်ဖြစ်သည်။

အဆင့်ဆင့် ကြိုးစားသွားလျှင် နောက်ဆုံး အမတ်ချုပ်ကြီးအ... ဖြစ်နိုင်ပေသည်။

အမတ်ချုပ်ဆိုသည်မှာ ဘုရင်မဟုတ်သော်လည်း ဘုရင်နီးပါးေ... တန်ခိုးထက်သူဖြစ်သည်။ ဓားထက်သူဖြစ်သည်။

ဆွန်ယွန်လုံသည် သူ့တက်လမ်း အဆင့်ဆင့်ကို တွေးပြီးလ... အားတက်လာ၏။

သူ့ဖခင်က လွန်စွာ အထင်ကြီးလေးစားသည့် ကျန်လုဂိုဏ်းချုပ်... ပိုင်ထက်ကျွင်းဆိုသူကိုလည်း ထိုအခါကျမှ လက်မထောင်ပြမည်... ဆုံးဖြတ်ချက်ချ၏။

သူ မခံမရနိုင် တွေးတောနေစဉ် သူ့နောက်မှ ချောင်းဟ... ထွက်ပေါ် လာသည်။

နောက်ဆုံး၌ ဆွန်ယွန်လုံသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ... ရတော့သည်။

❖ ❖ ❖



နောက်တစ်နေ့ မနက်တွင် မြို့စားကြီး လွှတ်လိုက်သောမြင်းရထား ...ည် သူ့အိမ်ရှေ့သို့ ဆိုက်ရောက်လာ၏။ သူသည် လက်ဝဲလက်ယာ ...စောင့်အရှောက်များ ခြံရံကာ နေပြည်တော်သို့ ထွက်ခွာသွားတော့ ...ည်။

ဆွန်ယွန်လုံ နေပြည်တော်သို့ ထွက်ခွာသွားပြီး သုံးရက်မြောက်သည့် ...မနက်တွင် လူငယ်တစ်ယောက် အထုပ်ရှည်တစ်ထုပ်ကို ထမ်းပိုးကာ ...င်လင်း အာမခံသယ်ယူပို့ဆောင်ရေးစခန်းသို့ ရောက်ရှိလာ၏။

သူ ရောက်သည်နှင့် တာဝန်ခံဆွန်ပင်းကို မေး၏။ အလုပ်သမား ...သား တစ်ယောက်က စောင့်ဆိုင်းထားခိုင်းစဉ် ချိန်ဖင်ရင် ရောက်ရှိလာ ...ည်။

"ကျေးဇူးပြုပြီး ဆရာလေးအတွက်လုပ်ပေးရမယ့်အလုပ်ကို ...နော်တော့်ကို ပြောပါလားခင်ဗျား"

ချိန်ဖင်ရင်က ယဉ်ကျေးသိမ်မွေ့စွာမေး၏။

ထိုလူငယ်က မာရေကျောရေပင် ချိန်ဖင်ရင်ကို အထင်သေးစွာ ကြည့်ပြီး ပြော၏။

"ခင်ဗျားက ဒီဌာနမှာ ဘာတာဝန်ရှိသလဲ၊ အခု ကျုပ်အပ်မည့် ...ခွ သိပ်အရေးကြီးတယ်ဗျ။ တန်ဖိုးကြီးလွန်းလို့ ခင်ဗျားဘာမှ ဆုံးဖြတ် ...င်မှာ မဟုတ်ဘူး။ တကယ့်တာဝန်ခံကိုသာ ခေါ်စမ်းပါ"

ချိန်ဖင်ရင် စကားမဆိုးချေ။ တဟားဟားပင် ရယ်မောမိသည်။

"ကျုပ်လို လက်ထောက် တာဝန်ခံတောင်မှ ဆုံးဖြတ်လို့ မရဘူး ...ဆိုရင်တော့ ဆရာလေး အပ်နှံတဲ့ အလုပ်က လက်ခံလို့ဖြစ်မယ် မထင် ...တော့ဘူး"

လူငယ် မျက်မှောင်ကြုတ်သွားသည်။ လက်ထဲမှ အထုပ်ရှည်ကို

စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ပြီး ပြောသည်။

"ကောင်းပြီ၊ ဒီပစ္စည်းကို ဆယ်ရက်အတွင်း ဟိုပေပြည်နယ် ... ထိမ်အရပ်ကို အရောက်ပို့ပေးရမယ်၊ ခင်ဗျား တာဝန်ယူမလား"

ချိန်ဖင်ရင်မှာ ထိုလူငယ်ကို အကဲခတ်လိုက်၏၊ သိုင်းဂိုဏ်းတစ် ... ကလေး၊ မှူးမတ်တစ်ဦးဦး၏ လူယုံတော်များလေလောဟု တွေး... လူငယ်က ခပ်မာမာပင် ပြောသည်။

"ဒီအထဲက ပစ္စည်းက တန်ဖိုးဖြတ်လို့ မရတဲ့ရတနာပဲ၊ တကယ်... ပျောက်ဆုံး ပျက်စီးသွားမယ်ဆိုရင် ခင်ဗျားတို့ ကျင်လင်းအာမခံ သယ်... ပို့ဆောင်ရေးစခန်း တစ်ခုလုံးနဲ့ လျော်ကြေးပေးတာတောင်မှ ကျေ... မဟုတ်ဘူး၊ ခင်ဗျားတို့ဌာန တစ်ခုလုံးမှာရှိတဲ့ လူတွေရဲ့ အသက်... လျော်ကြေးပေးတောင် ကျေမယ့်ပစ္စည်းမဟုတ်ဘူး၊ ကဲ ရှင်းပြီလား"

သူငယ်၏ စကားများက စော်ကား မော်ကား ရှိလွန်းလှသ... ချိန်ဖင်ရင်က ပြုံးနေနိုင်သော်လည်း သူ့တပည့်များက မပြုံးနိုင်တော့...

ချိန်ဖင်ရင်၏ တပည့်တစ်ဦးက ပြန်လှန်အော်ဟစ်လိုက်၏။

"မင်းစကားကို ပြင်ပြောစမ်း၊ တို့ကို စော်ကားလို့ ရမယ်များ ထင်... သလား၊ သည်းခံလို့ မင်းကရောင့်တက်နေတာလား"

ချိန်ဖင်ရင်က သူ့လူများကို လက်ကာပြ တားဆီးထားလိုက်သ...

အလုပ်သဘော၌ ဒေါသနော၍ မဖြစ်ပါချေ။ အတွေ့အ... ရင့်ကျက် သော ချိန်ဖင်ရင်က အေးအေးဆေးဆေးပင်ပြောသည်။

"ကျုပ်တို့လုပ်ငန်းက အသက်စွန့်ပြီးမှ အကျိုးအမြင့်... ကို... အသက်လျော်ကြေး ပေးရမှာကို ကြောက်နေစရာ မလိုပါဘူး၊ ဆရာ... အတွေးမှားနေပြီ၊ ဘယ်လောက်တန်ဖိုးကြီးတဲ့ပစ္စည်းမဆို ကျုပ်... တာဝန်ယူပို့ဆောင်ပေးနိုင်ပါတယ်"



လူငယ်က ခနဲ့ပြုံးပြုံးလိုက်သည်။ သူ့အင်္ကျီကြားမှ စာရွက်တစ်ရွက်ကို ...တ်ယူလိုက်ပြီး

"လုံလုံခြုံခြုံနဲ့ အရောက်ပို့နိုင်တယ်ဆိုရင်တော့၊ ရော့ ဟောဒီမှာ ...သားတစ်သောင်းတန် ငွေလွှဲလက်မှတ်"

ချိန်ဖင်ရင် အံ့အားသင့်မိသည်။

ငွေသားတစ်သောင်း ဆိုသည်ကား နည်းနည်းနောနော ငွေကြေး ...ဏမဟုတ်၊ ဤအထုပ်ကလေးတစ်ထုပ် ပေါင်ထိမ်ကို ပို့ပေးရုံနှင့် ...မျှ ငွေကြေးပေးဆောင်နေလျှင် ဤအထုပ်ထဲမှ ပစ္စည်းမှာ နယ်နယ်ရရ ...ဖြစ်နိုင်တော့ချေ။

ထို့ကြောင့် တစ်ချက်မျှ ငိုင်သွားမိသည်။

ထိုလူငယ်က အထုပ်ကို ဖြေလိုက်ပြီး -

"ခင်ဗျားတို့ကို ကျုပ်ပြောပြမယ်၊ ဟောဒီပစ္စည်းက သိုင်းလောက ...သားတိုင်း လိုချင်တပ်မက်တဲ့ ဆရာကြီး တာ့မိုရဲ့ခန္ဓာဗေဒလျှို့ဝှက်သဘော ...ား ကျမ်းစာအုပ်ပဲ"

ချိန်ဖင်ရင်မှာ တစ်ကိုယ်လုံး ဖြောက်တက်သွားသလို ခံစားလိုက်ရ၏။ ပို့ဆောင်ရမည့် စာအုပ်ကို ကြည့်လိုက်ရာ အမြင်အရ ရှေးဟောင်း ...်း တစ်ခုဖြစ်ကြောင်း ရိပ်မိလိုက်သည်။ အတုအစစ်ကိုမူ တိတိကျကျ ...ခြားနိုင်ချေ။

ဤလူငယ်သည် သိုင်းလောကသားတိုင်း လိုချင်တပ်မက်သော ...ိုးတန် ကျမ်းစာအုပ်ဖြစ်မှန်းသိလျက် အဘယ်ကြောင့် ထုတ်ပြရလေ ...ည်း။

ပေါက်ကြားသွားမည်ကို မစိုးရိမ်လေသလော။

ထိုလူငယ်၏ အကြံအစည်က မည်သို့ရှိနေလေသည်မှန်းမသိ၊

ထို့ကြောင့် စိုးရိမ်မကင်းသည့် လေသံဖြင့် -

"ဆရာလေးရဲ့ စာအုပ်ကို မြန်မြန်သိမ်းထားလိုက်စမ်းပါ။ ကျွ
အခန်းထဲမှာ သွားစကားပြောကြရအောင်"

ချိန်ဖင်ရင်ကို စိတ်လှုပ်ရှားအောင် လုပ်နိုင်လိုက်သဖြင့် လှူငယ်သ
သူ့ကိုယ်သူ သဘောကျသွား၏။

"ကျုပ် ဘာ့ကြောင့် ရေးကြီးခွင်ကျယ်လုပ်နေတယ်ဆိုတာ ခင်
သဘောပေါက်သွားပြီလား"

"ဟုတ်ပါတယ်၊ ပြောတာမှန်တယ်၊ တော့မိုသိုင်းကျမ်းစာအု
သိုင်းသမား တစ်ယောက်သာ ရသွားရင် သိုင်းလောကတစ်ခုလုံး အု
လွှမ်းမိုးနိုင်တယ်၊ ခင်ဗျားကိုကြည့်ရတော့ သိုင်းပညာ တတ်ကျွမ်းထားတဲ့
ပဲ၊ ဒီတန်ဖိုးကို ဆရာလေး သိပါရဲ့နော်"

လှူငယ်က စိတ်မရှည်ဟန်ဖြင့် ငေါက်ငမ်း လေတော့၏။

"ဘယ်လိုလဲ၊ ခင်ဗျားတို့ကျောင်လင်းအာမခံဌာနက တာဝန်မယ
ဘူးလား။ ဒါပဲပြောပါ"

သူစကားဆုံးသည်နှင့် သူတို့၏နောက်ကျောမှ ခက်ထန်မာကျေ
သော စကားသံ တစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ဘယ်သူက တာဝန်မယူရဲဘူး ပြောတာလဲ၊ ကျောင်လင်းအာ
သယ်ယူပို့ဆောင်ရေးဌာနကို တည်ထောင်ခဲ့တာ နှစ်ပရိစ္ဆေဒကြာ
လှုပြီ၊ တာဝန်မယူရဲတဲ့လုပ်ငန်းဆိုတာ တစ်ခုမှ မရှိခဲ့သေးဘူး"

အခန်းတွင်းသို့ဝင်လာသူကား ကျောင်လင်း အာမခံသယ်ယူပို့ဆော
ရေးတာဝန်ခံ ဆွန်ပင်းဖြစ်၏။ လှူငယ်က ခေါင်းတဆတ်ဆတ် ညိ
လိုက်ပြီး

"တာဝန်ခံ ဆွန်ပင်းကတော့ ပြတ်သား ပါပေ့ဗျာ၊ ဒီတော့ ကျွန်ေ



အရင် ချေထားပါ့မယ်၊ နောက်ဆယ်ရက်မြောက်တဲ့နေ့မှာ ကျွန်တော်
ပေါင်ထိမ်မှာ တွေ့ဆုံကြတာပေါ့"

စကားဆုံးသည်နှင့် လှူငယ်သည် အာမခံဌာန အတွင်းမှထွက်ခွာ
ားလေတော့သည်။

❖ ❖ ❖

## အခန်း (၉

အ

အလုပ်အပ်နှံသူလူငယ်ထွက်သွားသည်နှင့် ချိန်ဖင်ရင်သည် ဆွန်ပ
ကို အခန်းတစ်ခုထဲသို့ ဆွဲခေါ်သွားတော့၏။ ခန္ဓာဗေဒကျမ်းကိုလည်
တစ်ပါတည်း သယ်ဆောင်သွားခဲ့လေသည်။

ချိန်ဖင်ရင်သည် အခန်းတံခါးကို ပိတ်လိုက်၏။ အခန်းထဲ၌ သူနှ
ဆွန်ပင်းတို့ နှစ်ယောက်တည်းရှိကြောင်းသေချာသည့်တိုင် ချိန်ဖင်ရင်က
တိုးတိုးပင် ပြော၏။

ဤသို့ သတိဝီရိယရှိခဲ့ခြင်းကြောင့် သူတို့၏ ကျင်လည်း အာမ
ပို့ဆောင်ရေး ဤမျှ သက်တမ်းရှည်နေခဲ့ခြင်းဖြစ်သည်ဟု ဆွန်ပင်းက
ချိန်ဖင်ရင်၏ အပြုအမူများကိုကြည့်၍ တွေးနေသည်။

"အစ်ကိုကြီး"

"ဘာလဲ ညီလေးချိန်"

"အခုကိစ္စ"

"ဘာလဲ ညီလေးချိန်က မရိုးသားဘူးလို့ ထင်နေသလား"



"ထင်တယ်၊ ဒီကိစ္စရဲ့ နောက်ကွယ်မှာ မသမာတဲ့အကြံအစည်
တစ်ခုခု ရှိကောင်းရှိနိုင်တယ်"

"ရှိတော့"

"ရှိရင် ဒီအလုပ်ကို ကျွန်တော်တို့ တာဝန် မယူရုံပေါ့၊ တခြားက
အမခံဌာနတွေလဲ အများကြီး ရှိနေတာပဲ၊ ကျွန်တော်တို့ လက်မခံရင်
သူ တခြားကိုသွားမှာပေါ့"

"ဒီမှာ ညီလေးချိန်"

"ပြောပါ အစ်ကိုကြီး"

"ဒီလူငယ်ရဲ့မျက်လုံးတွေကို ညီလေး သေသေချာချာကြည့်လိုက်
ခဲ့လား"

"မျက်လုံးတွေ"

"ဟုတ်တယ်၊ မျက်လုံးတွေ အရောင်သိပ်တောက်တယ်"

"အသံကလည်း အတော်စူးတယ်"

"လူငယ်ငယ်နဲ့ အတွင်းအား သိပ်ကောင်းနေတယ်ဆိုတာ ပေါ်လွင်
နေတယ်၊ ငါ ဒီပစ္စည်းကိုလက်ခံလိုက်တာအကြောင်းရှိတယ်၊ ထိုက်ဟူဒေသ
က မုယွင်ကျေးရွာ အဖျက်ဆီးခံရတဲ့ကိစ္စဟာ ဒီလူငယ်နဲ့ ပတ်သက်နေ
သလားဆိုတဲ့ အတွေးကို တွေးမိလို့ပဲ"

"ဒီလူငယ်နဲ့ ပတ်သက်နေရင် အစ်ကိုကြီးက ဘာလုပ်မလို့လဲဟင်"

"သူတို့နောက် အစအဆုံး လိုက်ရတော့မှာပေါ့၊ ဒေါ်ကြီးလုရဲ့ ဆွေမျိုး
တွေကို ငါပြန်ကူညီရမယ်၊ သူတို့ ကျေးဇူးတွေငါ့အပေါ် အများကြီးရှိတယ်"

ချိန်ဖင်ရင်သည် ဆွန်ပင်း၏စိတ်သဘောထားကို သိရှိထားသဖြင့်
ထိုသို့မျှ မတားမြစ်တော့ပေ။ သူ မရှင်းသေးသည့်ကိစ္စကိုသာ မေးတော့
သည်။

"တာ့မို ခန္ဓာဗေဒကျမ်း ပျောက်ဆုံးနေခဲ့တာ နှစ်ပေါင်းတစ်ရာ
လောက်ရှိပြီ အစ်ကိုကြီး။ ဒီကျမ်းဟာ အစစ်မှဟုတ်ရဲ့လား မသိ
ဆွန်ပင်းက ခေါင်းခါပြလိုက်သည်။

"အတုပဲဖြစ်ဖြစ် အစစ်ပဲဖြစ်ဖြစ်၊ ငါတို့အနေနဲ့ ပေါင်ထိမ်
အရောက်ပို့ပေးရင်ဖြစ်တာပဲ၊ တစ်ဖက်လူက မသမာတဲ့ အစီအစ
အကောက်ကြံရင်လဲ တို့ညီအစ်ကိုတစ်တွေ အညံ့ခံလို့မရဘူး၊ ဒီ
တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ စောစောကပြောသလိုပေါ့ သူတို့အကြံအစ
အသက်စွန့်ပြီး ဝင်ကြည့်ရမှာပဲ"

ချိန်ဖင်ရင်က ခေါင်းညိတ်သည်။ ဆွန်ပင်းနှင့် သူသည်မည်သ
အခါကမျှ သဘောမကွဲလွဲခဲ့ပေ။

"ငါတို့တစ်တွေ မနက်ဖြန်ကျရင် ခရီးနှင်ကြမယ် ညီလေး၊ ဒီ
နုတ်လုံဖို့ အရေးကြီးတယ်၊ တို့လူတွေကတော့ စိတ်ချပြီးသားပါ၊ ဒါပေမ
အထူးကိစ္စရပ်အနေနဲ့ ထပ်ပြီးသတိပေးထားလိုက်ပါ"

"ကောင်းပါပြီ အစ်ကိုကြီး၊ အသင့်ဖြစ်နေအောင် ကျွန်တေ
ဆောင်ရွက်ထားလိုက်ပါ့မယ်"

ဆွန်ပင်း ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာသည်။

"နေဦး ညီလေး၊ မနက်ဖြန်ကျရင် မင်းရဲ့သားလေး တစ်လပြ
မွေးနေ့ပွဲ ကျင်းပမှာပဲ၊ ဒီတိုင်းဆို မနက်ဖြန် ခရီးထွက်လို့ ဘယ်ဖြစ်ပါ့မ

"ကိစ္စမရှိပါဘူး အစ်ကိုကြီး၊ လုပ်ငန်းကို လက်ခံထားပြီးပြီပဲ၊ မြန်
ဆန်ဆန် ပြီးစီးအောင် ဆောင်ရွက်နိုင်လေကောင်းလေပဲ၊ ဘာပဲဖြစ်
အချိန်ဆွဲမနေသင့်ဘူး။ နောက်ပြီး အခုကိစ္စက အစ်ကိုကြီး သိတဲ့အတိုင်

ဆွန်ပင်းက တဟားဟား ရယ်မောလိုက်သည်။

"ငါ့ညီကတော့ တကယ့်လူပါပဲကွာ၊ သွေးကတော့ တကယ်



ာပဲကိုး၊ ငါတို့လူတွေချည်းပဲ ဆိုရင်တော့ နည်းနည်းအင်အား နည်းနေ
သားတယ်၊ ငါ အကူအညီသွားတောင်းလိုက်ဦးမယ်"

ဆွန်ပင်း ထွက်သွား၏။ ချိန်ဖင်ရင်လည်း ခရီးထွက်ရန်အတွက်
ဥပြင်ဆင်တော့သည်။

ဆွန်ပင်း ပြန်ရောက်လာသည့်အခါ ဆယ်ယောက်တစ်စု သိုင်းသမား
ဖွဲ့ကို မြောက်ဘက် ခရီးလမ်းဖြင့် ပေါင်ထိမ်သို့ သွားစေရန် စီစဉ်သည်။

ထိုအဖွဲ့သည် ပစ္စည်းသယ်သွားလေဟန် အယောင်ပြသရပ်ဆောင်
ည်ဖြစ်သည်။

တကယ့်ပစ္စည်းကိုမူ ဆွန်ပင်းနှင့် ချိန်ဖင်ရင်တို့ နှစ်ယောက်သာ
ယ်ဆောင်မည်ဟု အစီအစဉ် ခရေးဆွဲကြသည်။

ကျင်လင်း အာမခံအဖွဲ့၏ သိုင်းသမား ဆယ်ယောက်သည် နံနက်
င်းသည်နှင့် မြောက်ဘက် ခရီးအတိုင်း ခရီးနှင်သွားလေ၏။

ဆွန်ပင်းသည် အာမခံပစ္စည်းကျမ်းစာအုပ်ကို သူ၏ ကိုယ်ပေါ်တွင်
အသေအချာ ချည်နှောင်လိုက်သည်။ ချိန်ဖင်ရင်ကို အချက်ပြပြီး အတိုဆုံး
ဖြတ်လမ်းမှ စတင်ခရီးထွက်ကြတော့သည်။

သူတို့ ထွက်ခွာခဲ့သည့် ခရီးစဉ်တစ်လျှောက်တွင် မည်သည့်ပြဿနာ
မျှ မတွေ့ခဲ့ရချေ။

ကျန်းစူးပြည်နယ်ကို ဖြတ်ကျော်မိသောအခါ ညနေစောင်းပေပြီ။
အရှေ့ဘက်ဆီတွင်ကား တောင်ကုန်းကလေးများ ကာဆီးနေ၏။

ချိန်ဖင်ရင်က တောင်ကုန်းကလေးများကို လက်ညှိုးထိုးပြပြီး
"ဒီ တောင်ကုန်းတစ်ခုကို ကျော်ပြီးရင်တော့ ရွာကလေးတစ်ရွာကို
ရောက်ပြီး အစ်ကိုကြီး၊ ကျွန်တော်တို့ ဒီည အဲဒီရွာမှာပဲ နားကြရအောင်"

ဆွန်ပင်း ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် မိုးပေါ်မှကျလာသလို

အနက်ရောင်ဝတ်စုံဝတ် သိုင်းသမားများ သူတို့ရှေ့သို့ ရောက်ရှိ တော့သည်။

ဆွန်ပင်းတို့ နှစ်ယောက်သည် တစ်လမ်းလုံးတွင် ရန်သူနှင့် ရင်ဆိုင် မတိုးခဲ့သဖြင့် သတိဝီရိယ ထားနေခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ ရုတ်တရက် ရန်သူနှင့် ရင်ဆိုင်တွေ့လိုက်ရသည့်အခါတွင် တုန်လှုပ် ထိတ်လန့်ခြင်း မဖြစ်တော့ချေ။

ရှေ့မှ ရန်သူသုံးယောက်သည် မျက်နှာကို ပဝါအနက်စည်းနှောင် ထားသည်။ စကားတစ်ခွန်းမျှ ပြောဆိုခြင်းမရှိဘဲ သူတို့နှစ်ယောက် ပဝါပေါက်များမှ အေးစက်စူးရှသော မျက်လုံးများဖြင့် အကဲခတ်နေ လေ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ဆွန်ပင်းက ဣန္ဒြေရရပင် မေးလိုက်သည်။ ထို သုံးယောက်အနက် တစ်ယောက်က

"ခင်ဗျား ဘာမှ မေးမနေနဲ့ မေးရမယ့်အချိန်မဟုတ်ဘူး။ တိုက်ရမ အချိန်၊ ကဲ လက်နက် ထုတ်ပေတော့"

ဆွန်ပင်း စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ သို့သော် သူ၏ဒေါသကို ထိန်းထားလိုက်သည်။ ကျောပေါ်မှ လက်နက်နှစ်မျိုး ထုတ်ယူလိုက်သည်။

"ယင်းရန် ဓားလုံ့ပါလား။ ဒါကြောင့်မို့လို့လဲ ခင်ဗျားက ကျန်းနန် သမှာ သူ့ရဲ့ကောင်းတစ်ယောက် ဖြစ်နေရတာကိုး"

ပဝါအနက်နှင့် လူက ဆွန်ပင်းလက်ထဲမှ ဓားတိုနှင့်လှံကို ကြည့်ပြီး မှတ်ချက်ချလိုက်သည်။

ချိန်ဖင်ရင်ကလည်း ခါးကြားမှ ဓားရှည်ကို ရွှမ်းခနဲဆွဲထုတ်လိုက် သည်။



ပဝါနက်စည်းထားသူ သုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူ သူက

"ကဲ ငါ့ညီတို့ ဒီနှစ်ယောက်ကို မင်းတို့လက် အပ်လိုက်ပြီ"

စကားဆုံးသည်နှင့် ထိုသူမှာ နောက်သို့ ဆုတ်ကာ သစ်တောအုပ် လေးအတွင်းသို့ ပြေးဝင် ပျောက်ကွယ်သွားသည်။

ထိုလူသည် သူ့လူနှစ်ယောက်အား လွန်စွာ ယုံကြည်စိတ်ချဟန် သည်။

သစ်တောအုပ်ထဲသို့ ပြေးဝင်သွားရာ၌ သူ့လူနှစ်ယောက်အား တစ်ချက်မျှပင် လှည့်မကြည့်ခဲ့ပါချေ။

❖ ❖ ❖

ရန်သူနှစ်ယောက်က ချက်ချင်းပင် ဓားရှည်များဆွဲထုတ်ကာ န်သွင်းအော်ဟစ် တိုက်ခိုက်တော့သည်။

ထိုနှစ်ယောက်သည် အပွဲပွဲနွှဲလာခဲ့ဖူးသည့် စုံတွဲဖြစ်ဟန်ရှိ၏။ တစ်ယောက်၏ဟာကွက်ကို တစ်ယောက်က ဖြည့်တင်းပြီး တိုက်ခိုက် င်စွမ်းရှိကြသည်။

သိုင်းကွက်များကလည်း အတော်အဆင့်အတန်းမြင့်၏။

ဆွန်ပင်းက ထိုသူတို့၏ ဓားကို လှံရှည်နှင့် ဆီးခံပြီး ဓားတိုနှင့် န့်လန့်ဖြတ် တိုက်ခိုက်သည်။

သူ့ သိုင်းကွက်များက ဓားနှင့်လှံကိုလိုသလို လှည့်ပြောင်းကစား သည့်သိုင်းကွက်များ ဖြစ်သည်။

သူ့ဖခင် ဆွန်ဟွန်ရန်၏ အောင်မြင်ကျော်ကြားသော တိုက်ကွက်

များဖြစ်သည်။

ဆွန်ဟွန်ရန်မှာ တစ်ချိန်တစ်ခါက ကျန်လုဂိုဏ်းချုပ်လန်မွန်တို့ တိုက်ခိုက်ခဲ့ဖူးသည်။ ဤတိုက်ပွဲတွင် ဆွန်ဟွန်ရန်ကျဆုံးခဲ့၏။

ကျန်လုဂိုဏ်းနှင့် ဆွန်ပင်းမှာ ထိုအတွက် ရန်ကြွေးရန်စ သော်လည်း ယခုလက်ရှိ ဂိုဏ်းချုပ် ပိုင်ထက်ကျွင်း၏ မြင့်မြတ် စိတ်ထားကြောင့် သူ့ရန်ကြွေးများကို ဆွန်ပင်း မေ့ထားနိုင်ခဲ့၏။

ပိုင်ထက်ကျွင်းကလည်း ဆွန်ပင်း၏ အခက်အခဲမှန်သမျှ တတ်စွမ်းသမျှကူညီခဲ့သည်။

ထို့ကြောင့် ယခုအခါ၌ ကျန်လုဂိုဏ်းနှင့် ဆွန်မျိုးနွယ်တို့အကြ ရန်ငြိုးရန်စဟူ၍ လုံးဝမရှိတော့ပေ။

ဝတ်စုံနက်ဝတ်ဆင်၍ ပဝါစည်းထားသူနှစ်ဦး၏ သိုင်းပညာအ အတန်းက မြင့်မားလှသဖြင့် ဆွန်ပင်း၏ သိုင်းကွက်များ မည်မျှတ ပြင်းထန်စေကာမူ လပ်းကြောင်းလွဲဖယ် သွေဖည်သွားရသည်ချည်း ဖြ တော့သည်။

"ထန်း"

ပြင်းပြင်းထန်ထန် တိုက်ခိုက်နေစဉ်မှာပင် ဓား, ဓားချင်းထိခ တစ်ချက်ထွက်ပေါ်လာပြီး ချိန်ဖင်ရင်၏ လက်ထဲမှ ဓားရှည်လွတ်ထွ သွား၏။

လက်နက်မဲ့သွားပြီးဖြစ်၍ တစ်ဖက်လူ၏ တိုက်ခိုက်မှုကို အ အလဲ ရှောင်တိမ်းနေရတော့သည်။

ဆွန်ပင်းမှာ ချိန်ဖင်ရင်၏ အကျဉ်းအ. ဂျပ်ကျနေပုံကိုကြ စိတ်ပူလာမိသည်။

သူနှင့် တိုက်နေရသူကိုလည်း နောက်ဆုတ်သွားအောင် မလု



သဖြင့် ဆွန်ပင်းမှာ အကြီးအကျယ် စိတ်ဒုက္ခရောက်နေရရှာတော့သည်။

"ထန်း"

ထိုစဉ် သူ့ဓားတို့သည်လည်း လက်ထဲမှ လွတ်ထွက်သွားရပြန်သည်။

လက်နက်နှစ်မျိုးနှင့် တိုက်ခိုက်နေရာမှ လက်နက်တစ်မျိုးတည်းသာ ရှိတော့သဖြင့် သူ့တိုက်ကွက်ကို ပီပီပြင်ပြင် မထုတ်ဖော်နိုင်တော့ချေ။

ဝတ်စုံနက်တို့သည် အသာစီးရနေပြီးဖြစ်၍ တိုက်ကွက်ကိုပိုသုံး လာ၏။ တိုက်ရှိန်မြင့်လာ၏။

"ဒိုး"

"ဝုစ်"

ဆွန်ပင်းနှင့် ချိန်ဖင်ရင်တို့၏ မျက်နှာရှေ့တွင် ငွေရောင်များ ဘဖျပ်ဖျပ် လက်သွားသည်ကိုသာ တွေ့နေရ၏။ ဓားချက်များက ဘစ်ချက်ပြီးတစ်ချက် ဆက်ကာဆက်ကာ ဝင်ရောက်လာနေသည်။

နှစ်ယောက်သား ပြေးလိုက်လွှားလိုက် ခုန်လိုက်ပျံလိုက်ဖြင့် အသေ အလဲ ရှောင်တိမ်းနေရသည်။

လက်နက်မဲ့နှင့် လက်နက်ရှိတို့၏ တိုက်ပွဲဖြစ်၍ တိုက်ပွဲမှာ မမျှ ဘချေ။ နှစ်ယောက်စလုံး ဓားချက်တစ်ချက်စီ ထိပြီးလဲကျသွားရလေ တော့၏။

"ငါ့သေသလို မင်းလဲ သေပေရော့"

ဆွန်ပင်းမှာ မခံမရပ်နိုင်ဖြစ်ပြီး အတွင်းအားထုတ်အော်ဟစ်ကာ သက်ထဲမှ လုံ့ရှည်ဖြင့် ပစ်ပေါက်ထည့်လိုက်သည်။

"ဒိုး"

"ဖြောင်း"

ရန်သူ၏ ဓားရောင်က ဖြာခနဲ ဖြစ်သွားပြီး ဆွန်ပင်းပစ် လွှတ်လိုက်

သော လုံ့ရှည်မှာ ခါးလယ်မှ ထက်ပိုင်းပြတ်ကျိုးကျသွားရလေတော့သ

ဆွန်ပင်း၏ ရင်ဘတ်တွင်လည်း သွေးများ ရဲခနဲဖြာထွက်လာသ

"မင်းတို့ ဘယ်သူတွေလဲ"

ဆွန်ပင်း အံ့ကြိတ်ကာ မေးလိုက်သည်။ ဝတ်စုံနက်တစ်ယော

တဟားဟား ဟစ်အော်ရယ်မောလိုက်ပြီး"

"ကျုပ်တို့ကို မေးတာလား။ ကျုပ်တို့ ဖေးဖန်ဂိုဏ်းက"

"ဖေးဖန်ဂိုဏ်း ဖေးဖန်ဂိုဏ်း သူတို့နဲ့ငါ"

ဆွန်ပင်းစကားဆုံးအောင် မပြောနိုင်တော့။ အင့်ခနဲတစ်ခ

အသံပြုပြီး အသက်ထွက်သွား၏။ ထိုအတူ ချိန်ဖင်ရင်သည်လည်း မြေ

ပေါ်သို့ လဲကျသေဆုံးသွားရလေတော့သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူ နှစ်ယောက်သည် သူတို့

တာဝန်များပြီးဆုံးသွားပြီဖြစ်၍ သစ်တောအုပ်ကလေးထဲသို့ ပြေး

တော့သည်။

ထူးခြားချက်ကား ဝတ်စုံနက်များသည် ဆွန်ပင်းနှင့် ချိန်ဖင်ရင်တို့

ခန္ဓာကိုယ်ပေါ်သို့ တစ်ချက်ကလေးမျှ ရှာဖွေခြင်းမပြုကြခြင်းပင်တည်

ထိုသူနှစ်ယောက်သည် သစ်တောအုပ်ကလေးထဲသို့သာ တန်းတ

မတ်မတ် ပြေးဝင်ကြသည်။ သူတို့၏ ခေါင်းဆောင်သည် ထိုသစ်တော

အုပ်ကလေးထဲ၌ စောင့်နေမည် မဟုတ်ပါလော။

တစ်ယောက်သောသူက လေချွန်လိုက်၏။ သူ့လေချွန်သံသာ ပဲ့တ

ထပ်သွားသည်။ တုံ့ပြန်လေချွန်သံကား ပေါ်ထွက်မလာခဲ့ချေ။ နောက်

တစ်ယောက်က ထပ်မံ လေချွန်ပြန်၏။ ထိုနည်းဒုင်းသာ။

အချိန်ကြာမြင့်လာသောအခါ ဝတ်စုံနက် နှစ်ယောက်တို့ စိတ်

လာလေတော့၏။ သစ်တောထဲ၌ ဂရုစိုက် ရှာဖွေကြတော့သည်။



"ဟာ"

နှစ်ယောက်စလုံး လန့်သွား၏။ သူတို့၏ ခေါင်းဆောင်ကား သစ်ပင်

င်း၌ သေဆုံးနေခဲ့လေပြီ။

ပဝါနက် စည်းထားသူ တစ်ယောက် အထိတ်တလန့်အော်မေး

သ၏။

"နံပါတ်ငါး အစ်ကိုတော် ခင်ဗျား ခင်ဗျားဘယ်လိုဖြစ်ရတာလဲဗျာ"

ထိုသူက အော်မေးပြီး အလောင်းကို ကိုင်ရန် ဟန်ပြင်သည်။

ကျန်တစ်ယောက်သည် ထိုသူကဲ့သို့ နမော်နမဲ့နိုင်သူ မဟုတ်ပေ။

အလောင်းကို စစ်ဆေးရာ သံသယဖြစ်ဖွယ်ရာအချက်များကို

တွေ့ရှိပြီး နေလေပြီ။

"မကိုင်နဲ့ နံပါတ်ငါး အစ်ကိုတော် လုပ်ကြံခံရတာပဲ၊ အပြင်းထန်ဆုံး

အဆိပ်မိထားပုံရတယ်"

ဝတ်စုံနက် နှစ်ယောက်သည် ဘေး ပတ်ဝန်းကျင်ကို အကဲခတ်

ကြည့်သည်။ လူရိပ်လူယောင် လုံးဝမတွေ့ရသဖြင့် မည်သူလုပ်ကြံ

သွားကြောင်းလည်း သိခွင့်မရတော့ချေ။ သူတို့သည် သူတို့နောင်တော်၏

အလောင်းကို ခက်ခက်ခဲခဲ တွင်းတူးမြှုပ်နှံလိုက်ကြရသည်။

ထိုအချိန်မှာပင် ဆွန်ပင်းနှင့် ချိန်ဖင်ရင်တို့ အသတ်ခံထားသည့်

နေရာသို့ ဘုန်းတော်ကြီးတစ်ပါး ရောက်ရှိလာသည်။ ဆွန်ပင်းတို့၏

အလောင်းကို တွေ့သည်နှင့် ဘုန်းတော်ကြီးမှာလွန်စွာ စိတ်ထိခိုက်

သွားတော့သည်။

"မြတ်စွာဘုရား ခြေလှမ်းတစ်လှမ်းနောက်ကျမိတာနဲ့ လူနှစ်ယောက်

အသက် ဆုံးရပါပေါ့လား၊ အင်း တကာကြီး ဆွန်ပင်းသာ အချိန်

တစ်နာရီ လောက် စောထွက်ခဲ့ရင် ကိုယ်တော်နဲ့ မလွဲနိုင်ဘူး။ ဒီလို

အခြေအနေမျိုး ဘယ်ရောက်နိုင်ပါ့မလဲ"

ဘုန်းတော်ကြီးက အလောင်းနှစ်လောင်းကို စမ်းသပ်ကြည့်ရှု သေဆုံးသွားမှန်း သေချာသောအခါ တွင်းတူး၍ မြှုပ်နှံသင်္ဂြိုဟ်ပေး တော့သည်။

အဖြစ်အပျက်များကား တိုက်ဆိုင်လွန်းလှ၏။

ထိုအချိန်မှာပင် ကျင်လင်းအာမခံသယ်ယူပို့ဆောင်ရေး တစ်ခုလုံး ရန်သူ၏ ဝင်အစီးကို ခံလိုက်ရသည်။

အာမခံအဖွဲ့သားအားလုံး၏ သွေးများ ချောင်းစီးခဲ့ရသည်။ အာ အဆောက်အအုံများ မီးသင့်ပြာကျခဲ့ရသည်။

ပိုင်ထက်ကျွင်း အပ်နှံထားခဲ့သော ဂန္ဓမာတစ်ယောက် သေဆုံးသွ ပြီလား။ လွတ်မြောက်သွားသည်လား ဆိုသည့်အချက်ကိုလည်း မည်သူ မပြောနိုင်ကြချေ။

မည်သို့ပင်ဖြစ်စေ ဂန္ဓမာအား အန္တရာယ် ပြုခြင်းသည် ကျန် ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်းအား ရန်စခြင်းပင်ဖြစ်လေသည်တကား

❖ ❖ ❖

အခန်း (၉၇)

## ထူးဆန်းသော လူပျောက်မှု

မြို့လယ် လမ်းမကြီး၏ အနောက်ဘက်အရပ်ဆီမှ အရွယ် တ်လတ် လူတစ်ယောက် လမ်းလျှောက်လာသည်။ သူ့အသွင်က းကဲနေသဖြင့် လူအများကြားတွင် ပေါ်လွင်လှသည်။

သူ့ကိုယ်ပေါ်တွင် မီးခိုးရောင် ဝတ်စုံကြီးကိုဝတ်ရုံထား၏။ မျက်နှာ ပါ်တွင် ဖုန်မှုန့်များ ပေကျံနေ၏။

သို့သော် ထူထဲသော မျက်ခုံးအောက်မှ အရည်တောက်လက် နေသော မျက်ဝန်းများကိုမူ ဖုံးကွယ်၍ မရနိုင်ပေ။

သူ့ကျောပေါ်တွင် ရှည်လျားသော မီးခိုးရောင် အထုပ်တစ်ထုပ်ကို းလွယ်ထားသည်။ သူသည် ပတ်ဝန်းကျင်ကို ဂရုစိုက်ဟန် မရှိချေ။

အရက်ဆိုင် ကစ်ဆိုင် တွေ့သောအခါ ခပ်တည်တည်ပင် ဆိုင်ထဲသို့ င်သည်။ ထောင့်ကျကျ စားပွဲတစ်လုံး၌ ဝင်ထိုင်သည်။

အရက်မှာသည်၊ ဟင်းလျာမှာသည်၊ မှာပြီးမှ ပတ်ဝန်းကျင်ကို ကြည့်သည်။

ဤဆိုင်ထဲ၌ အလေးဂရုပြုရမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိ

တော့ဟု သိသည်နှင့် ရောက်ရှိလာသည့်အရက်နှင့်ဟင်းလျာကို သောက်လိုက် စားလိုက် လုပ်နေတော့သည်။

မကြာမီ မြင်းခွာသံများ တခွပ်ခွပ်ကြားလာရသည်။ မြင်းခွ များသည်။ အရက်ဆိုင်ရှေ့၌ပင် ရပ်တန့်သွားသည်။

မြို့စောင့်တပ်သားများဖြစ်ဟန်တူသော လူများသည် ဆိုင်တွင်း ဝင်လာကြသည်။ ပုံစံကိုကြည့်ရသည်မှာ တစ်စုံတစ်ယောက်ကို လိုက် ရှာဖွေနေပုံရပေသည်။

ရှေ့ဆုံးမှသုံးယောက်သည် ဆိုင်ပိုင်ရှင်ထံသို့ ဦးတည်၍သွား ဆိုင်ရှင်က အလယ်မှလူကို လှမ်း၍ နှုတ်ဆက်သည်။

"ဘယ်လိုလဲဗျ နောင်ကြီးလီစန်း၊ ဟိုကိစ္စ အဖြေပေါ်ပြီလား"

ဆိုင်ထဲရှိ စားသောက်နေသူများ ငြိမ်သက်သွားကြသည်။ ဆိုင်ရှင် လီစန်းဆိုသူတို့၏ စကားသံကို နားစွင့်နေကြခြင်းဖြစ်သည်။

လီစန်းက သက်ပြင်းရှိုက်လိုက်ပြီးလျှင် နဖူးပေါ်မှချွေးစချွေးနများ သုတ်ပစ်လိုက်သည်။

သို့သော် သူ့မျက်နှာပေါ်မှ သောက အရိပ်အယောင်များက လွင့်ပြ ၍မသွားပေ။

"ဘာမှ မထူးခြားသေးပါဘူးဗျာ"

"ဗျာ မထူးခြားသေးဘူး ဟုတ်လား"

မြို့စောင့်တပ်သား လီစန်းသည် ထိုအုပ်စုထဲ၌ ခေါင်းဆောင်ဖြစ်ဟ တူ၏။ သူ စားပွဲတစ်လုံး၌ ဝင်ထိုင်လိုက်သောအခါ ကျန် ကပ်သား လည်း ၊ အကုန် ဝင်ထိုင်ကြသည်။

လီစန်းသည် အတော်ကလေး စိတ်ဓာတ်ကျနေပုံရသည်။ အ မြို့စောင့်တပ်သားများလည်း စိတ်ဓာတ်ကျနေပုံရလေသည်။



ဆိုင်ရှင်က လီစန်းဆိုသူ၏ စားပွဲ၌ လာထိုင်သည်။

"နောင်ကြီးလီစန်း၊ ခင်ဗျားတို့ ဒီသတင်း လိုက်နေတာကြာပြီ ဟုတ်လား"

"ကြာပြီပေါ့၊ ရက်သတ္တ တစ်ပတ်လောက်တော့ ရှိပြီးပေါ့ဗျာ"

"ဟာ ရက်သတ္တတစ်ပတ်ဆိုတာ သိပ်ကြာသေးတာတော့ မဟုတ် ဘူး နောင်ကြီးလီစန်းရ"

"ဟာ ကြာပြီလားဗျာ၊ ရက်သတ္တတစ်ပတ်ဆိုတာ နည်းတဲ့ရက် ဟုတ်ပါဘူး။ တော်ရုံတန်ရုံ ကိစ္စဆိုရင် သဲလွန်စအများကြီး ရနေပြီပေါ့ ဗျ၊ နောက်ထပ် သုံးရက်လောက်နေလို့မှ ဘာသဲလွန်စမှမရရင် ကျုပ်တို့ နပြည်တော်ကို ပြန်ရုံပဲရှိတော့တယ်၊ ဘာမှ မစုံစမ်းနိုင်တဲ့အတွက် အရေးယူခံရဖို့ပဲ ရှိတော့တယ်"

"ဒီအမှုက ဒီလောက်တောင်ပဲ ကြီးသလားဗျာ"

"ကြီးတာပေါ့ဗျာ၊ ဒီကိစ္စ နယ်နယ်ရရကိစ္စမှ မဟုတ်ဘဲ"

ထိုစဉ် အရက်အိုးများနှင့် ခွက်များ လာချပေးသဖြင့် လီစန်းနှင့် အပေါင်းအဖော် တပ်သားများသည် ငုံ့သောက်နေကြလေတော့၏။

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်နှင့်မြို့စောင့်တပ်သား လီစန်းတို့၏ စားပွဲသည် ကျောချင်းကပ် အနေအထားမျိုးရှိသည်။

ဆိုင်ရှင်မှာ လက်တို့ခံရသဖြင့် လှည့်ကြည့်၏။ မီးခိုးရောင်ဝတ်စုံနှင့် သူကို တွေ့သဖြင့် မေးဆတ်ပြသည်။

ဘာသဘောနှင့် လက်တို့တာလဲဟု မေးမြန်းသည့်သဘောပင်။

မီးခိုးရောင် ဝတ်စုံနှင့်လူက တီးတိုးမေး၏။

"ခု ဘာဖြစ်နေတာလဲဗျ"

ဆိုင်ရှင် -

"ဘာဖြစ်လို့လဲ"

"ခုပဲ နောင်ကြီးလီစန်းဆိုတဲ့ ပုဂ္ဂိုလ်က ညည်းညည်းညူညူ လုပ် တာပဲ၊ သူ ဘာပြဿနာဖြစ်နေသလဲ"

"ဩော် ဒါလား၊ ဒီမြို့က မြို့စားကြီးကို လိုက်ရှာနေတာပါ၊ သူ ရှာနေတာ ရက်သတ္တတစ်ပတ်လောက်တော့ ရှိနေပါပြီ"

သူတို့ အပြန်အလှန်ပြောသည့် စကားကို လီစန်းက ကြားသွား ထို့ကြောင့် လီစန်းသည် သတင်းရလိုရငြား မီးခိုးရောင်ဝတ်စုံနှင့်လူ လှမ်း၍ရှင်းပြသည်။

"မြို့စားကြီးဟာ လွန်ခဲ့တဲ့တစ်ပတ်ကျော်ကျော်က သူ့အမိန့် တံဆိပ်တုံးနဲ့အတူ ပျောက်ဆုံးသွားခဲ့ရပါတယ်၊ ကျုပ်တို့ တစ်ဖွဲ့လုံး ပြေး ရှာဖွေခဲ့ပေမယ့် ဘာသဲလွန်စမှ မတွေ့ခဲ့ရပါဘူး"

ဆိုင်ရှင်က ဖြည့်စွက်ပြောပြန်၏။

"မြို့စားကြီးရဲ့အမှုထမ်းသက်က ခြောက်နှစ်တောင်ရှိနေပြီ မဟုတ် လား၊ သူ့မှာ ခွေးမျိုးညာတကာ ရှိတယ်ရယ်လို့ တစ်ခါမှ မကြားခဲ့မိ သူက အမြဲတမ်း တစ်ယောက်တည်း သွားလာလှုပ်ရှား တတ်တ မြို့သူမြို့သားတွေကိုလဲ တကယ်ချစ်ခင်ကြင်နာတယ်၊ မြို့သူမြို့သား အားလုံး ဒီသတင်းကြားပြီး စိတ်မကောင်း ဖြစ်နေကြတာပါ"

ထိုစဉ် မီးခိုးရောင်ဝတ်စုံဝတ် လူက ရုတ်တရက် မတ်တတ်ထ လိုက်ပြီး

"ဆရာလီစန်း၊ ခင်ဗျား ခုနက ပြောတဲ့စကားအတိုင်း ဆို မြို့စား ကြီး ပျောက်ဆုံးသွားတယ်လို့ ဆိုလိုတာပေါ့"

လီစန်းက ခေါင်းညိတ်ပြ၏။

"ဆိုလိုတာ မဟုတ်ပါဘူး၊ ပျောက်ကို ပျောက်နေတာပါ"



လီစန်းက ထိုလူရွယ်အား စူးစမ်းသော မျက်လုံးများဖြင့် ကြည့်ကာ ပ်မံမေးမြန်းလိုက်သည်။

"နောင်ကြီးကို ကျွန်တော်ပြန်မေးပါရစေ ခင်ဗျာ၊ နောင်ကြီးအနေနဲ့ စားကြီးကို တွေ့ခဲ့ပါသလား၊ ဒါမှမဟုတ် အရင်ကကော သိကျွမ်းဖူးပါ သလား"

မီးခိုးရောင် ဝတ်စုံနှင့်လူ သက်ပြင်းချလိုက်သည်။

"ကျွန်တော်နဲ့ မြို့စားကြီးဟာ မိတ်ဆွေဟောင်းတွေ ဆိုပါတော့ဗျာ"

"ဒါဖြင့် နောင်ကြီးက ဘယ်မျိုးနွယ်ကပါလဲ ခင်ဗျာ"

"မျိုးနွယ် ကြီးကြီးမားမား ထဲကမဟုတ်လို့ မပြောပါရစေနဲ့"

လီစန်း အမူအရာ ပြောင်းသွားသည်။ ချောင်းတစ်ချက်ဟန့်လိုက်ပြီး သူ့လူများကို အမိန့်ပေးလိုက်၏။

"ရဲဘော်တို့ ငါတို့အတွက် တစ်ခုတည်းသော သဲလွန်စကို တွေ့နေ ပြီ"

မြို့စောင့်တပ်သားများ ဝုန်းခနဲ ထလာကြ၏။ မီးခိုးရောင် ဝတ်စုံနှင့် လူ ခပ်အေးအေးပင် ရှင်းပြ၏။

"ဘာသဲလွန်စလဲဗျာ၊ ခင်ဗျားတို့က ကျွန်တော်နဲ့ ဒီကိစ္စ ပတ်သက် နေတယ်လို့ စွပ်စွဲနေတာလား၊ ကျွန်တော်ကိုယ်တိုင်တောင်မှ သူ့ကို ဘယ်နားသွားရှာရမယ်မှန်း မသိဘူးဗျာ"

လီစန်းက ရုတ်တရက်အချက်ပြလိုက်ရာ မြို့စောင့်တပ်သားများသည် မီးခိုးရောင် ဝတ်စုံနှင့်လူအား ဝုန်းခနဲ ခုန်အုပ်ပြီး ဖမ်းဆီးလိုက်ကြ၏။

သို့သော် သူတို့ထင်သလို ဖြစ်မလာပေ။ မီးခိုးရောင်ဝတ်စုံနှင့်လူသည် တစ်ပတ် ကျွမ်းပစ်လျက် ထိုလူအုပ်ကြားမှ ဖောက်ထွက်သွားလေ၏။

ဆိုင်ထဲရှိ လူအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြတော့သည်။

လူရှင်းရာ တစ်ဘက်၌ ကြောင်ကျ ကျသွားသည်။ မီးခိုးရောင် ဝတ်စုံနှင့်လူက ခပ်အေးအေး ပြောသည်။

"အဲဒီလို အကြမ်းပတမ်းတော့ မလုပ်ကြပါနဲ့၊ ကျုပ်နဲ့မြို့စားကြီး ခုချိန်မှာ လုံးဝ မပတ်သက်ခဲ့ရသေးဘူး ဆိုတာတော့ ယုံကြပါခင်ဗျာ"

"နောင်ကြီးရဲ့ပညာက တကယ်ကောင်းတာပဲ"

လီစန်းက ချီးကျူးလိုက်၏။ ဆက်မဖမ်းတော့ပေ။

မီးခိုးရောင် ဝတ်စုံနှင့်လူက ဘာမျှ ပြန်မပြောဘဲ ဆိုင်ရှင်ကို သူ့ ခါးကြားထဲမှ ငွေအစ အချို့ ထုတ်ပေးပြီး ဆိုင်အပြင်ဘက်သို့ ထွက်သွား တော့သည်။ လီစန်းက ရုတ်တရက်လှမ်းတားလိုက်၏။

"မိတ်ဆွေ နေစမ်းပါဦးဗျ"

မီးခိုးရောင် ဝတ်စုံနှင့်လူက ပြန်မေး၏။

"ဘာလဲ ဘာကိစ္စရှိပြန်ပြီလဲ"

လီစန်းက ဘေးဘီဝဲယာကို အကဲခတ်ကြည့်သည်။ ထို့နောက် လေသံတိုးတိုးဖြင့် မေး၏။

"မြို့စားကြီး မင်းမှုထမ်းတာဝန်မထမ်းဆောင်ခင်တုန်းက သိုင်း လောကထဲက ပုဂ္ဂိုလ်တစ်ယောက်လားဟင်"

မီးခိုးရောင် ဝတ်စုံနှင့်လူသည် ထိုအမေးကြောင့် အံ့သြသွား၏။

"ဘာလဲ ဆရာလီစန်းက ဒီကိစ္စကိုတောင် မသိဘူးလား"

ထိုသူသည် စကားဆုံးသည်နှင့် ကိုယ်ကို တစ်ချက် လှုပ်လိုက်သည်။ ရိပ်ခနဲ ဆိုင်ပြင်သို့ ရောက်သွားသည်။

လီစန်းမှာမူ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ရှာလေတော့သည်။

❖ ❖ ❖



မီးခိုးရောင် ဝတ်စုံနှင့်လူသည် မြို့စားကြီးအကြောင်းတွေးရင်း ခရီး ဆက်လာခဲ့၏။

သူနှင့် မလှမ်းမကမ်း အရက်ဆိုင် တစ်ဆိုင် ရှေ့၌မြင်းတော်တော် များများ ချည်နှောင်ထားသည်ကို တွေ့လိုက်ရပြန်သဖြင့် သတင်းစနည်း ရန် ထိုအရက် ဆိုင်ထဲသို့ ထပ်ဝင်ပြန်သည်။

အဝင်ဝ တံခါးရှေ့တွင် ထိုင်နေသူလေးဦးမှာ သိုင်းသမားတွေမှန်း သိသာလှပေသည်။ ထိုလေးယောက်သည် မီးခိုးရောင်ဝတ်စုံနှင့်လူ ဝင်လာ သည်ကို သတိမပြုမိဘဲ ကျန်လုဂိုဏ်းအား တိုက်ခိုက်မည့်အစီအစဉ် အချို့အား ပြောဆိုနေကြပေသည်။

"အင်း ဟုတ်ပါပြီ၊ ဒီသတင်းက ဒီလူတွေဆီက ပေါက်ကြားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့် အစ်ကိုကြီးလု အလျင်ဦးအောင် စောစောစီးစီး ထွက်သွားတာပဲ"

မီးခိုးရောင် ဝတ်စုံနှင့်လူက စိတ်ထဲမှ ရေရွတ်မိသည်။ ထို လေး ယောက်ထဲမှ တစ်ယောက်က ပတ်ဝန်းကျင်ကို အမှုမထားဘဲ လေသံ ကျယ်ကျယ်ဖြင့် ပြောပြန်သည်။

"ကျန်လုဂိုဏ်းခံနေရပြီ၊ ခံနေရတာလဲ မပြောနဲ့လေ၊ လူအင်အားမှ ရှိတာဘဲ"

အစ်ကိုကြီးဆိုသူက ဝင်မေး၏။

"မင်းက ဘာဖြစ်လို့ ကျန်လုဂိုဏ်းမှ လူအင်အားမရှိမှန်း သိရတာလဲ"

"ဒီနှစ်ထဲမှာ ကျွန်တော်တို့ တစ်တွေ နေရာအနှံ့အပြား လျှောက် သွားခဲ့ပြီးပြီပဲ၊ ကျန်လုဂိုဏ်းသားရယ်လို့ ဘယ်နေရာမှာ တွေ့ခဲ့ဖူးလို့လဲ၊ ကျန်လုဂိုဏ်းရဲ့ မရှိမဲ့ရှိမဲ့ အရှိန်အဝါလေးဟာ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့မှာပါ အစ်ကိုကြီးရာ"

"ညီထွေး မင်း စကားတွေ မှားနေပြီကွ၊ ဟား ဟား ဟား ဟား" ညီထွေး မခံချင်ဖြစ်သွားသည်။

"အစ်ကိုကြီး ဘယ်လိုမြင်နေလို့လဲ"

"ကျွန်လုဂိုဏ်းရဲ့ တပည့်လက်သားတွေကို တရုတ်ပြည်တောင်ပိုင်း ချောက်နေရာ၊ မြောက်ပိုင်းမှာ ခုနစ်နေရာ၊ အားလုံး ဆယ့်သုံးပြည်နယ် အနှံ့မှာ ဖြန့်ကျဲထားတယ်၊ တစ်ဦးဦးကသာ နှိုးဆော် လိုက်စမ်းပါ၊ ကျွန် ဂိုဏ်းသားတွေအသက်ကိုတောင် ဂရုမထားဘဲ စုဝေးလာကြမှာ အမှန် ပေါ့ကွ"

အစ်ကိုကြီးဆိုသူက အလေးအနက် ဆက်၍ပြော၏။

"ကျွန်လုဂိုဏ်း ခေါင်းဆောင်ဟောင်းတွေ တော်တော်များများ သိုင်းလောကထဲ ပြန်ဝင်လာကြကုန်ပြီ၊ မင်းစကားပြောရင် သတိထားပြော တို့ ပတ်ဝန်းကျင် အနီးအနားမှာ ကျွန်လုဂိုဏ်းသားတွေ ရှိချင်ရှိ လိမ့်မယ်၊ ဘယ့်လိုမှ တပ်အပ်သေချာ ပြောလို့ရတာ မဟုတ်ဘူး"

လူငယ်ကား ခပ်ပေါ့ပေါ့ပင် သူ့အစ်ကိုကြီး၏ သတိပေးစကား ပြုံး၍ပင် နားထောင်နေသေးသည်။

"ငါသိသလောက်ပြောရရင် ဟောဒီ အနီးအနားတစ်ဝိုက်မှာ ဆူ ပူပူဖြစ်နေတာ နှစ်ရက်လောက်ရှိပြီ၊ မြို့စားကြီးလဲ သူ့အမိန့်ပေး တံဆိပ် တုံးနဲ့အတူ ပျောက်ဆုံး နေတယ်လို့လဲ ကြားရတယ်၊ လုမျိုးနွယ်မြို့စား ကြီးဟာ တစ်ခေတ်တစ်ခါက ကျွန်လုဂိုဏ်းရဲ့ ဆရာကြီးလုဆိုတဲ့ပုဂ္ဂိုလ် ဖြစ်ဖို့ ရာနှုန်းပြည့်ကျိန်းသေနေတယ်"

ထိုစကားကြားလိုက်ရသည့် အခါတွင်မှ ညီထွေးဆိုသော လူငယ် အပါအဝင် သုံးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ

သူတို့သည် ကျွန်သတင်းများကို လုံးဝ မကြားရသေးပါပေ။



အသံအောအောနှင့် အစ်ကိုကြီးဆိုသူက တိုးညင်း ညင်သာသော အသံဖြင့် ဆက်လက်ပြောပြနေသည်။

"တစ်နေ့ မိုးမလင်းတလင်း အချိန်ကလေးမှာ ငါအမှတ်မထင် မြို့စားကြီးအိမ်ရှေ့က ဖြတ်သွားခဲ့မိတယ်၊ အဲဒီအချိန်မှာ ပြူတင်းပေါက် က လူရိပ်တစ်ရိပ် ခုန်ထွက်လာတာကို တွေ့လိုက်ရတယ်၊ ကိုယ်ဖော့ ပညာကောင်းလွန်းလို့ ငါတအံ့တသြဖြစ်သွားမိတယ်၊ အသေအချာ ကြည့်လိုက်တော့မှ မြို့စားကြီးကိုယ်တိုင် ဖြစ်နေတာကိုး၊ အံ့သြစရာ ပြီးကောင်းနေတာက မြို့စားကြီးရဲ့ အဝတ်အစားတွေပဲ၊ အရင်ဆရာကြီးလု တ်စားသလို အစိမ်းရောင်ဖျင်ကြမ်းထည်ကြီးကိုပဲ ဝတ်ဆင်ထားတယ်၊ ဖာအဝေးတွေကလဲ ဗရပွပဲ၊ ကဲကြည့်၊ အခုဆိုရင် မြို့စားကြီး ပျောက်ဆုံးနေပြီဆိုတဲ့ သတင်းကို မင်းတို့ကြားနေကြရပြီ"

ညီထွေးဆိုသူက အထစ်ထစ် အငေါ့ငေါ့ဖြင့် ဝင်ပြောလေသည်။

"အစ်ကိုကြီး အစ်ကိုကြီး ဆိုလိုတာက ဆရာကြီးလုဟာ သိုင်းလောက ထဲက နုတ်ထွက်ပြီး မြို့စား ဝင်လုပ်နေတယ်လို့ ဆိုလိုက်တာပေါ့ ဟုတ်လား၊ အခု ကျွန်လုဂိုဏ်းရဲ့ သတင်းကိုကြားတော့ ချက်ချင်း တံဆိပ်တုံးတောင် အပ်နိုင်ဘဲ ကျွန်လုဂိုဏ်းဆီ ပြန်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ ဟုတ်လား"

"ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒါကြောင့် ညီထွေးကို စကားပြောရင် သတိ ထား ဆင်ခြင်ပြောပါလို့ ပြောရတာပေါ့၊ ကျွန်လုဂိုဏ်းရဲ့ အင်အားကို ဘယ်တော့မှ အထင်မသေးလေနဲ့"

"ချလွမ်း"

သူ့စကားမဆုံးခင်မှာပင် ကြေးလင်ပန်းတစ်ချပ်က သူတို့ လေး ယောက်၏ စားပွဲအလယ်သို့ ကျရောက်လာခဲ့သည်။

စားပွဲပေါ်တွင်တင်ထားသော ပန်းကန်လုံးများ ကွဲသွားသည်
သိုင်းသမားလေးယောက်သည် ဒေါသဖြင့် ဆတ်ခနဲမော့ကြည့်လိုက်
ထိုလူ၏ လည်ပင်းတွင် ဗေဒင်ပညာရှိ ဟူသော စာတန်းကလေး
ဆွဲထားကြောင်း တွေ့ရ၏။

ကျောပေါ်တွင်လည်း အလံတစ်ချောင်းစိုက်ထားသည်။ အဝတ်အစား
များ ရှုပ်ပွေအောင်ဝတ်ဆင်ထားသည်။

ဗေဒင်ဆရာသည် ဒေါသဖြစ်သွားသော သိုင်းသမားလေးယောက်
တောင်းပန်လိုက်သည်။

"ကျွန်တော် မတော်တဆ ဖြစ်သွားရတာပါဗျာ၊ ဆရာတို့ စားသော
ပွဲကို အနှောင့်အယှက် ပေးသလို ဖြစ်သွားရင် ခွင့်လွှတ်ပါခင်ဗျာ"

မီးခိုးရောင် ဝတ်စုံနှင့် လူသည် ဗေဒင်ဆရာကို တွေ့လိုက်သည်
စိတ်လှုပ်ရှားသွား၏။

ဗေဒင်ဆရာသည် သူ၏ ကြေးလင်ပန်းကြီးကို လူလေးယော
အလယ်သို့ တမင်ပစ်ချခြင်း ဖြစ်ကြောင်းကိုလည်း သူ သိနေသည်

ဗေဒင်ဆရာသည် မည်မျှတောင်းပန်စေကာမူ သိုင်းသမားလေးဦးမှ
ဒေါသကို မထိန်းနိုင်ဘဲ ဖြစ်သွားကြသည်။ သူတို့ ဝုန်းခနဲ ထလာကြ

ဗေဒင်ဆရာသည် တဖြည်းဖြည်း နောက်ဆုတ်သွား၏။ သူ့လက်ည
ကမူ သိုင်းသမားလေးယောက်ဆီသို့ ထိုးထားသည်။

"ဆရာတို့ ဒေါသ သိပ်မကြီးကြပါနဲ့၊ အခုအချိန်မှာ ဆရာတို့
ကံဇာတာ သိပ်နိမ့်နေတယ်၊ အသက်အန္တရာယ် ထိခိုက်မယ့်ကိန်းမြ
နေ့တယ်၊ အားလုံး သတိထားကြပါ၊ အားလုံး သတိထားကြပါ"

ထိုလေးယောက်ထဲမှ အငယ်ဆုံးဖြစ်သူ လူငယ်က ဗေဒင်ဆရာကြ
အား သိုင်းနက်ဆုံးမရန် ရှေ့သို့တက်သွား၏။



သို့သော် အစ်ကိုအကြီးဆုံးဖြစ်သူက လှမ်းဆွဲပြီး ဗေဒင်ဆရာကြီးအား
မေးလိုက်သည်။

"ခင်ဗျားစကားက ဘာအဓိပ္ပါယ်လဲဗျ"

ဗေဒင်ဆရာက် ပြုံး၍ ပြောသည်။

"ဆရာတို့မှာ ကြမ္မာဆိုး ကျရောက်မှာ မြင်လို့ ကျွန်တော်က
စေတနာနဲ့ ပြောတာပါ၊ ကျွန်တော်ပြောတာကို မယုံကြည်ရင်လဲ
ပါတယ်"

ဗေဒင်ဆရာသည် စားပွဲပေါ်မှ သူ၏ ကြေးလင်ပန်းကို လှမ်းယူရန်
ာန်ပြင်လိုက်၏။ အငယ်ဆုံးလူငယ်က ကြေးလင်ပန်းကို လက်သီးဖြင့်
ထိုးချလိုက်သည်။

"ခွမ်း"

"ခဏနေဦး"

ဗေဒင်ဆရာ မျက်မှောက်ကြုတ်သွားသည်။ လက်က လင်ပန်းကို
ကိုင်ဆောင်ထားနေမိပြီ ဖြစ်၏။ သို့သော် တစ်ဖက်မှ ကြေးလင်ပန်းကို
လက်သီးဖြင့် ဖိထားသဖြင့် ရုတ်တရက်ဆွဲယူ၍ မရဘဲရှိသည်။

"ကျုပ် လင်ပန်းကိုပေးပါ"

ဗေဒင်ဆရာက လင်ပန်းကို ဆွဲယူရင်း တောင်းဆိုလေ၏။ ညီထွေး
ဆိုသူသည် ဘာစကားမျှ မပြောဘဲ ဗေဒင်ဆရာကြီးဆီသို့ လက်ဝါး
တစ်ချက် ရိုက်ထုတ်လိုက်သည်။

"ဒိ"

"ဖြန်း"

ညီထွေးဆိုသူမှာ နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားရ၏။
သူ့မျက်စိထဲတွင် မီးခိုးရောင် အင်္ကျီလက်ပွကြီးကို မြင်လိုက်ရသောကြောင့်
ဖြစ်ပေသည်။

အခန်း(၉၁

## ညီနောင်သားချင်း တွေ့ဆုံခြ

ဗေဒင်ဆရာသည် မီးခိုးရောင်ဝတ်စုံနှင့်လူကို တစ်ချက်လှမ်းကြ
လိုက်၏။ သူ့မျက်နှာ၌ ဝမ်းသာသည့်အရိပ်အယောင်များ ယှက်သမ်းသွ
သည်။ သို့သော် သူသည် နှုတ်ဆက်ခြင်းမပြုချေ။

မီးခိုးရောင်ဝတ်စုံနှင့်လူက သိုင်းသမားလေးယောက်အား ခေ
ငံငံပင် စကားပြောသည်။

"သူ ထမင်းတစ်လုပ်အတွက် သူ့ဖာသာ အလုပ်လုပ်တာ
ခင်ဗျားတို့ က ဘာအနှောင့်အယှက်ပေးနေကြတာလဲဗျာ"

ဤစကားမှာ ကျန်လုဂိုဏ်း၏ လက်သုံးစကားဖြစ်ပေသည်

နှစ်ပေါင်းနှစ်ဆယ်ခန့်မျှ တိမ်မြုပ်ပျောက်ကွယ်နေရာမှ ပြန်လ
ထွက်ပေါ်လာသော စကားတစ်ခွန်းပင်တည်း။

သိုင်းသမားလေးယောက်မှ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွာ
သည်။ လေးယောက်စလုံး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောသည်။

"ခင်ဗျာ - ခင်ဗျား တို့ ကျန်လုဂိုဏ်းသား"

"ဟဲ - ဟဲ"



မီးခိုးရောင်ဝတ်စုံနှင့်လူက ဗေဒင်ဆရာ၏ပခုံးကို လှမ်းပုတ်လိုက်၏။

"ညီလေး - သွားကြစို့"

ဗေဒင်ဆရာလည်း မဆိုင်းမတွပင် လိုက်ပါသွားသည်။

ိုင်ပြင်ရောက် မှ ဗေဒင်ဆရာက မေးသည်။

"နောင်ကြီး စီစုဟု ခင်ဗျား - ခင်ဗျားကကော ဘယ်လိုလုပ်ပြီး
ကို ရောက်လာရတာလဲ"

မီးခိုးရောင်ဝတ်စုံနှင့်လူမှာ စီစုဟုဖြစ်၏။ ဗေဒင်ဆရာမှာ သံမဏိ
ကောင်ဖြစ်၏။

နှစ်ယောက်စလုံး ကျန်လုဂိုဏ်း၏ မြောက်ပိုင်းဒေသ ရွှေသံမဏိ
လးဦးထဲမှ နှစ်ဦးဖြစ်၏။

သူတို့နှစ်ယောက်မှာ နဂိုကတည်းက ပခုံးဖက်ပေါင်းသင်းခဲ့သော
သွးသောက်ရဲဘော်ဖြစ်၏။

တာရာတောင်ကြားတွင် ကျန်လုဂိုဏ်းချုပ်ကြီးယန်လု ပျောက်ကွယ်
ားပြီးသည့်နောက်ပိုင်း ဂိုဏ်းပြိုကွဲကာ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြ၏။

ဆယ့်ရှစ်နှစ်လုံးလုံး သတင်းအစအနမရကြဘဲ ယခုမှ ပြန်လည်ဆုံ
တွေ့ကြခြင်း ဖြစ်တော့သည်။

မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ရသည့်အချိန်၌ ရှေးဟောင်းနှောင်း
ဖြစ်များကို ပြန်ပြောချင်ကြသည်။ သို့သော် လောလောဆယ်၌
န်လုဂိုဏ်း၏ သတင်းက အရေးကြီးဆုံးဖြစ်နေပေသည်။

စီစုဟုက -

"ညီလေး - မာကောင် - ဒီနေ့ ဂိုဏ်းသစ်ပေါ်နေတာ ကြားပြီးပြီ
ဟုတ်လား"

မာကောင်က ခေါင်းညိတ်လိုက်၏။

"ကြားပါတယ် နောင်ကြီးရာ၊ ဖေးဖန်ဂိုဏ်းဆိုတာ အခ
အညတရဂိုဏ်းကလေးပါ။ အခု ဘယ်လိုကဘယ်လို သတင်းကြီးလာသ
မသိပါဘူး။ အခုဆိုရင် တရုတ်ပြည်တစ်ပြည်လုံးကတောင် ဒီဂိုဏ်း
ကြောက်ရမလို ဖြစ်နေပြီ"

"အတင့်ရဲတာကတော့ ပြောမနေနဲ့တော့၊ ကျုပ်တို့ ညီအစ်ကို
တစ်ယောက်ကိုတောင် ဒဏ်ရာရအောင်လဲ လုပ်လိုက်သေးတ
နောက်ပြီး သိုင်းလောကတစ်ခုလုံးဟာ သူ့အောက်ရောက်ရမယ်လို့ ကြေ
ကြော်နေပြန်တယ်၊ ဒါထက် ဂိုဏ်းချုပ်ကြီးရဲ့သတင်းကို ညီလေး ကြား
သလား"

"ကြားတော့ကြားမိပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် အသက်ငယ်လွန်းတယ်၊ ပညာမစုံလင်နိုင်သေးဘူး
ပြောမလို့မဟုတ်လား၊ ဒါတွေထားလိုက်ပါညီလေး"

မာကောင်က သူကြားခဲ့ရသည့် သတင်းများကို ပြန်လည်ဖော
သည် ချသည်။

"နောင်ကြီး စိစုဟု - နောင်ကြီးထန်၊ နောင်ကြီးဝမ်းနဲ့ ရှောင်
တို့လဲ သိုင်းလောကထဲမှာ ထွက်ပေါ်လာကြပြီ နောက်ပြီး ကျန်လောင်
လည်း ပြန်ရောက်လာပြီတဲ့"

"အင်း - စောစောတုန်းက ဟို လေးယောက်ပြောတဲ့ စကားထဲ
ဆရာကြီးလုလဲ ထွက်သွားပြီလို့ ကြားလိုက်ရတယ်၊ ငါတို့ ဆုံစည်းမိ
တော့ ငါတို့အကြောင်း သိသွားအောင် ကောင်းကောင်းကြီး အစွမ်း
လိုက်ဦးမယ်"

စိစုဟုက အားတက်သရောပြောသည်။ မာကောင်သည် ကြား
ရသည့် သတင်းများကြောင့် နှစ်တောင်းအားရဖြစ်နေသည်။



သူတို့အားလုံး အချိန်းအချက်တစ်ခုကြောင့် ဇာတ်မြုပ်နေရာမှ
ပြန်လည်ထွက်ပေါ်လာကြခြင်း ဖြစ်တော့သည်။

❖ ❖ ❖

နှစ်ယောက်သား နှစ်ရက်မျှ ခရီးပြင်းနှင်လာကြရာ မြို့ငယ်လေးတစ်
မြို့သို့ ရောက်ရှိလာကြသည်။ ထိုမြို့ကလေးမှာ ငယ်ပင်ငယ်သော်လည်း
စည်ကားသိုက်မြိုက်မှုတော့ရှိနေသည်။

မာကောင်၏ ဗေဒင်ဆရာဝတ်စုံကြောင့် လူအများက ကွက်ကြည့်
ကွက်ကြည့် လုပ်သွားကြသည်။

သူတို့သည် ရှေနဂါးအရက်ဆိုင်ကို ရှာကြသည်။ ရှေနဂါး အရက်
ဆိုင်မှာ မြို့လယ်ခေါင် ရှိနေ၏။

ဆိုင်ထဲသို့ ဝင်လျှင်ဝင်ချင်း ဆိုင်ရှင်က လက်သီးနှစ်ဘက်ဆုပ်ကာ
ဂါရဝပြု၏။

"နောင်ကြီး မာကောင် ဆိုတာများလားခင်ဗျာ"

မာကောင်မှာ အံ့အားသင့်သွားသည်။ ဆိုင်ရှင်ကို မယုံကြည်
နိုင်သော အကြည့်ဖြင့် စူးစိုက်ကြည့်လိုက်ပြီး -

"ဟုတ်ပါတယ်၊ မိတ်ဆွေက"

ဆိုင်ရှင်သည် ဂိုဏ်း ရိုကျိုးစွာ ဂါရဝပြုပြန်သည်။

"ဒါဆိုရင် ကျေးဇူးပြုပြီး အပေါ်ထပ်ကို ကြွပါခင်ဗျာ"

"ဟား ဟား ဟား"

အပေါ်ထပ်လှေကားပေါ်မှ ကျယ်လောင်သော ရယ်သံကြီး
ထွက်ပေါ်လာသည်။

မာကောင်နှင့်စီစုဟုတို့ ပြိုင်တူမော့ကြည့်လိုက်ရာ အရွယ်လင်လူကြီးတစ်ယောက် ရယ်မောနေသည်ကို တွေ့လိုက်ရသည်။

နှစ်ယောက်သား အံ့အားသင့်ကာ ပြိုင်တူပင် အော်ဟစ်လိုက်မိ၏။

"နောင်ကြီး လျှို"

ထိုသူက ရယ်ရယ်ပြုံးပြုံးပင် -

"ညီလေး မာကောင်နဲ့ ညီလေး စီစုဟု၊ ဝမ်းသာတယ်ကွာ၊ ကဲ - ကဲ အပေါ်ထပ်ကို တက်ခဲ့ကြ"

နှစ်ယောက်သားမှာ တွေချင်ဇောကြောင့် အပေါ်ထပ်ဆီသို့ လှစ်ခနဲ ခုန်တက်လိုက်ကြသည်။

"ငါ ဒီအပေါ်ထပ်ကို အပြီးယူထားတယ်၊ ဒီမှာ မင်းတို့ကို စောင့်နေတာ နှစ်ရက်လောက်ရှိပြီ"

မာကောင် မျက်မှောင်ကြုတ်လိုက်ပြီး -

"နောင်ကြီးလျှိုက ကျွန်တော်တို့ ခရီးစဉ်ကို ကြိုတင်သိနေလို့လား"

"ဟား ဟား ဟား - မင်းရဲ့ အဝတ်အစားတွေက သတင်းလွှင့်နေတာကြာပြီပဲကွ၊ နောက်ပြီး မီးခိုးရောင်ဝတ်စုံနဲ့ လူတစ်ယောက်လဲ တစ်မြို့ဝင် တစ်မြို့ထွက်နဲ့ လမ်းသလားနေတယ်လို့ ကြားထားရတယ်၊ ငါက ဘယ်သူများလဲလို့ လက်စသတ်တော့ ညီလေး စီစုဟု ဖြစ်နေတာကိုး"

စီစုဟုက နောင်ကြီးလျှိုဆိုသူ၏ အဖိုးထိုက် အဖိုးတန် အဝတ်အစား များကို ကြည့်၍ မှတ်ချက်ချလေ၏။

"အစ်ကိုကြီးက ဒီနှစ်ပိုင်းတွေထဲမှာ အတော်လေးကြီးပွားချမ်းသာလာတယ် မှတ်တယ်"

နောင်ကြီးလျှိုက တဟားဟားရယ်လေ၏။



"ငါက နဂိုကတည်းက ကုန်သည်တစ်ယောက်ပဲကွ၊ သိုင်းသမား ရောက်သွားလို့သာ ကုန်သည်အလုပ်ကို စွန့်လွှတ်လိုက်ရတာ၊ သမားဘဝနဲ့ ဇာတ်မြှုပ်တော့ ကုန်သည်အလုပ်ပဲ ပြန်လုပ်ရတာပေါ့ လေးငါးနှစ်အတွင်းမှာ မြတ်လဲ အတော်မြတ်တယ်ကွ၊ ဒါပေမယ့် ကို ဘယ်လိုမှ သံသယမဖြစ်ပါနဲ့ကွာ၊ ဒါတွေဟာ သမ္မာအာဇီဝကျကျ ဖွေ ထားတဲ့ ပိုက်ဆံတွေပါ"

"ယုံပါတယ်ဗျာ၊ အစ်ကိုကြီးရဲ့ စိတ်ဓာတ်ကို ယုံကြည်ပါတယ်"

"ငါကွာ ချမ်းသာလာလို့ ပိုးထည်တွေသာ ဝတ်ထားရတယ်၊ အရင် နေကျ အဝတ်ကြမ်း အစုတ်အနုတ်တွေ ဝတ်ရသလောက် စိတ်တိုင်း ပါဘူး၊ ကုန်သည်ပွဲစားလောကဆိုတော့ အဝတ်အစားက သိပ်အရေး သကွ၊ နို့မဟုတ်ရင်တော့ ငါက တစ်နှစ်ပတ်လုံး ဖျင်ကြမ်းချည်းပဲ ချင်နေတာ"

နောင်ကြီးလျှိုက သူ့ပိုးထည်အင်္ကျီရှည်ကြီးကို လှန်လှောပြလိုက် ည်။

ထည်ဝါသော အဝတ်အစားအောက်၌ အဖာတစ်ရာခန့်ရှိသော ကြမ်းထည်ကြီးက အခန့်သားရှိနေလေသည်။

"ဟား ဟား - အစ်ကိုကြီးကတော့ကွာ၊ တယ်ပါပဲ"

စီစုဟုက ကြည်နူးစွာ ရယ်မောလိုက်မိသည်။ အစ်ကိုကြီးလျှိုဆိုသူ သံမဏိလေးယောက်တို့အနက် ခေါင်းဆောင်ဖြစ်ပေသည်။

ပထမပိုင်း၌ သုံးယောက်စလုံး အာလာပသလာပ စကားများသာ ကြသည်။

နောက်ပိုင်း၌မူ အရေးကြီးသော စကားများဆီသို့ ဦးတည်ကြလေ ာ၏။

"ဒီတစ်ကြိမ် ကျွန်တော်တို့ ရင်ဆိုင်ရမယ့် တိုက်ပွဲမှာ ကျွန်တော်

တို့ဘက်က အင်အားနဲ့ အခြေအနေ ဘယ်လိုရှိမယ်လို့ အစ်ကို ခန့်မှန်းမိသလဲ"

မာကောင်က အလေးအနက် မေးလိုက်သည်။

လှိုရီသည် ခေတ္တမျှ စဉ်းစားလိုက်သည်။

"ဒါတော့ ငါလဲ အပြတ်မပြောရဲဘူးကွ၊ ဒါပေမယ့် ဒီတစ် စုစည်းမှုဟာ ကျွန်လုဂိုဏ်းရဲ့ ဆယ်နှစ်အတွင်းမှာ အကြီးမားဆုံး စုစည်း ဖြစ်မှာတော့ ကျိန်းသေပဲ၊ ကြားရတဲ့ သတင်းတွေက သိပ်အားရ ကောင်းနေတယ်"

"ကျွန်တော်တို့ဖြတ်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာတော့ ဖေး ဂိုဏ်း ဘယ်လောက်ကြီးမားတယ်၊ အင်အား ဘယ်လောက်ကောင်းတ ဆိုတဲ့ သတင်းစကားတွေသာ ကြားခဲ့ရတယ်၊ အဲဒါက ကျွန်တော် ဂိုဏ်းအတွက် ဘာအတားအဆီးမှ မဖြစ်နိုင်ဘူးလား"

စီစုဟုက မေးသည်။ လှိုရီက ခေါင်းညိတ်သည်။

"ငါလဲ ငါ့ညီတွေနဲ့ ဒီပြဿနာကို ဆွေးနွေးချင်နေတာပဲ၊ ဖေး ဂိုဏ်းက အပြင်လူရဲ့ အကူအညီရတယ်လို့ ပြောသံကြားနေရတယ်"

စီစုဟုနှင့် မာကောင်တို့က နားမလည်နိုင်သော အမူအရာ တစ်ပြိုင်နက်တည်း မေးလိုက်ကြသည်။

"ဘယ်လိုအပြင်လူရဲ့ အကူအညီလဲ အစ်ကိုကြီးရဲ့"

"နယ်ခြားက သိုင်းသမားပုဂ္ဂိုလ်တွေကို ပြောတာပေါ့ကွ"

မာကောင်က အံကြိတ်၍ ပြောသည်။

"အို - ဘယ်ကအကူအညီဖြစ်ဖြစ် ကျွန်တော်တို့ ကြောက် မလိုပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ အချင်းချင်းတော့ ညီညွတ် လိုတယ်၊ ကျွန်တော်တို့ ခေါင်းဆောင်တွေအားလုံး စုစည်းမိရင် ဒီ ဖေးဖန်ဂိုဏ်းကို ကြောက်စရာမလိုပါဘူး"



လှိုရီက ခေါင်းညိတ်၏။

"ဒါတော့ ဒါပေါ့၊ ဘာပဲဖြစ်ဖြစ် ချိန်းထားတဲ့နေရာကိုတော့ ငါတို့ ကြိုရောက်မှဖြစ်လိမ့်မယ်"

စီစုဟုက မခံချင်စိတ်ဖြင့် ပြောသည်။

ကျန်းနန်မြို့သည် မြို့ကြီးဖြစ်သည်နှင့်အညီ လူအလွန် စည်ကား၏။ လှိုရီ၊ စီစုဟု နှင့် မာကောင် တို့သည် မြို့ထဲသို့ဝင်၍ စနည်းနာကြသည်။

ကျွန်လုသိုင်းသမားများ တွေ့ဆုံမည့် ရက်ချိန်းသည် နှစ်ရက်မျှ လိုသေးသဖြင့် သူတို့အတွက် အတော်အသင့် အချိန်ရနေပေသေးသည်။

သူတို့သုံးယောက်မှာ ယခင်အခါက သိုင်းလောကတွင် ထင်ရှားမှု အတန်အသင့်ရှိခဲ့သော်လည်း ယခုနောက်ပိုင်း၌ သိုင်းလောကမှ ဇာတ်မြှုပ် နေခဲ့သဖြင့် သူတို့ကို သိသူမရှိသလောက် ဖြစ်နေပေပြီ။

သူတို့သည် မြောက်ပိုင်း၌ အနေများသဖြင့် တောင်ပိုင်းဒေသမှ သိုင်းသမားများက သူတို့ကို ပို၍ မသိကြပေ။

ယခု ကျန်းနန်မြို့ လမ်းမများပေါ်၌ သိုင်းသမားများကို ဥဒဟို တွေ့နေ ရသည်။ သို့သော် သူတို့နှင့် သိကျွမ်းသူဟူ၍ တစ်ယောက်မျှ မရှိပါပေ။

"ဆရာကြီးလု ရောက်နေပြီလား မသိဘူး"

စီစုဟုက တီးတိုးပြောသည်။ လမ်းသွား လမ်းလာ သိုင်းသမားများ ကိုလည်း အကဲခတ်ကြည့်ရှုသည်။ သူတို့ ကျွန်လုအဖွဲ့သားများနှင့် တူသူ ဟူ၍ တစ်ယောက်မျှ မတွေ့ရ။

ချိန်းဆိုထားသည့်နေရာသို့ အားလုံးရောက်ကုန်ပြီလား မသိပေ။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ဆိုင်အတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်မိကြသည်။

ဆိုင်၏ အဝင်ဝ၌ လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တိုး...
သည်။

ထိုသူ၏ ကိုယ်လုံးကိုယ်ထည်က ကျစ်လျစ်သန်မာ တောင့်တင်း...
သည်။ မုတ်ဆိတ်တန်မွေး၊ ပါးမြိုင်းမွေးများနှင့် ပြည့်နေသဖြင့် တစ်ခါမြင်...
တစ်သက်မမေ့နိုင်သော ရုပ်မျိုးဖြစ်သည်။

ထိုသူသည် လျှို့ရီတို့ သုံးယောက်ကို စူးစူးရဲရဲ ကြည့်ပြီး ထွက်...
သွားလေ၏။

လျှို့ရီသည် ညီငယ်နှစ်ယောက်ကိုဦးဆောင်ပြီး ဆိုင်ထဲသို့ဝင်သွား...

ဆိုင်ထဲတွင် စားပွဲခုံများ အစီအရီ ခင်းကျင်းထားသော်လည်း...
လူရိပ် လူယောင်ဟူ၍ လုံးဝမတွေ့ရပေ။ သုံးယောက်စလုံး သတိ...
အကဲခတ် ကြသည်။

အရက်ရောင်းသည့် စားပွဲခုံရှေ့တွင်၊ လူပင် မရှိချေ။

"ရှိ - ကျွီ"

ကိုစဉ့် အခန်းတံခါး တွန်းဖွင့်သံ ကြားလိုက်ရသဖြင့် နောက်...
ပြိုင်တူလှည့်ကြည့်လိုက်သည်။ စောစောက ထွက်သွားသော ပါးမြိုင်း...
မုတ်ဆိတ်မွေးနှင့်လူ ပြန်ဝင်လာကြောင်း တွေ့ရသည်။ ထိုသူက -

"ခင်ဗျားတို့သုံးယောက် ဘယ်က လာတာလဲ"

လေသံက မာထန်လှသည်။ သုံးယောက်စလုံးကို မမှုသည့်သဘော...
ဖြင့် မေးလိုက်ခြင်းဖြစ်၍ လျှို့ရီမှာ ထောင်းခနဲ ဒေါသထွက်မိသည်...

သို့သော် - သူသည် အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ ဒေါသ...
ချုပ်တည်းနိုင်သည်။ ခပ်အေးအေးပင် ပြန်မေးသည်။

"မိတ်ဆွေက ဒီဆိုင်ရှင်လား"

ထိုလူက မဖြေပေ။ ဗေဒင်ဆရာ အဝတ်အစားများ ဝတ်ဆင်ထား...



သည့် မာကောင်အား လက်ညှိုးထိုးရင်း -

"ဟေ့ - ဗေဒင်ဆရာ၊ ကျုပ် ဘယ်သူလဲဆိုတာ တွက်ချက်ပြီး
ပြောလိုက်စမ်းပါ"

မာကောင် မျက်မှောင်ကြုတ်လိုက်မိသည်။ ထိုသူ၏ အပြောအဆို
က စီးပိုးလှသည်။ ထိုလူ သိုင်းသမားဖြစ်သည်ကိုတော့ သံသယရှိရန်မလို။

သူတို့ထံတွင် နောက်တစ်ကျော့ ဝင်လာခြင်းက အခြေအနေ
မဟန် ကြောင်း ဖော်ပြနေသည်။

"ကျွန်တော့်အမြင်ကို အားမနာတမ်း ပြောရမယ်ဆိုရင်တော့"

"ဘာဖြစ်မလဲ - ပြော"

"မိတ်ဆွေဟာ သိုင်းသမားတစ်ယောက် ဖြစ်လိမ့်မယ်၊ ဒါပေမယ့်
အမြဲတမ်း ရန်လိုနေတတ်တဲ့အတွက် ဘယ်တော့မှ အကြီးအကဲတစ်
ယောက် မဖြစ်နိုင်ဘူး၊ လူသတ်ချင်စိတ်များနေတဲ့အတွက် သိုင်းသမား
ထက် ပါးကွက်အာဏာသားလုပ်ဖို့ကောင်းတယ်၊ ဒါမှမဟုတ် အိမ်စောင့်
ခွေး လုပ်ဖို့ကောင်းတယ်"

မာကောင်က ခပ်တည်တည်ပင် ပြောချလိုက်သည်။

ထိုစကားများကို ကြားသည်နှင့် ပါးမြိုင်းမွေးနှင့်လူသည် တဟားဟား
ရယ်မောလေတော့သည်။

"ဩော် - မင်းက ငါ့ကို နှိမ့်ချပြောဆိုနေတာကိုး"

ထိုသူ၏လေသံက ဝဲသည်။ တရုတ်ပြည်မသား မဟုတ်ကြောင်း
အားလုံးသိလိုက်ကြသည်။

မြောက်ပိုင်းနယ်စပ်မှလာပြီးတစ်ဖက်ရန်သူကို အကူအညီပေးမည့်
သူဟု တွက်ဆလိုက်ကြသည်။

မာကောင်က မျက်နှာတင်းတင်းနှင့် ပြောလိုက်၏။

"ခင်ဗျားက ကျုပ်ပြောတာကို နားလည်သားပဲ"

"ခင်ဗျား ကျုပ်ကိုသိလား။ ကျုပ်က ချိုမျိုးရိုးထဲကပဲ"

"ချိုမျိုးရိုးထဲကကော ဘာဖြစ်သလဲ၊ ခင်ဗျားရဲ့ အရှင်သခင်က ဒီဆိုင် ရှင်လား"

ပါးမြိုင်းမွေးနှင့်လူသည် ရုတ်တရက် လှုပ်ရှားလိုက်၏။ မာကောင် အံ့အားသင့်သွားသော်လည်း ရှောင်တိမ်းရန်ကိုတော့ မမေ့ချေ။

လျှပ်တစ်ပြက် ရှောင်ပေးလိုက်သော်လည်း သူ့ဆီမှ ပစ္စည်းတစ်ခု ပါသွားသည်ကိုတော့ သိလိုက်သည်။

သူ့ကျော၌ ထိုးထားသည့် အလံတိုင် ပါသွားခြင်းဖြစ်ပေသည်။

လျိုရှီနှင့် စီစုဟုတို့မှာ ရုတ်တရက် ဖြစ်ပွားသော အဖြစ်အပျက် ကြောင့် မျက်နှာကွက်ခနဲ ပျက်သွားကြသည်။ ထိုလူကို ရင်မဆိုင်ချင်ဘဲ ရင်ဆိုင်ရပေတော့မည်။

သူတို့နှစ်ယောက်သည် မာကောင်ကို ကျော်တက်လျက် ပါးမြိုင်းမွေး နှင့်လူကို ရင်ဆိုင်လိုက်၏။

ပါးမြိုင်းမွေးနှင့်လူက သူတို့နှစ်ယောက်ကို တစ်ချက်ကလေးမျှ စောင်းငဲ့ကြည့်ခြင်းမရှိဘဲ လက်ထဲမှ အလံတိုင်ကို ဝှေ့ယမ်းလိုက်သည်။

"ရှစ် ဖြစ် - ဖြစ်"

အနီရောင်အလံကလေးသည် လေထဲ၌ အပိုင်းပိုင်းအစစ ဖြစ်သွား တော့၏။ ပိတ်စတစ်စ စုတ်ပြဲသွားအောင် တော်ရုံတန်ရုံ သိုင်းပညာရှင် သည် ဤသို့ပြုလုပ်နိုင်စွမ်း ရှိသည်မဟုတ်ပါ။ လျိုရှီ၊ စီစုဟုနှင့် မာကောင် တို့ သုံးယောက်မှာ အကြီးအကျယ် မျက်စိမျက်နှာ ပျက်သွားကြတော့ သည်။ မာကောင်က -

"မိတ်ဆွေရဲ့ ပညာကတော့ ထိပ်တန်းပါပဲ၊ မိတ်ဆွေရဲ့ပညာနဲ့



ကျုပ်နဲ့ ဘယ်လိုပတ်သက်လို့ ကျုပ်အလံကို ဖျက်ဆီးရတာလဲ"

"ဟား - ဟား - ဟား။ မင်းတို့တစ်တွေ ကျွန့်လှုကိုဏ်းသားမှန်း ဒီလို့ ငါ့ပညာကို ပြတာကွ၊ ကြည့်"

ပါးမြိုင်းမွေးနှင့်လူက အလံတိုင်ကို လေထဲတွင်ပင် ထက်ပိုင်းချိုး ဖျစ်လိုက်ပြန်သည်။ မာကောင် သည်းမခံနိုင်တော့ပေ။

ဝုန်းခနဲ ခုန်ဝင်ကာ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သူ့အတွင်းအားကို အကုန်ထုတ်၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

ပါးမြိုင်းမွေးနှင့်လူက မာကောင်၏လက်သီးကို လက်ဝါးဖြင့် တွန်း ဆုတ်လိုက်၏။

"ဝုန်း"

လက်သီးနှင့်လက်ဝါးတို့ အရှိန်ပြင်းစွာ ထိခိုက်မိသည်။ ပါးမြိုင်းမွေး နှင့်လူမှာ ကြမ်းပြင်ပေါ်တွင် ခြေအစုံကို တောင့်တောင့်မတ်မတ် ရပ်နေ နိုင်သော်လည်း မာကောင်မှာမူ ဒယီးဒယိုင်ဖြစ်ကာ နောက်သို့ ခြေလှမ်း သုံးလှမ်းခန့် ဆုတ်ပေးလိုက်ရလေသည်။

လျိုရှီ ထိတ်လန့်တုန်လှုပ်သွားသည်။ မာကောင်ကို စိုးရိမ်တကြီး အော်မေးလိုက်မိသည်။

"ညီလေး မင်းဘာမှ မဖြစ်ဘူးနော်"

မာကောင် လေပူကုစ်ချက် မှုတ်ထုတ်လိုက်၏။

"ဘာမှ မဖြစ်ပါဘူး"

စီစုဟုသည် ဒေါသမထိန်းနိုင်တော့ဘဲ ထိုသူကို လက်ဝါးအစုံဖြင့် တရကြမ်း တိုက်ခိုက်တော့သည်။ လက်သီး၊ လက်ဝါးနှင့် ပတ်ကန်သော ခြေထောက်များ တပိုးပိုး ဖြစ်သွား၏။

လျိုရှီလည်း မနေသာတော့ဘဲ စီစုဟုဘက်မှ ဝင်ရောက်

တိုက်ခိုက်ရတော့သည်။ ပါးမြိုင်းမွေးနှင့်လူသည် ထိုအချက်ကို မျှော်... ထားသည့်အလား လက်ဝါးရိုက်ထုတ် ခုခံလိုက်၏။ ထိုအခါ လက်ဝါးရိုက်... ဖြန်းခနဲ ထွက်သွားလေတော့၏။

လျှိုရီနှင့် စီစုဟုတို့သည် တက်ညီလက်ညီ တိုက်ခိုက်ကြ... သို့သော် ပါးမြိုင်းမွေးနှင့်လူ၏ သိုင်းပညာက ကောင်းမွန်ထက်မြက်လှသ... ကျောက် တောင်ကြီးကို နမ်းစေ့နှင့်ပေါက်သကဲ့သို့သာ ဖြစ်နေတော့သ...

"ဟား - ဟား - ဟား ဘယ်လိုလဲဗျ၊ ဒါ အစွမ်းကုန်ပဲလ... တိုက်ကြပါဦး"

ပါးမြိုင်းမွေးနှင့်လူက လှောင်ပြောင်ရယ်မောသည်။ လျှိုရီ... နဖူးပြင် ထက်တွင် ချွေးများက ဆီးနှင်းပမာ စီးကျလာသည်။ စီစုဟ... အင်အား များ လျော့ပါးလာနေပြီ။ မာကောင်သည် မနေသာတော့သ... ထိုင်ခုံ နစ်လုံးကို တစ်ဘက်စီကိုင်၍ တရကြမ်း ဝင်တိုက်တော့၏။

ပါးမြိုင်းမွေးနှင့်လူက ခေါင်းငဲ့ရှောင်တိမ်းပြီး သုံးယောက်... တိုက်ကွက် ကို ပညာသားပါပါဖြင့် လှည့်ပတ်ခုခံ၏။

စီစုဟုသည် ထိုင်ခုံတစ်လုံးဖြင့် ပါးမြိုင်းမွေးနှင့်လူ၏ ဦးခေါင်း... ရိုက်ချသည်။ ထိုလူက ခေါင်းငုံ့ရှောင်ပြီး ခုံကို လက်ဝါးဖြင့် ရိုက်ချလို... သည်။

စီစုဟုသည် ထိုရိုက်ချက်ကို ယောင်ပြရိုက်ချခြင်းသာ ဖြစ်သ... လက်ဝဲလက်မှ ထိုင်ခုံဖြင့် နံဘေးကို ဗိုင်ဗိုင်နိုင်နိုင် ရိုက်ချသည်။ ပါးမြိုင်း... မွေးနှင့်လူမှာ ခုန်ရှောင်လိုက်သော်လည်း မလွတ်တော့ပေ။

"ဝုန်း"

ခုန်ကျိုးထွက်သွား၏။ ထိုလူ၏ ဘယ်ဘက်ခြေသလုံးကို ထိထိ... ရိုက်မိသွားသည်။



ပါးမြိုင်းမွေးနှင့်လူသည် ငါးပေခန့် အကွာသို့ ခုန်ဆုတ်သွားပြီး မာကောင်အား လူသတ်လိုသည့် မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ ထိုလူသည် ညာခြေတစ်ဖက်တည်းကိုသာ အားပြုရပ်နေရာမှ ကြောက်မက်ဖွယ်ရာ ကြိမ်းဝါးလိုက်၏။

"ကောင်းပြီ၊ မင်းတို့နဲ့ငါ့ အသေအကြေ ပြိုင်ကြတာပေါ့၊ ဒီနေရာဟာ ဘယ်သူ့သင်္ချိုင်းလဲဆိုတာ သိကြရတာပေါ့"

သူသည် ခုန်အုပ်ရန် အားယူလိုက်သည်။

ထိုစဉ်မှာပင် -

"ကျွီ"

အခန်းတံခါးသည် ရုတ်တရက်ပွင့်သွားပြီး တံခါးဝ၌ လူရွယ်တစ်ယောက် ပေါ်လာ၏။ လေးယောက်စလုံး နောက်သို့ပြိုင်တူ လှည့်ကြည့်မိကြသည်။ ထိုလူရွယ်သည် အဖာအထေး ဗရပွရှိသော ဖျင်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားသည်။

မာကောင်က ဝမ်းသာအားရ အော်ခေါ်လိုက်မိလေ၏။

"အစ်ကိုထန်းချီ"

ရောက်ရှိလာသူကား ကျွန်လုဂိုဏ်း၏ လက်ရုံးတစ်ဆူဖြစ်သော ထန်းချီပေတည်း။

❖ ❖ ❖

အခန်း(၉၉

ရှာပုံတော

---

ပါးမြိုင်းမွေးနှင့်လူသည် ထန်းချိကို တွေ့သော် အနည်းငယ် မျက်နှာ
ပျက်သွား၏။ သို့သော် ချက်ချင်း ဣန္ဒြေဆယ်သည်။ ပထမသုံးယော
ကို သူမမှုသော်လည်း ထန်းချိကိုတော့ သူမှုသည်။

"ထန်းချိ - ကျုပ်က ဘယ်သူများလဲမှတ်တယ်၊ ခင်ဗျားကိုး"

ထန်းချိက အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာ၏။

"တို့တစ်တွေ ထပ်တွေ့ကြရပြန်ပြီ ချိချင်းကျန်း"

"တွေ့တော့ ဘာဖြစ်သလဲ၊ တိုက်ရုံကလွဲလို့ တခြားနည်းလမ်
ဘာရှိ သေးလို့လဲ"

ထန်းချိက ပခုံးနှစ်ဖက် တွန့်လိုက်သည်။

"မင်းက အဆိပ်မိထားတဲ့ကောင်ပဲကွ၊ မင်းကိုတိုက်ရမှာ ငါ သိ
အားနာတယ်၊ ဒါပေမယ့် မင်းတို့အခြေအနေတွေကတော့ မထူးတော
ပါဘူး"

"အာမထူးတာလဲ"

"မင်းတို့ရဲ့ လျှို့ဝှက်ချက်တွေ ပေါ်ကုန်တော့မယ်လေ"

ချိချင်းကျန်း မျက်နှာပျက်သွားပြန်သည်။

"ဒီမှာ ချိချင်းကျန်း၊ မင်းနဲ့ငါတို့ ဒီနေရာမှ တိုက်ခိုက်ဖို့ အချိန်မက
သေးဘူး၊ ကဲ ဒီတော့ မင်းကို ငါထွက်ပေါက်ပေးမယ် လျှို့ရီ လမ်းဖယ်
ပေးလိုက်ပါ"



ထန်းချိက ချိချင်းကျန်းကို ပြောရင်း လျှို့ရီအား လှမ်း၍အမိန့်ပေး
လိုက်သည်။

ချိချင်းကျန်း ဘာမျှမပြောနိုင်။ တစ်လှမ်းချင်း လှမ်း၍ ထွက်ခွာ
သွားသည်။

ဘယ်ခြေထောက်မှာ ထော့နဲ့ထော့နဲ့ ဖြစ်နေသဖြင့် သူကဲ့သို့
ထိပ်သီး သိုင်းသမားတစ်ယောက်အဖို့ အရှက်ရဖွယ် ဖြစ်နေလေတော့
သည်။

လျှို့ရီက လှမ်းအော်လိုက်၏။

"မင်းရဲ့ ဘယ်ဘက်ခြေထောက်ကို ကောင်းကောင်းအနားယူ ကုသ
လိုက်ဦး ကြားလား".

ချိချင်းကျန်း ဒေါသထွက်သွားသည်။ တိုက်ခိုက်ရန် ပြန်လှည့်လာပြီး
မှ ရုတ်တရက် စိတ်ပြောင်းသွားဟန်ဖြင့် ချာခနဲ ထွက်သွားသည်။

သို့သော် သူ၏အကြည့်များက နဂါးမျက်စောင်းသဖွယ် ပြင်းထန်
လှသည်။ တကယ်တမ်း အစွမ်းရှိလျှင် ထန်းချိအပါအဝင် လေးယောက်
စလုံး ပြာကျသွားနိုင်ပေသည်။

လျှို့ရီက ထန်းချိကို နှုတ်ဆက်လိုက်သည်။

"နောင်ကြီးထန်းချိရောက်လာလို့ ကျုပ်တို့သက်သာသွားတယ်၊ နို့မို့
ရင် ကျုပ်တို့ ရှုံးကြရတော့မှာ။ ဒီလူက တကယ် သိုင်းပညာကောင်းတာ
ပဲ၊ ကျုပ်တို့ ချိန်းချက်ထားတဲ့ရက်ကို လူစုံရောက်ပါ့မလားဗျ နောင်ကြီး"

"ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်း အချိန်မီ ရောက်လာမလာဆိုတာ
တော့ အတိအကျ မပြောနိုင်သေးဘူး၊ ဆရာကြီးလုကတော့ ရောက်နှင့်
နေပြီ၊ တို့လူတွေလဲ တော်တော်လေး စုံသလောက်နီးနီး ရှိနေပါပြီ"

"နောင်ကြီး ဒီစားသောက်ဆိုင်က ကျုပ်တို့ဆက်သွယ်ရေးစခန်း
တစ်ခု မဟုတ်လား၊ ဘယ့်နှယ် လူရှင်းနေတာလဲ မသိဘူး"

"တချို့ ဂိုဏ်းသားတွေ တောင်ဖြူလုံခြုံရေးစခန်းကို ရောက်နေကြပြီ

ဒီစားသောက်ဆိုင်က တို့ ကျန်လုဂိုဏ်းသားတွေရဲ့ စခန်းထောက်တစ်ခု ဆိုတာ သိလို့ ချီချင်းကျန်းဆိုတဲ့ကောင် တမင်ဝင်လာတာ ဖြစ်လိမ့်မယ် သက်သက် ရန်ရှာချင်လို့ ဝင်လာတာပဲ ဖြစ်ရမယ်”

စီစုဟုက ရုတ်တရက် ဝင်မေး၏။

“ဒါနဲ့ နေပါဦး နောင်ကြီးထန်းချီရဲ့ ခုနတုန်းက လျှို့ဝှက်ချက်တွေ ပေါ်တော့မယ်လို့ ပြောလိုက်ရုံနဲ့ ချီချင်းကျန်းက ဘာကြောင့်မျက်နှာပျက် သွားရတာလဲ”

“အင် - ပြောရရင်တော့ အရှည်ကြီးပါပဲကွာ၊ မကြာခင် လူစုံတော့ မှာပဲ၊ အဲဒီတော့မှပဲ ပြောတော့မယ်၊ ငါတို့တစ်တွေဟာ တရုတ်ပြည်မ သိုင်းလောကကြီးကို ကယ်တင်ဖို့ ကြိုးစားနေကြတာပဲလို့ ယေဘုယျ မှတ်ထားကြပေတော့ကွာ”

လျှိုရီက ခေါင်းမော့ကြည့်လိုက်ပြီး -

“နောင်ကြီး ထန်းချီ - ဒီဆယ်နှစ်ကျော် ကာလထဲမှာ ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်း ဘာတွေလုပ်နေသလဲဗျ”

ပိုင်ထက်ကျွင်းအား အထင်သေးဟန်ရှိသည့် မေးခွန်းကြောင့် ထန်းချီ မျက်နှာပျက်သွား၏။

“အဲသည်လိုတော့ မမေးကြနဲ့ဟေ့၊ ဒီဆယ်နှစ်ကာလအတွင်းမှာ ပိုင်ထက်ကျွန်း လုပ်ခဲ့တဲ့ အလုပ်တွေ အများကြီးကွ၊ ‘ရန်သူ့ကို သူ့လို ဘယ်သူမှ မနားမနေ ထောက်လှမ်းမနေနိုင်ဘူး၊ အခုကိစ္စမှာ သူဦးဆောင် မှ အောင်မြင်မယ်ဆိုတာတော့ မင်းတို့ စိတ်ချယုံကြည်ထားကြပါကွာ”

“ချီချင်းကျန်း ဆိုတာကကော ပြောက်ပိုင်းနယ်စပ်ကလာတဲ့လူ မဟုတ်လား၊ နောင်ကြီးထန်းချီနဲ့ သူ အရင်က တိုက်ခိုက်ခဲ့ဖူးတယ်နဲ့ တူတယ်”

ထန်းချီ ခေါင်းညိတ်ပြ၏။

“ချီချင်းကျန်းရဲ့ ပညာအရည်အသွေးကို မင်းတို့ ကိုယ်တိုင်မြင်ပြီးပြီ မဟုတ်လား၊ အေး - သူ့ရဲ့ ဂိုဏ်းတူညီတစ်ယောက် ရှိသေးတယ်၊



ချွင်တဲ့ သူက ချီးချင်းကျန်းထက် သာနေသေးတယ်၊ တကယ့် ကြက်စရာ ရန်သူပဲ”

“ဒီကောင်တွေ ဖေးဖန်ဂိုဏ်းနဲ့ ပတ်သက်သလားဟင်”

ထန်းချီ ခေါင်းညိတ်ပြသည်။ အတန်ကြာမှ ညည်းညည်းညူညူ ဘမိသည်။

“ချိန်းထားတဲ့ရက်က နှစ်ရက်ပဲလိုတော့တယ်၊ ဂိုဏ်းချုပ်ကြီး ထက် ကျွင်းရဲ့ သတင်းကလဲ အစအနလဲ မရသေးဘူး၊ တကယ်လို့ ရောက် မလာခဲ့ရင် အစီအစဉ်တစ်ခုပြင်ပြီး ရေးဆွဲမှဖြစ်လိမ့်မယ်”

စီစုဟုက ဝင်မေးသည်။

“တောင်ဖြူစခန်းမှာ ဘယ်သူတွေ ရောက်နေပြီလဲ နောင်ကြီး”

“လျံအောင့်ကိုး၊ ကျန်းလောင်ကျိုနဲ့ ညီလေးဝမ်တို့ပဲပေါ့ကွာ၊ ပမယ့် ညီလေးဝမ်က ပညာဆုံးရှုံးနေပါပြီ၊ နောက်ပြီး ဆရာကြီး ချောင်ရယ်၊ အခု မင်းတို့သုံးယောက်ရယ်၊ တခြား ညီအစ်ကိုတော်တွေ တော့ အောက်ခြေကလူတွေပဲ၊ တော်တော်လေးတော့ အင်အားများ တယ်”

လျှိုရီက ထပ်မေးသည်။

“ရန်သူဘက်က ချီချင်းကျန်းနဲ့ ယန်ချွင်အပြင် နောက်ထပ် ဆင့်မြင့် သိုင်းသမားတွေ ရှိသေးသလား”

“ဒါတော့ ငါလဲသိပ်မသိဘူး၊ သူတို့ဆီမှာ ရှက်ပုန်းသီး ပညာရှင်တွေ နေသေးတယ်ကွ၊ ငါတို့လူတွေ အကုန်ပြန်စုမိရင် အရေအတွက်အရ တော့ သိပ်ကြောက်စရာမလိုတော့ပါဘူး”

လေးယောက်သား စကားတပြောပြောနှင့် ထွက်လာကြသည်။

မကြာမီ တောင်ဖြူစခန်းသို့ ရောက်ရှိလာတော့သည်။ ကွဲကွာသွား သည်မှာ ကြာပြီဖြစ်၍ ညီအစ်ကိုတော်များသည် မျက်ရည်လည်ရွဲဖြင့် တ်ဆက်မိကြလေ၏။

ကျန်လုဂိုဏ်းသားများသည် တောင်ဖြူစခန်း၌ ပျော်ပျော်ရွှင်ရွှင် ပင် နောက်ထပ်ရောက်လာမည့် ဂိုဏ်းသားများကို စောင့်ကြိုနေခဲ့ကြသည်

ကျန်လုဂိုဏ်းသားများလည်း ရောက်လာမစဲ တဖွဲ့ဖွဲ့ပင်။ သို့ ထိုတစ်ရက်ကုန်သွားပြီး နောက်တစ်ရက် ညနေစောင်းသည့်တိုင် ဂိုဏ်း ကြီး ပိုင်ထက်ကျွင်းကတော့ ပေါ်မလာပေ။

ရောက်ရှိနေကြသည့် သိုင်းသမားများထဲမှ ဝါစဉ်ကြီး သိုင်းသ များ စုဝေးတိုင်ပင်ကြသည်။

မည်သည့်အကြောင်း ဉာဏ်ကောင်းမျှ ထွက်မလာချေ။ တစ်ယောက်က မေးသည်။

"ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်း ဒီမှာစုမယ့် သတင်းကို မ များလား နောင်ကြီး ထန်းချီ"

ထန်းချီ မျက်မှောင်ကြုတ်လိုက်သည်။

"ဒီသတင်းကို ငါ လျှို့ဝှက်ဖြန့်ချလိုက်တာပဲ၊ တခြားသိုင်းသမား တောင် ဒီသတင်းရသေးရင် ဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်မျိုးက ဘာဖြစ် မရရမှာလဲ"

"ဒါဖြင့်ရင် သူမှာ အရေးကြီးတဲ့ကိစ္စရှိနေပြီနဲ့ တူတယ်၊ ဒါကြော မလာနိုင်ဘဲ ဖြစ်နေပုံရတယ်"

ထန်းချီ ခေါင်းခါလိုက်သည်။

"ဟင့်အင်း - ဒါက ပိုပြီးတောင် မဖြစ်နိုင်ဘူး။ ဂိုဏ်းချုပ်ကြီး အသက်ငယ်ပေမယ့် ကျန်လုဂိုဏ်းရဲ့ အရေးကိစ္စကိုပဲ ဦးထိပ်ထားတ သူမှာ ဘယ်လောက်အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စရှိရှိ၊ အဲဒါ ကို ပစ်ပြီး ဒီကိုရောက်အောင်လာမှာပဲ၊ ဒါကို ဘာမှ သံသယရှိ မလိုဘူး"



တောင်ဖြူစခန်း၌ ရောက်ရှိနေသည့် ကျန်လုဂိုဏ်းသားများ ဆွေးနွေး ပြီးနောက် ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်းအား လိုက်လံရှာဖွေရန် ညီ တညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။

ဆုံးဖြတ်ချက်ချပြီးသည်နှင့် ထန်းချီက ကျန်လုဂိုဏ်းသား တော်တော်များများကို ရွေးချယ်ကာ အရပ်အသီးသီးသို့ လူစုခွဲ စေလွှတ် လိုက်သည်။

သန်းခေါင်ယံအချိန်သို့ရောက်လျှင် ထူးခြားချက်ဖြစ်ပေါ်လာခဲ့သည်။

အနောက်ဘက် မြို့ပြင်ဆီ၌ မီးကျည်မီးပန်းတစ်ခုက ကောင်းကင် ယံတွင် ပြန့်ကြဲထွန်းလင်းသွားသည်။

ထန်းချီနှင့် လျှိုရီတို့တစ်သိုက်မှာ ထိုအဖြစ်အပျက်ကိုကြည့်ပြီး သိတ်လန့်တုန်လှုပ်သွားကြသည်။

ထိုမီးကျည်အရောင်၏ သဘောမှာ ကျန်လုဂိုဏ်း၏ အရေးကြီး သော သတင်းပို့ အချိန်းအချက်ပင် ဖြစ်ပေသည်။ ရှီးရှီးသာမန်ကိစ္စတွင် အသုံး မပြုရဘဲ မလွဲသာ မရှောင်သာ အလွန်တရာ အရေးကြီးသည့် ကိစ္စမှသာ ထိုမီးကျည်ကို ပစ်ဖောက်ရပေသည်။

"အခြေအနေကတော့ သိပ်ထူးခြားနေပြီ၊ ကျုပ်တို့သုံးယောက် ဲဒီနေရာကို အမြန်ဆုံး သွားစုံစမ်းမှ ဖြစ်တော့မယ်"

ထန်းချီက လျှိုရီနှင့် ဆရာကြီး လုချောင်တို့ကို နှိုးဆော်လိုက်သည်။ ဆရာကြီးလုချောင်က ခေါင်းညိတ်၏။

"အင်း - ဒီမီးကျည် ပစ်ဖောက်တာကို ရန်သူကလဲ တွေ့မှာပဲ၊ တော့ ရန်သူတွေမရောက်ခင် တို့က အလျင်ရောက်ဖို့ သင့်နေတာပေါ့"

ထန်းချီနှင့် လျှိုရီက ဂိုဏ်းသားများ ချထားရန်တို့ကို သတိပေးပြီး ဆရာကြီးလုချောင်နှင့်အတူ မြို့ပြင်သို့ ပြေးထွက်သွားလေတော့သည်။

ကွင်းပြင်ကျယ်ကြီးကို လွန်သောအခါ ထင်းရှူးပင်များ အုပ်ဆိုင်းနေသည့် သစ်တောအုပ်အုပ်ကလေးထဲသို့ ရောက်ရှိလာသည်။

သစ်ပင်ရိပ်များ ကြားထဲမှ လူရိပ်လိုလို တွေ့လိုက်ရသဖြင့် ထန်းချိုက အော်ဟစ် မေးမြန်းလိုက်သည်။

“ဘယ်သူလဲ”

ထိုအခါ လူရိပ်သည် ရှေ့သို့ ခွေ့ခနဲ ခုန်ထွက်လာ၏။

“နောင်ကြီး - ထန်းချို၊ မြန်မြန် - မြန်မြန် လာပါဦး”

ထန်းချိုတို့သုံးဦးသည် ဘာမျှမစဉ်းစားတော့ဘဲ ထိုလူရိပ်ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားကြလေတော့၏။ ထိုလူရိပ်ကား ပိုင်ထက်ကျွင်းအား ရှာဖွေရန် ထန်းချိုက စေလွှတ်လိုက်သည့် ကျန်လုဂိုဏ်းသား လီကွေးကျင်း ဖြစ်နေသည်။

“ညီလေး - လီ၊ ဘာလဲ - ဘာဖြစ်လို့လဲ”

လီဆိုသူမှာ မောဟိုက်ပန်းလျသော လေသံဖြင့် ပြန်ဖြေ၏။

“ကျွန် - ကျွန်တော်တို့ဂိုဏ်းရဲ့ စည်းကမ်း - စည်းကမ်းထိန်းသိမ်းရေးမှူးကြီး”

“ဘယ်သူလဲ - ဆရာကြီးပိလား”

လုချောင်က အထိတ်တလန့် ဖြတ်မေးသည်။

“ဟုတ် - ဟုတ်ပါတယ်”

ဘယ်မှာလဲ၊ အခု သူ ဘယ်မှာလဲ”

“သူ - သူ ဟောဟိုက သစ်ပင်ချုံဖုတ်အောက်မှာ ရှိပါတယ်”

ဆရာကြီးလုချောင်သည် ခွေ့ခနဲ ခုန်ကာ သစ်ပင်ချုံဖုတ်ရှိရာသို့ လုစ်ခနဲ ပြေးသွားသည်။ လီကွေးကျင်း၊ လျှိုရှိနှင့် ထန်းချိုတို့သည် ဆရာကြီး လုချောင်နောက်သို့ ပြေးလိုက်ရလေသည်။



“ဆရာကြီးပိ - ဘာဖြစ်လို့လဲ”

“ဆရာကြီးပိ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားပါတယ်”

ဆရာကြီး လုချောင်သည် ချုံဖုတ်ထဲ ဝင်သွားသည်။ ထန်းချိုက လီကွေးကျင်းကို အပြစ်တင်၏။

“ညီလေးလီ - မင်း တော်တော် အပါ နပါကလား။ ဆရာကြီးပိ ဒဏ်ရာရထားရုံလောက်နဲ့ မီးကျည်ဖောက်ရသလားကွာ၊ တကယ်လို့သာ တို့ ခြေတစ်လှမ်းနောက်ကျပြီး ရန်သူက ခြေလှမ်းဦးသွားရင် တစ်သက်လုံး ယူကျုံးမရ ဖြစ်သွားလိမ့်မယ်၊ အဲဒါကို မင်း မတွေးမိဘူးလား”

“ခင်ဗျာ - မီးကျည်မီးပန်း ဟုတ်လား”

“အေး - ဘာလဲ၊ မင်း မင်း မီးကျည်မီးပန်းတွေ မလွှတ်ဘူးလား”

လီကွေးကျင်းက ခေါင်းယမ်းပြ၏။

“နောင်ကြီး ထန်းချိုတို့က မီးကျည်ဖောက် သတင်းပို့တာ တွေ့လို့ လိုက်လာကြတာလား။ ကျွန်တော်က ဆရာကြီးပိကို တစ်ချိန်လုံး စောင့်ရှောက်နေရလို့ ဘာမီးကျည်ကိုမှ မတွေ့လိုက်ပါဘူး၊ ဒါဆိုရင်”

သူ့စကားက တစ်စုံတစ်ခုကို သတိထားဟန် ဖြစ်နေသည်။ ထန်းချိုက အရေးတကြီး မေးလိုက်၏။

“မင်းက ဘယ်သူ့လက်ချက်လို့ ပြောချင်သလဲ”

“ဟင့်အင်း - ကျွန်တော် ဘာမှမသိပါဘူး၊ ဒါပေမယ့် ဆရာကြီးပိ ပြောတာ ဖြစ်ချင်ဖြစ်နိုင်တယ်လို့ ပြောတာပါ”

ထန်းချိုသည် ဆရာကြီးပိ၏ ဘေး၌ ဝင်ထိုင်သည်။ ဆရာကြီး လုချောင်က သူ့ အတွင်းအားဖြင့် ဆရာကြီးပိအား ကုသနေသည်။ ဆရာကြီးပိမှာ စကားပြောနိုင်သည့် အခြေအနေ၌ မရှိပေ။

ထန်းချိုက လီကွေးကျင်းအား အရေးတကြီး မေးလိုက်၏။

“ဆရာကြီးပိက ဘာပြောလို့လဲ”

"သူ - သူက ဂိုဏ်းချုပ်ဟောင်းကြီး ယန်လုကို တွေ့ခဲ့ရတယ်လို့ ပြောတယ်"

"ဟင် - ဒါဖြင့် မင်း - မင်းက ဒီမီးကျည်ကို ဂိုဏ်းချုပ်ဟောင်းကြီး ယန်လု ပစ်လွှတ်လိုက်တာလို့ ပြောချင်တာလား"

လီကွေးကျင်းက ခေါင်းညိတ်ပြသည်။ ထန်းချီနှင့် လျှိုရီတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ သူတို့စိတ်များ ရှုပ်ထွေးသွားကြသည်။

ဆရာကြီးလုချောင်က ကုသမှုကို ရပ်ဆိုင်းပြီး မတ်တပ်ထရပ်လိုက်သည်။

"သူ့ခန္ဓာကိုယ်ထဲက သွေးကြောကြီးတွေ ဘာကြောင့်ပြတ်တောက်ကုန်တယ် မသိဘူး။ ဒဏ်ကြေ အသက်ကယ်ဆေးလုံးမရှိရင် ဘယ်လိုမှ ကုလို့ရတော့မှာ မဟုတ်ဘူး"

ထန်းချီ ငြိမ်သက်နေသည်။ သူ့ခေါင်းထဲ၌ အပွေးမျိုးစုံ ရှုပ်ထွေးနေသည်။

လျှိုရီက လီကွေးကျင်းကို စစ်မေးပြန်သည်။

"ဆရာကြီးပိကို မင်း ဘယ်လိုလုပ်ပြီး တွေ့ခဲ့တာလဲ"

"ကျွန်တော်က ဂိုဏ်းချုပ်ကြီး ပိုင်ထက်ကျွင်းကို လိုက်စုံစမ်းရင်း ဒီဘက်ကို ရောက်လာတာပါ၊ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသလိုလို တွေ့ရ တာနဲ့ ဒီတောထဲ ပြေးဝင်ခဲ့မိပါတယ်၊ ဒါပေမယ့် လူရိပ်ဟာ အမှောင်ထဲမှာ ပျောက်သွားတယ်"

လီကွေးကျင်းက သူ့စကားကို ခေတ္တရပ်လိုက်သည်။

"ကျွန်တော်လဲ မသင်္ကာတာနဲ့ ရှေ့တိုးတက်ခဲ့တယ်၊ မှောင်မည်းနေတာကလွဲပြီး ဘာအရိပ်အယောင်မှ မတွေ့ရဘူး။ တအောင့်လောက်ကြာမှ



ကိုက်သုံးဆယ်ကျော်လောက်မှာ လူရိပ်တစ်ရိပ် လှုပ်ရှားနေတာကို တွေ့ရတယ်၊ ကျွန်တော် ထက်ကြပ်မကွာ လိုက်သွားခဲ့တယ်၊ ကွမ်းတစ်ယာညက်လောက်ကြာတော့က အဲဒီရှေ့ကလူ ခြေလှမ်းရပ်သွားတယ်၊ ကျွန်တော်လဲ အနားသိပ်မကပ်ဝံ့တာနဲ့ အဝေးကပဲ ရပ်ကြည့်နေမိတယ်၊ အဲဒီအချိန်မှာ မောဟိုက်နေတဲ့ အသက်ရှူသံကြီးကို ကြားလာရတယ်၊ အသက်ရှူသံကို ကြည့်ပြီး အဲဒီလူ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပြီဆိုတာ ကျွန်တော်သိလိုက်တယ်၊ ဒဏ်ရာနဲ့လူဆိုတော့ ကျွန်တော် သိပ်မကြောက်တော့ဘူး၊ ရှေ့တိုးကြည့်မိတယ်၊ အဲဒီမှာတင် ဆရာကြီးပိကို တွေ့လိုက်ရတာပါပဲ"

"နောက်တော့ကော"

ထန်းချီက ထောက်ပေးလိုက်၏။ လီကွေးကျင်းက ဆက်ပြောသည်။

"အဲဒီအချိန်မှာ ဆရာကြီးပိရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပြီ၊ ဆရာကြီးပိဟာ ကျွန်တော့်ကို မမှတ်မိပေမယ့် ကျွန်တော့်ကိုယ်ပေါ်က အဝတ်အစားကြောင့် ယုံကြည်သွားပြီး ဒီချုံဖုတ်ထဲကို တွဲခေါ်လာဖို့ နိုင်းတယ်၊ ဒီရောက်တော့ သူက နောက်ဘက်ကို လက်ညှိုးထိုးပြပြီး-"

"မင်း - မင်းသိလား၊ ဂိုဏ်းချုပ်ကြီး ယန် - ယန်လု သူ - သူ လာနေပြီလို့ ပြောတယ်၊ နောက်တော့ ဆရာကြီးပိ သတိလစ်သွားတာပဲ"

ထန်းချီက -

"ဒီအချိန်မှာ ငါတို့ ရောက်လာတာပဲ ဆိုပါတော့"

လီကွေးကျင်းက ခေါင်းညိတ်၏။

"ကျွန်တော်လဲ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေတယ်၊ အဲဒီအချိန်မှာ နောင်ကြီးတို့ ရောက်လာတာပဲ၊ မီးကျည် မီးပန်းကို ကျွန်တော် လုံးဝ မတွေ့လိုက်ရပါဘူး"

"ဟော -"

ဆရာကြီးလှချောင်က ရုတ်တရက် ခေါင်းထောင်ပြီး အာမေဋ္ဍိတ်သံ ရေရွတ်မိသည်။ ထန်းချိလည်း အကြောအခြင်များ တောင့်တင်းသွား၏။ သူတို့နှစ်ယောက်သည် လျှိုရီထက် အတွင်းအားကောင်းသဖြင့် တိုးညင်းသည့် ခြေသံကို အလျင်ကြားကြရသည်။ တစ်ရှိန်ထိုး ပြေးလွှားလာသည့် ခြေသံဖြစ်ကြောင်း ဆရာကြီးလှချောင်နှင့် ထန်းချိတို့ သိလိုက်ကြ၏။

အတော်ကလေး နီးကပ်လာမှ လျှိုရီက ခြေသံကို ကြားသည်။ သုံးယောက်စလုံး အတွင်းအားများကို ကြိတ်၍ စုစည်းထားမိကြသည်။ ဤမျှ ကိုယ်ဖော့ပညာကောင်းသည့် ရန်သူသည် မည်သည့်နည်းနှင့်မှ သူတို့ထက် နိမ့်ကျလိမ့်မည်မဟုတ်ကြောင်း ထန်းချိတို့ သိလိုက်ကြသည်။

"နောင်ကြီးထန်းချိ၊ ကျွန်တော်လာတာ နောက်ကျနေပြီလား"

ထန်းချိတို့သုံးယောက်မှာ အံ့သြမဆုံးနိုင်အောင် ဖြစ်သွားကြရသည်။ ဝမ်းသာမှု၊ ကြည်နူးမှုတို့သည် ရင်ထဲ၌ ဘောင်ဘင်ခတ်သွားကြ၏။

ခြေသံရှင်သည် မကြာမီ သူတို့ရှေ့သို့ ရောက်ရှိလာလေ၏။ ကျယ်ပြန့်သော ပခုံးနှင့်ကျောပြင်၊ ထူထဲသော မျက်ခုံး၊ လေးထောင့်ကျကျ မျက်နှာ၊ ကြည်လင်စူးရဲသော မျက်လုံးတို့က ထိုသူ၏ ယောကျ်ားပီသ ခန့်ညားမှုကို ဖော်ပြနေကြသည်။

သူကား သိုင်းလောကကို ကိုင်လှုပ်နေသည့် ပိုင်ထက်ကျွင်း ဖြစ်နေလေသတည်း။

❖ ❖ ❖

အခန်း(၁၀၀)

## ထောင်ချောက်မှလွတ်သွားသောခြသေ့

လျှိုရီနှင့်လှချောင်တို့သည် ပိုင်ထက်ကျွင်းကို ငေးမောကြည့်ရှုနေမိသည်။ သူတို့သည် ပိုင်ထက်ကျွင်းကို ကလေးဘဝ၌သာ သိရှိခဲ့ကြသည်။

ယခုတွေ့ရသော ပိုင်ထက်ကျွင်းကား တကယ်သစ်စ နေလုလင်သဖွယ် ကြံ့ခိုင်နုပျိုလှချေသည်တကား။

ပိုင်ထက်ကျွင်းသည် ပထမ၌ မမှတ်မိချေ။ ခဏကြာမှ လူရုပ်များကို ဖမ်းမိသွားသည်။

"ဒါ - ဒါ - နောင်ကြီး လျှိုရီနဲ့ ဆရာကြီး လှချောင်တို့ မဟုတ်လား"

ပိုင်ထက်ကျွင်းသည် လျှိုရီနှင့် လှချောင်တို့ကို ပြေး၍ ပွေ့ဖက်၏။ သူ့မျက်နှာ၌ ဝမ်းသာကြည်နူးသည့် အရိပ်ယောင်များ မြူးကြွနေသည်။

ထန်းချိက သတိပေးလိုက်၏။

"ညီလေး - ပိုင်ထက်ကျွင်း - ဒီမှာကြည့်ဦး"

ပိုင်ထက်ကျွင်းက လဲကျနေသည့် ဆရာကြီးပိအား ကြည့်သည်။

"သူ - ဘယ်သူလဲ"

"ဆရာကြီးပိလေ၊ စည်းကမ်းထိန်းသိမ်းရေးမှူးကြီးပေါ့"

"ဘာဖြစ်လို့လဲ၊ ရန်သူနဲ့တွေ့ခဲ့ပြီလား"

ထန်းချိက ဖြစ်ကြောင်းကုန်စင်ကို ပြန်လည်ရှင်းပြလိုက်သည်။ ပိုင်ထက်ကျွင်း ငိုင်သွားသည်။

ဂိုဏ်းချုပ်ကြီးဟောင်း ယန်လု ထွက်ပေါ်လာသည်မှာ အမှန်ပင်လော။

ဂိုဏ်းချုပ်ကြီးဟောင်း ယန်လုနှင့် တွေ့သည်ဆိုသော စည်းကမ်း ထိန်းသိမ်းရေးမှူးကြီးသည် အဘယ့်ကြောင့် သေလုမြောပါး ဒဏ်ရာ ရသနည်း။

ကျန်လုဂိုဏ်း၏ လျှို့ဝှက်ဆက်သွယ်မှု မီးကျည်ကို မည်သူ ပစ်ဖောက်သနည်း။

ပိုင်ထက်ကျွင်းသည် အတန်ကြာ တွေးတော စဉ်းစားပြီးမှ -

"ဂိုဏ်းချုပ်ကြီးယန်လု ပေါ်လာတဲ့ကိစ္စနဲ့ ဆရာကြီးပိ ဒဏ်ရာရ ကိစ္စကိုတော့ စဉ်းစားလို့မရဘူး။ မီးကျည်ဖောက်ပြီး အချက်ပေးတာကတော့ ကျန်လုဂိုဏ်းရဲ့ ထိပ်သီးသိုင်းသမားတွေကို မျှားခေါ်တဲ့ ထောင်ချောက် ဖြစ်နိုင်တယ်"

ထန်းချီက မေးလိုက်၏။

ညီလေး ပိုင်ထက်ကျွင်း - တရားခံက ဘယ်သူလဲ"

ပိုင်ထက်ကျွင်းက ခေါင်းတဆတ်ဆတ် ညိတ်ပြီး -

"အပေါ်ယံ မျက်နှာကတော့ ဖေးဖန်ဂိုဏ်းပဲ။ သူတို့ရဲ့ အကြံအစည် ဟာ အတော်ကြီးကျယ်တယ်၊ ဒီဂိုဏ်းဟာ ကျွန်တော့်ကို အတိအလင်း စစ်ကြေညာခဲ့ပြီ၊ ကျန်းနန်မှာရှိတဲ့ ကျင်လင်း အာမခံပို့ဆောင်ရေး တစ်ဖွဲ့ လုံးကို သွေးချောင်းစီး သတ်ဖြတ်ခဲ့ပြီးပြီ၊ အဲဒီမှာ ကျွန်တော် အပ်နှံထားတဲ့ မိန်းကလေးတစ်ယောက်လဲ ပါသွားတယ်"

ပိုင်ထက်ကျွင်းသည် အခြေအနေကို အကျဉ်းချုပ် ပြောပြပြီး နောက် ဆရာကြီးပိအား အတွင်းအားဖြင့် ကုသပေးသည်။

ဆရာကြီးပိ၏ ဒဏ်ရာမှာ ကြီးကျယ်ပြင်းထန်လှသဖြင့် သတိဝင်ရုံ မှအပ အသက်ရှင်အောင် ကုသခြင်းမပြုနိုင်တော့ပေ။



"ဆရာကြီးပိ - ကျွန်တော် ပိုင်ထက်ကျွင်းပါ၊ ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား"

ဆရာကြီးပိက မျက်လုံးဖွင့်ကြည့်သည်။ သို့သော် သူသည် ပိုင်ထက်ကျွင်းကို မြင်ဟန်မရှိပါ။

"ဂိုဏ်းချုပ်ကြီး ယန် - ယန် - ယန်လု"

စကားသံက ပြတ်တောက်သွား၏။ ပိုင်ထက်ကျွင်းကမေးသည်။

"ဂိုဏ်းချုပ်ကြီးယန်လု ဟုတ်သလား။ ဆရာကြီးနဲ့ သေသေချာချာ စကားပြောခွင့်ရလိုက်သလား"

ပိုင်ထက်ကျွင်း၏စကားကို ဆရာကြီးပိ ကြားဟန်မရှိချေ။ အတန်ကြာ မှ -

"ယန် - ယန် - ယန်ချွင်"

"ဘာလဲ ဆရာကြီး၊ ဂိုဏ်းချုပ်ကြီးယန်လုနဲ့ တွေ့လာလား၊ ဒါမှမဟုတ် ယန်ချွင်နဲ့ တွေ့တာလား"

"ယန် ယန် ယန်"

"ဆရာကြီး ခင်ဗျားကို ယန်ချွင်က ဒဏ်ရာရအောင် လုပ်လိုက် တာလား"

ထိုစဉ် ထန်းချီတို့ ထွက်ခွာလာခဲ့ကြသည့် တောင်ဖြူစခန်းဆီမှ မီးကျည်မီးပန်းများ ပေါက်ကွဲလွင့်စဉ်လာသည်ကို ရုတ်တရက် မြင်လိုက် ကြရသည်။

ထန်းချီတို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ပိုင်ထက်ကျွင်းက ဆရာကြီးပိကိုသာ ဂရုစိုက်နေသဖြင့် ဝင်၍မပြောသာဘဲ ဖြစ်နေသည်။

"ဆရာကြီးကို ဒဏ်ရာရအောင် ဘယ်သူလုပ်သလဲ၊ ပြောပါ၊ ဒါမှ ကျွန်တော်တို့ လက်စားချေနိုင်မယ်"

ဆရာကြီးပိသည် ခပ်လှမ်းလှမ်းက နေရာသို့ လက်ညှိုးထိုးပြီး အော်လိုက်၏။

"သူ - သူ - ဟို - ဟိုမှာ"

ပိုင်ထက်ကျွင်းသည် လက်ညှိုးညွှန်ရာ အရပ်သို့ ဖျတ်ခနဲ ကြည့်လိုက် သည်။

"ဟင်"

ပိုင်ထက်ကျွင်းသည် ဆရာကြီးပိအား ချက်ချင်းပင် အောက်သို့ချ လိုက်ပြီး ထိုလူရိပ်နောက်သို့ ဖော်ပြနိုင်ရန်ခက်ခဲသော အလျင်နှုန်းဖြင့် ရိပ်ခနဲ ထလိုက်သွားသည်။

လျှိုရီ၊ လုချောင်၊ ထန်းချိုနှင့် လီကွေးကျင်းတို့မှာ သူတို့ကိုဏ်းချုပ်ကြီး၏ တခွေ့သရဲသဖွယ် ပေါ့ပါးလျင်မြန်မှုကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိကြလေ၏။

ထန်းချိုမှာမူ ပိုင်ထက်ကျွင်း၏ စွမ်းရည်ကို အကြွင်းမဲ့ ယုံကြည်ပြီး ဖြစ်သဖြင့် ကျန်လုဂိုဏ်းချုပ်ကြီးရာထူးနှင့် ထိုက်တန်ကြောင်း လုံးဝ သံသယမရှိခဲ့ပေ။

သံသယရှိခဲ့ကြသော လျှိုရီနှင့် ဆရာကြီး လုချောင်တို့သည် ယခု ထပြေးသွားသည့် ပိုင်ထက်ကျွင်း၏ လှုပ်ရှားမှုကို ကြည့်ပြီး ကျန်လုဂိုဏ်း ချုပ်ကြီး ရာထူးနှင့် တကယ်တမ်း ထိုက်တန်ပါပေသည်ဟု စိတ်ထဲမှ ပြောနေမိကြလေ၏။

❖ ❖ ❖

"ဟေ့ - မပြေးနဲ့"

မည်းမည်းအရိပ်သည် သူ့ရှေ့မှ တစ်ရိုက်ထိုး ပြေးသွားနေသည်။

ပိုင်ထက်ကျွင်းက လှမ်းအော် တားဆီးသော်လည်း မရပ်ချေ။ ထို့ကြောင့် ပိုင်ထက်ကျွင်းမှာ တစ်ရှိန်ထိုး ဆက်လိုက်ရတော့၏။



မီလုမီခင် ဖြစ်လာသည့်အခါ ပိုင်ထက်ကျွင်းက လက်ဝါးဖြင့် တစ်ချက် ခုတ်သည်။ လေတိုးသံ ဝိုးခနဲ မြည်သွားသော်လည်း ရှေ့မှ အရိပ်မည်းက ကောင်းစွာ ရှောင်တိမ်းသွားနိုင်သည်။

ပိုင်ထက်ကျွင်း ဘယ်ဘက်ခြေထောက်ကို ဆောင့်ချပြီး လေကို ခွင်းသည့်မြားတစ်စင်းလို အားကုန်ခုန်၍ လိုက်သည်။ လေထဲတွင်ပင် ခန့်ပျံကာ လက်သီးစုံ ခြောက်ချက် ဆက်တိုက်ပစ်သွင်းလိုက်တော့သည်။

"ဝုန်း"

"အင့်"

ဆဋ္ဌမမြောက် လက်သီးချက်တွင် ထိုသူကို ထိမှန်သွားသည်။

ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည့်တိုင် ထိုသူသည် အမှောင် ထဲ၌ ပျောက်ကွယ်သွားသည်။ ပိုင်ထက်ကျွင်းသည် ပတ်ဝန်းကျင်၌ လိုက်လံရှာဖွေသေးသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် ထိုအရိပ်မည်းသည် ပျောက်ကွယ်သွားသည်။ နောက်ဆုံး ဆရာကြီးပိ ဒဏ်ရာရရှိသည့် နေရာသို့ ပြန်လှည့်ခဲ့ရတော့သည်။

ဆရာကြီးပိကား သေဆုံးသွားခဲ့လေပြီ။

ဆရာကြီးပိထံမှ မည်သည့်အဖြေမျှ မရခဲ့ချေ။

"လျှို့ဝှက်ချက်တွေအားလုံးဟာ စောစောက အကျီမည်းနဲ့ လူပေါ်မှာ မူတည်နေတယ်၊ ကျွန်တော် အသက်စွန့် တိုက်ခိုက်လိုက်တဲ့ လက်သီး တစ်ချက် သူ့ကိုထိမှန်သွားတယ်၊ ဝေးဝေးကိုတော့ ပြေးနိုင်ဦးမှာမဟုတ်ဘူး။ ကျွန်တော် သူ့ကို လိုက်ရှာမယ်၊ အခုလောလောဆယ်မှာ နောင်ကြီးထန်းချို တို့အားလုံး တောင်ဖြူစခန်းကို ပြန်သွားပါ၊ ဘယ်က မီးကျည် ပေါ်လာ ပေါ်လာ ဘယ်ကျန်လုဂိုဏ်းသားမှ မသွားပါနဲ့၊ တောင်ဖြူစခန်းမှာ လူစုံတယ်ဆိုရင် မီးကျည်သုံးကြိမ် ပစ်ဖောက်ပြပါ"

ပိုင်ထက်ကျွင်း၏ ပြန်မြန်ဆန်ဆန် စီမံခန့်ခွဲတတ်မှုကို ထန်း... စိတ်ထဲက ချီးကျူးနေမိသည်။

အားလုံးသည် မုန်တိုင်းကြားထဲတွင် ဖြတ်လျှောက်ခဲ့ကြဖူးသော... သူ့ရဲကောင်းများချည်းသာ ဖြစ်ကြသဖြင့် ပိုင်ထက်ကျွင်း၏ အမိန့်... နာခံကာ တောင်ဖြူစခန်းသို့ ချက်ချင်းလှည့်ပြေးသွားကြလေ၏။

ပိုင်ထက်ကျွင်းသည် သက်ပြင်းတစ်ချက်ချကာ ဘေးဘီဝဲယာ... လှည့်ပတ်အကဲခတ်လိုက်သည်။

ဤပတ်ဝန်းကျင်၌ ရန်သူတစ်ယောက် ခိုအောင်းသွားခဲ့ဖူးသည်... ဤပတ်ဝန်းကျင်ကို သူ စိတ်မချချေ။ ခြေသံလုံလုံနင်း၍ ရန်သူအ... လိုက်လံရှာဖွေလေတော့သည်။

❖ ❖ ❖

ပိုင်ထက်ကျွင်းသည် ယုန်၏ခြေလှမ်း။ ကျား၏မျက်လုံးတို့ဖြင့် တစ်... ပြီးတစ်ချုံ ဖြတ်ကျော်လာသည်။ သူ့အာရုံများ ထက်မြက်နေပုံကား စာ... ပြ၍ မရနိုင်ချေ။

တိုးညင်းသော ပိုးပုရစ်ကလေးများ၏ အော်သံကိုပင် သူကြားနေ... ပေသည်။

တဖြည်းဖြည်းနှင့် အရိပ်မည်း ပျောက်ကွယ်သွားရာ ချုံပုတ်တစ်ခု... အနီးသို့ ရောက်ရှိလာသည်။ သူ့တစ်ကိုယ်လုံးမှ အတွင်းအားများကို စု... စည်းထားသည်။

ထိုစဉ် စူးရှသော လေချွန်သံတစ်သံ အရှေ့ဘက်တောင့်ဆီမှ ထွက်ပေါ်လာလေတော့သည်။

"ရှိုး"



ယင်းလေချွန်သံသည် စောစောက အရပ်မည်း၏ လေချွန်သံ... လား။ အခြားတစ်ဦးတစ်ယောက်၏ အသံပေလားဟူ၍ ပိုင်ထက်ကျွင်း... ခြား မသိနိုင်ခဲ့ပေ။

သူသည် မြေကြီးပေါ်မှ ခဲလုံးသုံးလုံးကို ကောက်ယူလိုက်ပြီး ခဲ... ခဲလုံးကို လေချွန်သံထွက်ပေါ်လာရာဆီသို့ ပစ်ပေါက်လိုက်သည်။

ခဲပစ်လွှတ်လိုက်ပြီးသည်နှင့် ပိုင်ထက်ကျွင်း၏နားအကြား အာရုံကို... ထားလိုက်သည်။ ခဲလုံးက သစ်ကိုင်းတစ်ကိုင်းကို ထောက်ခနဲ ထိမှန်... ...းရုံမှလွဲ၍ လှုပ်ရှားမှု ထူးထူးကဲကဲ ဖြစ်မလာခဲ့ချေ။

တစ်ဖက်လူ၏ ပိရိသော အကြံအစည်ရှိသည်ကို သူရိပ်မိသွား... သည်။ သူသည် လေချွန်သံ ထွက်ပေါ်ရာအရပ်နှင့် ဆန့်ကျင်သည့်... ရာသို့ ဒဏတိဖြင့် လျှောက်လာ၏။

ချုံပုတ်နှစ်ခုကို ဖြတ်ကျော်လာပြီးသည့်တိုင် အခြေအနေက... ...်သက် တိတ်ဆိတ်နေဆဲပင်ရှိသည်။

"လေချွန်သံကြားရတယ်ဆိုကတည်းက လူရှိနေတယ်ဆိုတာ... သချာ ပြီ၊ သူတို့ ငြိမ်သက်နေကြတယ်၊ ဒါဟာ မုန်တိုင်းမတိုက်ခင်... ...်သက်ခြင်း မျိုးပဲ"

ပိုင်ထက်ကျွင်း၏ အာရုံများသည် အလွန်တရာ ထက်မြက်နေ၏။ ...ခနဲ လေတိုးသံတစ်ချက် ကြားလိုက်သည်နှင့် လျှပ်တစ်ပြက် ခေါင်းငုံ့... ...းလိုက်သည်။

"ဝိုး -"

လေလှိုင်းသံတစ်ခုက သူ့ခေါင်းပေါ်မှ ကျော်ဖြတ်သွားသည်။ ...ိုင်ထက် ကျွင်းသည် လေထဲတွင် တစ်ပတ်လှည့်လိုက်သည်။

"ရှမ်း"

"ရှမ်း"

"ရှမ်း"

ဓားလက်နက်ဖြစ်ကြောင်း သူသိလိုက်သည်။ ဓားချက်များသည် သူ့ခန္ဓာကိုယ်ပေါ်သို့ ဆက်တိုက် ကျလာသည်။ ဓားချက်များသည် သူ့အား တစ်ချက်မျှ မထိချေ။ ပိုင်ထက်ကျွင်းပေပဲ။

ဓားနှင့်လိုက်ခုတ်သည့် ရန်သူသည် ပိုင်ထက်ကျွင်း ဤမျှလွင် အောင် ရှောင်တိမ်းနိုင်မည်မဟုတ်ဟု ထင်ထားခဲ့လေသည်။

သို့သော် ယခုလက်တွေ့တွင် အံ့ဩဖွယ်ရာ ရှောင်တိမ်းနိုင်စွမ်း ရှိနေသဖြင့် အထင်နှင့်အမြင် မလွဲမှားနေကြောင်း သိလာသည်။

"မိတ်ဆွေ ခင်ဗျားနဲ့ကျုပ်က မျက်နှာစိမ်းတွေပဲ၊ ဘာကြောင့် အခုလို ချောင်းမြောင်းတိုက်ခိုက်ရတာလဲ"

"ခင်ဗျားက ပိုင်ထက်ကျွင်း မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျုပ်မမှားဘူး၊ ကျုပ်တိုက်ရမယ့်လူပဲ"

"ဟင် - ဘယ်လိုလဲ၊ ခင်ဗျားက ကြေးစားလား"

ထိုသူက အေးစက်စက်ကြီး ပြုံးလိုက်သည်။ မည်သည့်စကား တစ်ခွန်းမျှ ခွန်းတုံ့မပြန်ချေ။ ပိုင်ထက်ကျွင်းက ကျယ်လောင်စွာ အော်ဟစ် ရယ်မော လိုက်ပြီး ရဲရဲတောက် စိန်ခေါ်လိုက်လေ၏။

"ခင်ဗျားမှာ အဖော်လူ ဘယ်နှစ်ယောက်ပါသလဲ၊ အကုန်ခေါ်ထုတ် လိုက်စမ်းပါ၊ တစ်ခါတည်းနဲ့ ကိစ္စပြတ်တာပေါ့"

"ဟား ဟား ဟား ခင်ဗျားကများ ပြောရတယ်ရှိသေးသလား၊ ဒီနေရာက အသက်နဲ့ကိုယ်တွဲလျက် ထွက်သွားခွင့်ရဖို့ကိုတော့ မမျှော် လင့်လေနဲ့"

ပိုင်ထက်ကျွင်းသည် မိုက်ရူးရဲ မဟုတ်ချေ။ ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ စွန့်စားတတ်သူသာ ဖြစ်သည်။

"ဒီလူတွေ တစ်ယောက်တည်းလာမှာမဟုတ်တာ သေချာတယ်၊ အခြေအနေမဟန်ရင် ငါ ထိုးဖောက် ထွက်ပြေးရလိမ့်မယ်"



ပိုင်ထက်ကျွင်းသည် အတွေးဆုံးသည်နှင့် မျက်လုံးချေကြည့် လိုက် သည်။ သူ့စိတ်ကူးကို ရိပ်စားနားလည်ဟန်ဖြင့် ထိုသူ သရော်ပြုံး ပြုံးကြည့် လိုက်သည်။

"ဘယ်လိုလဲ ထွက်ပြေးချင်လို့လား"

"ဟား ဟား ဟား ငါ ထွက်မပြေးခင် မင်းဘယ်သူလဲဆိုတာတော့ ငါသိအောင် လုပ်သွားဦးမှာပါကွ"

စကားအဆုံးတွင် ညာဘက်လက်ဝါးက တည့်မတ်စွာ ထွက်သွားပြီး ဘယ်လက်လက်သီးကလည်း ဆက်တိုက်လိုက်ပါသွားသည်။

သူ့အတွင်းအားကို အကုန်ထုတ်သုံးခြင်း မပြုသော်လည်း လေထုက လှိုင်းထ တုန်ခါသွား၏။

"ရှမ်း"

"ရှမ်း"

အမှောင်ထဲ၌ အလင်းတန်းများ လက်ဖြာသွားလေ၏။ ဓား၏ လှုပ်ရှားမှုကြောင့် အေးစိမ့်သော လေလှိုင်းဖြစ်ပေါ်လာသည်။

ရန်သူ့ဓားရေးကလည်း မသေးချေတကား။

ပိုင်ထက်ကျွင်းက ဖြာသံတစ်ချက်ပေးလိုက်ပြီး လက်သီးအစုံကို ထပ်မံ၍ ထိုးထုတ်လိုက်သည်။

သို့သော် ဓားရိပ်ကိုကြည့်၍ ထိုးသွင်းရခြင်း ဖြစ်သည်။ သူ့မညာ ကောင်းလွန်း၍သာ လက်နက်ကိုင်ပြိုင်ဖက်တစ်ဦးကို ဤမျှ ရေရှည်ဆွဲ၍ တိုက်ပွဲဆင်နိုင်ခြင်း ဖြစ်ပေသည်။

ပိုင်ထက်ကျွင်းက တကယ်တမ်း ပူးကပ်တိုက်ခိုက်သည့် အခါတွင် ဓားသမားသည် သူ၏ဓားကို စိတ်ရှိလက်ရှိ အသုံးမပြုနိုင်တော့ပေ။

"ဖြန်း"

ရန်သူ၏ဓားကိုင်လက်ကို ပိုင်ထက်ကျွင်း ဖမ်းဆုပ်မိလိုက်သည်။ ဓားသမား ကြက်သေသေသွားခဲ့သည်။ ပိုင်ထက်ကျွင်းသည် အတွင်း

အားထုတ်ကာ ထိုလက်ကို ခါယမ်းပစ်လိုက်၏။

တဆတ်ဆတ်တုန်နေသော လက်ကြားမှ ဓားရှည်သည် လွင့်ထွက်သွားကာ ချုံပုတ်တစ်ခုပေါ် သွားတင်နေတော့သည်။ ပိုင်ထက်ကျွင်းက သူ့လက်ကို လွှတ်ပေးလိုက်သည်။

ထိုသူလည်း အထိတ်တလန့်ဖြစ်ကာ နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်သွားသည်။

"ဘယ်လိုလဲ မိတ်ဆွေ၊ ထွက်ပြေးတော့မလို့လား"

ထိုသူက ဘာမျှပြန်မပြောချေ။ နောက်သို့သာ တဆုတ်တည်း ဆုတ် နေသည်။ ပိုင်ထက်ကျွင်းက တစ်လှမ်းချင်း ရှေ့တိုးလိုက်လာသည်။

ထိုသူက လှည့်၍လည်း မပြေးချေ။ ကိုက်တစ်ရာခန့် လိုက်လာပြီးမှာ ပိုင်ထက်ကျွင်း တစ်စုံတစ်ခုကို သဘောပေါက်ပြီး နဖူးကို လက်နှင့် ရိုက်မိတော့သည်။

"ငါ လူအပဲ၊ ထောင်ချောက်ထဲ ဝင်လာခဲ့မိပြီ"

သူထင်သည့်အတိုင်းပင် ဘယ်ဘက်အခြမ်းမှ သစ်ရွက် သစ်ခက်များ လှုပ်ရှားသွားပြီး လူတစ်ယောက် ခြေလှမ်းကျဲကြီးဖြင့် ထွက်လာတော့သည်။

"လက်စသတ်တော့ မင်းကိုး"

ပိုင်ထက်ကျွင်းက ထိုသူကိုကြည့်ပြီး တအံ့တဩ ရေရွတ်လိုက်သည်။ ထွက်လာသူကား ပါးမြိုင်းမွေးနှင့်လူဟု အများက သိထားသည့် ချီချင်းကျန်း ပေတည်း။

စာစဉ်(၅)ပြီး၏

စာစဉ်(၆) ဆက်လက်ဖတ်ရှုပါရန်။